
သျှင်မ
မင်းဂရုမစိုက်ရင်
ပန်းချီထွန်းအောင်

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၃၃၁၁၁၀၇

မျက်နှာဖုံးခွင့်ပြုချက်– ၅၀၁၁၅၉၁၁၀၇

အကြိမ် – ပထမအကြိမ်

၂၀၀၇–ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




### အခန်း(၁)

"ဟေ့ ...ဘာလုပ်နေတာလဲ ...ဖယ်စမ်း"

စိတ်ကအရင်လိုနေသည်။ ရှေ့ကိုတိုးလို့မရ လမ်းက ကားဘီးရာ အတိုင်းမျဉ်းပြိုင်နှစ်ကြောင်းမှလွဲ၍ ဘေးဖက်တွေမှာ သစ်ပင်ကြီးငယ် တွေထိုးထိုးထောင်ထောင်နှင့် လူတောင်ဆင်းလျှောက်လို့မကောင်း။

ရှေ့မှာ ကလေးတင်ထားသည့် တွန်းလှည်းလေးနှင့် မိန်းကလေး တစ်ယောက်ဘာလုပ်နေမှန်းမသိ ....

လှည်းကို လမ်းလယ်ခေါင်မှာရပ်ကာ လမ်းဘေးနှစ်ဘက်ကို ဟိုဘက်ပြေးကြည့်လိုက်ဒီဘက်မျှော်ကြည့်လိုက်နှင့် ...

"ဟိတ် ပြောနေတာမကြားဘူးလား ...ဖယ်လို့ဆို"

သူ့လေသံမြင့်၍ ထပ်အော်သည်။ မိန်းကလေးက တွန်းလှည်း၏ လက်ကိုင်ကိုပြန်ကိုင်၍ ...

"ဘယ်လိုလုပ်ဖယ်ရမှာလဲ ...ဘေးမှာဖွက်တွေနဲ့ ...သစ်ပင်တွေနဲ့ ကျွတ်တွယ်ရင်ဘယ်လိုလုပ်မလဲ"

"တောက်"

သူမက ပြန်အော်သည်။ တက်တစ်ချက်ခေါက်မိကာ ကောင်း ကားပေါ်က ဆင်းလိုက်၏။ သူမကလည်း မျက်နှာတစ်ချက်မှ မလွှဲဘဲ

ပြန်ကြည့်နေသည်။

မိန်းကလေးတန်မဲ့ အရပ်က သတိထားမိလောက်အောင် မြင့်သည်။

ကိုယ်လုံးကလည်း တော်တော်လှပါသည်။ သို့သော် ထဘီက ခြေသလုံးတစ်ဝက်လောက်နှင့် ရင်စေ့အင်္ကျီခါးက ကျပ်ကျပ်ကပ်ကပ်မရှိဘဲ ခါးစပ်နားမှာ ခေါင်းလောင်းပွကြီးဖြစ်နေ၏။ ဆံပင်က ဆေးဆိုးတာမဟုတ်ဘဲ နီကျင်ကျင်ပါးပါးလေးနှင့် ခါးလောက်ထိ ရှည်သော်လည်း ကြည့်လို့မကောင်း ..။

သားရေကွင်းလေးနှင့် ဖြစ်သလို စုစည်းထားတော့ မျက်နှာပေါ်မှာပေါ်မှာ အတိုအထွာဆံပင်တိုစတွေက ရှုပ်ယှက်ခတ်နေ၏။

ထိုမျက်နှာ၏ အရောင်က အဆီပြန်ပြန်နီကျင်ကျင် ဝေ့ဝဲကြည့်လိုက်တာနှင့် သူမသည် အလွန်ဆင်းရဲသော စုတ်စုတ်ပြတ်ပြတ် မိန်းကလေးတစ်ယောက်လို့ပဲ ကောက်ချက်ချနိုင်၏။

"ဘာလဲ ရှေ့မှာပေကပ်ကပ်လုပ်ပြီး ဘာပြဿနာရှာမလို့လဲ ဖယ်ဆိုဖယ်လိုက်ပါလား"

"အံ ...မာ ..."

သူမဟာ အသံလည်းတော်တော်အောင်ပုံရလေသည်။

အံမာကို သံရှည်ဆွဲ၍ ဆတ်ခနဲခါးထောက်၏။

"ဖယ်ခိုင်းနေတဲ့ ရှင့်မျက်လုံးကြီးကို နည်းနည်းပါးပါး အလုပ်ပေးပြီးကြည့်လိုက်စမ်းပါ။ ဟိုမှာ လမ်းရှိလား"

သူမက ရေစပ်စပ်နှင့် ဗွက်ထနေသော သစ်ပင်အုပ်တွေထဲ လက်ညှိုးထိုး၍ကြည့်ခိုင်းနေ၏ သူတစ်ချက်တော့ ဝေ့ကြည့်လိုက်မိကာ..

"သိတယ်လေ ကားလွတ်ရုံဖြစ်ဖြစ် တိုးလိုက်ပေါ့ ဗွက်လွတ်တဲ့နေရာလူက ရွှေ့ရပ်လို့ရတာပဲ မင်းသက်သက်ကပ်နေတာ"





"ကပ်တယ်ထင်ရင် ရှင့်ကားကြီးကို ကွေ့သွားလိုက် ကားကို ဆုတ်တွယ်မှာမဟုတ်ဘူး လူကိုပဲတွယ်မှာ ကျွန်မ မဖယ်နိုင်ဘူး"

"တောက်ကွာ ..."

"အံမယ် ..အံမယ် ရှင်က တက်ခေါက်ရအောင် ဘာလဲ .."

ကောင်း စူးစူးဝါးဝါးစိုက်ကြည့်လိုက်မိပေမယ့်။ ဘာမှမပြောဖြစ်တော့ပါ။

လှည်းကိုစိတ်ရှိလက်ရှိ ချုံထဲပစ်ထည့်လိုက်ဖို့ဟာ ငုံ့ကြည့်လိုက်တော့ လှည်းပေါ်မှာ မျက်လုံးဝိုင်းဝိုင်းပြူးပြူးကစ်ကစ်လေးနှင့် မျက်နှာလေးက သူ့ကို မော့ငေးလျက် နီရဲသောနှုတ်ခမ်းသားလေးတွေပင် ပွင့်နေရှာ၏။

ကလေးလေးကိုကြည့်ကာ လှည်းကို သူဆွဲလှည့်လိုက်တော့ သူမ ဖျပ်ဖျပ်လူးသွား၏။

"ဒါ ဒါ ဘာလုပ်တာလဲ ကလေးကို ဘာလုပ်တာလဲ"

လှည်းကလေးအတိုင်း နောက်ခန်းထဲမှာ ထည့်လိုက်ပြီး သူ့တံခါးပိတ်လိုက်တော့ ခြေစုံရပ်အော်နေသည့် သူမပြေးလိုက်လာ၏။ ကောင်း ကတံခါးကိုသော့ချပစ်လိုက်ပြီးနောက် ပြန်ဆုတ်လိုက်၏။

"ရှင်ကလေးကို ဘယ်ခေါ်မလို့လဲ ..ကျွန်မအော်မှာနော် ...ဟောဟိုမှာ ကလေးကိုခိုးသွားပြီလုပ်ပါဦး ...လုပ်ကြပါဦး ..."

သူမက တကယ်အော်တော့သည်။

ဒါပေမဲ့ ခြံကိုတံတိုင်းကြီးတွေ ခတ်၍ တခမ်းတနားနေကြသည့် ဆိတ်ငြိမ်ရပ်ကွက်ထဲမှာ ချက်ချင်းကြီးတုတ်ဆွဲဓားဆွဲ ထွက်လာမည့်သူမရှိ ..."

ကားဆုတ်သွားသည့်အတိုင်း သူမပြေးလိုက်လေ ကားခေါင်းကို လက်ဖဝါးနှစ်ဖက်နှင့် တဘုန်းဘုန်း ပုတ်၍အော်၏။

"ရပ် ...ရပ်ပေး"

လမ်းဆုံးကာနီးမှ သူမသဘောပေါက်ရှာပုံရ၏။

ရင်ဘတ်လေး ဖုတ်လိုက်ဖုတ်လိုက်နှင့် လက်နှစ်ဖက်ဆန့်ကပ်၍ လက်သီးဆုပ်ကျန်ခဲ့သည်။

ကားရပ်လိုက်ကာမှ ခပ်လှမ်းလှမ်းမှာ ရပ်ကျန်ခဲ့သည့် သူမကို ကောင်းမျက်မှောင်ကုတ်ကြည့်၏။

ကားတံခါးကို ဆွဲဖွင့်ထားလိုက်ကာ ...

"ဒီမှာလာခေါ်လေ ..ဘာလုပ်နေတာလဲ .."

"ရှင်ဆွဲတင်သွားတာမို့လား ..ရှင့်ဘာသာပြန်ချပေး ..."

တော်တော် လာတဲ့ ကောင်မလေး ...

နောက်တစ်ခါ တက်ခေါက်လိုက်လျှင် ပြဿနာက ကြီးထွား သွားဦးမည်။ ...

ကောင်း အလိုလိုနေရင်း မရှည်တတ်သည့် စိတ်က ဒေါသတွေ စွက်ဖက်လျက် လှည်းနဲ့ကလေးကို သူ့ဘာသာပဲဆွဲချရသည်။

တံခါးကို ဆောင့်ဆောင့်ပြန်ပိတ်ကာ မောင်းထွက်လိုက်တော့ သူမက ရပ်နေတုန်းပါပဲ ဒီလောက်တောင် စွာတဲ့ဟာလေး ....

ကောင်းဖြစ်ချင်ရာဖြစ် ကားကို အရှိန်နဲ့ ဆောင့်ထွက်ပစ်လိုက်၏။

ဖယ်ပေးလို့ပြောနေလည်း မဖယ်ဘူးပြောချင်ပြောဦးမှာ ..သေ သွားရင်လျှော်ပေးလိုက်ရုံပဲ ...

"အား .."

ကားက အင်အားသုံး၍ ခေါင်းတိုးဝင်လာသဖြင့် သူမလန့်ဖျပ် အော်ကာ ခုန်ရှောင်သွားလေသည်။

ကောင်း ပြုံးလိုက်မိသည်။

အသံကိုမကြားရသော်လည်း ကားကိုလိုက်ကြည့်၍ ခါးထောက်





ကျန်ခဲ့သော သူမပါးစပ်ထဲမှာ ဘာတွေကို ရွတ်ကျန်ခဲ့မည်ကို ခန့်မှန်း ကြည့်ဖို့မလို ...

အဟွန်း စိတ်တော့ မကောင်းဘူး ...

"တောက်" ဒီတစ်ခါတက်ခေါက်မိသူက ဂျီဂျီပါ ...

"လူပါးဝလိုက်တာ"

ခါးထောက်ဖြုတ်ဖို့ သတိမရ ..စိတ်ရှိလက်ရှိကုတ်ဖဲ့အော်ဟစ်၍ ရန်တွေ့ချင်တာအထမမြောက် ...

ဒေါသက အကင်းမသေနိုင်သည့် မီးခိုးငွေ့များကို တလွန့်လွန့် ကျန်ခဲ့လေသည်။

ထိုစဉ် ...ကလေးက ဝါးခနဲထငိုး၏။

"ဟင် ..ကလေး ကလေးမငိုနဲ့"

ဂျီဂျီ ဆတ်ခနဲဖြစ်သွားကာ ကလေးဆီပြန်လှည့်ပြေး၏။

သို့သော် ...

"ဟင် ...နို့ဘူးကော ...ကလေး ကလေးနို့ဘူးဘယ်ရောက် ... အယ်"

ကားဆီသတိရလိုက်သော်လည်း ကားကမရှိတော့ပါ။

"ဒုက္ခပါပဲ"

ကလေးကိုကောက်ယူချီလိုက်ရင်း ဂျီဂျီဘာလုပ်ရမှန်းမသိတော့ ပေ။

"တိတ်ပါကလေးရာ ..နင်ကလည်း လေထန်ဆိုတဲ့ အတိုင်း အရမ်းအငိုသန်တာပဲ လိမ္မာတယ်တိတ်နော် ...တိတ်"

လှုပ်၍ချော့ ခေါင်းလေးပွတ်တင်ပါးလေးပုတ် ဘယ်လိုချော့ချော့ ကလေးက အငိုမတိတ်တော့ဘဲ ဖြစ်လိုက် ...

"စောစောက ငိုပါလား နင် ...ကားပေါ်ပါသွားကာမှ ငါက ဘယ်

လိုလုပ်ရမှာလဲ နို့ဘူးဝယ်ပြီးထပ်ဖျော်ရအောင် ပိုက်ဆံလည်းမရှိတော့ဘူး ...”

ဒေါသဖြစ်မိလျှင် လူက ကျားစီးဖားစီးပါပဲ ...

ဒါပေမဲ့ ငိုချင်ပြီဆိုလည်း ဂျီဂျီမျက်ရည်က လူ့ကြား သူ့ကြားရှောင်တတ်တာမဟုတ် ...ကလေးကို ဒေါသဖြစ်တာမဟုတ်ဘဲ ဖြစ်ခွင့်မရှိတော့သည့် ဒေါသကြောင့် ငိုချင်လာမိ၏။ ဟိုနားဒီနားဆိုပြီး ကလေးကို လှည်းလေးပေါ် တင်တွန်းရင်းလမ်းမပေါ် ရောက်လာခဲ့သည်။

နှစ်ဆင့်ချိုင့် သုံးဆင့်ချိုင့်ကလေးတွေနှင့် မိန်းမငယ်လေးတွေနှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲအလုပ်က ပြန်လာကြတာမြင်တော့ စိတ်ဝင်စားသွားခဲ့သည်။

ဘာလုပ်ကြတာပါလိမ့်ဟု သိချင်လာသောကြောင့် မေးကြည့်တော့ စက်ရုံဆင်းကြတာဟုဖြေသည်။

လောလောဆယ်မှာ ကိုယ့်ဘဝက ရေမျောကမ်းတင်မို့ အလုပ်ဆိုတာနှင့် မျက်စိဖွင့်နားစွင့်ဖြစ်သွားခဲ့ရသည်။

ဘယ်လိုအလုပ်မျိုးလဲ ဘယ်လောက်ရသလဲ ဘယ်အချိန်တွေဆင်းရတာလဲ ငါလုပ်ရင် ရပ့ါမလား ....

စသဖြင့် အတွေးများနှင့် ဟိုဒီမေးစမ်းရင်း နယ်ကျွံသွားခဲ့တာပြန်လှည့်လာတော့ လမ်းတွေမှားကုန်၏။

တကယ်ဆို လမ်းမပုံစံချင်းတူပေမယ့် အထဲဝင်တော့ ဦးလေးတို့လမ်းမဟုတ်တာကိုသိလိုက်သည်။

ဦးလေးတို့လမ်းက ဒီလိုဆိတ်ငြိမ်ရပ်ကွက်မျိုးမဟုတ်ပါ ...

ဝင်ကာစမှာ သစ်ပင်စိမ်းစိမ်းလေးတွေ ရှိတာချင်းတူပေမယ့်အထဲမှာတော့ ရှင်းသွားကာ ကွမ်းယာဆိုင်နှင့် မုန့်ဟင်းခါးဆိုင် တွဲလျက်ဆိုင်တန်းလေးကို နည်းနည်းဝင်တာနဲ့မြင်ရင် ..





ခုတော့ ဂျီဂျီနောက်ပြန်လှည့်မလို့ဟာ ဟိုကားလုပ်လို့ အရှည်ကြီးပြန်လှည့်ရတော့မယ့်အဖြစ်။ တော်ကြာ လမ်းတစ်ဝက်လောက်မှာ ကားတစ်စီးစီး ထပ်ဝင်မလာဘူးလို့ ပြောနိုင်မလား။

ဆိုးတော့မဆိုးပါဘူး ဒီလိုပဲ ကားပေါ် ဆွဲတင်ပြီး လမ်းထိပ်ကိုပြန်ပို့ပေးတော့ မြန်မြန်ရောက်တာပေ့ါ။ ငိုနေသည့် ကလေးကိုပဲ ကမန်းကတန်း ပြန်တင်ပြီး အပြေးတစ်ပိုင်း တွန်းခဲ့မိသည်။

“ဟူး”

တွန်းလှည်းလေးက လှုပ်ခါဆောင့်ခုန်လျက် ပါလာသဖြင့် ကလေးလည်း အငိုတိတ်သွား၏။ ဘယ်ဘက်ကို သွားရမလဲ။ လမ်းထိပ်မှာဟိုဘက် ဒီဘက် လျှောက်ကြည့်ကာ ဦးလေးတို့လမ်း ဘယ်လမ်းဖြစ်နိုင်လဲဆိုတာကို ချိန်ဆနေမိ၏။

နောက်ဆုံး မိုးချုပ်ခါနီးပြီမို့ ဆွဲခြင်းကြီးနဲ့ လျှောက်လာတဲ့ မိန်းမကြီးကိုပဲ မေးလိုက်ရတော့သည်။

“အန်တီ ခေမာလမ်းက ဘယ်လမ်းလဲဟင်”

“ဟော ခေမာလမ်းက ဟိုဘက်မှာ ကျန်ခဲ့ပြီလေ ကားနှစ်မှတ်တိုင်လောက် ပြန်စီးလိုက်ပေ့ါ အဲဒီကနေ လျှောက်ဝင်သွားရင် ခေမာပဲ”

“ရှင် ဟုတ်..ဟုတ်ကဲ့ပါ”

ကားနှစ်မှတ်တိုင်တောင်မှ ဝေးပြီ။ ဂျီဂျီတွေဝေ မနေတော့ဘဲခြေလက်ဖောင်းအတိုင်း လှည်းလေးကို ခပ်သွက်သွက်တွန်းခဲ့၏။ ကလေးက တအားမငိုသော်လည်း တအဲ့အဲ့နှင့် ဂျီဂျီကိုပဲ လှမ်းကြည့်နေသည်။ ပြီးတော့ ငိုသံက စူးလာ၏။

“မငိုနဲ့လေ အိမ်ရောက်ရင် နို့ဖျော်တိုက်မယ် ဒုက္ခပါပဲ”

ဒုက္ခပါပဲဆိုတာက နို့ဘူးမရှိတာကို သတိရလိုက်၍ဖြစ်သည်။ နို့ဘူးတစ်ဘူးက အနိမ့်ဆုံးက သုံးရာ့ငါးဆယ်ရှိသည်။ ပြီးတော့ နို့သီးခေါင်း

က ဝယ်ရဦးမည်။

လေထန်ဟာ နို့သီးခေါင်းအင်မတန်ရွေးတဲ့ကလေး။ သူစို့နေကျ နို့ဘူးမဟုတ်ဘဲ သူများနို့ဘူးယူတိုက်လို့မရပေ။ အခုချိန်မှာ နို့ဘူးနဲ့ နို့သီးခေါင်းထပ်ဝယ်ဖို့ ပိုက်ဆံက သူမအတွက် ခက်ခဲနေသည်။

ဦးလေးအိမ်ရောက်လာကတည်းက အလုပ်ရှာရင်း ချွေတာရင်းနဲ့ပဲ ပါလာတဲ့ပိုက်ဆံလေးက ကုန်လုပြီ။ ဟိုကောင်..နေကာ.. သူနဲ့ ချိန်းတာလည်း နေ့တိုင်းပဲ လွဲနေသည်။

ရန်ကုန်မြို့ဟာ သူမအတွက်မျက်စိသူငယ် နားသူငယ်ဖြစ်လောက် စရာ မဟုတ်သော်လည်း ရင်းနှီးခဲ့ဖူးတာက ဟိုတစ်ချိန်ကဖြစ်၏။ ခုပြန် လာရသည့်အဖြစ်က မိဘမဲ့ ခိုကိုးရာမဲ့။

ကိုယ့်စိတ်ကိုဘယ်လောက်ပဲတင်းတင်း မောင်ငယ်နှစ်ယောက်နှင့် သူမဘဝရှေ့ဆက်ဖို့ဟာ အလွန်ခက်ခဲမှန်းတော့ သိနေ၏။ ဘာပဲဖြစ်ဖြစ် ကလေးနှစ်ယောက်၏တာဝန်ကို သူမယူရမည်သာ လောလောဆယ် မှာတော့ နို့ဘူးကိုပင် သူမဘယ်လိုရှင်းရမှန်း မသိသေး။

ထိုစဉ်ကလေးက စိတ်ပါလက်ပါကြီး ထအော်တော့သည်။ အတွေးသံသရာက ထိုအသံကြားမှ တိခနဲရပ်၏။

"ဟင် ငါဘယ်ရောက် လာပြန်ပြီလဲ"

သူ စောစောက စက်ရုံရှာရင်း ရောက်ခဲ့သည့်နေရာတွေကို သတိထား မိတော့ နောက်ထပ်လွန်လာပြီဆိုတာ သိလိုက်၏။

"တောက်"

ကလေးငိုတာကိုမဟုတ်ဘဲ ကလေးအငိုတိတ်အောင် မစွမ်းနိုင် သည့်အပြင် အိမ်ရောက်အောင်တောင် မပြန်နိုင်သော ကိုယ့်အဖြစ်ကို တက်ခေါက်မိ၏။ မျက်လုံးတို့သည် လမ်းပေါ်သို့ ဝေ့ဝဲကြည့်မိပြီး ပြန် လှည့်ဖို့ စိတ်ကူးထဲတွင်....





"ဟင် ဟိုမှာ ကား"

လမ်းတစ်ဖက်မှာပါ စတီးရောင်ဖိတ်ဖိတ်လက်နေသော မိုးပြာ ရောင်ခါးပတ်ရစ်နှင့် ဝက်ဝွန်ကားကြီး၊ ဒီကားမှ ဒီကား..

ကားက ကန်စပ်မှာ လှပစွာဖွဲ့စည်းထားသည့် စားသောက်ဆိုင် ကိုက်ပြာလေး၏ရှေ့နားမှာ ရပ်ထား၏။ တိုက်ပြာလေးမှာ ဘေးကာ နံရံတွေမထားဘဲ ပန်းဆွဲတွေချထားကာ မိုးမချုပ်သေးဘဲ ရောင်စုံမီး လုံးတွေ ထွန်းထားသည်။

နောက်ခံရေကန်နှင့် စားသောက်ဆိုင်လေးက ဘန်ဂလိုဆန်ဆန် လေး လှသည်။ ဆိုင်ရှေ့မှာလည်း ကိုယ်ပိုင်ကားတွေချည်း မနည်းမ နော။ ကားသွားကားလာကိုကြည့်ကာ ဂျိဂျိလှည်းကလေးတွန်း၍ တစ်ဖက်ကို ပြေးကူးလိုက်သည်။

သူမဟိုဘက်ရောက်သည်နှင့် ဆိုင်ထဲကထွက်လာကြသည့် ယောကျ်ားသုံးယောက်ထဲမှာ အလယ်က ဟိုလူ.. ဘောင်းဘီရှည်အနက် နှင့်ရှပ်ခဲပုတ်ရောင်အစင်းနှင့် သုံးယောက်ထဲမှာ သူ့အရပ်ကြီးက ထင်းနေ ၏။ ပြီးတော့ ပခုံးပေါ်ထိ ထောက်ခွေနေသည့် ဆံပင်ရှည်ကို နောက် လှန်သိမ်းထားလျက် ထူးဆန်းနေသော မျက်ခုံးနှစ်ဖက်ကို မမှတ်မိ ရောမရှိ။

"ဒီမှာ ဒီမှာ"

ကားတံခါးဆီ သူလက်လှမ်းစဉ် ဂျိဂျိအသံပေး၍ ပြေးသည်။ သူက ပခုံးတစ်ဖက်မှာ မေးဖျားလေးကပ်သွားသည်အထိ စောင်းငဲ့ကြည့် ကာ သူမကိုမြင်သော် မျက်မှောင်ကုတ်ပစ်သည်။

"ကလေးနို့ဘူး ရှင့်ကားထဲမှာ ကျန်ခဲ့တယ်"

"ဘာ"

သူ့မျက်နှာရဲခနဲဖြစ်သွားသည်။ နောက်က လူနှစ်ယောက်က သူနဲ့

ဂျိဂျိကို တိတ်ဆိတ်စွာရပ်ကြည့်နေကြ၏။

"ဒီမှာ ဒီမှာ တံခါးဖွင့်စမ်း ဒီတံခါးကို ဒီထဲမှာ"

နောက်ခန်းတံခါးကို လက်ဝါးနှင့်ပုတ်၍ ဂျိဂျိအကောင်းဖွင့်ခိုင်း သူမမှာ ဒီကားကို ပြန်တွေ့တာပဲ ကံကြီးလွန်းလို့...

"လာဖွင့်လေ ဘာလုပ်နေတာလဲ ရှင် ဟိုလမ်းကြားထဲမှာ အတင်းကြီး ဆွဲချထားခဲ့လို့ နို့ဘူးကျန်ခဲ့တာ ကလေးငိုလိုက်တာ ဘယ်လို ချော့လို့မရဘူး"

ပြောရင်း ကလေးက ထငိုလာသဖြင့် အားလုံးစိုပြေသွားလေသည် သူ့မျက်နှာကြီး သပြေသီးမှည့်လို ညှိုမည်းသွားတာလည်း ဂျိဂျိဂရုမစိုက်

"ကလေးတစ်ယောက် ဒုက္ခကို ကလေးနဲ့နေရတဲ့လူမှ သိရတာ ရှင်ကတော့ နို့ဘူးလေးတစ်ဘူးကျန်ခဲ့တာကို ဒီလောက်ဖြစ်နေရလား လို့ ထင်မှာပေါ့"

ကြာလေပိုဆိုးလေ။ သူမ ပုံစံစုတ်စုတ်ပြတ်ပြတ်နှင့် ပြောသ ဘာ့လိုလို စကားတွေကြောင့် မရင်းနှီးကြသေးသော မိတ်ဆွေနှစ်ယောက် က မသိမသာလက်တို့၍ သူတို့ကားပေါ်သူတို့တက်သွားကြသည်။

ဘယ်လိုထင်သွားကြပြီလဲဆိုတာ မေးနေဖို့မလိုပါ။ ကောင်းမျက် လုံးတွေ မီးတောက်များလို ဒေါသကြောင့် အလျှံတညီးညီး တက်လာ

"ဖွင့်လေ ယူလိုက် မတွေ့လို့ကတော့ သက်သက်ဖယားရှုပ် အောင်လုပ်တဲ့မင်းကို အချုပ်ထဲထည့်ပစ်မယ်"

"ဟင်"

တံခါးကို ကိုယ့်ဟာကိုယ့်ဖွင့်ဆိုလို့ ကိုင်ပြီးသည့်လက်က ရပ်တန့် သွားသည်။ ဂျိဂျိက သူ့ကိုပြန်ကြည့်၍...

"ဩော် ဖယားရှုပ်အောင်လုပ်ရင် အချုပ်ထဲရောက်ရတဲ့ ဥပဒေ လည်းရှိသလား ဒါဆို ရှင့်ကို အရင်ပို့လို့ရတယ် ရှင့်ကြောင့် ကျွန်မ ပြေး





လွှားရတာ အမောဆိုပြီးသေမယ်ဆိုသေလို့ရတယ်"

"ကောင်းတာပဲ ကျော်သူ့ကားခေါ်ဖို့မလိုဘူး အစအဆုံး တာဝန်ယူ ပေးလိုက်ဦးမယ် တောက်'

"ဘာ ရှင်ဘာပြောတာလဲ"

ကျော်သူ့ကားဆိုတာကို နိဗ္ဗာန်ယာဉ်ကိုပြောတာမှန်း ဂျိဂျိရုတ်တ ရက်မသိ၊ တက်ခေါက်လိုက်တာကိုတော့ မခံနိုင်တာ အမှန်"

"ကဲ ဖွင့်လေ အဲဒီထဲမှာ နို့ဘူးဆိုတာရှိရင်ရှိ မရှိရင်အတွေ့ပဲ"

"အံမယ် ကြိမ်းဝါးနေလိုက်တာ ရှင်ချည်းပဲပါးစပ်ပါနေတာလား တွေ့ရင်ဘယ်လိုလုပ်ရမလဲ ရှင့်ပါးကို ဘယ်ပြန်ညာပြန်ရိုက်မယ်လေ မျှမျှတတလောင်းကြေးထပ်တာပေါ့"

"မင်း"

ကောင်း ဒေါသက ထောင်းခနဲဖြစ်လျက် တစ်ချက်တည်းနှင့် သူမဘေးကိုရောက်သွား၏။ သို့သော် လက်ရောက်သွားတာက တံခါး ဆီကိုပဲ ဖြစ်၏။ ဒေါသဗလပွနှင့် တံခါးကို ဆွဲဖွင့်လိုက်တော့ သူမ လက်မောင်းတစ်ဖက်ကို မတော်တဆ ထိမိသွားသည်။

"အ"

ခပ်အုပ်အုပ်လေးပဲ အော်သံကြားရကာ ကားထဲကိုပဲ စိတ်ဝင်စား နေသဖြင့် ထိုကိစ္စကို ရန်တွေ့သံထွက်မလာပေ။ သူမသည် လက်မောင်း တစ်ဖက်ကို တစ်ဖက်နှင့် ဖိဆုပ်ထားလျက် ကားထဲကို လည်ပင်းလေး ရှည်ကြည့်သည်။ သူဒီအတိုင်း ရပ်ကြည့်နေသဖြင့် သူမက ခြေနင်းခုံ ပေါ် ခြေတစ်ဖက်နင်း၍တက်ကာ ကားထဲသို့ ကုန်းကွရှာ ပြန်ရှာသည်။

ပြီးတော့ ဖျတ်ခနဲခုန်ဆင်းပြီး သူ့ဘက်လှည့်လိုက်တော့ သူမလက် ထဲမှာ နို့ဘူးလေးနှင့်...

"ဘယ့်နှယ်လဲ"

မျက်ခုံးသွယ်သွယ်နက်နက်လေး တစ်ဖက်ဆတ်ခနဲပင့်တက်သွားကာ နှုတ်ခမ်းမဲ့၍ သူ့ကို မေးဆတ်မေး၏။

"ဟွန်း သနားလို့ လျှော့ပေးလိုက်မယ် သွားတော့ ရပြီ"

ဒေါသကြီးနေသော်လည်း ဘာမှမပြောနိုင်ဘဲ ဖြစ်နေသည့် သူ့ကို ချာခနဲကျောခိုင်းသွားကာ လှည်းဆီရောက်၏။ တစ်သက်လုံးမှာ ဒေါသနှင့် အရှက် သတ်ပုတ်လုံးထွေးကာ မျက်လုံးတွေပင်ပြာခဲ့ရတာ ဒါဟာ ပထမဆုံး။

ပြန်လည်ချေပနိုင်ခြင်းမရှိဘဲ လက်ပိုက်ရပ်ကြည့်ရင်း အရှုံးပေးခဲ့ရသည့်အဖြစ်။ ဘယ်လိုမိန်းကလေးလဲ။ သူ့ကားပြန်ဆုတ်ပေးခဲ့သည်အထိ သူမသည် ကလေးကို နို့ဘူးလှည့်တိုက်ရင်း နည်းနည်းမှ မော့ကြည့်မလာတော့ပါ။ ကလေးငိုသံလည်း ပျောက်သွား၏။ တကယ်ပဲ ဒီနို့ဘူးကြောင့် သူ့နောက်ကို ရှာဖွေလိုက်နေခဲ့တာလား။

သူထင်သလို ပြဿနာလိုက်ရှာခြင်းမဟုတ်တာကို သိပေမယ့်လည်း အပြောအဆို ရဲတင်းသလောက် သူမပဲ အနိုင်ရသွားသည့်အဖြစ်ကို ရှက်နေခဲ့မိသည်။

တဆက်တည်းမှာ နှမ်းပါးပုံရသော သူမပုံစံကို မြင်ယောင်ကာ နို့ဘူးတစ်ဘူးတောင် ပြန်မဝယ်နိုင်လောက်အောင် ဖြစ်နေသလားဟု တွေးမိပြန်သည်။ကားမောင်းနေရင်း ကောင်းစိတ်တွေသူမဆီပဲ ရောက်နေသည်။

အလုပ်မှလွဲ၍ ဘာကိုမှ ခေါင်းထဲမထည့်ခဲ့သည့် ကောင်းကင်ရောင်ဆိုသော သူ့ရင်ထဲမှာ သူမကို မလိုလားစွာ ရှိရင်းနဲ့ပဲ....

★ ★ ★ ★ ★





အခန်း (၂)

"ဘယ့်နှယ်လဲ အဆင်ပြေလား"

ဂျီဂျီထွက်လာတာမြင်သည်နှင့် လက်ဖက်ရည်ဆိုင်ထဲက ထလာရင်း နေကာက လှမ်းမေးသည်။ ဂျီဂျီရှုံ့မဲ့၍ ခေါင်းခါလိုက်တော့ စိတ်မကောင်းဖြစ်သွားမိ၏။

"ဘယ်တတ်နိုင်မလဲဟာ နင်လည်းကူညီခဲ့တာပဲ ငါက ပညာမှမတတ်တာ"

"ဒုတိယနှစ်တက်အုံ့ဆဲဆဲဆိုတာ နင်မပြောဘူးလား"

"ဟင့်အင်း"

ဂျီဂျီက စလွယ်သိုင်းလွယ်ထားတဲ့ အစိမ်းရောင်အိတ်ပြားလေး၏ ကြိုးကို နှစ်ဖက်ဆုပ်ကိုင်ရင်း ခေါင်းငုံ့လျှောက်၏။ ကိုယ်လုံးဆွတ်ဆွတ်ဖြူ၍အရပ်မြင့်သော ဂျီဂျီဆိုသည့် သူငယ်ချင်းလေးကို ငဲ့ကြည့်ကာ နေကာ သက်ပြင်းချမိသည်။

လှပေမယ့်လည်း ဝတ်ကောင်းစားလှ မဝတ်နိုင်ရှာသဖြင့် မပေါ်လွင်။ ဒါကိုလည်း သူမနေတတ်တာပဲဖြစ်၏။ မဝတ်ရ မစားရလို့ မျှသိပ်ရင်း ညည်းညူတာမရှိ။ ချမ်းသာပေမယ့်လည်း ဆင်းရဲနေရှာသည့် သူငယ်ချင်းလေး။

သူကတော့ ဟိုတုန်းကလည်း ချမ်းသာခဲ့သူမဟုတ်ပါ။ အခုမချမ်းသာတာလည်း ရင်ပူဖွယ်ရာမရှိ။ အမေရယ် ကုန်စုံဆိုင်လေးရယ် သူ့ဘဝက ဒါပဲဖြစ်၏။ အမေက အသက်ငါးဆယ်ခိုပေမယ့် မိန်းမငယ်တစ်ယောက်လို နုပျိုနေသေးသည်။ ကျန်းမာနေသေးသည်။

အမေ့နားမှာ သူရှိတုန်းကလည်း ဂစ်တာတစ်လက်နဲ့ပဲ သူကအငြိမ်းစား။ သားလေးတစ်ယောက်တည်းမို့ အမေကဆူရင်း အော်ရင်းနဲ့ပဲ ကျေကျေနပ်နပ်မွေးမြူလာခဲ့တော့ သူတကယ့်ကို လက်ကြောမတင်းခဲ့ပေ။

ခုလည်း အမေ့အတွက် သူအနားမှာ ရှိနေပေးဖို့ မလိုပါ။ အမေက သူ့ဈေးဆိုင်နဲ့သူ့ဖူလုံကာ ငွေတိုးချေးနေနိုင်သေးသည်။ ဒုက္ခဖြစ်နေသူက ဂျီဂျီတစ်ယောက်သာ…

"လာဟာ ရှမ်းခေါက်ဆွဲဝင်စားရအောင် ရှေ့နားမှာ ငါစားနေကျဆိုင်ရှိတယ်"

ဂျီဂျီက ခေါင်းညိတ်၍ သူ့နောက်က ပါလာသည်။ ထိုင်ခါနီးကျတော့ နာရီကို မြှောက်ကြည့်၏။

"ဘာဖြစ်လို့ နာရီကြည့်တာလဲ"

"ကလေးငိုနေမှာစိုးလို့"

နေကာ သက်ပြင်းချမိပြန်သည်။

"ရေဆန်ကော"

သူထပ်မေးတော့ ဂျီဂျီက ပြောင်ရှင်းနေသည့် နဖူးလေးကို စားပွဲပေါ်မှာ ထောက်တင်ထားသည့် လက်ဖဝါးလေးထဲထည့်၍ မျက်နှာငုံ့ချကာ…

"သူရှိလို့ တော်သေးတာပေါ့ နေကာရယ် ငါ့မောင်လေးလည်း ပင်ပန်းလှပါပြီ သူ့ခမျာ အရွယ်လေးနဲ့မမျှ ပင်ပန်းရှာတာ ဒီနှစ်ကျောင်း





တွေဖွင့်ရင် သူ့ကိုအပ်လို့ရပြီ ငါတော့ မောင်လေးကို ကျောင်းထားနိုင်မယ် မထင်ဘူး"

"အားမလျှော့ပါနဲ့ဟာ ကံဆိုတာရှိပါသေးတယ် သူ့ပညာတတ်ဖို့ကံပါလာရင် နင်လည်း အလုပ်အကိုင် အဆင်ပြေလာမှာပေါ့ ပြီးတော့ မောင်တွေ အတွက်ချည်းပူမနေနဲ့ဦး နင့်ကိုယ်နင်လည်းပြန်ကြည့် ညာတစ်ပိုင်းတစ်စနဲ့ ကလေးငယ်လေးက တန်းလန်း"

ဂျီဂျီက ငုံ့နေသည့်မျက်နှာဆတ်ခနဲမော့လာပြီး…

"ငါ့ပညာတစ်ပိုင်းတစ်စက ဘာဖြစ်လဲ ဂုဏ်ကြီးခကြွေးမှန်းသိတယ် A မှန်း B မှန်းသိတယ် မောင်လေးကို ကျောင်းမထားနိုင်ရင် ကလေးက နကန်းတစ်လုံးမှသိမှာမဟုတ်ဘူး သေစာရှင်စာတောင် ဖတ်နိုင်မှာမဟုတ်ဘူး"

"ဒြော် ဒီနှစ်မထားနိုင်ရင် နောက်နှစ်တော့ ထားနိုင်မှာပေါ့ ပညာဆိုတာ အိုတယ်မရှိပါ"

"ပညာကမရှိပေမယ့် လူကအိုတယ်ဟ အရွယ်သုံးပါးမှာ ပညာရှာတဲ့အရွယ်ဆိုတာ သတ်မှတ်ထားတာရှိတယ့် ကြီးတောင့်ကြီးမားကျမှ ကကြီးခကွေး သင်ရတော့မလား"

နေကာက ဂုတ်ထောက်ဆံပင်တွေကို ဂုတ်ပိုးကနေ ဖိသပ်ပွတ်ချရင်း ဂျီဂျီကို သနားသည့် မျက်ဝန်းများနှင့် ကြည့်၏။

"ဂျီဂျီရာ နင်လည်းကလေးသာသာပဲရှိသေးတဲ့ဥစ္စာ ကလေးက ကလေးကိုပြန်ထိန်းနေရတာ မိဘအုပ်ထိန်းသလိုတော့ ဘယ်လုံခြုံမလဲ"

"လုံခြုံစေချင်တယ် မေမေ မရှိရင် ငါကအမေပဲ အစ်မကြီးတော့ အမိအရာတဲ့"

"မှန်ပါတယ် ဒါပေမဲ့ အန်တီနွယ်ရှိစဉ်တုန်းကပေးတာတောင် နပ်ချေးနေဖို့ ခွင့်ပြုမယ်ထင်သလား ခြဆင်းငိုလိုက်တာ တစ်မနက်စာကုန်ရော"

"နေကာ"

ဂျီဂျီက စားပွဲကို ဖြန်းခနဲပုတ်၍ အော်ပစ်သည်။ ဘေးစားပွဲက လူအချို့ လှည့်ကြည့်လာကြ၏။ နေကာ မျက်နှာပျက်သွားပေမယ့် ဂျီဂျီကတော့ ဂရုစိုက်တတ်တဲ့အကျင့်ကို လွှင့်ပစ်ထားခဲ့သူ....

"နင်ကဘာလဲ ဟိုလူယုတ်မာလက်ထဲကို ကလေးသွားထည့်ပေးဖို့ ပြောချင်တာလား"

"နင့်အမေအပေါ်မှာ သူမတရားသလို ဖြစ်ခဲ့ပေမယ့် သူက ကလေးရဲ့အဖေပဲ ပြီးတော့ နင်နဲ့ ခုလိုလမ်းပေါ်မှာလိမ့်ပြီး နို့မှုန့်နဲ့ ထမင်းရည်တစ်လှည့်စီ နှစ်ပါးသွားနေရတဲ့ ကလေးဘဝကို တွေးကြည့်ပေါ့ နင်တကယ်ချစ်ရင် သူကောင်းစားဖို့ကို ထည့်တွက်သင့်တာပေါ့"

နေကာက ငြိုငြင်ခံ၍ ဖွတ်တိုးပြောသည်။ ဂျီဂျီက အံကြိတ်၍ စိုက်ကြည့်နေ၏။ ထိုစဉ် ရှမ်းခေါက်ဆွဲနှစ်ပွဲ ရောက်လာသည်။

နေကာက သူ့ရှေ့ကပွဲကို တူနှင့်သေချာနယ်ပြီးမှ ဂျီဂျီရှေ့တိုးပေး၏။ ပြီးမှ ကျန်တဲ့ပွဲကို ယူစားသည်။

"မစားတော့ဘူး ငါပြန်မယ်"

"ဂျီဂျီ"

ဂျီဂျီကပြောပြီး ထရပ်လိုက်၏။ နေကာက ဂျီဂျီလက်ကို လှမ်းဆွဲထားလိုက်ကာ ....

"ဆောရီး ငါစေတနာလိုသွားတာပါ တောင်းပန်ပါတယ် ပြန်ထိုင်ပါဟာ၊ ငါက နင့်ဘဝကိုကြည့်ပြီးပြောမိတာပါ တကယ့်တော့ ဟိုက မဆိုင်သလိုနေတဲ့လူတစ်ယောက်ဆီမှာ ကလေးကို နင်က သွားမပို့နိုင်ဘူးဆိုတာ သဘာဝကျပါတယ် အဲဒါကို ငါမေ့သွားတယ်"

"သူ့ရှိလို့ တော်…ပြန်ထိုင်လိုက်ပေမယ့် မျက်ရည်ဝဲနေသည်။ ပင်ပန်းလှပါပြီ သူ့ခမျာ အရွယ်လေးနဲ့မမျှ ပါတယ် ပြေပါ"





ပန်းကန်ကိုရှေ့ထပ်တိုးပေးတော့ ဂျီဂျီတူကို ကောက်ကိုင်၏။ မျက်နှာငုံ၍ ခေါက်ဆွဲကို ပါးစပ်ထဲထည့်စဉ် မျက်ရည်စက်တို့ ပေါက်ခနဲ ပေါက်ခနဲကြွေ၏။

"ဟာ..ဂျီဂျီ..နင်"

နေကာ စားမလို့ တူကိုင်လိုက်ပြီးမှ ပျာပျာသလဲဖြစ်ကာ တူကို ပြန်ချ၏။ ပြီးတော့ တစ်ရှူးထုတ်၍ လှမ်းပေးရင်း..

"မငိုပါနဲ့ဟာ ငါဘယ်လို တောင်းပန်ရမှာလဲ ငါမှားသွားပါတယ်"

"နေကာနော် မတောင်းပန်နဲ့ နင့်ပါးစပ်ပိတ်နေလိုက် ငါ့ကို သနားတာ ငါအမုန်းဆုံးပဲသိလား ဝမ်းနည်းလို့မျက်ရည်ကျတာ မဟုတ်ဘူး ဒေါသဖြစ်လို့"

"ဟုတ်တယ် အဲဒါကိုသိတယ် ဘာကြောင့်ဖြစ်ဖြစ် ငါပြောလိုက်လို့ ငိုတာကို ငါကထိုင်ကြည့်နေရမှာလား တိတ်ပါဟာ နင်မျက်ရည်ကျရင် ငါမနေတတ်ဘူး"

"သွားသေလိုက်"

ဂျီဂျီက အစားမပျက်ဘဲ ရှိုက်နေလိုက်သေးသည်။ ဘေးကကြည့်တော့ အငိုမတိတ်ဘဲ မုန့်စားနေသည့် ကလေးတစ်ယောက်လို..

ဂျီဂျီရယ်....

နတ်ပန်းချီဆိုသည့် မိန်းကလေးဟာ ပန်းချီ၏နောက်စာလုံးချီကို ရေးတဲ့အသံနဲ့ မထွက်ဘဲ ဖတ်သည့်အသံအတိုင်း ဂျီသံထွက်၍ အဖျားဆွတ်ကာ ဂျီဂျီဟု တွင်ခဲ့သည်။ ဂျီဂျီတို့အမေ ဒေါ်ပန်းနွယ်ကတော့ ပြောဖူးပါသည်။

"အဖျားဆွတ်ခေါ်ရုံပဲ မဟုတ်ဘူးဟေ့ ဂျီကိုဂျီလွန်းလို့ ဂျီဂျီလို့ခေါ်တာ။ ငယ်ငယ်တုန်းကလေ သူ့ကိုနှပ်ညှစ်ပေးတာတောင် နှပ်ချေးပြန်တပ်ပေးရမယ်ဆိုပြီး ခြေဆင်းငိုလိုက်တာ တစ်မနက်စာကုန်ရော"

နတ်ပန်းချီနှင့် ရောထွေးလာခဲ့သော ဂျီဂျီရာဇဝင်ပါ။

သူနဲ့ဂျီဂျီရာဇဝင်ကျတော့ ရိုးရိုးလေးပါပဲ။ အိမ်နီးချင်းသူငယ်ချင်း ဟိုတုန်းကဆို ရန်ဖြစ်ဖော်ဖြစ်ဘက်။ အရွယ်တွေရောက်လာတော့ ငါ ယောကျာ်းလေးပါလားဆိုသည့် အသိလေးဝင်လာ၏။ မိန်းကလေး တစ်ယောက်နှင့် တုပြိုင်ရန်မဖြစ်သင့်မှန်း သိလာသည်။

ပြီးတော့ သူဟာကြာလာလေ ဂျီဂျီကို မခေါ်ဘဲ မနေနိုင်လေ ထို့ကြောင့် ဂျီဂျီကိုပဲ အလျှော့ပေးလာခဲ့ရင်း ခုကျတော့ ဂျီဂျီနိုင်သမျှ သူလိမ့်ခံနေရသည်။ ဂျီဂျီခမျာ မိဘမဲ့ ဘဝနှင့် မောင်ငယ်နှစ်ယောက်ကို ရှန်းကန်ကျွေးမွေးနေရရှာသူလေး။

"ဂျီဂျီ"

"ဘာလဲ"

ဂျီဂျီက တစ်ရှူးကိုသေးသေးလေးတွေ ဆုတ်ယူ၍ နှပ်သုတ်ပြီး ချလိုက်၊ ပါးစပ်သုတ်ပြီးချလိုက် နောက်ထပ် ဆွဲထုတ်၍လည်း စားပွဲ ပေါ်မှာ ဟိုလျှောက်ပွတ် ဒီလျှောက်ပွတ်။ နေကာက ဂျီဂျီ လက်ကလေး လှုပ်ရှားနေသည့်အတိုင်း လိုက်ကြည့်နေပြီးမှ....

"ဘယ်ထပ်သွားဦးမလဲ"

"နင်က အားလို့လား"

"နင့်အတွက်ဆို အားပါတယ် ဘယ်သွားဦးမလဲပြော ငါပြောပေး နိုင်တဲ့ အလုပ်ကတော့ ဒါပဲ နင်ဆန္ဒရှိသေးရင် လိုက်ကြည့်ပေါ့"

ဂျီဂျီက နာရီကိုထပ်ကြည့်ကာ....

"သွားတော့ သွားချင်သေးတယ် ဒါပေမဲ့ ရေဆန်တို့ကို စိတ်မချ ဘူးဟာ ဒေါ်မမက စိတ်ပုတ်တယ်ဟ ဦးလေးကလည်း ဘာသိဘာသာ ရယ် ဒီနေ့တော့ ပြန်တော့မယ်"

"မနက်ဖြန်ကျတော့ရော"





"ဒီလိုပဲ"

"ငါလိုက်ပေးမယ်လေ"

ဂျီဂျီက နေကာ့ကို မျက်လုံးဝင့်ကြည့်ပြီး ခေါင်းခါလိုက်၏။

"နေပါစေ နင့်အမေက နင့်ဆီခဏခဏ လိုက်လာတတ်တာ ဟို တစ်ခါကလည်း ငါနဲ့လိုက်သွားတယ်ဆိုလို့ နင့်ကိုဆူတယ်ဆို"

နေကာက နှာခေါင်းရှုံ့၍ ကျွတ်ခနဲ ခေါင်းခါလိုက်၏။

"မဆိုင်ပါဘူး ငါဒီလိုပဲ လျှောက်သွားလေလွင့်နေသလားဆိုပြီး ဆူတာ ငါ့အလုပ်က ဒါပဲဥစ္စာ သီချင်းမဆိုတဲ့အချိန် သီချင်းရေးတယ် ရှိရင် ဘာလုပ်ရမှာလဲ ဒီလိုပဲ သွားလာရင်း..."

"ကောင်မလေးတွေတွေ့တော့ ငမ်းလိုက်တာပေါ့ ဒါပဲမို့လား"

နေကာက စပ်ဖြဲဖြဲလုပ်နေ၏။ ရုပ်ရည်ချောလှသည်မဟုတ်ပေ မယ့် နေကာက အစအနောက်သန်သဖြင့် ကျောင်းမှာကတည်းက ပေါ် လွင်တဲ့သူဖြစ်သည်။

အရပ်မြင့်ကာ ကိုယ်လုံးက ခပ်ပါးပါးနှင့်နွဲ့သည်။ ဆံပင်ရှည်ရှည် သူ့ပုံစံက ဒီခေတ်စတိုင်လ်အရတော့ မိတယ်လို့ပြောရမည်သာ။ ပြီးတော့ အခုဆို သီချင်းရေးဆရာဆိုသည့် နာမည်လေးက ပျံ့နှံ့စပြုလာသည်။

အတီးကောင်းအဆိုကောင်း ရုပ်ချောချောဆိုတာ နေကာပဲဖြစ် နေမှန်း ဂျီဂျီသိခဲ့ရတာတောင် မကြာသေးပါ။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ နေကာ့ဘဝက သူမထက်အများကြီးသာနေသေးသည်။ သူမမှာသာ...

"ငါသွားတော့မယ်ဟာ နောက်နေ့ကျတော့လည်း ကြုံသလိုပေါ့ နှစ်ယောက်ပဲသွားသွား တစ်ယောက်တည်းသွားသွား ဒီလမ်းပါပဲ ငါ့ဘာ သာသွားလည်းရပါတယ်"

ပြောရင်းဂျီဂျီက လွယ်အိတ်လေးကို ပခုံးမှစွပ်ချကာ ထရပ်လိုက် ၏။ သူမှာ ဂျီဂျီငိုတာနဲ့ပဲ ခေါက်ဆွဲကို မွှေလိုက်ဆွလိုက်နှင့် စားရသည့်

အဆင့်ကို မငံရောက်လိုက်....

"ဂျိဂျိ နင်ခဏနေလို့ရသေးရင် ငါနဲ့ ပလာဇာလိုက်ခဲ့ပါလား"

"ဘာလုပ်ဖို့လဲ"

"နင့်ကို လက်ဆောင်ဝယ်ပေးချင်လို့"

"နင်က ပိုက်ဆံတွေသိပ်ပေါနေတယ်ပေါ့"

"မပေါပါဘူး ဒါပေမဲ့နင့်ကို အကျႌနဲ့စကတ်နှစ်စုံလောက်ဝယ်ပေးချင်လို့"

"မလိုချင်ပါဘူး"

"သိသားပဲ ငါကပေးချင်လို့ပါဆိုမှ ခဏလိုက်ခဲ့ပါဟာ ဝယ်ပေးပြီးပြန်တော့"

"နေကာ"

ဂျိဂျိက ခြေလှမ်းရပ်၍ သူ့ကိုပြန်ကြည့်တော့ သူလည်းရပ်တန့်သွား၏။

"ပလာဇာအတူလိုက်ပြီး နင်ဝယ်ပေးတာယူရအောင် ငါ့ကိုနင်က ဘာထင်လို့လဲ"

"ကျိုင်ရှာပြန်ပြီဟာ နင်နဲ့ငါ့ကြားမှာ ဒီစကားမျိုးတွေ ဒီလိုထင်စိတ်တွေ ဘာမှမရှိနိုင်ဘူးထင်လို့ ငါပြောတာ ဟိုတုန်းက နင်ပေးသမျှယူ နင်ကျွေးသမျှ ငါစားခဲ့တာပဲ နင်နဲ့ငါ့အတွက်သာတယ် နာတယ်ရှိလား"

"ရှိတယ် ခုချိန်မှာ နင် ငါ့ကို ဘာမှပေးဖို့ မကြိုးစားနဲ့"

ပြောပြီးဆတ်ခနဲပြန်လှည့်သည်။ ပြီးတော့ ရှေ့ဆက်မသွားဘဲ နေကာ့ကိုပဲပြန်လှည့်ကြည့်လိုက်ကာ..

"နင့်မှာ ပိုက်ဆံဘယ်လောက်ပါလဲ"

"ဘာလုပ်ဖို့လဲ"

"ငါ့နားကပ်လေး ခဏယူထားပါလား"





"ဘာရယ်"

ပေါင်ဖို့ပြောတာမှန်း နေကာက နားမလည်။

"နင်ကလည်း တူလိုက်တာဟာ ရော့ ခဏယူထား ဒါကိုတစ်သောင်းလောက်ပဲပေးဟာ ငါ့နားကပ်က သုံးသောင်းလောက်ကန့်ပါတယ် ငါလည်း ပြန်ရွေးနိုင်အောင် တစ်သောင်းပဲပေး"

"ဟာ"

နားလည်သွားသဖြင့် နေကာ ပက်ပက်စက်စက်စိတ်ညစ်သွားသည်။

"ဒုက္ခပါပဲ ဂျိဂျိရာ လူတောထဲမှာ နားကပ်ချွတ်နေပြန်ပြီ"

ညည်းညူရင်း သူ ဂျိဂျိလက်မောင်းကလေးကို လူရှင်းသည့်နေရာထိ ဆွဲခေါ်သွားမိသည်။

"ဟဲ့..ဟဲ့ မဆွဲနဲ့လေ ဒီမှာနောက်ပိတ်ကျသွားတော့မှာပဲ"

ဂျိဂျိက နားကိုဖိအုပ်ကိုင်ရင်း ဒေါသနှင့်ပြန်အော်၏။

"အဲဒါ ဘာလုပ်တာလဲ နင့်နားကပ်ကိုယူပြီး ငါကဘာလုပ်ရမှာလဲ အဓိပ္ပာယ်မရှိတာ ပိုက်ဆံလိုရင် ခဏချေးဆိုပြီးတာပဲဥစ္စာ"

"အလွတ်ကြီးတော့ မချေးပါနဲ့ အခု အလုပ်ကိစ္စအဆင်မပြေရင် ဒါပေါင်ဖို့ငါလာကတည်းက စိတ်ကူးပြီးသား ဟိုတစ်ခါက ငါနင့်ဆီကလေးထောင်ယူထားတယ် အခုခြောက်ထောင်ပဲပေး ရော့ ယူမှာလား ယူဘူးလား မယူချင်လည်း ငါဟာငါ တခြားမှာသွားလုပ်မယ်"

မြန်မြန်ဆန်ဆန်ကြီး ချွတ်ပစ်လိုက်သည့် နားကပ်နှစ်ဖက်ကို သူ့ရှေ့မှာ ဖြန့်၍ ဂျိဂျိက ဖွတ်တရွတ်....

သူမယူဘူးဆိုရင်လည်း တခြားထွက်သွားမှာပဲမို့ မတတ်နိုင်တော့။

"ကဲ... ပေး... ပေး တစ်သောင်းတော်ပြီလား"

"တော်ပြီ"

နှစ်ယောက်သား လမ်းဘေးခပ်လှမ်းလှမ်းမှာပဲ အပေးအယူတွေ ဖြစ်နေခဲ့ကြသည်။ ဂျီဂျီတော့ ဘယ်လိုနေသည်မသိ။ နေကာ မျက်နှာပူနေမိသည်။ အရေးထဲ မယ်မင်းကြီးမက ထောင်တန်လေးဆယ်ရွက်ကို ပွတ်ရေနေသည်။

"ခြောက်ထောင်ပဲ ယူမှာပါဆို ရော့ လေးထောင်ပြန်ယူ"

"ကဲ ယူလိုက်ပါတော့ဟာ ရှုပ်နေတာပဲ"

"မယူဘူး ကြွေးတွေနဲ့ နှစ်သွားရင် ငါလူလုံးမလှဖြစ်သွားမှာ"

"ခုလည်း လှမှမလှတာ မထူးပါဘူး"

"ကောင်စုတ်"

ပိုက်ဆံရေရင်း မျက်စောင်းတစ်ချက်ပစ်ဝင်လာသည်။ မလှမဖြစ်နေတာကို မလှဘူးပြောတော့လည်း မကြိုက်။ နေကာက နှာခေါင်းတစ်ချက်ပွတ်၍ မဲ့လိုက်၏။

မယ်မင်းကြီးမလေးက ကြီးလိုက်တဲ့ မာန၊ ဒေါသဖြစ်ဖြစ်နှင့် ခေါင်းကနေ လက်သီးဆုပ်ကြီးကြီးနဲ့ ထုချလိုက်ချင်တော့သည်။

★ ★ ★ ★ ★





အခန်း (၃)

အိမ်ပေါ်ကို ခြေလှမ်းတင်လိုက်သည်နှင့် ဒေါ်မမ၏ မကျေမနပ်ကြည့်တွန်တောက်တီးသံကို အတိုင်းသားကြားလိုက်ရ၏။ ဂျီဂျီနောက်ကို ပြန်ဆုတ်၍ ပျဉ်ကာ၏နောက်ကွယ်မှာ ရပ်နေလိုက်မိသည်။

"ရှင်နဲ့လည်း နှစ်ဝမ်းကွဲ သုံးဝမ်းကွဲတော်တာပါ ကိုတိုးရယ် ဟိုတုန်းက သူတို့မှာရှိနေစဉ်က ရှင့်ကို ဆေးဖော်ကြောဖက်လုပ်ခဲ့လို့လား"

"သူ့မိဘတွေက ငါ့အပေါ် ကောင်းခဲ့တာလေးတွေ ရှိပါတယ်ကွာ"

"ရှိရှိ မရှိရှိ ရှင့်အပေါ် ကောင်းတာကို ရှင်ပဲခံစားခဲ့ရတာ အခုအစုတ်အပ်သုံးစုကြီးရဲ့ ဒုက္ခကိုခံနေရတာက ကျွန်မတို့တစ်မိသားစုလုံးလေ ဖြန်တွက်ကြည့်ပါဦး နာမည်တွေကလည်း ဂျီဂျီတဲ့။ တစ်ကောင်က ရေဆန်တဲ့၊ ဟိုသေးသေးလေးကျတော့ လေထန်တဲ့။ ကျက်သရေ တစ်ကော်မှမရှိတဲ့ နာမည်တွေ။ အတိတ်တစ်ပေါင် နိမိတ်ဆောင်တဲ့ မြန်မာလူမျိုးတွေဖြစ်ပြီး တက်လမ်းရှိတဲ့ နာမည်မျိုးတွေမမှည့်ဘူး သူတို့ကြောင့် ကျွန်မတို့ပါ ဒုက္ခရောက်ရတာ"

"မဆိုင်ပါဘူးကွာ ဂျီဂျီက သူ့ဟာသူ သပ်သပ်စားတာပဲ ညအိပ်တည်းခိုရုံလေးတော့ နေပါစေ ငါတို့က တစိမ်းတွေမှ မဟုတ်တာ နှင်ချလိုက်ရင် ကောင်းမလား"

"ချော့လို့မပြစ်ဘူး ညအိပ်ရုံပဲအိပ်တာက သူတစ်ယောက်တည်း ဟိုကလေးနှစ်ကောင်က တစ်နေကုန်တစ်နေ့ခန်း အသေးလေးကဆို အချိန်ပြည့် ငိုနေတာ"

ဆက်၍ နားမထောင်ချင်တော့ဘဲ ဂျီဂျီနောက်ကို မသိမသာ ပြန်ဆုတ်၍ ခုမှပြန်ရောက်လာသလိုမျိုး ကိုယ်ယောင်ပြလိုက်၏။ စကားသံတွေ အိခနဲ တိတ်ကျသွားသည်။ ဒေါ်မမက မျက်နှာချင်းဆိုင်လိုက်ကာမှ မျက်နှာကို ဆတ်ခနဲ လွှဲပစ်၏။

ဦးလေးလုပ်သူက မျက်နှာတည်ကြီးနှင့် သူမကိုမကြည့်။ နှစ်ယောက်လုံး မျက်နှာတွေ ပြိုင်တူလွှဲလိုက်ပြီးမှ ဦးလေးက ပြန်လှည့်ကြည့်၍ ...

"ဘယ့်နှယ်လဲ အလုပ်က အဆင်ပြေခဲ့လား"

ဂျီဂျီက ပေ့ါပါးသည့် အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်သည်။

"ပြေမှာပါ မနက်ဖြန်သိရပြီ ဪ ဟိုလေ ဂျီဂျီတောင် အဆောင် စုံစမ်းခဲ့သေးတယ်သိလား အပွန်း ဦးလေးတို့အိမ်မှာ်ကလေးက နဂို ကတည်းက များနေတော့ ဂျီဂျီတို့နဲ့ ပိုဆိုးနေတာ အားနာလို့"

"အေး အားနာတယ်ဆိုလည်း ဟိုမှာသေချာအောင်လုပ်ပေ့ါအေ ငါတို့ကလည်း မပြောရက်ပါဘူး အားနာတာပဲပေ့ါ အထူးသဖြင့် ပန်းရဲ့ မျက်နှာကို ငဲ့နေတာ ဒါပေမဲ့"

"ဟုတ်ကဲ့ပါ ဂျီဂျီသိတယ် မကြာတော့ပါဘူး ဂျီဂျီ အမြန်ဆုံးပြောင်း ပါ့မယ်"

ဂျီဂျီ ဟန်မဆောင်တတ်သူမဟုတ်ပါ။ အထူးသဖြင့် ဟန်ဆောင် ပြုံးတာကို သူများပြုံးတာလည်းမကြိုက် ကိုယ်တိုင်လည်း ဘယ်တော့မှ ဟန်မဆောင်။

သူမ၏ မူကိုက အရှိကို အရှိအတိုင်း။ ထို့ကြောင့် ရင်ထဲမှာရှိတာ





ကို ခေါင်လေးမျိုသိပ်ပြီး မုသားသုံးသည့်အပြုံးကို မျက်နှာပေါ်မှာ ကြာ ရှည်တင်မထားချင်သဖြင့် စကားဆုံးတာနှင့် နောက်ခန်းလေးဆီ လှည့် ထွက်လာခဲ့မိသည်။ ဒေါ်မမ ကျေကျေနပ်နပ် ကျန်နေခဲ့ပြီးမှ ဖျတ်ခနဲ ရပ်လိုက်ကာ...

"ဂျီဂျီ..ဂျီဂျီ နေပါဦး ညည်း အဲဒီအခန်းကို လက်လွှတ်သွားဦးမယ် သေချာရက်ချိန်းခဲ့ရဲ့လား ဘယ်နေ့ပြောင်းလာမယ် ပြောခဲ့လဲ"

ဂျီဂျီကျောပေးလျက်နှင့် ခြေလှမ်းတုန့်သွားသည်။ သူမစိတ်ဆိုးလျှင် အရင်ဆုံး သိသာစေတတ်သည့် နှုတ်ခမ်းပါးလေးတွေ တင်းတင်းစေ့ ထားလျက် ပါးစပ်ထဲက အကျိတ်အခဲတို့ကို ပင့်သက်ရှိုက်ရင်း ပြန်မျိုချသည်။ ပြီးမှ ဖန်ဆင်းယူလိုက်ရသည့် အသစ်အသစ်သော ကြည်လင်မှုများနှင့်

"ရတယ်ဒေါ်လေး အခန်းက အဆင်သင့်ပဲ ဂျီဂျီသွားနိုင်တဲ့နေ့ သွားရုံပဲ ပိုက်ဆံပြည့်တာနဲ့ သွားမှာပါ"

"မဟုတ်ပါဘူးအေ ညည်းအခန်းထပ်ရှာနေရမှာစိုးလို့ပါ ပြောင်း မှာသေချာပြီဆိုရင် ညည်းတို့နေတဲ့အခန်းကိုဖျက်ပြီး ကျောနောက်မှာ မျဉ်ကပ်ရိုက်လိုက်တော့မလို့ အဖီဆွဲတယ်ဆိုတာ အိမ်နာတယ်လေ"

ပြောစကားတိုင်းဟာ နားထဲမှာ သံပူရည်စီးကြောင်းကြီးတိုးဝင် သွားသလိုပါ။ ပြောင်းပါမယ် ပြောမိကာမှပဲ ကိုယ်မဆင်းရသေးဘဲ အခန်းကို ဖျက်ချပစ်တော့မလားမသိ။

ရှက်ခြင်းနာကျည်းခြင်းများနှင့် အံကြိတ်ထားမိသည်။ မေမေ့ အတွက် နှစ်လပြည့်ဆွမ်းကျွေးပြီး ရန်ကုန်ကို ထွက်လာခဲ့တာလည်း တစ်လ ကျော်သွားပြီဖြစ်သည်။

လာခဲ့တုန်းကလည်း ဦးလေးအိမ်ဝိုင်းထဲမှာ နေစရာလေးတစ်ခု တောင်းပြီး စားသောက်ဖို့အတွက် ကိုယ့်အားကိုယ်ကိုးဖို့ ရောက်ရောက် ချင်းပဲ ဒီအစီအစဉ်မဖြစ်တော့ဘူးဆိုတာကို သိလိုက်သည်။ ဒါကြောင့်

အလုပ်ကို သည်းကြီးမည်းကြီး ရှာတာပါပဲ။ ရှာလေ ရှားလေဖြစ်နေ သလား မသိ။

နေကာလည်း သူလက်လှမ်းမီသမျှ လိုက်ပို့ပေး ပြောပေးနှင့် ကူညီနေခဲ့သည်။ သူမလည်း တစ်ချက်မှ အငြိမ်နေခဲ့တာ မရှိဘဲ ဒီနေ့ထိ အလုပ်ကပြေးနေသည်။ ဘာလုပ်ရမလဲ။

ဂျိဂျိခြေစုံရပ်၍ အကြံထုတ်နေဆဲ သူမရှေ့သို့ အရိပ်ကလေး တစ်ရိပ်ရောက်လာသည်။ ကြည့်လိုက်တော့ ရေဆန်။

"မမ"

"ဟင် မောင်လေး ညီညီကော"

"အိပ်နေတယ်"

"ဟုတ်လား"

ဂျိဂျိ ရေဆန့်လက်ကိုဆွဲကာ နောက်ဖေးခန်းလေးထဲ အတူဝင်ခဲ့ သည်။ စောင်ပုခက်လေးထဲမှာ လေဆန်က အိပ်နေရှာ၏။ လျော့ရဲရဲ လက်ကလေးနှစ်ဖက်ထဲမှာ လွတ်နေသော နို့ဘူးလေးက ရင်ဘတ်လေး ပေါ်မှာ ကုန်လုကုန်ခင် နို့ရည်လေးတွေနှင့်....

ရင်ထဲမှာ နင့်သွားမိ၏။ မေမေရယ် မောင်နှမသုံးယောက်ရဲ့ ဘဝလေးဟာ ဆင်းရဲခဲ့ဖူးတာမရှိ။ ရက်စက်လိုက်တဲ့ ကံကြမ္မာ...

မေမေ ခဏခဏ ညည်းညူဖူးသည့် စကားတွေပါ။ ဒါတောင် မေမေ မသေဆုံးမီက ခုလောက်ထိ မဆင်းရဲခဲ့သေး။ ခုတော့ စောင်ပု ခက်နဲ့ အိပ်နေရှာသည့် ကလေးအဖြစ်ကို မမြင်ရက်နိုင်။

"မမ"

"ဟင်"

"အလုပ်ရလားဟင်"

"ပြော်...အင်း ရတော့မှ မနက်ဖြန်လောက်ဆို အဆင်ပြေမှာပါ





အလုပ်ရမှ ပိုက်ဆံရမည်ဆိုတာလောက်ပဲ သိရှာသော မောင် လေးကို နားလည်လွယ်အောင် ခေါင်းပဲညိတ်ပြမိသည်။ ဒါပေမဲ့ ရေဆန့် မျက်နှာလေးမှာ ခါတိုင်းလို "ဟုတ်လား ပိုက်ဆံရတော့မှာပေါ့နော်" ဆိုဖြင့် ဝမ်းသာအားရသံ ထွက်မလာဘဲ ငေးငိုက်လျက်မှ...

"ဒေါ်လေးက မိန်းမကြီးတစ်ယောက်ကို ပြောနေတာ မမမှာ အလုပ်မရှိဘူးတဲ့ ဘယ်တော့မှလည်း ရမှာမဟုတ်ဘူးတဲ့ ဦးလေးကို အပ်တွယ်နေဖို့ ရောက်လာတာတဲ့"

"ဟင်"

"မောင်လေးတို့ကို နှင်ချပစ်မှာတဲ့"

"သူ နှင်ချဖို့မလိုပါဘူး မမတို့က ပြောင်းမှာပဲဟာ"

"ဟင် ပြောင်းမယ်ဟုတ်လား"

ထိုင်နေသည့် သူမပခုံးလေးကို ကိုင်လှုပ်၍ ရေဆန်က စိတ်ဝင် တစားမေးလာ၏။ ဂျိဂျိနောက်ထပ် ခေါင်းညိတ်ဖို့ ခက်သွားသည်။ ဒါပေမဲ့ မာနကြောင့် ဆတ်ခနဲ ခေါင်းညိတ်၍ ဆုံးဖြတ်ချက်ကိုလည်း ချသည်။

"ဟုတ်တယ် မမတို့အိမ်ကိုပဲပြန်မယ် လောလောဆယ် မကျွမ်း ကျင်တာကို မလုပ်ဘဲ ကိုယ့်နေရာကိုယ်ပြန်ပြီး ဘာလုပ်စားမယ်ဆိုတာ တော့ ဘေးခြံက အန်တီတို့နဲ့တိုင်ပင်ရမှာပဲ"

ကလေးလေးပေမယ့်လည်း အနားမှာ ကိုးဝိုးဖော်မရှိတော့ ကလေး ကိုပဲ လူကြီးလုပ်၍ ရင်ဖွင့်မိသည်။ ရေဆန်ကလည်း ကလေးဦးနှောက် လေးနှင့် လက်လှမ်းမီသမျှတော့ တွေးတောရှာ၏။

"အိမ်ပြန်မယ်ဟုတ်လား အိမ်ကို မမ ရောင်းပစ်ခဲ့ပြီဆို"

"ရောင်းခိုင်းခဲ့တာပါ မြန်မြန်ဆန်ဆန်ကြီးတော့ အရောင်းအဝယ် ဖြစ်ဦးမှာမဟုတ်ဘူး"

တကယ်တော့ မိဘ၏အမွေအနှစ်တစ်ခုကို သူမအလိုဆန္ဒ ဘယ်တော့မှ ရောင်းမည်မဟုတ်ပါ။ မေမေဆုံးခဲ့ရတာလည်း ဒီအိ ကြောင့်ပဲဖြစ်၏။

"သမီးရယ် ညည်းတို့အဖေ မိုက်ခဲ့တာ မေမေဆင်းရဲရမှာ မကြောက်ပါဘူး ညည်းတို့တွေအိုးမဲ့အိမ်မဲ့ ဖြစ်တော့မှာ"

ဖေဖေအသောက်အစား လောင်းကစားတွေဖက်၍ ရန်ကုန် ပေါ်က စီးပွားရေးတွေလည်း အခြေပျက်ခဲ့သည်။ နောက်ဆုံး တိုက် ကိုပါ သူများလက်ထဲထိုးပေးပစ်ခဲ့၏။ ပြင်ဆင်မရနိုင်တော့သည့်အထိ နစ်နေတော့မှ ဖွင့်ပြောပြီးထိုညမှာပဲဖေဖေအိမ်ပြန်မရောက်ခဲ့တော့

မနက်ကျတော့ လမ်းဘေးသစ်ပင်ကို ဝင်ဆောင့်တိမ်းမှောက် သော ကားနှင့်ဖေဖေ့အလောင်းကိုပဲ တွေ့ခဲ့ကြရသည်။ ကလေး ယောက်နဲ့ မုဆိုးမဖြစ်ခဲ့ပေမယ့် မေမေက လှဆဲပဆဲသာ၊ တိုက် ကို သိမ်းပိုက်မည့် ဦးသိန်းမင်းက မေမေ့ကို သနားသလို ညှာတာသ နှင့် အပြောကောင်းကောင်းနှင့် အချိုသတ်၏။

"အဲဒီလူကြီးနဲ့ မတွဲနဲ့မေမေ ဒီလူကြီးက မိန်းမကို သိပ်ကြောက် တာ သူ့မိန်းမကလည်း တော်တော်ဇွာတာတဲ့"

"မဟုတ်ပါဘူး သမီးရယ် သူ့မိန်းမနဲ့ကွဲနေပါပြီ ဒေါ်ကေသီကျော် နိုင်ငံခြားထွက်သွားပြီတဲ့ သူနဲ့ အလိုက်အထိုက် မဆက်ဆံရင် မေမေ တို့ ခုချက်ချင်း ဒီခြံထဲက ထွက်ကြရမှာ"

"ဘာဖြစ်လဲမေမေ ခုကော သူကပြန်ပေးမှာမို့လို့လား"

ဂျိုဂျိုက အရွယ်ရောက်နေပြီမို့ မာနစကားပြောသည်။ ပြီးတော့ ရှက်လည်းရှက်တတ်နေပါပြီ။ ထို့ပြင် မေမေက နုနုငယ်ငယ်လှပတုန်း ဦးသိန်းမင်းကြီးက မည်းမည်းတောင့်တောင့်နှင့် အသက်က ငါးဆယ် ကျော်။ ဂျိုဂျိုက ရှုန်းကန်ဖို့ စကားစတိုင်း မေမေက ခေါင်းခါ၏။





"မေမေ သတ္တိမရှိလို့ မဟုတ်ဘူး ဒါပေမဲ့ နောက်ထပ်ဘဝတစ်ခု ကို တစ်ကနေစပြီး ထူထောင်ကြရင် သမီးတို့ကို ဒီလိုဘဝမျိုးနဲ့ ပြန်ထား နိုင်ဖို့မလွယ်တော့ဘူး သမီး ဘဝမှာ စားနေရရုံနဲ့မပြီးဘူး တကယ်တမ်း သုံ့ဖို့ပဖို့လိုအပ်လာတဲ့ အရွယ်လေးတွေကျမှ သူများလို လူတမ်းစေ့ ဝတ်နိုင် မစားနိုင်ရင် သမီးတို့ ဘယ်လိုရှေ့ဆက်ကြမလဲ"

မေမေပူတာကတစ်မျိုး ဂျိုဂျိုသတိထားမိတာက တစ်မျိုးဖြစ်ခဲ့ကြ ၏။ နောက်ပိုင်းမှာ မေမေ့ အမူအရာတွေ ပျက်လာခဲ့သည်။ အပြင်က ပြန်လာတိုင်း မျက်နှာမကောင်းပေ။

"မေမေ ဟိုလူကြီးရောက်နေပြန်ပြီ စကားပြောပုံက ပိုင်စိုးပိုင်နင်း နဲ့ အဲဒီလူကြီးကို သမီး တအားမုန်းတာပဲ"

အဖြစ်တွေကို ဂျိုဂျိုအစက ဘာမှမသိခဲ့ပါ။ ဤသို့ပြောပြီး နောက် တစ်ခါ နှစ်ခါမှာ ဦးသိန်းမင်းအိမ်ရောက်မလာတော့ဘဲ မေမေပဲ အပြင် သွားတတ်သည်။ နောက်ထပ် မကြာသောကာလတစ်ခုမှာပဲ မေမေ အခန်းထဲမှာ ကျိတ်ငိုနေတာကို တွေ့ခဲ့ရ၏။

"ဘာဖြစ်လို့လဲ မေမေ ဘာဖြစ်လို့လဲဟင်"

"သမီးလေး"

မေမေ ဂျိုဂျို့ကို ဖက်ငိုပြန်သည်။

"မေမေလေ မေမေမှားခဲ့တယ် ဒါပေမဲ့ ဒီအမှားထဲမှာ တဏှာရာဂ စိတ်လုံးဝမပါပါဘူး သမီးရယ် ဒီတိုက်နဲ့ ခြံကြီးပြန်ရဖို့ပါ"

ထပ်သိလိုက်ရပြန်သည်။ ဦးသိန်းမင်း အခွင့်အရေးတွေယူ၍ ခြေ ဘော်တင်လိုက်ခြင်းကြောင့် မေမေ့မှာ ကိုယ်ဝန်ရှိခဲ့၏။

"မေမေ သူနဲ့ယူရတော့မယ်သမီးရယ် မေမေလေ ခန္ဓာကိုယ်ကို ပေးခဲ့တုန်းက သမီးနဲ့ သားအတွက် စွန့်လွှတ်ခဲ့တာပါ သမီးတို့အဖေ နေရာကို ပေးဖို့မဟုတ်ပါဘူး ဒါပေမဲ့"

ဦးသိန်းမင်းကလည်း နေရာယူတော့မည့် လူတစ်ယောက်လို အိမ်မှာလူသိရှင်ကြားဝင်ထွက် လာခဲ့သည်။ သည်တုန်းက တိုက်နဲ့ခြံနဲ့ဝယ်ထားသည့် စာချုပ်ကို ပြန်ရခဲ့သော်လည်း ဝမ်းမသာနိုင်ခဲ့ကြပေ။

"ကျွန်မတို့သားအမိ ဒီမှာပဲနေမယ် ရှင့်အိမ်ကို မလိုက်ဘူး"

ဟု မေမေပြောတော့လည်း ဦးသိန်းမင်းသဘောတူနေခဲ့တာတကယ်တော့ သူ့မိန်းမနှင့် ဇယားတွေမပြတ်လို့မှန်း ဂျီဂျီတို့မသိ။

ရုံးတက်လက်မှတ်ထိုးပြီး လူလေးဆယ်ယောက်လောက်နှင့်လက်ထပ်သည်ဆိုတာ လူလည်းသိပ်မသိခဲ့ပါ။

အားလုံးသိကြတာက ဒေါ်ပန်းနွယ် ဦးသိန်းမင်းဆိုသည့် သူ့ငွေနှင့် ငြိနေသည်ဆိုသည့်အဖြစ်။ နောက်မှာတော့ ဦးသိန်းမင်း ရောက်မလာတော့ပေ။

လေထန်ကိုမွေးတော့ ဘဝကို စိတ်နာနာနှင့် လေထန်ဟု မှည့်ရုံမကဘဲ ချစ်စနိုးဖြင့်အဖျားဆွတ်ကာ ချစ်ဖူးဟု ခေါ်ခဲ့သော မောင်လေးကိုပါ ရေဆန်ဟု ပြောင်းပစ်ခဲ့သည်။

"ဘာထူးလဲသမီးရယ် သူတို့တွေမွေးပြီးကတည်းက ဘဝကလှိုင်းထန်ရေဆန်ချည်းပဲ ဘာကောင်းခဲ့တာ ရှိသလဲ"

မေမေက ဦးသိန်းမင်းရောက်လာနေတုန်းကလည်း ဦးသိန်းမင်းအိမ်ပေါ်တက်လာတာနှင့် ငရဲကျတော့မည့်လူလို သနားစဖွယ် ညှိုးငယ်နေတတ်ကာ မလာသည့်ရက်များမှာ ပျော်ရွှင်ခဲ့ပေမယ့် ဘာမှမကြာလိုက်ပါ။

"ဘယ်မှာလဲ မင်းရဲ့အမေ ဒေါ်ပန်းနွယ်ဆိုတာ"

အိမ်ရှေ့မှာ ရပ်လာသည့်ကားက ဦးသိန်းမင်း၏ ကားမဟုတ်သဖြင့် ဂျီဂျီကိုယ်တိုင် တံခါးထွက်ဖွင့်လိုက်မိသည်။ တစ်ကိုယ်လုံး စိန်တွေရွှေတွေညွတ်အိလျက် လက်ဖွေ့အိတ်ရှည်ကြီးကို လက်မှာချိတ်ထား





သော ဒေါ်ကေသီကျော်က သူမကို အထင်မြင်သေးစွာ စေ့စေ့ကြည့်၏။

"သမီးက တော်တော်ကြီးနေပြီပဲ ဟွန့် ကိုယ့်သမီးအသက်အရွယ်ရှိနေတာတောင် ဒီလိုလုပ်ရဲသေးတာ အံ့သြဖို့ကောင်းလိုက်တာ မင်းကောရှက်တတ်ဘူးလား"

တိုက်ထဲကို တစ်လှမ်းချင်း ဝင်လာပြီး ရုံးတစ်ရုံးမှာ ဝင်ရောက်စစ်ဆေးသည့် အရာရှိ တစ်ယောက်လို အားမနာတမ်း လှည့်ပတ်ကြည့်၏။ ထိုအချိန်မှာ လေထန်က ကတ္တီပါကော်ဇောလေးပေါ်မှာ ငုတ်တုတ်လေးထိုင်လျက် ရေဆန်ကားလေးတွေနဲ့ ဆော့ပြေးနေတာကို လိုက်ကြည့်ကာ ခိုးခိုးခစ်ခစ် ရယ်နေ၏။

"ဒီသေးသေးလေးက ငါ့ယောကျ်ားနဲ့ရတဲ့ကလေးပေါ့ ဟုတ်လား"

ကလေးနှစ်ယောက်နားမှာ မတ်တပ်ရပ် လက်ပိုက်၍မေးတော့ဂျီဂျီထိုနားကို ချက်ချင်းရောက်သွားသည်။

"ဘယ်ကလေးမှ မဟုတ်ဘူး အန်တီ အခုပြန်ထွက်သွားပါ"

"ဘာပြောတယ်"

လက်ပိုက်ပြောကာ ဒေါ်ကေသီကျော် ရှူးရှူးရှားရှား ဖြစ်သွား၏။ ပြီးတော့မှ ပြုံးမဲ့မဲ့နှင့် စိုက်ကြည့်ကာ...

"ငါက သနားသဖြင့် ပြောမလို့ တိတ်တိတ်ဆိတ်ဆိတ်ဝင်လာတာ မင်းက ကျယ်ရင် ငါကဘာမှ မအော်ရဲစရာ မရှိဘူး သဘောပေါက်လား"

အိမ်မှာမေမေမရှိပေ။ ဂျီဂျီမာနကြီးတဲ့ မိန်းကလေးဖြစ်ပေမယ့်ဒီအရှုပ်အထွေးကို နားမလည်ပါ။ ပြန်လှန်ချေပဖို့ ရှုပ်နေတာကိုရှင်းဖို့ ဘာမှမသိ။ ဒေါ်ကေသီကျော်ကသာ...

"ဒီခြံနဲ့ တိုက်ကို အပေါင်ခံထားတာက ငါ ကာလနဲ့ အတိုးနဲ့တွက်ရင် ဆုံးနေပြီ မင်းတို့ကို ကိုသိန်းပြန်ပေးထားလည်း ငါ့ဘက်က ပြသ

နာရှာလို့ရတယ် ဒါပေမဲ့ ကလေးတောင် ရနေပြီဆိုတော့ ရှိပါစေ
နောက်ထပ်ကိုသိန်းကို မဆက်သွယ်ဖို့ မင်းမေမေကိုပြောလိုက်
တော့ အရှက်မကွဲချင်ရင် တိုက်ကို မင်းတို့အနေနဲ့ ပြန်ရောင်းလို့
ပြီးရင် ငါ့ကိုအရင်းကိုပဲပြန်ဆပ် ငါအလကားမပေးနိုင်ပေမယ့် မရ
စက်ချင်ပါဘူး။ ငါ့ယောကျ်ားနဲ့ ပြန်လဲယူတဲ့သဘောပေါ့ ရှင်းတယ်
နောက်ထပ်ခြောက်လအချိန်ပေးမယ် ခြောက်လကျော်လို့မှ မပြော
ရသေးဘူးဆိုရင် မင်းတို့ဘဝရေစုန်မျောပြီမှတ်"

ကြိမ်းဝါးပြီးမှ ပြန်သွားသည်။ မေမေ ပျော့ပျော့ခွေခွေ နွမ်း
နေတာကို ဒီစကားထပ်မပြောရက်ပေမယ့် ဂျီဂျီဆုံးဖြတ်လို့ မရသ
ကိစ္စမို့ ပြောပြရသည်။ ပြောလိုက်တာနှင့် မေမေ အိပ်ရာထဲလဲလို
တာ မထနိုင်တော့ပေ။ ထိုအချိန်မှာ မေမေ့ဘေးကို ရောက်လာသူ
အနားမှာ မေမေနဲ့အရင်းနီးဆုံး ဒေါ်မာလာမျိုးပဲဖြစ်သည်။

"မမျိုးရယ် ကျွန်မစွန့်စားခဲ့ရတာ ဒီခြံမြေလေးကို ဆုံးရှုံးရမှာ
လို့ပါ ဒီနည်းနဲ့ မစွန့်စားသင့်ဘူးဆိုတာ သိပေမယ့် ကျွန်မ ပျော့ညံ့ခဲ့
တယ်။ ဒါပေမဲ့ ဒီတစ်ခါပျော့ညံ့လို့မဖြစ်ဘူး ကျွန်မမပေးနိုင်ဘူး စာချ
တွေအားလုံးက ကျွန်မလက်ထဲမှာ အရှက်ပဲကွဲကွဲ ဘာဖြစ်ဖြစ် က
တွေ နောင်ရေးအတွက် ကျွန်မရင်ဆိုင်တော့မယ် အားလုံးလည်းသိနေ
ပါပြီ ဖြစ်မိကာမှတော့ ရှက်ကြောက်နေတော့လည်း ဘာထူးမှာလဲ"

မေမေက အားတင်းထားဖို့ ကြိုးစားရှာသည်။ ဒါပေမဲ့ အိပ်ရာထဲ
လဲလိုက်တာ ကိုးရက်ပဲကြာသည်။ နောက်ဆုံးအချိန်ဆိုတာကို ရောက်
သွားခဲ့၏။

"မမျိုးရယ် ကျွန်မသားသမီးလေးတွေကို စောင့်ရှောက်ပေးပါ
နှုတ်၏စောင်မခြင်းဖြစ်ဖြစ် ကူညီပေးပါ ဖြစ်သင့်တဲ့အတိုင်း"

နောက်ဆုံး အဆုံးမသတ်နိုင်ခဲ့သည့် စကားသံလေးကို ဂျီဂျီအခ





နိုင် 'ဖြစ်သင့်တဲ့အတိုင်း' ဆိုပြီး မေမေ ဘာဆက်ပြောမှာလဲ"

အနားမှာရှိနေသည်မို့ မေမေ တတွတ်တွတ်မှာသမျှ သူမအားလုံး
ကြားနေရသည်။ ထို့ကြောင့် မေမေဆုံးသွားသည်နှင့် တိုက်နဲ့ခြံကို
ရောင်းပေးဖို့ ဒေါ်မာလာမျိုးလက်ထဲအပ်ခဲ့ပြီး ဂျီဂျီထွက်လာခဲ့တာဖြစ်
မေမေ့အတွက် တစ်လပြည့်ဆွမ်းကပ်ပြီးတဲ့အထိတောင် မနေချင်
ဖြစ်နေခဲ့၏။

"သမီး မေမေ့ဘဝပျက်ခဲ့ပြီး စွန့်လွှတ်ရယူခဲ့တဲ့ ဒီခြံကို မာနကြီး
နဲ့ ပြန်ထိုးမပေးလိုက်နဲ့နော် သမီးမနေချင်ရင်တောင် ပြန်ရောင်းပါ။
ပေမဲ့ ကိုယ်ရသင့်တာကိုယူထား"

စကားပြောနေနိုင်သမျှ မေမေ ဒါကိုပဲမှာသည်။

"မောင်လေးတွေကို ဂရုစိုက်ပါ တကယ်လို့များ လေထန်ကို သူ့
ဖေက ခေါ်မယ်ဆိုရင် သမီးထည့်ပေးလိုက်တော့ သူ့တာဝန် သူယူပါ
စေ"

ဆိုတာလည်းပါ၏။ ဒါပေမဲ့ ရေဆန့်ကို ချစ်သလို လေထန်ကိုလည်း
ချစ်သည်။ နှစ်ယောက်လုံးက မေမေမွေးဖွားခဲ့တာပဲမို့ ဘယ်သူ့ကိုမှ
ဘဲ ချစ်တာချင်းလည်း တူသည်။ ခုတော့ အလုပ်တစ်ခုခုလုပ်ရင်း
ရောင်းရမည့်ငွေကိုစောင့်မည်ဆိုသည့် အစီအစဉ်အတိုင်း မစောင့်
တော့ပေ။

ခဏတော့ ခြေတစ်လှမ်းဆုတ်၍ အားယူရဦးမည်သာ။ သို့သော်
ကျရင်တော့ နေကာနဲ့ တိုင်ပင်ရမည်။

★ ★ ★ ★ ★

## အခန်း (၄)

"ဟာ မပြန်ပါနဲ့ဦး နှင်ကလည်း အခက်အခဲဆိုတာ ဘယ်မှာဖြစ်ဖြစ် ရှိမှာပဲ လူ့အောက်ကျလို့ လူပိမသေပါဘူး။ ပေဖြစ်တုန်ခံဆိုတာ မကြားဘူးဘူးလား ကိုယ်ခံရမယ့်အလှည့်မှ ခံလိုက်စမ်းပါ အမြဲတမ်းကြီး အဆင်မပြေဖြစ်နေမှာမှ မဟုတ်တာ"

နေကာက ကြားတာနဲ့ ဖျက်တာပဲဖြစ်၏။

"နှင်မသိပါဘူး နေကာရယ် ငါနေရတာနှင်မှ မမြင်တာ တကယ်လို့ အလုပ်ရရင်တောင် ငါ့ရဲ့မူလအစီအစဉ်က အငယ်လေးကို ရေဆန်ထိန်းမယ် နှစ်ယောက်လုံးကိုတော့ ဒေါ်လေးတို့နဲ့ အပ်ခဲ့မယ် ငါကတော့ အလုပ်လုပ်မယ်ပေါ့ အခုဘယ်လိုလုပ်မလဲ ကလေးထားခဲ့ဖို့ နေနေသာသာ အားလုံးကို နှင်ချတော့မှာ"

ဂျီဂျီသည် ကလေးတွန်းလှည်းလေးကိုတွန်းလျက် နေကာကဘေးမှာအတူလျှောက်လာကြသည်မို့ ဘေးလူအမှတ်တမဲ့မြင်လျှင် မိသားစုလေးတစ်စုလို့ ထင်စရာပင်။

ထိုအဖြစ်ကိုတွေးမိကာ နေကာကပြုံးလိုက်၏။ ဂျီဂျီကတော့ ကိုယ်တိုင်တွေး ကိုယ်တိုင်ရေးလျက် ဘာမှဂရုစိုက်မိပုံမရ။

"ခုလည်း ကလေးပိုးနေရင် ဆူခေဆာင့်နေမှာစိုးလို့ ခေါ်လာရတာကြည့်"





"ကလေးကို အခုငါနဲ့ထားခဲ့ပြီး နှင် ပြောတဲ့ကုမ္ပဏီကိုသွား"

"ဘာလုပ်ဖို့လဲ"

"အလုပ်လုပ်ဖို့လေ အဲဒီအလုပ်ရရင် နှင်တို့အားလုံးအဆင်ပြေတယ်"

"မလုပ်ပါဘူးဆို"

နောက်က တွန်းလှည်းလက်တင်ကို ဖမ်းဆုပ်ကိုင်ကာ..

"နေဖို့ကော စားဖို့ကော အပြီးလေ ဝင်းကြီးထဲမှာ အဆောင်တွေရှိတယ် အဲဒီမှာ မိသားစုတွေလည်း နေကြတယ်တဲ့ ငါကြားတာတော့ အလုပ်က နည်းနည်းတော့ ပင်ပန်းမယ်ထင်တယ် အဲဒီမှာ သန့်ရှင်းရေးအပိုင်းတွေကော စက်ပစ္စည်းတွေ ဒီဇယ်စိမ်ပြီး ဆေးကြောရတဲ့ အပိုင်းကော လခက မနည်းဘူးတဲ့ဟ စိတ်မဝင်စားဘူးလား"

"စိတ်ဝင်စားတယ် အဲဒါဘယ်မှာလဲ ဘာအလုပ်ဖြစ်ဖြစ် လောလောဆယ် တစ်ခုရထားရင် ပြီးတာပဲ ခြံရောင်းရတဲ့ ငွေရမှ တစ်ခုခုရင်းနှီးထူထောင်လို့ရတာပဲ"

"ဒါဆို သွားလေ လိပ်စာငါပြောမယ်"

ကလေးကို သူခေါ်ထားဖို့ သဘောတူကာ နေကာက လိပ်စာပြောပြ၏။ ဂျီဂျီလိပ်စာအတိုင်း သွားခဲ့သည်။ ထိုအလုပ်ကို စိတ်ဝင်တစားကြီးဖြစ်နေခဲ့သော်လည်း အဆင်မပြေနိုင်ဖို့ သေချာသွားခဲ့သည့်အဖြစ်ဟာ..

"အမလေး"

"ဟ"

"အပေါ်ထပ်မှာ စက်ရုံမှူးနဲ့ သွားတွေ့ပါ"ဆိုသော လမ်းညွှန်မှုလေးကိုရသဖြင့် ဝမ်းသာအားရပြေးတက်ခဲ့မိစဉ် အပေါ်က ဆင်းလာသူတစ်ယောက်နှင့် လှေကားအချိုးမှာ ဝင်တိုက်မိ၏။ သူလည်း ယိုင်သွားသည်။ ဂျီဂျီလည်း လန့်ကျလုလုဖြစ်ကာ..

"ကန်တော့နော် ကျွန်မ ...ဟင်"

မျက်နှာကို မော့ကြည့်၍တောင်းပန်လိုက်မိစဉ်....

"ဩော်"

သူ့ထံမှ ခပ်သဲ့သဲ့ ခပ်ရွဲ့ရွဲ့နှင့် မေးဆတ်လိုက်တာကို မြင်လိုက်ရ၏။

"ရှင် ..."

"မင်းက ဒီကိုဘာလာလုပ်တာလဲ"

"အလုပ်လာလျှောက်တာ ရှင်က ..."

သူက ဟွန့်ခနဲ မဲ့ပစ်လိုက်၍... "ငါ့ပုံစံက အလုပ်လာလျှောက်တဲ့ ခပ်စုတ်စုတ်မွဲချာချာပုံပေါက် နေလို့လား"

ဂျီဂျီ နှုတ်ခမ်းလေးလင်းခနဲ စေ့သွားသည်။ ဒီကုမ္ပဏီကြီးက သူဌေး သို့မဟုတ် မန်နေဂျာတစ်ယောက်နှင့် သိက္ခာမဲ့ပတ်သက်သူဟု သာ ခန့်မှန်းမိလိုက်သော သူမသည် ထိုစကားအတွက် ဆက်လက်သည်း ခံဖို့ သဘောထားမကြီးခဲ့နိုင်။

"ရှင်က သူဌေးဂိုက်ဖမ်းလာတာလား သိပ်မတူသေးဘူး နည်းနည်း လောက်သွားပြင်လိုက်ဦး"

သူက မျက်ခုံးနှစ်ဖက်ပင့်၍ ရယ်မောလိုက်သည်။

"ပြင်စရာမလိုပါဘူး မင်းလောက်အဆင့်ကို ငါအမိန့်ပေးလို့ ရသေးတယ် အဲဒီတော့ မင်းပြန်လို့ရပြီ"

"ဘာ"

"မင်းကို ဒီမှာအလုပ်မပေးနိုင်ဘူးလို့ ပြောနေတာ"

"ပြောရအောင် ရှင်ကဒီမှာဘာမို့လို့လဲ"

"အဝင်တံခါးဘောင်မှာ မင်းမတွေ့ခဲ့ဘူးလား KKY စက်ရုံလို့ ရေးထားတာ"

ဂျီဂျီဘာမှမပြောဘဲ မော့ကြည့်နေမိ၏။ သူက လေ့ကားအပေါ် ထစ်မှ ခပ်စူးစူးငုံ့ကြည့်ကာ...





"ကောင်းကင်ရောင်လို့ အတိုခေါ်ထားတာလေ ကောင်းကင် ရောင်က ငါပဲ"

နောက်ထပ် ကျကျနနမဲ့လိုက်ပြီး သူ ဂျီဂျီ့ကို ကျော်ရှောင်၍ ဆင်း သွား၏။ ဂျီဂျီတုတ်တုတ်မှ မလှုပ်ဘဲ မျက်နှာရှေ့မှာရှိနေသော မှန်ချပ် ကလေးတွေကိုပဲ ငေးနေခဲ့မိသည်။ တိုက်ဆိုင်စွာ သူမမြင်နေရသည့် မျက်လုံးရှေ့တည့်တည့်က ဝင်ပေါက်ခါးကြီးဆီကိုပဲဖြစ်၏။

ထိုအခါ တံခါးဝမှ မောင်းထွက်သွားသော သူမမြင်ဘူးသည့် ဝက်ဝွန် ကားကြီးက နောက်ပြန်လက်ပြ၍ လှောင်ပြောင်သွားသည့်နှယ်။ လှေကားများကို တစ်ထစ်ချင်း နင်းဖြတ်၍ ဆင်းလာခဲ့သော ခြေလှမ်း များက ခွေကျတော့မတတ်ပါ။

မေမေညည်းနေကျ "ရက်စက်လိုက်တဲ့ ကံကြမ္မာ"လို့တော့ ညည်းချင်။ ဒါပေမဲ့ နာကြည်းနေခဲ့မိသည်။ ကံကြမ္မာမဟုတ်ဘူး ဒီလူ ကိုက ယုတ်မာတာ ယောကျာ်းဖြစ်ပြီး ကလဲ့စားချေသည့်အပြုံးကို ရက်ရက်စက်စက်ပြုံးတတ်၏။ "အဲဒီအလုပ်မလုပ်ရတော့ ဘာဖြစ်လဲ" ချင်လာတာကို အံကြိတ်၍ လှေကားထစ်လက်ကျန်လေးကို ပြေးဆင်းလိုက်မိသည်။ သိရင် အစကတည်းက မလာဘူး....

★ ★ ★ ★ ★

အခန်း (၅)

သူ နံပါတ်တွေကိုနှိပ်ပြီး ခဏစောင့်လိုက်တော့ တစ်ဖက်ကကိုင်၏။

"ကိုဝိုင်းလား"

"ဗျာ ဆရာလား ကျွန်တော်ပါ ဘာမှာစရာရှိလို့လဲ"

"မင်းဆီမှာ အလုပ်လာလျှောက်တာ ဘယ်နှစ်ယောက်လဲ"

"ဆယ့်နှစ်ယောက်ဆရာ ယောကျ်ားလေး ကိုးယောက် မိန်းကလေး သုံးယောက်"

"ပြီးပြီလား"

"နောက်နေ့ ပြန်ချိန်းလိုက်တယ်လေ သူတို့ကို မေးဖို့မှမလိုတာ စက်ကိုင်တွယ်တာ နည်းနည်းပြပြီး လက်တွေ့ခိုင်းကြည့်ရုံပဲ"

"မိန်းကလေးတွေက သန့်ရှင်းရေးပဲလား"

"စာရေးမတစ်ယောက်လိုတယ် ကျန်တာသန့်ရှင်းရေးပဲ"

"မိန်းကလေးတွေထဲမှာ ရှပ်အင်္ကျီပွပွအနီကွက်နဲ့ ဆံပင်နောက်မှာ စည်းထားတဲ့ တစ်ယောက်ပါလား"

"ဗျာ"

"အဲဒီတစ်ယောက်ပါရင် စာရေးမနေရာပေးလိုက်ပါ နည်းနည်းပါး





ါးလိုရင် ပြင်ပေးလိုက်ကွာ"

"ဆရာ မပါဘူး"

"ဟင်"

"အင်္ကျီပွပွတွေ ဝတ်ထားပေမယ့် အသက်လေးဆယ်နီးပါး သုံးဆယ်ကျော်တွေပဲ ရှပ်အင်္ကျီနဲ့တစ်ယောက်မှ မပါဘူး"

ကောင်း ဖုန်းကိုင်ရင်း မျက်မှောင်ကုတ်သွား၏။ နောက်ပြီးမှ 'အေးပြီးရော'ဟု ပြောကာ ဖုန်းပိတ်ပစ်လိုက်သည်။ စိတ်ထဲမှာလည်း ငါလွန်သွားပြီဟု တွေးဖြစ်၏။ သူမ တကယ်ပဲ ဆက်မသွားဘဲ ပြန်လှည့်သွားတာကိုသိတော့ စိတ်မကောင်း အမှန်ဆို သူဒီလိုပြောဖို့ မရည်ရွယ်ပါ။

မချေမငံပြန်လှန်ပြောလာသော သူမစကားတာကို မခံချင်ဖြစ်သွား၍သာ မင်းကလည်း ဒေါသချည်းပဲကိုး ကလေးမရယ်...။ ခေါင်းတစ်ချက်ခါ၍ ကားကို အရှိန်မြှင့်လိုက်လေသည်။

★ ★ ★ ★ ★

အခန်း (၆)

အိမ်ပေါ်တက်လိုက်တာနှင့် အမေ့ဒေါသက ဆီးကြိုနေခဲ့၏။

"တယ်ဟုတ်ပါလား ဖိုးကာ မအေက စာတွေရေး လူကြုံမှာနဲ့ ကိုယ့်သားလေးမျက်နှာမြင်ချင်လို့ တမျှော်မျှော်"

"ခုလာပြီပဲ အမေ"

"တော်စမ်းပါ"

အမေက ဈေးဆိုင်ထဲကနေထွက်၍ သူ့နောက်ကနေ အိမ်ပေါ် လိုက်တက်လာသည်။

"အမေနဲ့ မှော်ဘီကို ထွက်သွားကတည်းက မင်းသားက မင်းသမီးနဲ့ကျမှ ပြန်ပါလာတာ ရင်နာစရာပဲကွာ"

သင်ဖြူးပေါ်မှာ တင်ပလ္လင်ခွေထိုင်လိုက်ရင်း နေကာ ခေါင်းကုတ်လိုက်မိ၏။ ဒေါ်သင်းသင်းက အပြင်က ပြန်လာတိုင်း ထမင်းအရင်စားတတ်သည့် သားအကျင့်ကို သိနေသဖြင့် မီးဖိုထဲတန်းဝင်သွားသည်။ ပြင်ဆင် ခူးခပ်ပေးပြီးမှ ပြန်ထွက်လာကာ...

"အဆင်သင့်ပဲ မောင်ဖိုးကာ ကြွပါ စားပါ ပြီးရင် ပြန်မှာမို့လား ဟွန်း ဂျီဂျီ့ကိုလိုက်ပို့တယ်ဆိုတာ အမေက သတင်းကြားပြီးသားပါ"

"မဟုတ်ပါဘူး အမေရာ သူ့မှာကလေးနှစ်ယောက်နဲ့ သွားရလာရ





တာ ဒုက္ခရောက်မှာစိုးလို့ပါ ပြီးတော့ ရန်ကုန်မှာနေဖို့ထိုင်ဖို့လည်း အဆင်မပြေဘူးဆိုတော့ သူပြန်ချင်တယ်ဆိုလို့"

"ဘယ်ပြေမလဲ သူ့မှာအထုပ်အပိုးတွေနဲ့ညစ္စာ ရန်ကုန်မှာ ကျောတစ်နေရာရဖို့တောင် လွယ်သလား ကလေးတို့လို့တွဲလောင်းနဲ့ ဟွန်း ဒီခေတ်ထဲမှာ ဆွေမျိုးလည်း အားကိုးလို့မရဘူး အပေါင်းအသင်းလည်း အားမကိုးနဲ့ အားလုံးကိုယ့်ဝမ်းကိုယ်တောင်အနိုင်နိုင်ရယ်"

"ဂျီဂျီက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်တဲ့သူပါအမေ အဲဒါကြောင့်လည်း မနိုင်မနင်းနဲ့ ကြိုးစားနေတာပေါ့"

"အံမယ် သူက ရှေ့နေလုပ်နေပြန်ပြီ မပြောဘဲနေတာ အကောင်းမမှတ်နဲ့နော် ဒီလိုအပျိုဆိုတဲ့ ကလေးအမေနဲ့ မင်းခင်တာမင်တာ ငါမကြိုက်ဘူး ခုတော့ သူငယ်ချင်းမို့လို့ပဲ နောက်ကျတော့ ဘာတွေ ညာတွေ ရှုပ်လာကော"

"အမေကလည်း အမေရာ"

နားအေးမလားလို့ ထမင်းစားခန်းလေးထဲ ထဝင်လာတော့လည်း အမေက လိုက်ဝင်လာသဖြင့် စိတ်ညစ်သွား၏။

"မင်းကို သူဝါသနာပါတာလေး လုပ်ပါစေဆိုပြီး လွှတ်ပေးထားတာ ပြီးတော့ ငါ့အတွက်လည်း မင်းရဲ့လုပ်စာမလိုသေးလို့ နောက်တစ်ခုက ဂျီဂျီနဲ့ဝေးသွားစေချင်တာပဲ ဘယ့်နှယ် ရန်ကုန်ထိပဲ လိုက်သွားရသေးတယ် မပြောလိုက်ချင်ဘူး"

"ကျွန်တော့်ဆီ လိုက်တာမဟုတ်ဘူး အမေရ သူ့အလုပ်ရှာရင်းတွေ့ကြတာ"

"မင်းက လိပ်စာမပေးခဲ့ဘူးလား လိပ်စာအရ သူက ရောက်မလာခဲ့ဘူးလား ကဲ ပြော"

ပြဿနာပဲ နေကာရှုံ့မဲ့၍ ထမင်းပွဲထိုင်သည်။ ဒေါ်သင်းသင်းက

လက်ကောက်သံတွေ တချွင်ချွင်မြည်သွားအောင် အင်္ကျီလက်ဆေ
နှစ်ဖက်စလုံး ဆွဲတင်လိုက်သည်။ ပြီးတော့ နေကာရှေ့မှာ ထိုင်ချလိုက်
ပြီး....

"မင်း အဲဒီဟာလေးကိုမရိုးသားဘူးဆိုတာ ငါသိတယ် ဖိုးကာ
လုံးဝ သဘောမတူဘူးနော် ပြောပြီးသား အဖေက အရက်သမား
ဖဲသမား မအေက နာမည်ပျက်တွေနဲ့ ငါ ခုမှပြောတဲ့စကားမဟုတ်ဘူး
အစကတည်းက သူတို့ဟာသူတို့ မိုးထိမြင့်တဲ့ တိုက်ကြီးနဲ့ပဲနေနေ
မင်းကို မတွဲဖို့ ငါတားခဲ့တာ"

ဒါလည်း ဟုတ်ပါသည်။ ကျောင်းမှာ ငယ်သူငယ်ချင်းပေမယ့်
အိမ်ချင်းကတော့ မနီးပါ။ သူ့အိမ်လိုက် ကိုယ့်အိမ်လိုက်နှင့် လူကြီးချင်း
မခင်ဘဲ ကလေးတွေကိုတော့ မိဘတွေက ရင်းနှီးနေခဲ့ကြ၏။ ဂျိုဂျို
အိမ်ပါလာတိုင်း ဟိုတုန်းကတည်းက အမေက မကြိုက်ခဲ့ပေ။

"အဲဒီကောင်မလေးအကြောင်း ငါအကုန်ကြားတယ်နော် ဖိုးကာ
မရောနဲ့"

ဟု ခဏခဏ တားခဲ့ဖူးသည်။ ဒါပေမဲ့ ခုလောက်ပြင်းပြင်းထန်ထန်
မတားခဲ့သေးပါ။

"ခုလည်း သူ့အိမ်ကိုပြန်လာတာလား ဘာလဲ"

"ဟုတ်တယ် ရောင်းပြီးမှ ပြန်သွားတော့မှာတဲ့"

ထမင်းနဲ့ဟင်းကိုနယ်၍ မော့မကြည့်ဘဲ နေကာက ပြန်ဖြေ၏။
ဒေါ်သင်းသင်းက မဲ့သည်။

"တိုက်ကဖြင့် ငွေတောင်ချေတော့မှာ"

"ဗျာ"

"ရောင်းပြီးပြီလို့ကြားတာပဲ သူလည်း တစ်ပြားမှရမှာ မဟုတ်ပါ
ဘူး ဦးသိန်းမင်းတို့က အစကတည်းက ပြောပြီးသား သူတို့ကရောင်း





တာဆိုရင် သူတို့ပစ္စည်းပဲတဲ့ အခုသူတို့ပဲ လက်ညှိုးထိုးရောင်းတာလေ။
ဂျိုဂျိုတို့ဘက်က လိုက်မယ့်သူဘယ်သူရှိလို့လဲ"

နေကာ ထမင်းပင်မျိုချလို့မရတော့ဘဲ လည်နှင်သွား၏။ ကံဆိုးမ
သွားရာ မိုးလိုက်လို့ရွာတဲ့။ ဂျိုဂျိုတို့ကိုတော့ မိုးကြိုးပါ ပစ်ဦးမလား
သေး။ ဂျိုဂျိုဘယ်လိုလုပ်မလဲ။

အမေအကဲခတ်နေသဖြင့် သူမှာထမင်းလုတ်တွေ တံ့နေးသွားမှာ
စိုးကာ လှူးဖယ်သွင်းသိပ်၍ မဝါးဘဲ မျိုချလိုက်မိ၏။ ပါးစပ်ထဲမှာ မဆံ့
မပြဲ ဖြစ်ကုန်တာလည်း မထိန်းနိုင်တော့ဘဲ ဂျိုဂျိုအတွက်လည်နှင်နေ
တာ အမေမသိရအောင် ဖုံးဖိနေသော်လည်း မနိုင်မနင်းနှင့်....

★ ★ ★ ★ ★

### အခန်း (၇)

ဒီနေရာကနေ လှမ်းကြည့်လျှင် တိုင်ကပ်နာရီကြီးကို လှမ်းမြင်ရသည်။ နှစ်ထပ်တိုက်ကြီးဟာ ဂျိဂျီတို့မိသားစု စီးပွားရေးခွန်အား ကောင်းမွန်လှပနေစဉ်ကတည်းက အချိန်မှန်မြည်သံပေးနေခဲ့တာ ဘယ်သူ့ဖျက်ဖျက် သူမပျက်ခဲ့ပါ။

နောက်ထပ်ပိုင်ဆိုင်လာဦးမည့် ပိုင်ရှင်အသစ်ကိုလည်း သူတာဝန်ကျေဖို့ အသင့်ရှိနေမှာပဲဖြစ်သည်။ ပစ္စည်းတွေရွှေ့ကြ ရောင်းသင့်တာကို ရောင်းနှင့်လုပ်ကြတော့ ဒီနာရီကို စိတ်တောင်မကူးခဲ့မိပါ။ ခုထိ တစ်ပါးသူလက်ထဲ ဒီတိုက်ကြီးကို ထိုးသိပ်ပေးဖို့ထိလည်း စိတ်မကူးခဲ့၍ ဖြစ်သည်။

သူမအနေနှင့်ဆို ရောင်းမည်ဆိုရင်တောင် ခြံတစ်ဝက်လောက်ကိုသာ ရောင်းဖြစ်မှာပါ။ ခုတော့”

“သမီးပြန်လာတာအတော်ပဲကွယ် ဦးသိန်းမင်းတို့ကတော့ ခြံကိုကော တိုက်ကိုကော လက်ညှိုးထိုးရောင်းလိုက်ကြပြီ သူတို့မှာက စာချုပ်စာတမ်းတွေနဲ့ ဂရန်အားလုံးရှိနေတာကိုး ဒါပေမဲ့ ဟိုဘက်က ရှေ့နေက အရောင်းအဝယ်ကို ခတ္တဆိုင်းငံ့ထားတယ် သူတို့လက်ထဲမှာ ဂရန်ရှိပေမယ့် ဂရန်ပိုင်ရှင် (သို့မဟုတ်) ပိုင်ရှင်မိသားစုဝင်ထဲက တစ်ဦး





ဦး ဒါမှမဟုတ် အားလုံးရဲ့ သဘောတူရောင်းချခြင်းလက်မှတ်လိုတယ် တဲ့ အထူးသဖြင့် ဂရန်ပိုင်ရှင် ဒေါ်ပန်းနွယ်ဆိုတာရယ် သူ့မိသားစု တစ်ဦး ဦးမှ မပါတာကို လက်မခံနိုင်ဘူးပေါ့ကွယ် ခုနေသာ သမီးက ကန့်ကွက် ယ်ဆိုရင် ရတယ် ဒါပေမဲ့ ဥပဒေကလည်း ဥပဒေကြောင်းအတိုင်း လိုအပ်တာတွေ အများကြီးရှိတယ်သမီးရဲ့ အဲဒီလိုအပ်ချက်တွေကို သမီးဘက်က မလိုက်နိုင်ဘူးဆိုတော့လည်း...”

အန်တီမျိုးက ဆက်မပြောရက်တော့သလို စကားကို ဒီမှာပဲ ဖြတ်ခဲ့သည်။ သက်တမ်းအားဖြင့် ရင့်ရော်လှပြီဖြစ်သော ပိန္နဲပင်အိုကြီး အောက်မှာ ငုတ်တုတ်လေးထိုင်၍ ကွယ်ကွယ်လေးမြင်နေရသည့် နာရီ ကြီးကို ငေးနေသည့် မျက်ဝန်းတို့က စွတ်လာခဲ့၏။ မျက်ရည်ပူတို့က ပေါက်ခနဲ နွေးခနဲ လျှောဆင်းလာကြသည်။

“မေမေရယ် ဒီတိုက်နဲ့ ခြံကြီးကို လက်လွှတ်ရမှာစိုးလွန်းလို့ ဘဝ ပျက်ခဲ့ရတယ် သေခါနီးအချိန်ထိ တဖွဖွမှာခဲ့သေးတယ် မာနတွေကြီး ပြီး သူများလက်ထဲထည့်မပေးလိုက်နဲ့တဲ့ ညည်းတို့မောင်နှမအရိပ်မဲ့ သွားလိမ့်မယ်တဲ့။ ဂျိဂျီမာနမကြီးခဲ့ပါဘူးမေမေ မေမေ့စကားကို နား ထောင်ပြီး မေမေမှာတဲ့အတိုင်းပဲ နေခဲ့တာပါ ဒါပေမဲ့ ဦးသိန်းမင်း မေမေ့ကို ပေးခဲ့တဲ့ဂရန်က အတုကြီးတဲ့ မေမေရယ် ခုတော့ သူတို့ပဲ သိမ်း ယူကြတော့မှာ”

“အဟင့်”

ဂျိဂျီတစ်ယောက်တည်း လွတ်လပ်စွာ ငိုချလိုက်မိသည်။ ခြံကြီး ဟာ တိုက်နဲ့ခြံမျှလောက်ကို ကျယ်ဝန်းပါသည်။ ဘေးနှစ်ဖက်သာ တော့ဘဲ နောက်တစ်ကွင်းလုံးမှာ ကုန်းနိမ့်ကုန်းလျှောများနှင့် ကျယ်ပြော ခြင်းမို့ တိုက်ပေါ်ကနေ ဘယ်ကိုကြည့်ကြည့် အပေါ်စီးမှ ရှင်းလင်းစွာ မြင်ရသည်။

ရင်ကိုအေးမြစေသော တိုက်ကြီး၏ အနာဂတ်ဟာ ဘာမှန်းသေ
ပေမယ့် အတိတ်ကတော့ မကောင်းခဲ့ပါချေ။

"သက်သက်ညစ်ပတ်ကြတာ ညစ်ပတ်ပြီးယူကြတာ မေမေ့ေ
ညံ့တာကို ခုတုံးလုပ်ပြီး လူကိုလည်းဖျက်ဆီးတယ် တိုက်နဲ့ခြံကိုလည်
သိမ်းတယ် မကျေနပ်ဘူး လုံးဝမကျေနပ်ဘူး အဟင့်"

တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ကြီးပြောရင်း ဂျီဂျီ ဟီး
ငိုချလိုက်မိ၏။

"လူယုတ်မာတွေ ဦးသိန်းမင်းဆိုတဲ့လူကြီးကို လုံးဝမကျေန
ဘူး မကျေနပ်ဘူး"

"မကျေနပ်ရင် သွားရှင်းလိုက်ပေါ့ကွ ကွယ်ရာမှာ လက်သီးဆုပ်
ထိုးနေတာ ဘယ်သူသိမှာလဲ"

"ဟင်"

ကိုယ့်ဘေးနားမှာ တစ်စုံတစ်ယောက်ရှိနေလိမ့်မည်ဟု နည်း
နည်းမှ မထင်ခဲ့မိသဖြင့် ရုတ်တရက် ဂျီဂျီမတ်ခနဲ ဖြစ်သွားမိသည်
လှည့်ကြည့်လိုက်တော့ ပို၍ အံ့သြဖွယ်ကောင်းသည့် အဖြစ်မို့ အလို
မတ်တပ်ရပ်လိုက်ပြီးသား ဖြစ်၏။ ဒီလူ ဒီနေရာကို....

အတွေးက မဆုံးလိုက်ဘဲ အဖြေကို တွက်လိုက်မိ၏။

"စာချုပ်မယ့် သူဌေးတွေက ရောက်နေကြပြီ သူတို့ဘက်က 
အပ်မယ့် ရှေ့နေတွေရောပဲ သမီးကို သူတို့စောင့်နေကြတာ ဒေါ်ကေ
ကျော့်ဆိုတာကတော့ ဖြစ်ပါတယ် ပိုင်ပါတယ်နဲ့ ဖွတ်ပါပဲ သမီးဘက်
ဘာမှပြဿနာမရှာနိုင်တာ အပိုင်သိနေတာကိုး ဒါပေမဲ့ ရှေ့နေတွေ
လက်မခံလို့"

ဟွန့် သူဌေးဆိုတာ ဒီပုဂ္ဂိုလ်ပဲပေါ့။ ဂျီဂျီမျက်နှာလေး တင်းမာသွ
သည်။ မကြာသော ကာလတစ်ခုဆီမှ စက်ရုံသူဌေးအဖြစ် သူမရှေ့





ရင် ကော့ထွက်သွားခဲ့သော မျက်နှာကိုတောင် မေ့လို့မရသေးပါ။ ခုထပ်
ပြီး သူမနှလုံးသားကို ခွဲထွက်ပိုင်စိုးမည့် သူဌေးအဖြစ်သိလိုက်ရပြန်ပြီ။

ဒီတိုက် ဒီခြံကြီးဟာ ဂျီဂျီဘဝ ဂျီဂျီနှလုံးသားပါ။ အမုန်းတွေကော
ခံပြင်းနာကျင်မှုများနှင့် ဂျီဂျီနှုတ်ခမ်းလေးတွေက တုန်ခါနေလျက်မှ
အတင်းဖိပိတ်ထား၏။

နှာသီးဖျားလေးတွေ ရဲတွတ်ကာ မျက်ဝန်းလေးတွေအထိ ရဲတက်
လာသည်။ ဒေါသဖြစ်နေသော ဖြူတစ်ကောင်လို မျက်တောင်ဖျားတို့
ပါ တစ်ချောင်းချင်း ကော့ပြန်မှောင်လက်နေကြ၏။ မျက်ရည်စိုနေသည့်
ပါးပြင်ကို လက်တစ်ဖက်တည်းနှင့် ပွတ်ဆွဲ သုတ်ပစ်ကာ ပေစောင်း
စောင်းပြန်ကြည့်မိသည်။ ထိုသူက ဂျီဂျီ တအံ့ တသြမော့ကြည့်လိုက်
သည့်မှစ၍ ဆတ်ခနဲထရပ်ပုံ ဒေါသတွေ မာနတွေ နှင့် ချက်ချင်းကြီး ထသတ်
တော့မလို ပြောင်းလဲသွားတာအထိ စူးစူး စိုက်စိုက်ကြည့်နေခဲ့ပြီး....

"မင်းက နတ်ပန်းချီဆိုတာလား ဒီခြံပိုင်ရှင်ဟောင်းရဲ့သမီးကြီး
ဆိုတာ"

"ဘာအဟောင်းလဲ ဘာမှမဟောင်းဘူး ဒါ ကျွန်မတို့ပိုင်တဲ့ခြံ"

ပက်ခနဲပြန်အော်တော့ သူက မျက်မှောင်ကုတ်၍ ငေးကြည့်နေသည်။

"သူတို့မတရားသိမ်းပိုက်ပြီး မတရားသဖြင့် ရောင်းနေတာ"

"ခြံနဲ့တိုက်ရဲ့ တန်ဖိုးက နည်းတာမှမဟုတ်တာ ဒါကလေးကစား
ရာမဟုတ်ဘူး မတရားလုပ်ယူလို့ရတဲ့ ကိစ္စမျိုးလည်းမဟုတ်ပါဘူး
မင်းရဲ့ မိဘတွေနဲ့ ဦးသိန်းတို့မှာ အကြောင်းတစ်ခုခုရှိခဲ့မယ်ထင်တယ်
မင်းကတော့"

"ဩော် ဦးသိန်းတဲ့လား ရှင်တို့က တော်တော်ရင်းနှီးကြပုံရတယ်
ဒါကြောင့်လည်း လက်ကြိတ်ထိုးပြီး ရောင်းကြဝယ်ကတာ ဖြစ်မှာပေါ့"

"ဟိတ် မင်းစကားပြောတာ စည်းလွတ်ဝါးလွတ်မပြောနဲ့ အိမ်

မြေမြေရောင်းဝယ်တယ်ဆိုတာ တရားတပေါင်နဲ့ လွတ်ကင်းလို့ မရဘူး"

"ဒါတော့ ရှင်တို့က ပိုသိမှာပေါ့ တရားတာ မတရားတာလည်း ရှင်တို့လက်ထဲမှာပဲ"

"မင်းက မကျေနပ်ဘူးပေါ့"

"ဘယ်တုန်းကမှ မကျေနပ်ခဲ့ဘူး"

"ဒါဆို မင်းကန့်ကွက်လို့ရတယ် ကိုယ်တို့က နောက်ပြန်ဆုတ်သွားရုံပဲ"

ထိုအခါ ဂျီဂျီ နှုတ်ခမ်းလေးကိုက်လျက် ငိုင်ကျသွားလေသည်။ သူမမှာ ကန့်ကွက်ပစ်ဖို့ အင်အားရှိသလား။ ကန့်ကွက်လို့ ဒီအရောင်းအဝယ်ပျက်သွားတော့ရော ဦးသိန်းမင်းတို့လက်ထဲ ရောက်သွားပြီးတဲ့ ဂရန်အားလုံး သူမလက်ထဲ ရောက်လာမှာလား။

"တရားနဲ့သာ ဖြေလိုက်ပါ ကလေးရယ် ကိုယ့်မှာခွန်အားမှမရှိတာ သမီးကသာ ရှောရှောရှူရှူ လက်မှတ်ထိုးပေးတယ်ဆိုရင် သူတို့က သမီးအတွက် ပြန်ပေးကြမှာပါ"

အန်တီမို့က နားချခဲ့သေးသည်။ တကယ်တော့ ကလေးတွေ စနောက်ပြောကြသလို တရားနဲ့ဖြေရမှာမဟုတ်ပါ။ 'တစ်ရာနဲ့သာ ဖြေပါကွယ်'ဆိုတာမျိုး သူများမုန့်ဖိုးပေးမှာလေးနဲ့ ဂျီဂျီဖြေရတော့မှာပဲ ဖြစ်သည်။

"ဟိတ်ပြောလေ မင်းဘာလုပ်မှာလဲ"

သူထပ်မေးလာတော့ ဂျီဂျီနာနာကြည်းကြည်း မော့ကြည့်သည်။ ပြီးတော့ မဲ့ပစ်လိုက်ပြီး တိုက်ကြီးဆီဆွေးမြေ့စွာ ပြန်ကြည့်၏။

"ကျွန်မက ကျွဲတစ်အုပ်ဖြတ်သွားတဲ့ဘေးက မြေဇာမြက်တစ်ပင်ပါ"

ဂျီဂျီ ဖျတ်ခနဲ လှည့်ပြေးလာခဲ့သည်။ သူရပ်လျက် ကျန်ခဲ့၏။ ခြံကြီးရဲ့ အလှအပတွေကို သဘောကျခဲ့မိသဖြင့် သူအပေါ်ထပ်ကနေ





မှန်ပြောင်းနဲ့ လိုက်ကြည့်နေခဲ့သည်။

သစ်ပင်အုပ်အုပ်ကြီးနှင့် မိန်းကလေးတစ်ယောက်၏မြင်ကွင်းက အလွန်လှသော တောင်ကုန်းပြေပြေလေးထိပ်မှာပို၍ လွမ်းမောဖွယ် ဖြစ်နေရာ သေချာကြည့်တော့ သူမစကားတွေပြောနေသည်။

ဆွေးမြေ့နေပြီဖြစ်သည့် သစ်သားခုံပြားလေးအစွန်းမှာ ကပ်ကပ်သပ်သပ်လေးထိုင်ကာ တိုက်ကြီးကို ငေးမောနေသည်။ သူစိတ်ဝင်စားမိသဖြင့် ခြေရင်းဘက်သူမကျောဘက်နောက်ကနေ ပတ်ဆင်းလာခဲ့မိ၏။ အနားရောက်တော့ ဒီကောင်မလေးဖြစ်နေလိမ့်မည်ဟု ထင်မထားခဲ့သောကြောင့် အံ့သြစိတ်နှင့် တော်တော်နဲ့ စကားမပြောနိုင်။

သူမ၏ ရှိုက်ငိုရင်းပြောနေခဲ့သော စကားတွေကို ကြားလိုက်ရတော့ စိတ်မကောင်းဖြစ်ရပြန်သည်။ ဒီမိန်းကလေးကို မြင်လိုက်ရတိုင်း ဗရုတ်သုတ်ခ ရှုပ်ပွလျက်သာ....

"ရှုပ်မယ့်သူမရှိပါဘူးကွယ် ပိုင်ရှင်ဟောင်းတွေက ဆုံးကုန်ကြပြီ သူတို့ရဲ့သမီးအကြီးကတော့ ရန်ကုန်တက်သွားတယ် သူလည်းဘာမပြောခွင့်ရှိတော့တာ မဟုတ်ဘူး သူ့ကလေးတွေနဲ့ သူလုံးထွေးနေတာ ဒါပေမဲ့ လူကြီးမင်းတို့ စိတ်ချလက်ချအလုပ်လုပ်နိုင်အောင် ကျွန်မမှာပေးပါမယ်"

ဒေါ်ကေသီကျော်က ပြောခဲ့ဖူးသည်။ ဒီမိန်းကလေးက ဘာလဲ အိမ်ထောင်ပျက်နေတဲ့ ကလေးမလေးလား။ ဒါမှမဟုတ်....

"ကောင်း"

နောက်ကခေါ်သံကြောင့် အတွေးတို့က ပြတ်တောက်သွားသည်။ လှည့်ကြည့်စရာမလိုဘဲ သူပြန်မေးလိုက်၏။

"ဦးစိုးမိုး ဒီခြံပိုင်ရှင်ဟောင်းတွေကိုသိလား"

"မသိဘူးလေ"

ဦးစိုးမိုးက သူ့ရှေ့ရောက်အောင် လျှောက်လာပြီး ရပ်လိုက်၏။
"ဘာဖြစ်လို့လဲ"
"ပိုင်ရှင်တွေက ဒီခြံကို မတရားသိမ်းပိုက်ခံရတာထင်တယ်"
"အဲဒါ သူတို့ကိစ္စပဲကွာ အပေါင်ဆုံးတာတို့ အကြွေးနဲ့သိမ်းတာ တို့ ဒါတွေပဲဖြစ်မှာပေါ့ ဒီကိစ္စမျိုးတွေမှာ လုပ်ပိုင်ခွင့်ရှိတဲ့ အိမ်ထောင်ဦးစီးတွေက လုပ်ကြမယ် ငယ်သူတွေက မကျေနပ်ဘူး ဒါတွေ အပြင် ဘာရှိမှာလဲ အဓိကက ဂရုန်ကိုင်ထားနိုင်တဲ့သူက ဒါကိုရှင်းရမယ် ငါတို့က ဝယ်မယ် ဘာတွေခက်ခဲနေလို့လဲ"
ကောင်းက မျက်မှောင်ကုတ်၍ စဉ်းစားနေသည်။
"ကောင်းရာ မင်းက မဆိုင်တာတွေကို ခေါင်းထဲထည့်နေတယ် မင်း ထည့်ရမှာက မင်းနဲ့ မာယာငုံ လက်ထပ်ဖို့ကိစ္စ"
"ဘာဖြစ်လို့လဲ"
ဦးစိုးမိုးက သက်ပြင်းမောကြီးချပြီး ခေါင်းခါ၏။
"မာယာငုံဟာ နာမည်နဲ့လိုက်အောင် မာယာများတာနော် မင်း စဉ်းစား ပြီးတော့ မင်းကတော့ ငယ်သူငယ်ချင်းမို့ အကူအညီတောင်းတာပဲ ဒါပေမဲ့ သူကမင်းကို ဟိုတုန်းကတည်းက မရိုးသားခဲ့တာ အားလုံးသိတယ်"
"ဒါတော့ လူတွေက ဝိုင်းစနေကြတာပါ"
"အေးလေ သူကသာယာနေတာပဲမို့လား ပြီးတော့ သူ့မိဘ ကိုယ်တိုင်က မင်းနဲ့ဆို လိုက်လျောချင်တဲ့သဘောမှာရှိတယ် မင်းရဲ့ အဘွားကိုလည်း လန့်နေကြလို့"
"မာယာငုံဆိုတာလေးကို ငါကြည့်လို့မရဘူးနော် ကောင်း ဒါပဲ"
တင်းတင်းကျပ်ကျပ်တားဘားတာလည်း ရှိသည်။
"ဒါပေမဲ့ မင်းကြိုက်တာကိုရှာချင်တာ မရှာနိုင်ဘူးဆိုရင်တော့





စားတာကိုယူ"
ဆိုသည့် နောက်ဆုံး ရာဇသံကြောင့် သူ့မှာမဖြစ်မနေ လက်ထပ်ဖြစ်လာခဲ့၏။ ဘွားလည်း အသက်ရှစ်ဆယ်ပြည့်တော့မည်။ မြေးကို တွေ လွှဲပေးချင်ပြီဟု ပြောနေခဲ့တာက ကြာပြီ။ မဖြစ်မနေ ခွတ် သည့်အကြောင်းက ဘွားမကျန်းမာ၍ပါ။
"လူကြီးရောဂါဆိုတာ ပြန်ကောင်းလာချင်လာမယ် သေမယ် ည်း သေသွားနိုင်တာပဲ ဘာဖြစ်ဖြစ် မြေးကိုတော့ အိမ်ထောင် သားစုနဲ့ စိတ်ချလက်ချထားခဲ့ချင်တယ်ကွယ် ဒီအရွယ်ရောက်မှ ကိုယ်တိုင်ရှာဖွေတာဆိုလည်း မှားနိုင်မယ်မထင်ပါဘူး ငါက တော့ကော မကြိုက်ပါဘူးဆိုပြီး ငြင်းလာရင် ဒီဘက်မှာ မျက်ပျက်ရ ဒေါသထွက်ရဖြစ်မယ် အဲဒီတော့ မြေးစိတ်ကြိုက်ရှာ အမြန် လက်ထပ် မဟုတ်ရင်တော့ ငါပဲစီစဉ်ပေးရမှာပဲ အိမ်ထောင်ကတော့ ကိုပြုရမှာ"
ဦးစိုးမိုးရယ် ဦးကြာပန်းရယ် အတိုင်ပင်ခံတွေဖြစ်ပေမယ့် ဦးစိုးမိုး ကောင်းနဲ့ သူငယ်ချင်းလို ပေါင်းတဲ့သူ။ ဦးကြာပန်းကတော့ ဘွား လူပါ။ ဟိုမှာတိုင်ပင်သမျှကို ဦးစိုးမိုးက ကောင်းနားထဲအရောက်ပို့ သည်။ မိန်းမယူရမှာကြောက်သည့် ကောင်းက ဘွားအမွေလွှဲဖို့ကိစ္စပြီး င် ပြီးတာပဲဟု သဘောပိုက်ကာ မာယာငုံကို အကူအညီတောင်းသည်။
"တို့နဲ့ ဟန်ဆောင်လက်ထပ်ပေးဖို့ပါ ခြောက်လပဲ ပြီးရင် ကွာရှင်းမယ်" စသဖြင့် အပေးအယူကိစ္စတွေကိုပါ ပြောဆိုဆွေးနွေးကြသည်။
"မင်း စဉ်းစားကြည့်လေ"
သူ့အတွေးများကို ဦးစိုးမိုးက ဖြတ်တောက်ပစ်လိုက်ပြီးစကားပြန်စ၏။
"မာယာငုံတို့က အထည်ကြီးပျက်ကွ သူ့အမေက ပွဲစားပီပီသိပ် သည်တာ မာယာငုံဆိုတာလည်း လျှော့မတွက်နဲ့ ငါကတော့ မင်း ဒီခြံ

ကို ဝယ်လိုက်တာက တစ်ကဏ္ဍပဲ လက်ထပ်ဖို့ကို သိပ်မလောနဲ့ဦး ဟန်ဆောင်လက်ထပ်ကြမယ်ဆိုပေမယ့် စာချုပ်စာတမ်းမှာတော့ တကယ် လက်ထပ်တာပဲ ပြီးတော့ အိပ်ခန်းထဲမှာ နှစ်ယောက်တည်း လက်မှတ် ထိုးလို့ရတာလည်း မဟုတ်ဘူး အနည်းဆုံး ဧည့်ခံပွဲသေးသေးကွေး ကွေးတော့ ဖြစ်သွားမှာပဲ မင်းတို့ချင်း ဘာညာသာရကာ လက်မှတ် ကြိတ်ထိုးထားကြတာ ဘယ်သူသိမှာလဲ”

“သူ့ဘက်က မိန်းကလေးပဲ ဦးစိုးမိုးရာ ဒီလိုဖြစ်လာမယ် မထင် ပါဘူး ကျွန်တော်ပုံပေးထားတာပဲ နည်းသလား”

“ဟား..ဟား...ဟား”

ဦးစိုးမိုးက မရယ်ချင်ဘဲ ခြောက်ကပ်ကပ်ရယ်ကာ တိုက်နဲ့ခြံကြီး ကို အကြည့်တစ်ချက်နှင့် သိမ်းကျုံးဝေ့ကြည့်၍...

“မင်းသူ့ကိုပေးတဲ့ အစအနလေးကို မက်နေမှာပဲလို့ မင်းက ထင် သလား စာချုပ်စာတမ်းကြီးနဲ့ မင်းကိုပိုင်ထားပြီးမှ နောက်ပြန်ဆုတ်ပြီး အစအနလေးကို ကောက်စားမယ်လို့ ယုံနေတယ်ပေါ့”

“အားလုံးစီစဉ်ပြီးပြီ သူလည်းအဆင်သင့်ဖြစ်နေရောပေါ့ ရင်ဆိုင် ကြဖို့ပဲရှိတော့တယ် ကျွန်တော် မစဉ်းစားချင်တော့ဘူး”

“အဲဒီလိုတွက်လိုက်တာက လောလောဆယ်ပဲအေးမှာ ရေရှည် စိတ်ဆင်းရဲသွားနိုင်တယ်လေ ငါတော့ မင်းရဲ့ဘွားပေးစားတာကို လက်ထပ်လိုက်စေချင်တယ် ချစ်တာမချစ်တာက နောက်တော့ ရင်းနှီး မှုနဲ့ ချည်နှောင်လို့ရတာပဲကွာ”

“ရင်းကို မရင်းနှီးချင်တာ”

“ခက်ပြီ တကယ်ကိုခက်တာ ငါကလည်းမာယာဟုံကို ယုံကို မယုံတာ”

ဦးစိုးမိုးက ခေါင်းခါယမ်းနေလျက်....

★ ★ ★ ★ ★





အခန်း (၈)

စာချုပ်မှာ အသိသက်သေအဖြစ်ပဲ လက်မှတ်ထိုးဖို့ သူမရောက် လာသည်။ အားလုံး၏ အကြည့်တွေက သူမမျက်နှာပေါ်မှာပဲ ရှိနေကြ၏။

အရင်ပိုင်ရှင်အဟောင်းအဖြစ်ကော ဒေါ်ကေသီကျော်နှင့် အဆင် မပြေဖြစ်ထားပုံပေါ်သည့် မျက်နှာပေါ်က တင်းမာမှုကြောင့်ရော အခြေ အနေ အရပ်ရပ်ကြောင့် သူမကို အားလုံးက စိတ်ဝင်စားနေကြခြင်း ဖြစ်သည်။

ဖိနပ်တွေ တန်းစီချွတ်ထားသည့်နေရာမှာ သူမခဏရပ်ကာ ဖိနပ် မချွတ်ဘဲ မျက်နှာကိုမော့၍ ဒီအတိုင်းတက်လာ၏။ စီးထားသည့် ဖိနပ် က ကတ္တီပါဖိနပ်ပါးကလေးပဲဖြစ်ကာ ထမီကို ခြေသလုံးထိတိုတိုလေး ဝတ်ထားသည်။

တီရှပ်လက်ပြတ်ခါးကြပ်လေးနှင့်ပေမယ့် သူများတွေလို ဂိုက်ပူပူ ခပ်မို့မို့ ဘာမှရှိမနေဘဲ မို့မောက်ဖွံ့ထွားခြင်းတွေက သူ့နေရာနှင့်သူ ကျကျနန ရှိနေသဖြင့် သူမဖရိုဖရဲပုံစံလေးပေမယ့် အကြည့်ရမဆိုး။

ဆံပင်နီကျင်ကျင်က မြင်ဖူးနေကျအတိုင်း နောက်မှာဖြစ်သလိုပဲ စုစည်းထား၍ နဖူးကအပြောင်သား။ ဘယ်လူကြီးကိုမှ မကြည့် သူမ စူးခနဲဝေ့ကြည့်သည်က ဦးသိန်းမင်းတို့လင်မယားကိုပဲ ဖြစ်ကာ...

"ကျွန်မက ဘယ်နေရာမှာ လက်မှတ်ထိုးရမှာလဲ"

မေးဆတ်၍ မာကျောကျောမေးသည်။ နှစ်ဖက်လူကြီးများနှင့် သက်သေတွေရှေ့မှာ ခြေစုံရပ်လျက် တမင်တကာ ခပ်ရိုင်းရိုင်းကြည့်၏။

ဒေါ်ကေသီကျော့ မျက်နှာလည်း ပျော့ပျောင်းမှုမရှိပါ။ သူမကို ခပ်စောင်းစောင်းခပ်စွေစွေနှင့် အထင်မြင်သေးစွာကြည့်ကာ...

"ပြောလိုက်လေ ကိုသိန်း"

ဟု ယောကျ်ားကို ခိုင်းသလိုပြောပြီး မျက်နှာလွှဲသွား၏။ ဦးသိန်းမင်း မျက်နှာမကောင်းပါ။ သူ့မျက်နှာမှာ တောင်းပန်ခယခြင်းများနှင့် ဂျီဂျီကို မော့ကြည့်ပြုံးပြကာ သက်သေနေရာမှာ လက်ထောက်ပြ၏။

"ဒီနေရာမှာ သမီး"

"သမီးလို့ မခေါ်ပါနဲ့ ကျွန်မမှာ နာမည်ရှိတယ်"

သူမအပြောကြောင့် ဒေါ်ကေသီကျော် ဆတ်ခနဲ လှည့်လာသည်။

"ရှင်ကလည်း တန်ရာတန်ရာခေါ်လေ သူဘယ်ခံနိုင်မလဲ ဩော် လူကြီးမင်းများရှင့် သူကအရင်ပိုင်ရှင်ဟောင်းထဲက သမီးအကြီးဆိုတာ ပါပဲ နာမည်က နတ်ပန်းချီတဲ့"

"ဩော်"

အားလုံး ဩချသွားသည်။ သူမ စဝင်လာကတည်းက စူစိုက်ကြည့်နေခဲ့သည့် ကောင်းကတော့ ဩမချဖြစ်ခဲ့ပေ။ သူမရယ် ဒေါ်ကေသီကျော်ရယ် ဦးသိန်းမင်းရယ်၊ ဒီသုံးယောက်မှာ ရှိနေခဲ့သော အကြောင်းများကို သူ စိတ်မဝင်စားပါ။ ဒါပေမဲ့ နတ်ပန်းချီဆိုသည့် သူမဘက်မှာ နစ်နာမှုတစ်ခုခုရှိနေပြီ ဆိုတာတော့ သူတွက်မိပြီးဖြစ်သည်။

"အို ဘာဖြစ်လို့ ကြက်ခြေခတ်တာလဲ ဒါဘာသဘောလဲ နတ်ပန်းချီ"

စာချုပ်မှာ လက်မှတ်ထိုးကြသည့်ဘက်ကို ကောင်းလှမ်းကြည့်လိုက်မိ၏။ နတ်ပန်းချီဆိုသော မိန်းကလေးက ဘယ်ခုံမှာမှ မထိုင်ဘဲ





သက်သေနေရာမှာ ကြက်ခြေခတ်ခြင်းဖြင့် လက်မှတ်ထိုးလိုက်ခြင်း ဖြစ်၏။ ဒေါ်ကေသီကျော်က ဒေါသတကြီး....

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"လက်မှတ်ထိုးတာလေ လက်မှတ်ဆိုတာ အမှတ်အသားတစ်ခု ခရေးခြစ်ပေးခြင်းပဲ ဘာဖြစ်ဖြစ် ဒါ ကျွန်မရဲ့ အမှတ်အသား"

"အို ဒါစာမတတ်တဲ့ လူတွေပဲလုပ်တာ မင်းက"

"ကျွန်မလည်း စာမတတ်ဘူး"

"ကြည့်စမ်း"

"ကဲပါ ကဲပါ ရပြီ ဒါလည်းရတာပါပဲ မိန်းကလေးထိုင်ပါဦး"

ရှေ့နေကြီးက ပြေရာပြေကြောင်း ပြောလို၍ ကမ်းလှမ်းသော်လည်း..

"ကျွန်မ မထိုင်တော့ပါဘူး ဒီအရောင်းအဝယ်ကိစ္စကို ကျွန်မ သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ ကျွန်မကန့်ကွက်လို့မှ မဖြစ် တော့တာ အနှောင့်အယှက်မရှိဘူးလို့ပဲ သတ်မှတ်လိုက်ပါ"

သူမဘက်က ပြတ်သားလွန်းသည်။ အားလုံးပဲ တိတ်ဆိတ်စွာ ကျန်ခဲ့ကြ၏။ အရောင်းအဝယ်ကလည်း ဒီအတိုင်းပဲ ပြီးဆုံးအောင် ခင်ခဲ့သည်။ မပြီးခဲ့တာက ကောင်းရင်ထဲမှာ။ သူဝရန်တာမှ ထွက်၍ ခရေ့လမ်းကို ငုံ့ကြည့်ရင်း ဦးစိုးမိုးပြန်အလာကို မျှော်နေခဲ့၏။ ထိုစဉ် ဆိုင်ကယ်သံနှင့်အတူ ဦးစိုးမိုးပြန်ရောက်လာသည်။ မကြာမီ သူ့ရှေ့ ဆီ ရောက်လာပြီး....

"ကောင်မလေးက ဒီညနေပဲပြန်ဖို့ကွ ကလေးနေမကောင်းလို့ ပြန်ဖြစ်တာတဲ့"

"အဲဒီကလေးတွေက"

"သူ့ကလေးတွေမဟုတ်ဘူး အဲဒါ သူ့မောင်လေးတွေတဲ့ကွ ကောင်မလေး ဖြစ်က မင်းထင်တာထက်ပိုပြီး သနားစရာကောင်းတယ် ဒေါ်မျိုးမျိုး

က ကျောင်းဆရာမဆိုတော့ မှုသားတွေမပြောလောက်ဘူးလို့တော့ ငါထင်တာယ်"

ဦးစိုးမိုးက နတ်ပန်းချီနဲ့ ပတ်သက်သမျှ သူသိသလောက်ကို သေချာပြောပြသည်။ နတ်ပန်းချီကနေ ဂျီဂျီဖြစ်ရသည့်အကြောင်းကိုတော့ သူမသိ၍ မပြောဖြစ်။

"သူ့အမေခမျာလည်း ဒီတိုက်ကြီးကို သံယောဇဉ်များပြီး နာမည်တွေပျက် ဘာညာနဲ့ အဲ လူပြောများနေသလို ဦးသိန်းမင်းနဲ့ဆိုတာလည်း ဒါတွေကြောင့်ပဲဖြစ်မယ်ထင်တယ် ဆရာမက အဲဒါတွေတော့ နှိုက်နှိုက်ချွတ်ချွတ်မပြောဘူး ဆက်စပ်တွေးကြည့်ရင် သိသာပါတယ်"

ကောင်းက ဝရန်တာမှာ နောက်ပြန်မှီ၍ တိုက်ကြီးကို အမိပွာယ်မဲ့ မော့ငေးနေခဲ့သည်။ ရောင်းသူရှိလို့ ကိုယ်ကဝယ်တာပေမယ့် သူ့ရင်ထဲမှာ ထိုကဲ့သို့ ရိုးရိုးလေးမဟုတ်ဘဲ မတရားရယူထားလိုက်သလို ခံစားနေခဲ့မိသည်။ ပြီးတော့ ဂျီဂျီဆိုသော မိန်းကလေးနှင့် ဆုံခဲ့သည်များကို ပြန်တွေးမိတော့ သူမဘဝကပို၍ ရုပ်လုံးပေါ်လာခဲ့သည်။

မောင်ငယ် နှစ်ယောက်နှင့် အိမ်ပေါ်ကဆင်းပေးလိုက်ရသော မိန်းမငယ်တစ်ယောက်၏ စားဝတ်နေရေး အရေးဒုက္ခများကို သူမ ဘယ်လိုရင်ဆိုင်နေရရှာမလဲ။ တစ်ခါကတော့ နို့ဘူးကလေး ကားပေါ် ပါလာ၍ ဖတ်ဖတ်မောအောင် လိုက်ယူခဲ့ရသည်။

နောက်တစ်ခါကလည်း အလုပ်လာလျှောက်တာပဲဖြစ်သည်။ သူ အဲဒီတုန်းကလည်း မာနစိတ်နဲ့ ကဖျက်ယဖျက်လုပ်မိသေးသည်။ စိတ် ထဲမှာ လူပုံတောာထဲ နို့ဘူးလိုက်တောင်းခံရသည့် အဖြစ်ကြောင့် သူမကို ဒေါသက မပြေနိုင်ခဲ့။ ခုကျမှ သူဘယ်လိုမှ မထင်မှတ်ခဲ့သည့် အခြေ အနေထဲမှာ ဒီမိန်းကလေးဘဝက မွန်းကြပ်ပိတ်လှောင်လျက်...

"ဦးစိုးမိုး"

"ပြော"





"ကျွန်တော် သူ့ကိုတစ်ခုခုတော့ ပြန်ပေးချင်တယ်"

"ငါသိသားပဲ"

ဦးစိုးမိုးက လူတတ်ကြီးမျက်နှာနှင့် မဲ့သည်။

"ဒါပေမဲ့ လွယ်တော့မလွယ်ဘူး သူ့ပုံစံက မာနတော့ တော်တော်ကြီးပုံပဲ"

"အေးလေ မာနကြီးလို့သာ မနိုင်မနင်းနဲ့ ဘဝကိုရပ်တည်ဖို့ လက်မထောင်နေတာပေ့ါ သူ့အရွယ် သူ့ရုပ်ရည်လေးနဲ့ ကလေးနှစ်ယောက်ဘဝကိုပါ တာဝန်ယူရဦးမယ်ဆိုတာ လွယ်သလား၊ ပြီးတော့ အမိကက နေစရာမရှိဘာမရှိ"

"ဟုတ်တယ်"

ကောင်း စိတ်ရှုပ်သွားသည်။ ဒီရက်ပိုင်းလေးမှာပဲ သူ့မှာ ဆုံးဖြတ်ရာတွေက အများကြီးရယ်။ အသက်ဘယ်နှစ်နှစ်ပြည့်မှာ အမွေလွှဲမည်ဆိုတာမျိုး မဟုတ်သော်လည်း အခု သူအသက်နှစ်ဆယ့် ခုနစ်နှစ်မှာ မွေးနေ့နှင့်အတူ အမွေလွှဲပေးမည်။

ထိုနေ့မှာ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းဖြစ်ရမည်။ ပြီးတော့ လက်ထပ်ဖို့ အားလုံးကွက်တိဖြစ်ဖို့ အဘွားက အားလုံးကွက်တိ မလွဲမချော်အောင် နေ့စဉ်ဦးကြာပန်းနဲ့ ဖုန်းပြောခိုင်းနေခဲ့သည်။

"ကောင်း မင်းအဆင်သင့်ဖြစ်ရဲ့လား လူလေး မင်းဘွားက မွေးနေ့မတိုင်မီ မင်းရဲ့ မိန်းကလေးကို တွေ့ချင်သေးတယ်တဲ့ ဘယ်လိုလဲ"

"ယုံကြည်တယ်ဆိုပေမယ့် မင်းအဘွားက စိုးရိမ်နေတာ ဒါကြောင့် မင်းရဲ့ ချစ်သူဆိုတာကို သူမြင်ချင်နေတယ်ကွ"

"မာယာငုံပါပဲဆိုရင်တော့ မင်းအဘွားရင်ထုမှာပဲကွ"

ဒီဘက်ကနေ ဦးစိုးမိုးက တွင်တွင်သတိပေးနေသည်။ သူကလည်း ပျော့ကျက်သာပေမယ့် မာယာငုံနဲ့ဆို ဖြစ်လာမယ့် အကျိုးဆက်တွေကို

မကြာခဏပြော၍ ထောက်ပြနေတဲ့သူ...

"ကောင်း"

ဦးစိုးမိုး၏ ခေါ်သံကြောင့် သူဆတ်ခနဲလှည့်ကြည့်၏။ ဦးစိုးမိုးက ဝရန်တာပေါ်ကနေ စီးမိုးမြင်ရသမျှကို လိုက်ငေးကြည့်နေရင်း...

"ကျန်တဲ့ကိစ္စတွေကို မင်းခေါင်းရှုပ်ခံပြီး စဉ်းစားမနေနဲ့ မင်းအခက်ခွဲခြားတတ်ဖို့လိုတာက မာယာငုံနဲ့ တကယ်လက်ထပ်မှာလား နောက်ဆုတ်မှာလား ဒါပဲ"

"သူပဲ ရောက်လာတော့မှ ဦးနှာ ဘာဖြစ်လို့ အဲဒါကို ထပ်မေးရတာလဲ"

"မမေးလို့မဖြစ်ဘူး သူရောက်လာလာ မလာလာ ခုချိန်မှာ မင်းနောက်ဆုတ်လို့ မှီသေးတယ်လေ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးမှ မင်းဘာမှလုပ်လို့မရတော့ဘူး ငါထင်တယ် ပြန်ကွာရှင်းတော့မယ်ဆိုရင် မာယာငုံ မင်းကိုအလွယ်တကူကွာပေးမှာ မဟုတ်ဘူး"

"စာချုပ်စာတမ်းနဲ့ပဲ"

"စာချုပ်ဆိုတာလည်း လူလိမ်ရင် ဘာခံနိုင်မှာလဲကွ နာမည်ကက မာယာငုံတဲ့ ချောချောလှလှလေးပဲ မင်းနောက်ဆိုရင် ရင်းနှီးလာမယ် ထိတွေ့သာယာလာမယ် နောက်ထပ်အားနာလာရင် ပြီးပြီ"

"ရင်းနှီးလာဖို့ မရှိပါဘူး ဟန်ဆောင်လက်ထပ်ကြတာပဲ လက်ထပ်ထားပေမယ့် သူ့ဟာသူနေ ကိုယ်လည်းဒီတိုင်းနေမှာပဲ"

"ဟွန်း မင်းကထင်သလား"

ဦးစိုးမိုးက မဲ့၍ ပခုံးတွန့်သည်။ ဟုတ်လည်းဟုတ်သည် မာယာဟာ ခုလည်း သူဘယ်ရောက်နေနေ လိုက်လာချင်ပြီဆို နေ့နေ့သည ဘယ်ကိုမဆို ရောက်အောင်လာသည်။ ဆွဲဟယ် လွဲဟယ် တရင်းတနှီးနေတတ်တာကိုပဲ အဘွားက မကြိုက်ခဲ့ပေ။

"ဒီမိန်းကလေးဟာ အနေအထိုင်ကိုပဲ မတတ်တာလား ငါသနား





ပါတာလား ဘွားဖြင့်ကြည့်ရတာ မျက်စိနောက်ပါဘိ"

ဟု မဲ့ရွဲ့ညည်းညူခဲ့ဖူး၏။ အိမ်ကို နှစ်ခါလောက်ခေါ်သွားဖူးသည်။ ဘွား လက်ဖျားခါသွား၏။ နောက်မှတော့ မာယာငုံကိုဆို ဘွားက အမြဲတမ်း ဆောရီးဖြစ်သွားခဲ့သည်။

"ငါပြောချင်တာ တစ်ခုရှိတယ်ကောင်း မင်းနည်းနည်းနားထောင် ကြည့်မလား"

ဦးစိုးမိုးက စကားပြန်စ၏။

"ဘာလဲ"

"မင်း နတ်ပန်းချီကို သနားတယ်ဆို"

"အဲဒါ ဘာဖြစ်လဲ"

"သူ့အိမ်ကိုဝယ်ပြီးမှ မင်းစိတ်မကောင်းဖြစ်နေတယ်မို့လား"

"ဘာဆိုင်လို့လဲ"

"အဲဒီကောင်မလေးက မာနကြီးတဲ့ပုံလေးကွ ပြီးတော့ ကလေးဆန်ပြီး ချစ်စရာလေး"

သူဘာမှမပြောတော့ဘဲ မျက်မှောင်ကုတ်၍ ကြည့်နေမိ၏။ ဦးစိုးမိုးက လေသံကို နှိမ့်ချကာ...

"အဲဒီကောင်မလေးကို တောက်တောက်ပပနဲ့ မာယာငုံတို့လို ပတ်စားမြင်ကြည့်စမ်း ဘယ်လောက်လှမလဲ"

"ဆက်ပြောပါဦး လိုရင်းကို"

"မင်း သူနဲ့လက်ထပ်လိုက်ရင် ပြီးရော"

"ဟာဗျာ"

မျက်နှာမှာ ဖြန်းခနဲ နွေးသွားသည်။ ဟန်ဆောင်လက်ထပ်မှုကိုပဲ ပြောတာမှန်းသိလျက်နှင့် မျက်နှာလွှဲပစ်မိ၏။ အဓိပ္ပာယ်မရှိတာ...

★ ★ ★ ★ ★

## အခန်း (၉)

ဒီထက်အဆင်ပြေတာတောင် ဒီလောက်အဆင်မပြေနိုင်။ ထို့ကြောင့် ဤသို့ဆုံးဖြတ်၍ ဂျီဂျီခေါင်းညိတ်ခဲ့လေသည်။ ဟန်ဆောင်လက်ထပ်လိုက်ရပေမယ့် သူမဘဝမှာ တစ်ခုလပ်ဆိုသည့် နာမည်ဆိုးတစ်ခုတော့ ကျန်ခဲ့မည်သာ ဒါပေမဲ့ နေထိုင်ရပ်တည်ဖို့ လောလောဆယ် အဆင်ပြေမည်။ စားဖို့ဝတ်ဖို့အတွက် ငွေကြေးလည်း မပူပင်ရတော့။

"အန်တီမျိုး စိတ်တော့မကောင်းဘူး သမီးရယ် ဒါပေမဲ့ အန်တီမျိုးလည်း သမီးကို ဘာမှမကူညီနိုင်တော့ မတိုက်တွန်းပေမယ့် ဖျက်လည်း မဖျက်ချင်ဘူး"

"ဘာဖြစ်လဲ အန်တီမျိုးရယ် ဂျီဂျီကိုယ်တိုင် ဆုံးဖြတ်ချက်နဲ့ ရဲရဲဝံ့ဝံ့ခေါင်းညိတ်တာ ဒီခြံနဲ့တိုက်ကြီးထဲမှာပဲ နေခွင့်ရတာကိုက မေမေ့အရိပ်အငွေ့မှာ နေရသလိုပဲ ဒါတစ်ခုနဲ့ပဲ ဂျီဂျီကျေနပ်ပါပြီ။ လက်ထပ်တာကလည်း တကယ်မှမဟုတ်ဘဲ သူတစ်ခြား ကိုယ်တစ်ခြားနေကြရမှာ ဂျီဂျီက ခြံစောင့်သဘောမျိုးပေါ့ သူကကွာပေးဆိုတဲ့အချိန်မှာ ကိုယ်ကလက်မှတ်ထိုးပေးလိုက်တာနဲ့ ငွေတွေအပုံလိုက်ရဦးမှာ သိကွာရှိတယ် ပြောပြော မရှိဘူးပြောပြော ဂျီဂျီမှန်တယ်ထင်လို့ ဆုံးဖြတ်တာ"





ဂျီဂျီက တကယ်ပဲ ပြတ်သားသည်။ သူဌေးက ကောင်းကင်ရောင်တဲ့။ သူဌေးနဲ့ သူမ ဟန်ဆောင်လက်ထပ်ထားလိုက်ရုံနဲ့ ဒီခြံကြီးထဲမှာ သူမတို့ မောင်နှမအေးချမ်းစွာနေရမည်။ တကယ်ယူတာမှ မဟုတ်ဘဲ။ စာချုပ်ချုပ်ဖို့ခေါ်တော့ သူမ သွားခဲ့သည်။ ဦးစိုးမိုးဆိုသည့် လူကြီးနှင့် ကောင်းကင်ရောင် နှစ်ယောက်တည်း......

"ထိုင် ကလေးမ"

မထိုင်ခင်ပဲ သူမနဲ့ ကောင်းကင်ရောင် မျက်လုံးချင်းဆုံသည်။ ဒီလူနှင့် ဤလိုအဖြစ်မျိုးမှာ ထပ်၍ဆုံဆည်းဖို့ဖြစ်လာတာ အံ့သြစရာပါလား။ ဘယ်မှာပဲတွေ့တွေ့ ဂျီဂျီ့ကို သူကအထင်မြင်သေးစွာ။

"ဒီမှာ စာချုပ်ကို ဖတ်ကြည့်ဦးလေ လိုအပ်တာရှိသေးရင်ပြောပေါ့"

ဂျီဂျီက စာချုပ်ကို ဖတ်ကြည့်သည်။

"အဓိကကတော့ ကောင်းဘက်က အခက်အခဲရှိလို့ ကမ်းလှမ်းတာ ဖြစ်တဲ့အတွက် မင်းဘက်က ဘယ်လိုအခက်အခဲပဲဖြစ်လာလာ ကောင်းဘက်ကို ပြန်ငဲ့ရမယ် ကောင်းက စာချုပ်သက်တမ်းမစေ့ဘဲ ဖြတ်စဲဖို့ ခွင့်မပြုတာရယ် သက်တမ်းစေ့ပြီးမှ အဆင်မပြေလို့ဖြတ်ချော်တာရှိနေသေးလို့ ထပ်ပြီးကာလရွှေ့သတ်မှတ်တာရယ် ဒါတွေရှိလာခဲ့ရင် မိန်းကလေးဘက်က လိုက်လျောပေးရမယ်။ ဒီအချက်ကတော့ နည်းနည်းတစ်ဖက်သတ်ဆန်နေတာပါလိမ့်မယ်"

ဂျီဂျီဖတ်နေတာကို မစောင့်ဘဲ ဦးစိုးမိုးက ပြောပြနေသည်။

"ဒါပေမဲ့ အဲဒီအတွက် မိန်းကလေး မနစ်နာရအောင် အစီအစဉ်တစ်ခုသပ်သပ်ထည့်ပေးထားပါတယ်"

ဂျီဂျီစာချုပ်ကို ဖျတ်ခနဲချ၍ ဦးစိုးမိုးကိုကြည့်ကာ....

"စာချုပ်မပြည့်ခင်ကာလမှာ ရည်းစားမထားရဆိုတာက ဘာလဲ ဟန်ဆောင်လက်ထပ်ထားတာဆိုရင် အဲဒါက လိုလို့လား"

အခန်း (၁၀)

အဝတ်အစားဆိုတာလည်း မေမေဆုံးပြီး ရန်ကုန်ဆင်းတော့မယ် ဆိုကတည်းက အားလုံးသယ်ချလာခဲ့ပြီး ဦးလေးအိမ်ရောက်တော့ ရောင် လိုက်ပေါင်လိုက်နှင့် အထပ်လိုက် ကုန်သွားလိုက်တာ ဘာရှိတော့လို့ လဲ။ စာချုပ်အရ အထပ်လိုက်ချပေးသွားသည့် ငွေတွေအိတ်ထဲထည့် ကာ မောင်နှမသုံးယောက် တစ်နေကုန်အောင် လျှောက်ဝယ်ရင်း [illegible] လိုက် သောက်လိုက် မော်ဘီကိုပြန်မည်ဆိုမှ အန်တီမျိုးအတွက် [illegible] ဆက်တစ်စုံနဲ့ မုန့်တွေဝယ်ပြီးပြန်ခေါက်လာခဲ့၏။

"မမ ပျော်စရာကြီးနော် သားတို့တိုက်ကြီးလည်း ပြန်ရပြီ"

"အင်း အဲဒါ လျှောက်မပြောရဘူးနော် လူကြီးတွေ စကားပြော နေရင် ဝေးဝေးသွားနေရတယ်"

"ဟုတ်ကဲ့ပါ သားသိပါတယ်"

အကျီဘောင်းဘီအသစ်နှင့် ရေဆန်က မြောက်ကြွမြောက်ကြွ ဖြစ်နေသည်။ ဂျိဂျိမှာ အထုပ်တွေ ဘယ်ကော ညာကော ကျွမ်းအောင် လွယ်လျက် လေထန့်ကို တွန်းလှည်းလေးပေါ် [illegible] တွန်းရင်း တစ်နေကုန်တော့ မောလာ၏။

"ပြန်ရအောင်နော်"





"ပြန်မယ် မမ"

နေ့လည်လောက်ကတော့ "မပြန်ချင်သေးဘူး" "မမက နေပါဦး" နဲ့ နေညို့တော့ ဗိုက်တွေလည်းဖောင်းလျက် မျက်ကြောတွေလည်း [illegible]င်းနေကြပြီ။ ပြန်ရအောင်ဆိုတော့ ခေါင်းညိတ်လိုက်တာပျာလို့...

ကားငှားပြီး လှည်းလေးပေါ်ကနေ ပွေ့ချီချလိုက်တော့ လေထန် က အိပ်နေပြီဖြစ်၏။ သိပ်ဆိုးတဲ့ ကောင်လေး။ နို့ဆာပြီဆို အာခေါင်ခြစ် အော်တတ်သူ။ ခုတော့ ဆာချိန်မရှိတော့ဘူးထင်သည်။

★ ★ ★ ★ ★

"ဟာ လိုတာပေါ့ မင်းနဲ့ သူဟန်ဆောင်ကြတာက ဒီစာချုပ်လေး ပေါ်မှာပဲလေ အများအမြင်မှာ မင်းက ကောင်းရဲ့ဇနီး မင်းရဲ့ သွားလာ နေထိုင်မှုက ကောင်းရဲ့သိက္ခာပိုင်းကို ထိခိုက်စေနိုင်တာပေါ့"

"ဒါဆို သူကျတော့ရော"

"ဟင် အဲဒါက"

ဦးစိုးမိုးက တုန့်ဆိုင်းဆိုင်းဖြစ်သွားပြီးမှ မသိမသာ ပြုံးမိသည်။ ကောင်း၏ ကိုယ်လုံးကြီး ခပ်လျော့လျော့ထိုင်နေရာမှ တောင့်မတ် သွားကာ...

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ မင်းကသာ ငါ့အတွက် အဆင်ပြေအောင် ဂရုစိုက်ရမှာ ငါအခက်အခဲဖြစ်လို့ မင်းနဲ့ဒီလိုစာချုပ်ကြရတာ"

"သိတယ်လေ ဘာဖြစ်ဖြစ် စာချုပ်ဆိုတာ နှစ်ဦးနှစ်ဖက်အတွက် မျှမျှတတ ထည့်သွင်းထားရမှာပဲ မထည့်ရင် လုံးဝမရဘူး"

"ကဲ ကဲ ကောင်းလည်းတော်ပြီ မင်းမှလည်း ဒါခက်ခက်ခဲခဲ ရှောင် ကြဉ်နေရမှာမှ မဟုတ်တာ ထည့်ပေးလိုက်ပါ သူပြောတာ သဘာဝ ကျတာပဲ"

မျက်လုံးနှစ်စုံ ဒိုင်းခနဲဆုံသည်။ ဂျီဂျီက မေးဖျားလေးပင့်ထားပြီး မှ မျက်နှာလွှဲ၏။ ကောင်းရင်ထဲမှာ ယားကျိကျိဖြစ်ကန်ခဲ့၏။ ပုံစံကိုက မကိုးလောက် မကွယ်လောက်နဲ့ သူ့ကိုယ်သူ ဘာလိုလို ဂိုက်ဖမ်းလို့-

"နောက်ထပ် ရှိသေးတယ်"

"ပြောပါဦး"

သူမကလည်း သူ့ကို ရည်ရွယ်ပေမယ့် ဦးစိုးမိုးကိုပဲ ကြည့်၍ ပြောသွားတာဖြစ်သည်။

"ကျန်တဲ့အသေးစိတ်အားလုံး ပြည့်စုံပါတယ် ပြောချင်တာက ကျွန်မ မောင်လေးတွေအတွက်ပါ ကလေးတွေနဲ့ ပတ်သက်ပြီး ဟိုဝင်





ပြော ဒီဝင်ပြော ဇီဇာကြောင်တာတွေ မလုပ်ဖို့နဲ့ ကျွန်မနဲ့ ဘယ်တော့ မှ ခွဲထုတ်မခိုင်းပါနဲ့"

"ရတယ် အဲဒါ ထည့်ပေးမယ် မင်းတို့ ဒီမှာနေရမှာပါ အားလုံး အေးအေးချမ်းချမ်းနေစေချင်လို့လည်း ကောင်းနဲ့ ဦးတို့က တိုင်ပင်ပြီး ဒီအစီအစဉ်ကိုစခဲ့တာ လိုအပ်တဲ့အခါ ကောင်း ဒီကိုခဏတဖြုတ်လာ မယ် အဲဒီအချိန်လေးမှာ သဘာဝကျဖို့ပဲလိုတယ် ဒီ့ပြင်အချိန်မှာ လွတ် လပ်သလို နေလို့ရတယ်"

"ရှင် ဘယ်လို သဘာဝကျအောင်ဆိုတာက"

ဂျီဂျီ မျက်လုံးပြူးလေးနဲ့မေးတော့ ဦးစိုးမိုးကရယ်၍ ကောင်းကို ကြည့်၏။ ကောင်းက မဲ့ပစ်လိုက်ပြီး...

"စိုးရိမ်ရှာတယ် အဟွန်း ကိုယ့်ပုံစံလည်း ကိုယ်ပြန်ကြည့်ဦး"

"ဒီလိုလား"

ဂျီဂျီက မတုန်လှုပ်စွာ ပြန်မဲ့သည်။

"ဒါကတော့ ပဲပြုတ်သည်တောင်မှ မဂ်လာဆောင်သွားခါနီးတော့ ပဲပြုတ်တောင်းချပြီး မှန်ရှေ့ပြေးထိုင်သေးတာ ကျွန်မကလည်း ကိုယ့် ကိုက်ကိုယ်ပြန်ရှုတော့ သူများအလုပ်ရုံမှာ အလုပ်သွားတောင်းမယ့် ရုပ်နဲ့နေပါ့မလား"

"ရေပူကန်ထဲခုန်ချလည်း အရေခွံသာ အလွှာလိုက် ကွာကျ သွားမှာပါ"

"ရှင် မဇော်ကားနဲ့"

လွန်လွန်းတော့ သည်းမခံချင်တော့ပေ။ မိန်းကလေးပီပီ မလှ ဘူးပြောလျှင် နောက်တာပြောင်တာလည်းမကြိုက်။ ကျောခိုင်းခဲ့ကြ သည်။ ဦးစိုးမိုးကတော့ ခပ်ကြိတ်ကြိတ်ရယ်လျက်...

တွေ့ကြဦးမယ် ဒီနှစ်ယောက်.....

★ ★ ★ ★ ★

## အခန်း (၁၁)

စောစောစီးစီး ရေချိုးခန်းထဲကထွက်တော့ ဖုန်းသံက ကျယ်ကျယ်လောင်လောင် မြည်ဆက်၏။ တဘက်ပွပွကြီးကို ဖြစ်သလို စုလုံးကိုင်ကာ ကောက်ကိုင်လိုက်တော့ ဒေါ်ကေသီကျော်…

"နတ်ပန်းချီလား စောစောစီးစီးဆက်တာ တစ်မျိုးတော့မထင်နဲ့ ဂုဏ်ပြုစကားပြောမလို့ပါ"

"ဘာ"

ဖုန်းထဲက ဒေါ်ကေသီကျော်၏ ရယ်သံက ဝေသန္တရာ ဇာတ်တော်ထဲက ပုဏ္ဏားအိုကြီး၏ ရယ်သံမျိုးနှင့်တူကာ အလွန်ရွံရှာဖွယ် ကောင်းနေတော့သည်။

"သူဌေးကတော်ဆိုတာ တော်ရုံအရည်အချင်းနဲ့ရတာမှတ်လို့ အေ အထူးသဖြင့် မိန်းကလေးတွေ သမီးရှင်တွေ ပါးစပ်ဖျားမှာ သိပ်ကိုတန်ဖိုးကြီးနေတဲ့ သူဌေးကောင်းကင်ရောင်ဆိုတာ မင်းလို မိန်းကလေးနဲ့ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်လို့ပဲ လက်ထပ်ပြီးပြီ ရှင်မကြားလိုက်ဘူးထင်တယ်"

"အိုး..ဟိုး..ဟိုး ကြားလှချေလား နတ်ပန်းချီရဲ့ အတုဟာ အတုပဲ အစစ်ဖြစ်မလာနိုင်ပါဘူး ကောင်းကင်ရောင်အတွက် အတုနေရာမှာ





ပဲဖြစ်ဖြစ် အစစ်နေရာကပဲဖြစ်ဖြစ် သရုပ်ဆောင်ခဏလေး ဝင်လုပ်ပေးဖို့တောင် အဆင်သင့်ဖြစ်နေကြတဲ့ မိန်းကလေးတွေ အများကြီးပဲ အားလုံးက မင်းထက်သာတယ်နော် အဲဒါမယုံမရှိနဲ့ မိဘမျိုးရိုး ဂုဏ်ဓနနဲ့ ပညာတတ်ချောချောလှလှလေးတွေချည်းပဲ"

ဒေါ်ကေသီကျော်သည် ပြောလိုက်ရယ်လိုက်နှင့် မျက်နှာမမြင်ရတိုင်း အားမနာတမ်း ပြောနေသည်လား။ ဒါမှမဟုတ် လူချင်းမတွေ့ဖြစ်လို့များ လျှော့ပြောနေတာလား သူမပါးစပ်က ဒီလိုစကားတွေ ထွက်ဖို့တော့ အားနာတတ်ခြင်းသိပ်မရှိပါ။

"ဒီမှာ နတ်ပန်းချီ တချို့မိဘတွေကလည်း ကံဆိုးလွန်းလို့ ကိုယ့်သားသမီးလေး ကံကောင်းပါစေတော့ဆိုပြီး ဖိုးကံကောင်း မောင်ဘော ဘာညာတွေပေးကြတာ ကြားဖူးတယ်မှလား သမီးလေး အကျည်းတန်လွန်းလို့ မယ်ပပ ခင်ဥမ္မာ စသဖြင့် ပေးကြတာလေ မင်းနာမည် နတ်ပန်းချီဆိုပေမယ့် သူဌေးကို တက်မှန်းနိုင်လောက်တဲ့ ရုပ်ရည်မျိုးတော့ မရှိပါဘူးအေ အဝေးကြီးပါ"

"ဒေါ်ကေသီကျော် အဲဒါတွေက ရှင်နဲ့ဘာဆိုင်သလဲ စောစောစီးစီး ရှင်သူများမကောင်းကြောင်း မြိန်ရည်ယှက်ရည်ပြောနေတာ ကိုယ့်အသက်လည်း ကိုယ်ပြန်ကြည့်ဦး"

"မလိုပါဘူး ငါက မင်းလိုမိန်းကလေးအကြောင်း ဒီလိုပြောနိုင်အောင် အချိန်ကုန်ခံတွေးနေတာ အမိပ္ပာယ်မဲ့တာမှ မဟုတ်တာ မင်းသိထားဖို့တွေရှိတယ် မသိရင် ပြောပြဖို့ကျန်သေးတယ် ကောင်းကင်ရောင်ရဲ့အဘွား ဒေါ်ရတီဟာ ရတနာစိန်ကျောက်ကို ဖယ်ထောက်စားလာတဲ့ မိန်းမကြီး ဘယ်ရွှေ ဘယ်မျှ ချမ်းသာတယ်ဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်ဘူး ကောင်းကင်ရောင်က တစ်ဦးတည်းသော မြေးပဲ"

"အဲဒါတွေ ကျွန်မဘာမှ မသိဘူး"

အခန်း (၁၁)

စောစောစီးစီး ရေချိုးခန်းထဲကထွက်တော့ ဖုန်းသံက ကျယ်ကျယ်လောင်လောင် မိတ်ဆက်၏။ တဘက်ပွပွကြီးကို ဖြစ်သလို စုလုံးကိုင်ကာ ကောက်ကိုင်လိုက်တော့ ဒေါ်ကေသီကျော်...

"နတ်ပန်းချီလား စောစောစီးစီးဆက်တာ တစ်မျိုးတော့မထင်နဲ့ ဂုဏ်ပြုစကားပြောမလို့ပါ"

"ဘာ"

ဖုန်းထဲက ဒေါ်ကေသီကျော်၏ ရယ်သံက ဝေဿန္တရာ ဇာတ်တော်ထဲက ပုဏ္ဏားအိုကြီး၏ ရယ်သံမျိုးနှင့်တူကာ အလွန်ရွံရှာဖွယ်ကောင်းနေတော့သည်။

"သူဌေးကတော်ဆိုတာ တော်ရုံအရည်အချင်းနဲ့ရတာမှတ်လို့အေ အထူးသဖြင့် မိန်းကလေးတွေ သမီးရှင်တွေ ပါးစပ်ဖျားမှာ သိပ်တန်ဖိုးကြီးနေတဲ့ သူဌေးကောင်းကင်ရောင်ဆိုတာ မင်းလို မိန်းကလေးနဲ့ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်လို့ပဲ လက်ထပ်ပြီးပြီ ရှင်မကြားလိုက်ဘူးထင်တယ်"

"အိုး..ဟိုး..ဟိုး ကြားလှချေလား နတ်ပန်းချီရဲ့ အတုဟာ အတုပဲ အစစ်ဖြစ်မလာနိုင်ပါဘူး ကောင်းကင်ရောင်အတွက် အတုနေရာမှာ





ဖြစ်ဖြစ် အစစ်နေရာကပဲဖြစ်ဖြစ် သရုပ်ဆောင်ခဏလေး ဝင်လုပ်မေး တောင် အဆင်သင့်ဖြစ်နေကြတဲ့ မိန်းကလေးတွေ အများကြီးပဲ ားလုံးက မင်းထက်သာတယ်နော် အဲဒါမယုံမရှိနဲ့ မိဘမျိုးရိုး ဂုဏ်နေ ပညာတတ်ချောချောလှလှလေးတွေချည်းပဲ"

ဒေါ်ကေသီကျော်သည် ပြောလိုက်ရယ်လိုက်နှင့် မျက်နှာမမြင်တိုင်း အားမနာတမ်း ပြောနေသည်လား။ ဒါမှမဟုတ် လူချင်းမတွေ့လို့များ လျှော့ပြောနေတာလား သူမပါးစပ်က ဒီလိုစကားတွေ ထွက်တော့ အားနာတတ်ခြင်းသိပ်မရှိပါ။

"ဒီမှာ နတ်ပန်းချီ တချို့မိဘတွေကလည်း ကံဆိုးလွန်းလို့ ကိုယ့်ားသမီးလေး ကံကောင်းပါစေတော့ဆိုပြီး ဖိုးကံကောင်း မောင်ဘော ဘညာတွေပေးကြတာ ကြားဖူးတယ်မှလား သမီးလေး အကျည်းန်လွန်းလို့ မယ်ပပ ခင်ဥမ္မာ စသဖြင့် ပေးကြတာလေ မင်းနာမည်တ်ပန်းချီဆိုပေမယ့် သူဌေးကို တက်မှန်းနိုင်လောက်တဲ့ ရုပ်ရည်မျိုးတော့ မရှိပါဘူးအေ အဝေးကြီးပါ"

"ဒေါ်ကေသီကျော် အဲဒါတွေက ရှင်နဲ့ဘာဆိုင်သလဲ စောစောစီး ရှင်သူများမကောင်းကြောင်း မြိန်ရည်ယှက်ရည်ပြောနေတာ ကိုယ့်သက်လည်း ကိုယ်ပြန်ကြည့်ဦး"

"မလိုပါဘူး ငါက မင်းလိုမိန်းကလေးအကြောင်း ဒီလိုပြောနိုင်အောင် အချိန်ကုန်ခံတွေးနေတာ အမိပ္ပာယ်မဲ့တာမှ မဟုတ်တာ မင်းထားဖို့တွေရှိတယ် မသိရင် ပြောပြဖို့ကျန်သေးတယ် ကောင်းကင်ရောင်ရဲ့အဘွား ဒေါ်ရတီဟာ ရတနာစိန်ကျောက်ကို ဖယ်တောက်စားလာတဲ့ မိန်းမကြီး ဘယ်ရွှေဘယ်မျှ ချမ်းသာတယ်ဆိုတာ ဘယ်မှ မခန့်မှန်းနိုင်ဘူး ကောင်းကင်ရောင်က တစ်ဦးတည်းသော မြေးပဲ"

"အဲဒါတွေ ကျွန်မဘာမှ မသိဘူး"

"ဘယ်သိမလဲ မင်းက ထောင်တန်တစ်အုပ်လောက်ကိုင်ရပြီး ကျေနပ်နေတာကိုး အပွန်း ဒါပေမဲ့ မင်းနောက်ဆိုလောဘတက်လာ မှာပါ ဘာပဲဖြစ်ဖြစ် အဲဒါကမင်းအပိုင်း ငါနဲ့မဆိုင်ပါဘူး မင်းကိုရွေးပြီး အခု သူတို့အသုံးချတာက ကောင်းကင်ရောင်ရဲ့ ဇနီးဆိုတဲ့နေရာကို ရောက်ပြီးရင် တော်ရုံနဲ့ ပြန်ဖယ်ချလို့မရဘူးဆိုတာ တွက်မိလို့ စိန်ရွေ ရတနာဆိုတာ ဘာမှန်းမသိ ထောင်တန်နှစ်အုပ်သုံးအုပ်ရရင် ကျေနပ် နေနိုင်တဲ့ မင်းလို အဆင့်မျိုးလောက်ရှိတဲ့ မိန်းကလေးကို အသုံးချ လိုက်တာပဲ"

"ဒေါ်ကေသီကျော် ရှင်..ရှင် မမိုက်ရိုင်းနဲ့နော် ကျွန်မကလည်း ငြိမ်ခံနေတတ်တဲ့ မိန်းမမဟုတ်ဘူး ပြီးမှ မိုက်ရိုင်းတာတွေ ရမ်းကား တာတွေ ဖြစ်လာရင် အဆိုးမဆိုနဲ့ ရှင့်စကားတွေကိုလည်း ကျွန်မ နားမထောင်ချင်ဘူး"

"ဟေ့..ဖုန်းမချလိုက်နဲ့နော် မင်းဖုန်းချပစ်လိုက်လို့ ဆက်မရတော့ ရင် ငါက ဆက်လို့ရတဲ့ဆီ လှည့်ဆက်မှာ ဘယ်သူ့ဆီလဲသိလား ဒေါ်ရ တီဆီကိုပဲဖြစ်ဖြစ် မာယာင့်ဆီဖြစ်ဖြစ်..."

နောက်ထပ်တစ်မျိုးပါလာသည် မာယာင့်ဆိုသည့် နာမည်ကို ဂိုဂို ကြားပင်မကြားဘူးပါ။ ဒေါ်ကေသီကျော်က ခပ်သဲ့သဲ့ရယ်နေပြန်သည်။

သူမဘယ်လိုစိတ်ကူးအကြံတွေနဲ့ ဒီစကားတွေလာပြောနေတာ လဲ ပြီးတော့ အိမ်အရောင်းအဝယ်ကိစ္စတွေဖြစ်ပြီး ရက်အတော်ကွာ လက်ထပ်ဖို့ကိစ္စကို တိုးတိုးကြိတ်ကြိတ် စီစဉ်ခဲ့ကြတာ ဖြစ်သည်။ ဒီ အစီအစဉ်ထဲမှာ အပြင်လူသိတာဆိုလို့ အန်တီမျိုးတစ်ယောက်ပဲရှိ သည်။ အန်တီမျိုးက ဒေါ်ကေသီကျော့်ကို ပြန်ပြောပြလိုက်တာတော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

"ဟဲလို..ဟဲလို..နတ်ပန်းချီ မင်းကိုင်ထားရဲ့လား"





"ပြော..ပြော"

ဂိုဂိုဆောင့်အောင့်တော့ အောင်နိုင်သူကဲ့သို့ ဒေါ်ကေသီကျော်က ရယ်သည်။ ဒီလိုပဲ ဖြစ်ရမယ်လေဆိုသည့် ကျေနပ်ခြင်းများနှင့်....

"မေးနေတာဖြေလေ မာယာင့်ဆိုတာကို မင်းသိလား"

"သိစရာမလိုဘူး ရှင့်လို သူများအကြောင်း အချိန်ကုန်ခံပြီး လိုက် ပေါ်စုနေတာမှ မဟုတ်တာ"

"သူများကြောင့် အချိန်ကုန်ခံရတယ်ဆိုကတည်းက ကိုယ့်အတွက် အကျိုးမရှိဘဲ လုပ်ပါ့မလား နတ်ပန်းချီ မင်းသိပ်နုပါသေးတယ် မင်းနဲ့ ကောင်းကင်ရောင် ပတ်သက်နိုင်တယ်ဆိုတာ တွက်မိလိုက်ကတည်း က ငါကလှည့်ပြန်သွားခဲ့တာမှ မဟုတ်တာ မင်းတို့ကြိတ်ကြံကြတဲ့ ကိစ္စတွေ ငါအားလုံး သိတာပေါ့။ မာယာင့်ဆိုတာက ကောင်းကင်ရောင် ရဲ့ သူငယ်ချင်း လောလောဆယ် ဘွဲ့နှစ်ခုရထားပြီး အလုပ်မလုပ်သေး ဘဲ နိုင်ငံခြားသွားလိုက် ပြန်လိုက်လုပ်နေတာလေ သိပ်လှတာ မင်းနဲ့ တော့ တစ်ခြားစီပဲ အဲဒါတောင် ကောင်းကင်ရောင်က မကြိုက်ဘူး ဒဲ့ယောကျ်ား မင်းတို့မတော်လိုက်ရတဲ့ ပထွေးဦးသိန်းမင်းက ကောင်း ကင်ရောင်နဲ့ စီးပွားဘက်ပါတနာဆိုတော့ ဒါတွေဟိုတုန်းကတည်းက သိခဲ့တာပါ ဟန်ဆောင်လက်ထပ်ဖို့ မာယာင့်ကို ကမ်းလှမ်းခဲ့တယ် နောက်တော့မှ မင်းဖြစ်သွားတာ မာယာင့်က ချမ်းသာတယ် ချောတယ် ပြီးတော့ လည်တယ်လေ နေရာရပြီးရင် ဖယ်ပေးချင်မှာမဟုတ်ဘူး ဆိုတာ ကြိုမြင်လို့ပေါ့ မင်းလည်း စာချုပ်စာတမ်းနဲ့ ကောင်းကင်ရောင် ကို တရားဝင်ပိုင်နေပြီပဲ ဟန်ဆောင်လက်မှတ်ထိုးထားတယ်ဆိုတာ အလကားပါအေ လိုချင်ရင် အပိုင်ကြံပေါ့ ကောင်းကင်ရောင်က ကုဋေ ရှစ်ဆယ်သူဌေးသားဆိုတဲ့ ပုံပြင်ထဲက မင်းသားထက်ပိုတယ် မြေပေါ် မြေအောက် ဘယ်လောက်ချမ်းသာတယ်ဆိုတာ ဘယ်သူမှ မခန့်မှန်း

နိုင်ဘူး။

ပြီးတော့ ကုဋေရှစ်ဆယ်သူဌေးသားက အရှေ့အနောက်ဘယ်မှာ မှန်းမသိတဲ့လူ ကောင်းကင်ရောင်က အကြံနဲ့ဉာဏ်နဲ့ အရည်အချင်း အပြည့်ရှိတယ် တစ်နေ့ကို သိန်းပေါင်းများစွာ ရှာနိုင်တယ် အဲဒါ မယုံ မရှိနဲ့"

စကားတွေ အများကြီးပြောနေသည့်အထဲမှာ ဒေါ်ကေသီကျော် ၏ ရည်ရွယ်ချက်ကို ဂျီဂျီရှာမတွေ့သေးပေ။ ဘာသဘောနဲ့ ဒါတွေ လာပြောနေတာလဲ။

ကောင်းကင်ရောင် ဘယ်လောက်ချမ်းသာတာလဲ သူမမသိပါ စိတ်လည်းမဝင်စား ။ သူ့ဇနီးနေရာရထားလို့လည်း အပိုင်ကြံဖို့တွေ ဖယ်မပေးဖို့တွေ တွေးပင်မတွေးမိပေ။ သူမအတွက်က သူနဲ့ကိုယ်အပေး အယူ လုပ်ထားကြသည့်အတိုင်း ကိုယ်ရသင့်တာရဖို့ သူ့အတွက် တာဝန် ကျေရမည်။ ဒါပဲဖြစ်သည်။ အားလုံးဟာ စာချုပ်ပါ အချက်အလက်များ အရပဲဖြစ်၏။

ဒါကိုပဲ ထောင်တန်အုပ်လေး နှစ်အုပ်သုံးအုပ်ကိုင်ရပြီး ကျေနပ် နေတဲ့သူဟု ဒေါ်ကေသီကျော်က စွပ်စွဲချိုးဖဲ့နေခဲ့သည်။ ကောင်းကင် ရောင်ဆိုသူနဲ့ သူမ မတန်မရာဟုလည်း ပြောခဲ့သေး၏။ လိုချင်ရင် အပိုင်ကြံပေါ့ဆိုသည့် စကားကဘာလဲ။ ပက်ပက်စက်စက် နှိမ့်ချပြောဆို နေပြီး အကြံပေးသလိုလို ခြိမ်းခြောက်သလိုလိုနှင့် ဘာလဲ...

"ဟဲလို...နတ်ပန်းချီ"

ဂျီဂျီငြိမ်သက်နေတိုင်း ဟဲလို ဟု ထပ်ထပ်ခေါ်သည်က မုန်းစရာ

"ဒေါ်ကေသီကျော် ရှင် မပြီးနိုင်တော့ဘူးလား"

"ငါပြောချင်တဲ့လိုရင်း မရောက်သေးဘူး ဒီမှာ ငါရဲ့လိုရင်းက ငါ့ယောကျ်ားနဲ့ ညည်းတို့မောင်နှမ ဘယ်တော့မှ မပတ်သက်ဖို့"





"ဘယ်တုန်းကကော ပတ်သက်ခဲ့ဖူးသလဲ ပတ်သက်ဖို့ ကြိုးစား နေတယ်လို့ ထင်လောက်အောင်ကော ဖြစ်ခဲ့ဖူးလား စကားကို ဆင်ခြင် ပြော"

"ထင်တာတွေ မြင်တာတွေ ငါမသိဘူး ယောကျ်ားတစ်ယောက်ကို ကျားချောင်းသလို ငါလိုက်ချောင်းမနေနိုင်ဘူး ငါဆိုလိုချင်တာက မင်း တို့အတွက် အနေချောင်ဖို့ မင်းလည်သလိုကြိုးစားပါ ဒါမှမဟုတ်လို့ လေထန်လေးကို ငါ့ယောကျ်ားလက်ထဲပို့ပေးဖို့ တစ်နည်းနည်းနဲ့ ကြိုး စားလာမယ် ကလေးကို အကြောင်းပြပြီး ငွေညှစ်ဖို့ ကြိုးစားမယ်ဆိုရင် မင်းတို့အကြောင်းတွေ အားလုံးကို သက်ဆိုင်ရာတွေဆီ ငါပို့ပစ်မယ်"

"ဒီမှာ ဒေါ်ကေသီကျော် လေထန်က ကျွန်မအမေမွေးထားခဲ့တဲ့ ကလေး ကျွန်မမောင်လေးပါ ကျွန်မ ဘယ်ဘဝရောက်ရောက် ကလေး ကို ဘယ်သူ့လက်ထဲမှ မထည့်ဘူး အဲဒီအတွက် မစားနိုင် မသောက် နိုင်ဖြစ်အောင် ပူပင်နေတယ်ဆိုရင်တော့ ရှင်လဲသေလိုက်တော့"

"ဟော့ ဒီမယ် ကိုသိန်းက ကလေးကိုတွေ့တော့ လိုချင်တဲ့စကား မျိုးစလာတယ် ကျုပ်က ကလေးမမွေးနိုင်တဲ့မိန်းမဆိုတော့ ပူရတယ် အေ့ ဟွန်း ဒါပေမဲ့ ငါက သူများမိန်းမတွေလို ကိုယ်မမွေးနိုင်လို့ သူများ ကလေးတောင်းယူမွေးစားရတဲ့ မိန်းမမျိုးတော့ မဟုတ်ဘူး သူများမွေး တဲ့ကလေးကို ချစ်ရလောက်အောင်လည်း ငါသဘောထားမကြီးဘူး အဲဒီ တော့ တကယ်လို့များ ကိုသိန်းက ညည်းဆီမှာ ကလေးလာတောင်း ရင် လုံးဝမပေးပါနဲ့"

ဒါကြောင့်ကိုး ဖုန်းကိုင်ရင်း ဂျီဂျီမဲ့ပစ်လိုက်မိသည်။

"ဘာအကြောင်းနဲ့မှ မင်းရဲ့ကလေးကို ကိုသိန်းလက်ထဲ မရောက် ပါစေနဲ့ မဟုတ်လို့ကတော့ အားလုံးအရှက်ကွဲပြီးသားပဲ"

နှုတ်မဆက်ဘဲ ဂျီဂျီဖုန်းချပစ်လိုက်သည်။ ကလေးကို မပေးဖို့

များ ဒီလောက်ရှည်ရှည်ဝေးဝေးပြောနေသေးတယ် ဟားတိုက် ရယ်လိုက်ချင်သည်။

ရှင်ကြီးမသိလို့ပါ လေထန်က ကျွန်မရဲ့နှလုံးသား။ ဖုန်းသံက ထမြည်လာသည်။ ထွက်သွားမလို့ ခြေလှမ်းပြင်ပြီးမှ စိတ်မရှည်စွာ ပြန်ငဲ့ကြည့်မိ၏။

ဒီမိန်းမကြီးပဲဖြစ်မည်။ ပြောစရာမကုန်သေးလို့ ပြန်ဆက်တာပဲ ဟုတွက်ကာ ဒေါသဖြစ်မိသောကြောင့် တော်တော်နှင့် မကိုင်ဘဲထားလိုက်၏။ နားမခံသာအောင် ဆူလာတော့မှ ကလေးတွေ နိုးသွားမှာ စိုးကာ...

"ဘာလဲ ရှင့်အသံကိုကြားရတာ ရင်ပူလွန်းလို့ မဆက်ပါနဲ့တော့"

"ဘာကွ"

"အယ်"

ဖုန်းထဲက ဆောင့်ထွက်လာတာ ယောကျ်ားသံ၊ ဂျီဂျီလက်ဖဝါးလေးတစ်ဖက်နှင့် စကားပြောခွက်ကို ယောင်ရမ်းဖိပိတ်လိုက်မိ၏။

"နတ်ပန်းချီ စောစောစီးစီး မင်းဘယ်သူနဲ့ စကားပြောနေတာလဲ ဒီမှာအရေးကြီးလို့ ခေါ်နေတာ ကြာလှပြီ ဝင်နေတော့လည်း မကိုင်ဘူး"

"ရှင်က ကောင်းကင်ရောင်လား"

သူ့အသံကို ဖုန်းထဲက မကျက်မိသေးသဖြင့် သေချာအောင် ထပ်မေးရသည်။

"ဟုတ်တယ် ကျွတ် ဒီမှာ အချိန်တွေ ကုန်လိုက်တာကွာ ဆယ့်ငါးမိနစ်ကျော်သွားပြီ"

သူ့အသံက စိတ်ပျက်လက်ပျက်ကြီးဖြစ်လျက်...

"ပြောလေ ဘာကိစ္စရှိလို့လဲ စောစောစီးစီး"

"ငါက စောသေးသလား မင်းက ငါ့ထက်စောစောစီးစီး ထဆက်





နေတာ မဟုတ်ဘူးလား ဒီမှာ ပြောတာနားထောင်"

"ပြော"

"ရေချိုးအဝတ်လဲပြီး စောင့်နေ အခု ငါလာနေပြီ"

"ဘာ ရှင့်ကို အဝတ်အစားလဲပြီး စောင့်နေရမယ် ဘာ ဘာလုပ်ဖို့လဲ"

ဆတ်ဆတ်လူးထမေးလိုက်သည့် ဂျီဂျီ့အသံကြောင့် သူ ကျွတ်ခနဲ စုတ်သပ်ပြန်သည်။

"ပြောနေရင်း ကားကမော်ဘီရောက်နေပြီ ပြဿနာပဲကွာ ပြောသလို အမြန်ဆုံးလုပ်ထား မင်းကိုဘွားနဲ့ တွေ့ပေးဖို့ လာခေါ်တာ ဒါပဲ"

မြတ်စွာဘုရား...

ဖုန်းချလိုက်ပြီး ဂျီဂျီမတ်တပ်လေးမှ မခွာ။ သူမထင်သည်က ဟန်ဆောင်လက်ထပ်ထားရုံပဲဖြစ်ကာ သူ့အဘွားနဲ့ မိတ်ဆွေတချို့ရောက်လာလျှင် လင်မယားလိုလို ပုံဖမ်း၍ ရောရောင်နေပေးရုံပဲဖြစ်၏။

ကိုယ်က လိုက်သွားပြီး မုသားအလင်္ကာတွေ ရွတ်ဖို့ဖတ်ဖို့မပါ။ သူ့နောက် ကိုယ်ကလိုက်သွားတော့ ကလေးတွေကို ဘယ်လိုထားခဲ့ရမလဲ။

ဂျီဂျီနေရာမှ မရွေ့ရသေးမီ ကားဝင်လာသံ ကြားလိုက်ရ၏။ ခဏလေးအတွင်းမှာပဲ ကောင်း ဝင်လာ၏။

"ဟား"

သူမကို မြင်သည်နှင့် ချာခနဲ ကျောခိုင်းပစ်ကာ သူ့နဖူးသူရိုက်လေသည်။ ထိုအခါကျမှ ရေချိုးခန်းထဲက ထွက်လာတာမို့ မွေးပွတဘက်ကြီးနှင့် ပတ်ထားဆဲဖြစ်သော ကိုယ့်ကိုယ်ကို သတိရကာ ဂျီဂျီတွန့်ခနဲဖြစ်သွား၏။

"ခဏ..ခဏလေး"

ဟုပြောကာ အိမ်ပေါ်ပြေးတက်၏။ ပြီးတော့ လှေကားငါးထစ်လောက်ကျမှ တခုံးခုံး ပြန်လှည့်ဆင်းလာကာ..

"ဦးကောင်းကင်ရောင် ရှင့်အဘွားဆီကို ကျွန်မကလိုက်တော့ ကလေးတွေကို ဘယ်လိုထားခဲ့ရမှာလဲ တကယ်ဆို တစ်ရက်လောက်ကြိုပြောသင့်တာပေါ့ ကျွန်မက လွတ်လွတ်လပ်လပ်မှမဟုတ်တဲ့ဟာ"

"မင်း အဲဒီစကားကြီးကို လူကြားသူကြားထဲသွားပြောမိမယ်နော် ကလေးနှစ်ယောက်ကို လုံးဝထည့်မပြောမိစေနဲ့"

"အို မပြောလို့ရမလား ကလေးတွေကို ကျွန်မက ..."

"နတ်ပန်းချီ မင်းတော်တော်လျှာရှည်ပါလား"

ကောင်း ဒေါသဖြစ်ဖြစ်နှင့် လှည့်ကြည့်မိတော့မလိုဖြစ်ပြီးမှ ပြန်ချော့နိုင်းရပ်ကာ ဒေါသတွေပွထလာသည်။ ဒီမိန်းကလေးဟာ ဂျိဂျိဟု သူများခေါ်သလို ဂျီလည်းဂျီတိုက်လွန်းပါ၏။ စကားပြောတိုင်း တစ်ခါမှ ပြေပြေလည်လည်ပြီးရတာ မရှိ။

"ဦးကောင်းကင်ရောင် ကလေးတွေကို ဒီအတိုင်းထားခဲ့ပြီး ကျွန်မ မလိုက်ဘူးနော်"

"ဒီတိုင်းမထားခဲ့ရဘူး ကလေးထိန်းဖို့ အမျိုးသမီးတစ်ယောက် ခေါ်ထားတယ် ဒီကပဲ သူတော်ကြာရောက်မှာ မင်းကိစ္စ မင်းသွားလုပ်ကွာ ဒီမှာနောက်ကျနေပြီ"

ခြေသံတခုံးခုံးကြားမှ ဟူးခနဲ သက်ပြင်းချကာ ကောင်းဆိုဖာမှာ ထိုင်ဖြစ်တော့သည်။ သူဆုံးဖြတ်ခဲ့တာ မှားပြီလား နောင်တမရတတ်ပေမယ့် မှားပြီထင်တယ်ဟု တွေးမိလာသည်။

"ကလေးတွေနဲ့ ဖြစ်ပါ့မလား ဦးစိုး"

ဟုသူကပြောမိတော့....

"မင်း သူ့ကို ကူညီချင်တယ်မို့လား မင်းလိုချင်တာလည်းရ သူ





အတွက်လည်း နေစရာ စားစရာလေး ပြည့်စုံသွားတာပေါ့ကွာ နည်းနည်းတော့ အခက်အခဲရှိမှာပေါ့ ဂျီဂျီက တကယ့်အဖြူထည်လေးပါ။ ရိတ္တတော့ ငါအာမခံတယ်ကွာ ခုမှ တွေ့ဖူးပေမယ့် သိသာတယ်ကွ ာယာငုံနဲ့ တခြားစီပါ"

အာမတွေ ခံလိုက်သေးသည်။ ဘာတွေအဖြူထည်မှန်းတော့ သိ။ ဘာမေးမေး ဘာပြောပြော ပြူးပြူးပြဲပြဲ မေးသင့်မှန်းမသိ မမေး သင့်တာမှန်းမသိ အော်ကြီးဟစ်ကျယ်။ ချမ်းသာရသည့် ဒုက္ခမသေး ါလားဟု တွေးမိကာ ကောင်းမျက်နှာရှုံ့မဲ့နေတော့သည်။

"ကိုယ့်မှာ အမွေတွေက သုံးမကုန်ဖြုန်းမကုန် ရပ်ကလည်း ခေတ့်ရပ်လား ငါ့မြေးကို မိန်းကလေးတိုင်း ကြိုက်မှာပဲ မိန်းကလေးရှင် တွေကဆို သူတို့ကပဲ စပြီးစကားတွေ ကျွံနေကြတာ ဘွားဖြင့် ရွေးစရာ တောင် ရှားနေပြီ"

ဟု ပြောတာက တစ်မျိုး။

"မင်း သတိထားဖို့လိုတယ် ကောင်း အထူးသဖြင့် မာယာငုံတို့က င်းဘာယ်လိုကောင်ဆိုတာကိုသိတယ် မင်းဘေးမှာ နေရာရပြီးမှ အလွယ် တကူ ဖယ်မပေးရင် မင်းဘာတတ်နိုင်မှာလဲ တစ်ခုတော့ရှိတယ် မာယာ ငုံကို မင်းတကယ် နှစ်သက်နေရင်တော့ ဘာမှစဉ်းစားမနေနဲ့ ရွှေငွေ ည်းစိမ်ဆိုတာ အားလုံးကို အမှောင်ဖုံးစေနိုင်တယ်ကွ"

ဦးစိုးမိုးကလည်း ဒါပဲပြော၏။ ဆံပင်တွေကို တွင်တွင်ဖိသပ်ရင်း ကောင်းစိတ်ရှုပ်နေတာက မဖြေနိုင်။ မိန်းမမလိုချင်သည့်ကိစ္စနှင့် အမွေ ကိစ္စက တွဲလျက်ကြီး ဖြစ်နေတာ သူ့အတွက် ကြီးမားသော ဒုက္ခဖြစ်နေ၏။

ခုတလော ကိုယ့်အလုပ်ကိုယ်လုပ်ရသည်မရှိ။ ဘွားနေမကောင်း သို့ပြေးရ ဘွားဘာဖြစ်ချင်သလဲ ခေါင်းညိတ်ရ ပြေးလုပ်ရ ခုလည်း မြေးရဲ့ မိန်းကလေးကို ဘွားကြည့်ချင်တယ် ဟုပြောလာတာ ဇွတ်ကြီး။

"ဘွားနေကောင်းတော့ မော်ဘီခြံမှာ အပန်းဖြေရင်းသွားကြတာ ပေါ့ဘွားရာ နေကောင်းအောင် နေပါဦး စေ့စပ်ထားတာလည်း ဘာညာ မရှိဘဲခေါ်တော့သူကရှက်ပြီး လိုက်ချင်မှ လိုက်မှာ"

ကောင်း အကြောင်းပြ၍ ငြင်းပါသေးသည်။ ဘွားကမရ။

"အို စေ့စပ်နေမှာမှ မဟုတ်တာ ဘွားနေကောင်းကောင်း မကောင်း ကောင်း မိန်းကလေးကိုကြည့်ပြီး တစ်ခါတည်း မင်္ဂလာပွဲလုပ်ပေးမယ့် ဥစ္စာ ငါ့မြေးကိုဘွားကယုံတယ် မြေးက မာနကြီးတဲ့ ကလေးပဲ တော် ရုံမိန်းမကို မမှန်းဘူးဆိုတာ ဘွားသိတယ် ခေါ် သာလာခဲ့ပါကွယ်။ ဘာမှ မေးမြန်းစစ်ဆေးမှာ မဟုတ်ဘူး ဘွားက အကဲခတ်ရုံပဲ"

ယုံတော့လည်း အတင်းကို ယုံနေတာပဲဖြစ်သည်။ သူ့မှာ မိဘ တွေ မရှိတော့သည့်နောက်မှာ ဒီအဘွားကိုပဲ အရိပ်တကြည့်ကြည့် စိတ်ဆင်းရဲမခံနိုင်တာမို့ ဒါလုပ်ဆိုလုပ် ဒီလိုနေဆိုနေ။

ကိုယ့်အတွက်က ယောကျ်ားလေး ခေါင်းကောင်းနေသရွေ့ ငွေ ဆိုငွေ ရွှေဆိုရွှေ ကိုယ်တိုင်ဖန်တီးနိုင်သည်။ မိဘဘိုးဘွားအမွေအနှစ် ဟာ ထိန်းသိမ်းသင့်သည့် ဝတ္တရားအတိုင်းသာ သဘောထားခဲ့သည်။

ခုလို တာဝန်ကြီးလာတော့ စိတ်ညစ်မိတာ အမှန်ပင်။ ပြီးတော့ နတ်ပန်းချီဆိုတာလေးက ပြောမကောင်း ဆိုမကောင်း ဘာလေးမှန်းမသိ။

"ဦးကောင်းကင်ရောင်"

ယောကျ်ားတန်မဲ့ လန့်သွားရသည့်အဖြစ်ကြောင့် အကျယ်ကြီး ခေါ်ချလိုက်တာကို ဒေါသဖြစ်သွားမိသည်။ သူ ဆတ်ခနဲ ထရပ်ကာ နောက်လှည့်၏။ ဘယ်လိုမှ မထင်ခဲ့သည့် အဆင်းအင်္ဂါနှင့် သူမကို ငေးခနဲတော့ ဖြစ်သွားမိသည်။ အလွန်နုဖတ်သော အဝါရောင် ဖျော့ ဖျော့လေးကို အကွဲမပါဘဲ ခြေသလုံးနားမှာ ခပ်ဖွဖွလေးနှင့် အကျစ် ဝတ်ထား၏။





ရင်ဘတ်ရှေ့မှာ ပုလဲသီးရင်ထိုးနှင့် ရှုံ့ထားသော ရင်ခံဇာက ပခုံး သားလေးတွေပေါ် အထိ တွန့်လိပ်ဖွာချထားသည်။ မြင်နေကျလို မဟုတ် တော့ဘဲ ဆံပင်နီကျင်ကျင်က ဘယ်တုန်းကမှ သွားပြုပြင်လိုက်သည် သေ။ ရှေ့ဆံပင်ကို ဒီအတိုင်း ကကြိုးပုံချထားသည်မှာ နောက်ဆံပင် တွေ ဖြန့်ချထားသည်နှင့်အညီ သူမတော်တော်လေး လှနေပါ၏။

အထူးသဖြင့် ဖြူလွန်း၍ နီကျင်ကျင်အဆီပြန်နေတတ်သော မျက်နှာလေးက ဝတ်ထားသည့်အရောင်နှင့်လိုက်၍ ဝင်းဖန့်ဖန့်လေး ဖြစ်နေသည်။ မျက်ဝန်းလေးတွေကလည်း ပို၍မှောင်လဲ့နေ၏။ အစက သေိမသာ ရှိခဲ့သည့် မျက်တောင်လေးတွေက တစ်ချောင်းချင်း နက် မှောင်၍ ကော့နေသေးသည်။

သူမနေပုံထိုင်ပုံ စုတ်ပြတ်ပြတ်လေးနှင့် ဒီလောက်ကြီး လှလှပပ မြင်တတ်ဆင်တတ်လိမ့်မည်ဟု မထင်ခဲ့တာ အမှန်ပါ။ ပြီးတော့ ဝန်ခံရ ပါလျှင် သူမဒီလောက်ပြောင်းလဲလှပလာလိမ့်မည်လို့ မထင်ခဲ့။ ငေးခနဲ ဖြစ်သွားတာက အမှတ်တမဲ့ပေမယ့် သိသာသွားပြီထင်သည်။ သူမျက် မှောင်ကုတ်ပစ်၍ ခပ်တည်တည်ကြီး ပြန်လုပ်လိုက်ရသည်။

"ပြီးရင် သွားမယ်"

"အဲဒါ ပြောမလို့ ဟွန်း လူကို တစ်ခုခုပဲပြောတော့မလိုနဲ့ ကြည့်နေ ပြီးတော့"

ပွစိပွစိပြော၍ လှေကားသုံးထစ်ကို ခြေသံမြည်အောင် ဆင်းလာရင်း သူမက လူကိုမကြည့်ဘဲ မျက်စောင်းထိုးသေးသည်။

"ဘာလဲပြော"

ကောင်းက နာရီကြည့်၍ လက်ကို ဘောင်းဘီထဲထည့်လိုက်၏။

"ကလေးထိန်းပေးမယ့်သူက ဘယ်မှာလဲ အဲဒီမိန်းမမလာဘဲ ဘုန်းမ မလိုက်နိုင်ဘူး"

"ဟာ မင်းပြဿနာရှာပြန်ပြီ"

လက်နှစ်ဖက်လုံး ဘောင်းဘီထဲထည့်လျက်နှင့် ကောင်းက ဂျီဂျီ
နားရောက်လာ၏။

"သူက ဒီနားကပဲ ကိုးနာရီလောက်ဆိုလာမှာ အခု မင်းကလေး
တွေလည်း မနိုးသေးဘူး နာရီဝက်လောက်မှာ ဘာဖြစ်သွားနိုင်လဲ"

"အို ကလေးငိုနိုင်တာပေါ့ အငယ်လေးက ငိုတာနဲ့ နို့တန်းတိုက်
ရတာ ဒီနေ့ ရေဆန်လည်းနိုးမှာ မဟုတ်ဘူး ညက ကိုယ်ပူပြန်လို့
ဆေးတိုက်ထားတော့ အိပ်မောကျနေမှာ ကလေးထိန်းမလာဘဲ ကျွန်မ
မသွားနိုင်ဘူး"

"မင်း"

သူ စွေ့ခနဲ တိုးသွားပြီး ကိုယ်ရှိန်သတ်သည်။ ရင်ဘတ်ချင်း ထိ
တော့မတတ် ဖြစ်သွားပေမယ့် ဂျီဂျီကလည်း ဂရုမစိုက်စွာဘဲ ပေစောင်
စောင်း ပြန်ကြည့်၏။

"အဲဒီ ကလေးထိန်းတစ်ယောက်ထပ်ခေါ်ဖို့ကိစ္စက ဦးစိုးမိုး သဘော
သပ်ထည့်ပေးထားတဲ့အစီအစဉ် မင်းနဲ့ငါရဲ့ စာချုပ်မှာ လိုအပ်သလို
တိုင်း မင်းအဆင်သင့်ဖြစ်နေဖို့ပဲ ဒါတွေမပါဘူး"

"ဘာ..ရှင်ဘာပြောတယ်"

ဂျီဂျီ ဆတ်ခနဲဖြစ်သွားတော့မှ သူ့စကားမှားသွားပြီမှန်းသိသော
ကောင်း မျက်နှာရဲခနဲဖြစ်သွား၏။

ပြီးတော့ လည်ပင်းတစ်ချက်ပွတ်ပြီး မျက်နှာလွှဲကာ...

"ဆောရီး ခုလိုကိစ္စပေါ်တာကို ပြောတာ"

"ဟွန်း"

ဂျီဂျီက မဲ့ရွဲ့ပြီး နှာခေါင်းပါရှုံ့လိုက်သေးသည်။

"စာချုပ်ထဲမှာ ကလေးတွေနဲ့ ပတ်သက်ပြီး ဗီဇာမကြောင်ဖို့ ဘာ





ဘာလည်း ပါတယ် ဒီကလေးတွေနဲ့ ပတ်သက်လို့ ကျွန်မဘက်က ဘာ
မဆို အကြောင်းပြခွင့်ရှိတယ်"

"မရဘူး ခုလိုက်ခဲ့"

"အို"

ကောင်းက ဂျီဂျီလက်ကောက်ဝတ်လေးကို ဖတ်ခနဲ ဆုပ်ကိုင်ပြီး
ဆွဲချခေါ်သွား၏။ ယောကျ်ားနဲ့မိန်းမ သူတကယ်အကြမ်းဗရမ်းဖြစ်လာ
တော့ ဂျီဂျီခြေကန်ရုန်းတာလည်း မရပါ။ ကားထဲကို ထိုးထည့်တံခါး
ပိတ်ကာ သူပါဝင်ထိုင်သည်အထိ တံခါးလှည့်ဖွင့်တာလည်း မရ။ သူ့ကို
အော်နေတာလည်း အရာမထင်။

"ရှင် ဘယ်လိုလုပ်တာလဲ ကလေးတွေကို တိုက်ကြီးထဲမှာ ဘယ်
လို လုပ်ရမှာလဲ တံခါးဖွင့်ပေး အဲဒီလို အနိုင်ကျင့်တတ်နေရင် ရှင့်အ
လုပ်ကို ကျွန်မလက်မခံတော့ဘူး ယူထားတဲ့ငွေတွေ ပြန်ပေးမယ် ခုဖွင့်
တံခါးဖွင့်ပေး"

ကားက အရှိန်ပြင်းပြင်းနှင့် ပြေးထွက်သွားသည်။ တံခါးကလည်း
မပွင့် ကောင်းကလည်း ဂျီဂျီပြောသမျှကို မကြားသလိုပါ။ နောက်တော့
မှ လမ်းကြားတစ်ခုထဲသို့ ဝေါခနဲ ဝိုက်ကွေ့ဝင်သွားကာ...

"တီ..တီ"

ကားဟွန်းသံကို မုန်းစရာကောင်းလောက်အောင် ဆောင့်တီး
ပစ်လိုက်၏။ တိုက်ခံပျဉ်ထောင်အိမ်လေး တစ်အိမ်ထဲကနေ အမျိုး
သမီးတစ်ယောက် လှစ်ခနဲ ပေါ်လာပြီး ပြန်ပျောက်သွား၏။

ချက်ချင်းပဲ တံခါးကြီးကနေ ခပ်သုတ်သုတ်ဆင်းထွက်လာတော့
သူမလက်ထဲမှာ ဆွဲခြင်းလေးနှင့်ဖြစ်သည်။ ဆံပင်ကို နောက်မှာ ခပ်
တင်းတင်း ထုံးဖွဲ့လျက် နဖူးကို အပြောင်သိမ်းတင်ထားသဖြင့် အမျိုး
သမီးက ယဉ်စစလေးပါ။

"ကိုကောင်း ကျွန်မနောက်ကျလို့လားဟင် ဟို ခုမှ ရှစ်နာရီခွဲပြီး ရှစ်မိနစ်ပဲရှိပါသေးတယ်"

"မဟုတ်ပါဘူး ဒါပေမဲ့ ဒီနေ့တော့ စောစောပဲသွားပေးပါ အိမ်မှာ ကလေးတွေချည်းပဲမို့လို့"

"သြော် ဟုတ်ပါပြီ ဟုတ်ပါပြီ ခုပဲ သွားလိုက်မယ်နော် စိတ်ချပါ"

"ဒီမှာ အစ်မ"

မှန်အလုံတင်ထားသဖြင့် သူမပြောတာကို ကြားပုံမရသောကြောင့် ဂျီဂျီကမှန်ကို တအားပုတ်၍ ကောင်းကို လှည့်ရန်တွေ့သည်။

"ရှင့်ကားမှန်ကို ခေါင်းနဲ့တိုက်ချလိုက်ရမှာလား ဒီမှာ စကားပြော မလို့ဟာ ချပေးဖို့ စိတ်မကူးဘူး"

ကောင်းက လှည့်မကြည့်ဘဲ မှန်ကို လက်တစ်ခုံးသာသာလေးပဲ ကပ်စေးနဲစွာ ချပေးလေသည်။ ထိုအခါ ဂျီဂျီထိုင်နေရာကနေ ဒူးတစ် ဖက်ထောက် ထလိုက်ရကာ...

"အစ်မ"

"ဟင်..ညီမ"

အမျိုးသမီးက သူမရှိရာ ချက်ချင်းကပ်လာ၏။

အငယ်လေးအတွက် နို့မှုန့်ကိုလေ အချိုလုံးဝမထည့်ဘူးသိလား"

"သြော် အင်း ဟုတ်ပြီ"

"အပူသိပ်မပျောက်ခင် သူ့ကိုတိုက်ပေးနော် အေးစက်နေရင် ဒူ မသောက်ဘူး ပြီးတော့ အကြီးကောင်အတွက် ပေါင်မုန့်ကိုမီးကင်ပြီး"

စကားမဆုံးခင် ကားက သိမ့်ခနဲဆောင့်ထွက်၏။

"အမေ့"

အမှတ်တမဲ့မို့ ဂျီဂျီဆိုဖာပေါ်မှာ ပုံပျက်ပန်းပျက် ခွေကျသွား သည်။





"ရှင်..ရှင် ရိုင်းလှချေလားဟင်"

"မင်းကို ဘာလုပ်လို့ ရိုင်းရတာလဲ"

ဂျီဂျီဆိုဖာမှ ဆောင့်ခနဲ ပြန်ထိုင်လိုက်ပြီးမှ...

"ဒီမှာစကားမပြတ်သေးဘဲ ကားထွက်ရသလား"

"ဘာစကားလဲ မင်းမှာနေတာတွေ ဒီနေ့ပြီးဦးမှာလား"

ကောင်းက ကားမောင်းရင်း လှည့်မကြည့်ဘဲ ပြန်အော်သည်။ ှာလည်းစွာသည်။ စကားကလည်း များမှများ၊ ဒီမိန်းမမျိုး တကယ် ှားပါ၏။ ဂျီဂျီကလည်း နည်းနည်းမှ မခံပေ။

"ကလေးကိုသူကထိန်းမှာ ကလေးရဲ့အထာကိုသိအောင် ပြောရ မှာပဲ မဟုတ်ဘူးလား သူက ဘာသိမှာလဲ"

"မင်းထက် သိတယ် သူက မူကြိုကျောင်းက ဆရာမ အဆမတန် ပေးပြီး ခေါ်ထားရတာ"

"ဒါကတော့ ရှင်ပိုက်ဆံပေါတိုင်း ခေါ်တာပဲ ကျွန်မက ခေါ်ပါလို့ ပြောတာမှ မဟုတ်ဘဲ ကလေးနဲ့ ကျွန်မအတွက်က ဘာမှ မလိုဘူး ှင် လာမယ် သွားလာဖို့ရှိတယ်ဆို ဖုန်းကြိုဆက် ကြိုပြောရင် ရပြီ ခုတော့ ခုပဲပြော ခုပဲရောက်လာတော့ ကိုယ့်အပြစ်နဲ့ကိုယ်"

"နတ်ပန်းချီ"

"ဘာတုံး"

"မင်းပါးစပ်ကို ပိတ်ပြီး ငြိမ်ငြိမ်လေးလိုက်ခဲ့"

"ပိတ်လို့မရလို့ပေါ့ ရှင့်ဆရာမဆိုတာနဲ့ ကျွန်မကလေးတွေ"

"နတ်ပန်းချီ"

"ဘာလဲ...ဘာလဲ"

ဂျီဂျီက သူ့ဘက်ကို ဈေ့ခနဲလှည့်ထိုင်လိုက်ကာ...

"အဲ အဲဒီ နာမည်ကြီး ခဏခဏ မခေါ်စမ်းပါနဲ့ ရှင့်အသံကြောင့်

နာမည်ပျက်တယ် ဟွန်း မုန်းစရာကြီး”

ကျောင်း ဖျတ်ခနဲကြည့်သည်။ သူမ မျက်စောင်းထိုးပြီးသွားပြီ လား မထိုးဘဲ မဲ့ရွဲ့နေတာလား မသိ။ အရူးမလေးလို ရှုံ့တွမဲ့ရွဲ့ကာ ပွစိ ပွစိနှင့်....

“ဒီမှာ မင်းရဲ့ အဲဒီ စူပွပွ မျက်နှာကိုပြင်ပြီး ငါ့ကို ရိုသေတတ်ဖို့ အခု မိနစ်ပိုင်းနာရီပိုင်းအတွင်းမှာ ကြိုးစား ဒါ အရေးကြီးဆုံး ပထမ ဆုံး ဖိုင်နယ်အိပ်ဇမ်း”

“ဘာမှ မဆိုင်သလိုပဲ”

ဂျီဂျီက လှည့်ကြည့်၏။ နှစ်ယောက်အသံတိတ်ကြည့်နေကြပြီး မှ ကောင်းက လမ်းဘက်ကို ပြန်လှည့်၍..

“ဟုတ်တယ် မင်းအခု ဘွားနဲ့ ပထမဆုံးတွေ့မှာပေမယ့် အရေး ကြီးတယ် နောက်ထပ် ဒီလို ခဏခဏတွေ့နေဖို့ မလိုတော့ဘဲ ဒီအချိန် မှာ ယုတ္တိရှိမှ လက်ထပ်ဖို့ ဖြစ်သွားမှာ ဒါကြောင့် ဒါဟာ ပထမဆုံးနဲ့ နောက်ဆုံးပဲ”

“ဦးကောင်းကင်ရောင်”

“အစ်ကိုဖြမ်ဖြစ် မောင်ဖြစ်ဖြစ် တစ်ခုခုခေါ်”

“အံမယ်”

ပြောပုံက ခပ်တည်တည်ကြီး သူလည်းတမင်တကာ တည်တင် ပြောလိုက်ရတာမို့ ဂျီဂျီက မျက်ခုံးနှစ်ဖက်ပင့်၍ လှည့်ကြည့်တော့ ကောင်း မျက်နှာနီသွားသည်။

“လိုအပ်လို့ပြောနေတာ ငါက ငါ့ချစ်သူကိုပဲ ယူပါရစေလို့ နှင်း တောင်းထားရတာ ချစ်သူပုံစံတော့ ခေါ်ရပြောရမှာပေါ့”

“ဘာဖြစ်လဲ တချို့ဆို ညားနေကြတာတောင် အဖေကြီး အမေကြီး နဲ့ တချို့ကျတော့ ကလေးတို့အဖေ ဘာညာတောင်ခေါ်ကြတာပဲ ကိုယ့်





မောင်မောင်ခေါ်မှ ဖြစ်တာလား”

သူက မချိုမချဉ်ပြုံးကာ..

“မင်းက ငါ့ကို ကလေးတို့အဖေလို့ ခေါ်ချင်လို့လား”

“အို မဟုတ်တာ”

ဂျီဂျီရှက်သွားတာကို သူအမိအရလိုက်ကြည့်သည်။ ဖားလျားချ ထားသည့် ဆံပင်တွေ မျက်နှာတစ်ခြမ်းကို အုပ်ကျသွားတဲ့အထိ လှည့် ၍ ဂျီဂျီ ချက်ချင်းတိတ်ကျသွားပြီ။

အရှိန်မြှင့်၍ မောင်းလာသည့်ကားလေးက ရန်ကုန်မြို့ထဲ ဝင်လာ ခဲ့၏။

★ ★ ★ ★ ★

## အခန်း (၁၂)

တိုက်ကြီးက ဂျီဂျီတို့တိုက်ကြီးလိုပဲ ဖြစ်ပေမယ့် တစ်တိုက်လုံး ဖိတ်ဖိတ်လက်နေသည်။ တိုက်တန်ဖိုးချည်းပဲ တွက်ရင်တောင် အထော ကြီး ခြားနားပါလိမ့်မည်။ အတွင်းမှာ ထည့်သွင်းထားသည့် ပရိဘော အဆောင်အယောင်များက ဘယ်လိုအမျိုးအစား ဘယ်လောက်တန် ကြီးမယ်မှန်းပင် မခန့်မှန်းနိုင်။

တံခါးဝမှာ မတ်တပ်ရပ်လိုက်ကတည်းက ပွတ်လုံးရပ်ကြွများနှ လှပထည်ဝါနေသော စားပွဲထိပ်ကုလားထိုင်မြင့်ကြီးပေါ်က အဘွား တစ်ယောက်ကို မြင်လိုက်ရ၏။ အဘွားအိုသည် ဇရာ၏လက္ခဏာ ဖြင့် ပါးရေတွန့်၍ ရင့်ရော်နေသော်လည်း မျက်လုံးများကတော့ စူးလ နေဆဲဖြစ်၏။

ရှားရင့်ရောင်အပွင့်နှင့် ကတ္တီပါထမီ ကတ္တီပါရင်ဖုံးအညိုမှာ ကြ သီးတို့က ဖိတ်ဖိတ်လက်နေသည်။ ပြီးတော့ ချက်လောက်ထိ အပြ လိုက် ရှည်ကျနေသော ရွှေကြိုးနှင့် အကြောပြိုင်းပြိုင်းထနေသည့် လက်ချောင်းတို့မှာ စိန်လက်စွပ်တွေ ဝင်းဝင်းလက်လက်ရှိနေဆဲ။

နဖူးမှ သိမ်းလှန်ပြီး၍ အခွေလိုက်ထိုးစိုက်ထားသည့် ဆံထုံး အစ တစ်ကိုယ်လုံးမှာ ပြိုးပြက်လက်နေသည်။





"လာကြလေကွယ်"

သူမက နောက်ပါးမှာ ရပ်နေသည့် မိန်းကလေးကို ထွက်သွားဖို့ လက်ပြလိုက်ပြီး ဂျီဂျီတို့ကို ခေါ်၏။

"လာ"

ခုကျတော့ နူးညံ့တတ်နေလိုက်တာ သူ့မှာ။ ဂျီဂျီလက်ဖဝါးလေး ကို ဖွဖွလေးဆုပ်ကိုင်ကာ ဘွား၏ဘေးက နှစ်ယောက်တွဲ ကုလားထိုင် မှာ အတူထိုင်သည်။

ဝင်လာကတည်းက ဂျီဂျီ့ကိုသာ စူးစိုက်ကြည့်နေသည့် ဘွား၏ မျက်လုံးတွေက သူမနှင့် အနီးဆုံးမှာ ထိုင်လိုက်သည်အထိ တစ်ချက် မှ မလွှဲသေး။

"ဒီနားတိုးထိုင်စမ်း မြေး"

"ရှင်"

မြေးဆိုတော့ သူ့ကိုပြောတာလား ကိုယ့်ကိုလားမသိ ဂျီဂျီ ကြောင် တောင်တောင်မော့ကြည့်တော့ ကောင်းက သူမလက်မောင်းကို ခပ် ဖိဖိဆုပ်ကိုင်ပြီး...

"ဘွားနားကို တိုးထိုင်လေ"

ဟုပြောသည်။ ဒီတော့မှ ဂျီဂျီမရဲတရဲရွှေ့ဖြစ်သည်။

"မြေးရဲ့ မိဘတွေက ဆုံးကုန်ကြပြီဆို"

"ရှင်"

ဘာမှလည်း ကြိုပြောမထား။ ဘယ်လိုမေးရင် ဘယ်လိုဖြေ ဒါက ဘယ်လိုပြောထားတာ မင်းက ဘာပြော စသဖြင့် ဘာမှ ဓာတ်မတိုက် ဘဲ ဆွဲချခေါ်လာသည့် သူ့ကိုပဲ မျက်စောင်းထိုးမိတော့မလိုဖြစ်ကာ...

"ဆုံးကုန်ကြပြီဘွား သူတို့ မောင်နှမသုံးယောက်ပဲကျန်ခဲ့တာလေ အဲဒါကြောင့် သူတို့နေတဲ့ မော်ဘီအိမ်မှာပဲ နေချင်လို့ သူပြောနေတာ

ဘွားကလည်း ဘွားနားမှာထားမှဆိုတော့ ကြားထဲက ကျွန်တော် စိတ်ညစ်တာပေါ့"

သူက ညည်းညူသလိုပြောကာ ဂျီဂျီကိုပါ သိစေလိုက်၏။ ဘွားကသူ့ကိုမကျေမလည်ပုံစံနှင့်ကြည့်၍ မျက်မှန်ကြီးကိုပင့်လိုက်၏။

"ဘယ့်နှယ် မင်းနဲ့ငါ မြေးအဘွားနှစ်ယောက်ပဲရှိတာကို ဒီမှာ တိုက်ကြီးကလည်း ကျယ်လိုက်တာမှ ဝါသနာပါရင် ဘောလုံးကန်လို့ရတယ် တခြားမှာနေစရာလား"

"ဒီ..ဒီလိုပါ ဘွားရယ် ဟို ဂျီဂျီ့မှာ လူမမယ်မောင်လေးနှစ်ယောက်နဲ့ဆိုတော့ ဘွား စိတ်ညစ်မှာစိုး..."

"ဘာ..ဘယ်လို လူမမယ်ဆိုတာ ဘယ်အရွယ်တွေလဲ မြေး ပြောတော့"

"ဩော်..ဘွားကလည်း အလယ်တန်း ကျောင်းသားတွေလေ သူက ချစ်တော့ သူ့မောင်တွေကို လူမမယ်လို့ပဲ ထင်တာပေါ့"

"ဩော်...ကွယ်"

ဂျီဂျီက မအီမလည်ကြီးပြုံး၍ ကောင်းကို မျက်လုံးပြူးကြည့်သည်။ ကောင်းက မျက်မှောင်ကုတ်၍ အံကြိတ်ပြ၏။ ဘွားအဲဒီလောက်ထိ မျက်လုံးမကောင်းတာကို သူသိသည်။ မျက်မှောင်ကုတ်တာ မျက်လုံးပြူးတာ ကျဉ်းတာထိ ဘွားသတိထားမိမှာမဟုတ်။

"မိဘမဲ့လေးတွေဆိုတော့လည်း ခေါ်ရမှာပေါ့ ဒီမှာပဲလာနေကြပါ"

"မဟုတ်ဘူး ဘွားရဲ့ ယောကျ်ားလေးတွေဆိုတော့ တအားဆော့တာ ဘွားစိတ်ညစ်မှာစိုးလို့ပါ"

ဒေါ်ရတီက ခေါင်းညိတ်လိုက်ပြီး အမှတ်တမဲ့ ဂျီဂျီလက်ဖဝါးလေးတစ်ဖက်ကို ဆွဲယူလိုက်၏။

"မြေးက ကပြားလား စိတ်တော့မရှိနဲ့ကွယ် ဘွားက မြေးကချော





ဘယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ကြည်ဖြူပါတယ် တစ်ခုတော့ရှိတယ် လူမျိုးခြားနဲ့ မဖြစ်စေချင်ဘူး လူမျိုးကွဲရင် ဘာသာကွဲမယ် ကိုးကွယ်မှုတွေ ရှုပ်လာမှာစိုးတယ်"

"မဟုတ်ဘူးဘွား ဂျီဂျီက မြန်မာစစ်စစ်ပါ"

"ဘာ ဂျီဂျီဟုတ်လား"

ဒေါ်ရတီက မျက်မှောင်ကုတ်သွားပြန်သည်။

"နတ်ပန်းချီဆို နာမည်လေးက လှသားနဲ့ ဘာဖြစ်လို့ ဂျီဂျီဖြစ်သွားတာလဲ"

"အဲဒါ"

ရှေ့ကဝင်ဖြေသည့် ကောင်းပါးစပ် ပိတ်သွားသည်။ သူမှ မသိဘဲ။

"ဒီလိုပါ ဂျီဂျီကလည်း နတ်ပန်းချီပါပဲ ပန်းချီက နောက်စာလုံးကို ချီလို့မခေါ်ဘဲ အသံထွက်အတိုင်း ဂျီလို့ခေါ်ရင်း ဂျီဂျီဖြစ်သွားတာ"

"ဩော်"

ဒေါ်ရတီက ဂျီဂျီလက်ဖဝါးကိုသာမကဘဲ လက်မောင်းနားထိ ဖွဖွလေး ပွတ်၍ ဆုပ်ကိုင်နေကာ...

"မိန်းမကောင်း မိန်းမမြတ်ဆိုတာ ဒီလိုမှပေါ့ကွယ် အသားရည်နုးညံ့ရတယ် ထိလိုက်ကိုင်လိုက်တာနဲ့ နူးညံ့နွေးထွေးပြီး စွဲလမ်းတပ်မက်မှုကို ဖြစ်စေတာမျိုး"

ဂျီဂျီမပြုံးနိုင် မမဲ့ရဲနှင့် နှုတ်ခမ်းလေးတွေပွင့်လျက် မဲ့မဲ့ရွဲ့ရွဲ့ကြီးဖြစ်နေသည်။ ကောင်းကတော့ မသိမသာ ပခုံးတွန့်၍ တစ်ဖက်လှည့်မဲ့သည်။

"မြေးက အသားတော်တော်ဖြူတာပဲ လက်ကလေးတွေကအစ ဝိုရဲနေတာပဲ"

ဘွားက မျက်မှန်ကိုပင့်၍ သေချာကိုကြည့်နေတာဖြစ်၏။ မလွယ်

ဘွားကလည်း ဘွားနားမှာထားမှဆိုတော့ ကြားထဲက ကျွန်တော် စိတ်ညစ်တာပေါ့"

သူက ညည်းညူသလိုပြောကာ ဂျီဂျီကိုပါ သိစေလိုက်၏။ ဘွားကသူ့ကိုမကျေမလည်ပုံစံနှင့်ကြည့်၍ မျက်မှန်ကြီးကိုပင့်လိုက်၏။

"ဘယ့်နှယ် မင်းနဲ့ငါ မြေးအဘွားနှစ်ယောက်ပဲရှိတာကို ဒီမှာ တိုက်ကြီးကလည်း ကျယ်လိုက်တာမှ ဝါသနာပါရင် ဘောလုံးကန်လို့ရတယ် တခြားမှာနေစရာလား"

"ဒီ..ဒီလိုပါ ဘွားရယ် ဟို ဂျီဂျီ့မှာ လူမမယ်မောင်လေးနှစ်ယောက်နဲ့ဆိုတော့ ဘွား စိတ်ညစ်မှာစိုး..."

"ဘာ..ဘယ်လို လူမမယ်ဆိုတာ ဘယ်အရွယ်တွေလဲ မြေး ပြောတော့"

"ဩော်..ဘွားကလည်း အလယ်တန်း ကျောင်းသားတွေလေ သူက ချစ်တော့ သူ့မောင်တွေကို လူမမယ်လို့ပဲ ထင်တာပေါ့"

"ဩော်...ကွယ်"

ဂျီဂျီက မအီမလည်ကြီးပြုံး၍ ကောင်းကို မျက်လုံးပြူးကြည့်သည်။ ကောင်းက မျက်မှောင်ကုတ်၍ အံကြိတ်ပြ၏။ ဘွားအဲဒီလောက်ထိ မျက်လုံးမကောင်းတာကို သူသိသည်။ မျက်မှောင်ကုတ်တာ မျက်လုံးပြူးတာ ကျဉ်းတာထိ ဘွားသတိထားမိမှာမဟုတ်။

"မိဘမဲ့လေးတွေဆိုတော့လည်း ခေါ်ရမှာပေါ့ ဒီမှာပဲလာနေကြပါ"

"မဟုတ်ဘူး ဘွားရဲ့ ယောကျ်ားလေးတွေဆိုတော့ တအားဆော့တာ ဘွားစိတ်ညစ်မှာစိုးလို့ပါ"

ဒေါ်ရတီက ခေါင်းညိတ်လိုက်ပြီး အမှတ်တမဲ့ ဂျီဂျီလက်ဖဝါးလေးတစ်ဖက်ကို ဆွဲယူလိုက်၏။

"မြေးက ကပြားလား စိတ်တော့မရှိနဲ့ကွယ် ဘွားက မြေးကချစ်





ဘယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ကြည်ဖြူပါတယ် တစ်ခုတော့ရှိတယ် လူမျိုးခြားနဲ့ မဖြစ်စေချင်ဘူး လူမျိုးကွဲရင် ဘာသာကွဲမယ် ကိုးကွယ်မှုတွေ ရှုပ်လာမှာစိုးတယ်"

"မဟုတ်ဘူးဘွား ဂျီဂျီက မြန်မာစစ်စစ်ပါ"

"ဘာ ဂျီဂျီဟုတ်လား"

ဒေါ်ရတီက မျက်မှောင်ကုတ်သွားပြန်သည်။

"နတ်ပန်းချီဆို နာမည်လေးက လှသားနဲ့ ဘာဖြစ်လို့ ဂျီဂျီဖြစ်သွားတာလဲ"

"အဲဒါ"

ရှေ့ကဝင်ဖြေသည့် ကောင်းပါးစပ် ပိတ်သွားသည်။ သူမှ မသိဘဲ။

"ဒီလိုပါ ဂျီဂျီကလည်း နတ်ပန်းချီပါပဲ ပန်းချီက နောက်စာလုံးကို ချီလို့မခေါ်ဘဲ အသံထွက်အတိုင်း ဂျီလို့ခေါ်ရင်း ဂျီဂျီဖြစ်သွားတာ"

"ဩော်"

ဒေါ်ရတီက ဂျီဂျီလက်ဖဝါးကိုသာမကဘဲ လက်မောင်းနားထိ ဖွဖွလေး ပွတ်၍ ဆုပ်ကိုင်နေကာ...

"မိန်းမကောင်း မိန်းမမြတ်ဆိုတာ ဒီလိုမှပေါ့ကွယ် အသားရည်နုးညံ့ရတယ် ထိလိုက်ကိုင်လိုက်တာနဲ့ နူးညံ့နွေးထွေးပြီး စွဲလမ်းတပ်မက်မှုကို ဖြစ်စေတာမျိုး"

ဂျီဂျီမပြုံးနိုင် မမဲ့ရဲနှင့် နှုတ်ခမ်းလေးတွေပွင့်လျက် မဲ့မဲ့ရွဲ့ရွဲ့ကြီးဖြစ်နေသည်။ ကောင်းကတော့ မသိမသာ ပခုံးတွန့်၍ တစ်ဖက်လှည့်မဲ့သည်။

"မြေးက အသားတော်တော်ဖြူတာပဲ လက်ကလေးတွေကအစ ခိုရဲနေတာပဲ"

ဘွားက မျက်မှန်ကိုပင့်၍ သေချာကိုကြည့်နေတာဖြစ်၏။ မလွယ်

ပါလား ရိုင်းရိုင်းပြောရလျှင် ရှမ်းနွားကြည့်တာထက် ဆိုးမလား။

"မြေးကို ဘွားက မာယာငုံနဲ့ လက်ထပ်ထားတယ်လို့ကြားတာ ဒီမိန်းကလေးနဲ့ဆိုလည်း လက်ထပ်ပြီးပြီဆိုရင်တော့ ခွင့်ပြုရမှာပေ မယ့် ဘွားလုံးဝသဘောမတူဘူး ခုတော့ ဘွားဝမ်းသာလိုက်တာကွယ် မြေးက နှစ်သက်တယ် မျိုးရိုးဗီဇ သန့်ရှင်းတယ်ဆိုပြီးတာပါပဲ"

ထိုနေရာမှာ နာမည်ပျက်များနှင့် မျက်နှာငယ်စွာ ဆုံးပါးခဲ့ရရှာ သော မေမေ့ကိုမြင်ယောင်ကာ ဂျီဂျီမျက်နှာလေး ငယ်သွား၏။ ဂျီဂျီ မျိုးရိုးသန့်ပါတယ်လို့ ဘွားက ဘာဖြစ်လို့ သတ်မှတ်လိုက်တာလဲ သူဘာ ပြောထားခဲ့လဲ မျက်လုံးချင်းဆုံတော့ သူက ဘာသိဘာသာပဲနေ၏။

ဂျီဂျီအံကြိတ်ထားလိုက်မိသည်။ ဘာဖြစ်လဲ မေမေမှားခဲ့တာမှ မဟုတ်ဘဲ။ လူယုတ်မာက ဖျက်ဆီးခဲ့လို့...

"ဘွားကတော့ မြေးကိုချစ်ခင်ယုယပြီးအလိမ္မာအိမ်ပါလေးဆို ပို တောင်သဘောကျသေးတယ် စောစောကလေ မြေးရဲ့ ဆံပင်တွေအ အနက်ရောင်မဟုတ်လို့ ဘွားကမေးတာ"

ဒေါ်ရတီက ပြောနေရင်း မျက်မှန်ကိုပင့်၍ ဂျီဂျီဆံပင်တွေကို သေချာကြည့်ပြန်သည်။

"ဒါဆို မြေးက ဆေးဆိုးထားတာလား"

"ဟင့်အင်း ဆံပင်ကတော့ နဂိုကတည်းက ဒီအရောင်ပါပဲ"

"ချစ်စရာလေးပဲ ကောင်းတယ် ကောင်းတယ် အသားကပန်း ရောင်လေးနဲ့ ဆံပင်က နီနီနဲ့ဆိုတော့ ဗိုလ်ကပြားမလေးလိုပဲ ကလေး လည်းဆန်တယ် မြေးက အချက်အပြုတ် ကျွမ်းကျင်ရဲ့လားကွယ်"

"ဟုတ်ကဲ့ဘွား ချက်တတ်ပါတယ်"

"ကောင်းတယ် မိန်းကလေးဆိုတာ ဘယ်လောက်ချမ်းသာ ချမ်း သာ မီးဖိုချောင်ကို နိုင်ကိုနိုင်ရမယ် ယောကျ်ားဆိုတာမျိုးကလည်း





ါးစပ်ထဲထည့်မယ့် ထမင်းလုတ်ကိုတောင် မိန်းမက ဟင်းကလေး ့ထည့်ပေးတဲ့အထိ စောင့်တတ်တဲ့အမျိုး၊ အဲဒါမှလည်း သက်တမ်းရှည် မယ့် အိမ်ထောင်ရေးဖြစ်မှာလေ။ ဘွားက မြေးကိုဆရာလုပ်တတ်တဲ့ ခေတ်ပညာတတ် အရှိန်အဝါမြင့်မြင့် အရမ်းတော်တာမျိုးနဲ့လည်း မဖြစ် စေချင်ပါဘူး။ ပညာချင်းပြိုင် မာနချင်းပြိုင်နဲ့ မြေးမှာသာယာမှုကိုရ တော့မှာမဟုတ်ဘူး ခုတော့ ကောင်းပါတယ် သမီးမြေးမလေးက စည်း ိမ်ချမ်းသာပါဖို့မလိုဘူး ဘွားကိုမြေးကို ကြင်ကြင်နာနာ ပြုစုယုယ ာတတ်ဖို့ပဲလိုတာ"

"ဟုတ်"

"မြေးတို့က လက်ထပ်ပြီးကြပြီဆို"

ဒီတစ်ခါ ကောင်းကဝင်၍ ခေါင်းညိတ်ကာ...

"ဟုတ်ကဲ့ဘွား ဘွားကသဘောမတူမှာစိုးတာနဲ့ ကျွန်တော်..."

"ဖြစ်ရလေ မြေးရယ် မြေးအိမ်ထောင်ပြုစေချင်တာတစ်ခုကလွဲ ရင် ဘွားဘာများ စည်းကမ်းဖေယားတွေ ချထားတာရှိလို့လဲ လွတ်လပ် ွာ ရွေးချယ်ခွင့်ပေးထားတာကို စိုးရိမ်နေရသလား ဒါဆို မြေးတို့ နှစ် ယောက်က ဟိုဥစ္စာ"

"အို"

"ဟာ..ဘွား မဟုတ်ဘူး"

နှစ်ယောက်သား လန့်လန့်ဖျပ်ဖျပ် ထပြောကြတော့ ဘွားက မျက်လုံးပြူးနှင့် ပြန်ကြည့်၏။

"ဟော့တော် ဘွားလည်း ဘာမှ မမေးရသေးပါလား"

"အဟွန်း..ဟို..အဲ..အဲဒါ"

"ဘွားကလည်း"

မျက်နှာတွေနီကာ ကောင်းက ဆံပင်သပ်၍ရယ်သည်။ ဂျီဂျီက

ပါလား ရိုင်းရိုင်းပြောရလျှင် ရှမ်းနွားကြည့်တာထက် ဆိုးမလား

"မြေးကို ဘွားက မာယာငုံနဲ့ လက်ထပ်ထားတယ်လို့ကြ
ဒီမိန်းကလေးနဲ့ဆိုလည်း လက်ထပ်ပြီးပြီဆိုရင်တော့ ခွင့်ပြု
မယ့် ဘွားလုံးဝသဘောမတူဘူး ခုတော့ ဘွားဝမ်းသာလိုက်တာ
မြေးက နှစ်သက်တယ် မျိုးရိုးဗီဇ သန့်ရှင်းတယ်ဆိုပြီးတာပါပဲ"

ထိုနေရာမှာ နာမည်ပျက်များနှင့် မျက်နှာငယ်စွာ ဆုံးပါးခဲ့
သော မေမေ့ကိုမြင်ယောင်ကာ ဂျီဂျီမျက်နှာလေး ငယ်သွား၏။
မျိုးရိုးသန့်ပါတယ်လို့ ဘွားက ဘာဖြစ်လို့ သတ်မှတ်လိုက်တာလဲ သူ
ပြောထားခဲ့လဲ မျက်လုံးချင်းဆုံတော့ သူက ဘာသိဘာသာပဲနေ

ဂျီဂျီအံကြိတ်ထားလိုက်မိသည်။ ဘာဖြစ်လဲ မေမေမှားခဲ့တာ
မဟုတ်ဘဲ။ လူယုတ်မာက ဖျက်ဆီးခဲ့လို့...

"ဘွားကတော့ မြေးကိုချစ်ခင်ယုယပြီးအလိမ္မာအိမ်ပါလေးဆို
တောင်သဘောကျသေးတယ် စောစောကလေ မြေးရဲ့ ဆံပင်တွေ
အနက်ရောင်မဟုတ်လို့ ဘွားကမေးတာ"

ဒေါ်ရတီက ပြောနေရင်း မျက်မှန်ကိုပင့်၍ ဂျီဂျီဆံပင်တွေ
သေချာကြည့်ပြန်သည်။

"ဒါဆို မြေးက ဆေးဆိုးထားတာလား"

"ဟင့်အင်း ဆံပင်ကတော့ နဂိုကတည်းက ဒီအရောင်ပါပဲ"

"ချစ်စရာလေးပဲ ကောင်းတယ် ကောင်းတယ် အသားကပ
ရောင်လေးနဲ့ ဆံပင်က နီနီနဲ့ဆိုတော့ ဗိုလ်ကပြားမလေးလိုပဲ က
လည်းဆန်တယ် မြေးက အချက်အပြုတ် ကျွမ်းကျင်ရဲ့လားကွယ်"

"ဟုတ်ကဲ့ဘွား ချက်တတ်ပါတယ်"

"ကောင်းတယ် မိန်းကလေးဆိုတာ ဘယ်လောက်ချမ်းသာ ချ
သာ မီးဖိုချောင်ကို နိုင်ကိုနိုင်ရမယ် ယောကျ်ားဆိုတာမျိုးကလည်း





ပ်ထဲထည့်မယ့် ထမင်းလုတ်ကိုတောင် မိန်းမက ဟင်းကလေး
ည့်ပေးတဲ့အထိ စောင့်တတ်တဲ့အမျိုး၊ အဲဒါမှလည်း သက်တမ်းရှည်
 အိမ်ထောင်ရေးဖြစ်မှာလေ။ ဘွားက မြေးကိုဆရာလုပ်တတ်တဲ့
တ်ပညာတတ် အရှိန်အဝါမြင့်မြင့် အရမ်းတော်တာမျိုးနဲ့လည်း မဖြစ်
ချင်ပါဘူး။ ပညာချင်းပြိုင် မာနချင်းပြိုင်နဲ့ မြေးမှာသာယာမှုကိုရ
ာ့မှာမဟုတ်ဘူး ခုတော့ ကောင်းပါတယ် သမီးမြေးမလေးက စည်း
ချမ်းသာပါဖို့မလိုဘူး ဘွားကိုမြေးကို ကြင်ကြင်နာနာ ပြုစုယုယ
တ်ဖို့ပဲလိုတာ"

"ဟုတ်"

"မြေးတို့က လက်ထပ်ပြီးကြပြီဆို"

ဒီတစ်ခါ ကောင်းကဝင်၍ ခေါင်းညိတ်ကာ...

"ဟုတ်ကဲ့ဘွား ဘွားကသဘောမတူမှာစိုးတာနဲ့ ကျွန်တော်.."

"ဖြစ်ရလေ မြေးရယ် မြေးအိမ်ထောင်ပြုစေချင်တာတစ်ခုကလွဲ
င် ဘွားဘာများ စည်းကမ်းဖေယားတွေ ချထားတာရှိလို့လဲ လွတ်လပ်
ာ ရွေးချယ်ခွင့်ပေးထားတာကို စိုးရိမ်နေရသလား ဒါဆို မြေးတို့ နှစ်
ယောက်က ဟိုဥစ္စာ"

"အို"

"ဟာ..ဘွား မဟုတ်ဘူး"

နှစ်ယောက်သား လန့်လန့်ဖျပ်ဖျပ် ထပြောကြတော့ ဘွားက
မျက်လုံးပြူးနှင့် ပြန်ကြည့်၏။

"ဟော့တော် ဘွားလည်း ဘာမှ မမေးရသေးပါလား"

"အဟွန်း..ဟို..အဲ..အဲဒါ"

"ဘွားကလည်း"

မျက်နှာတွေနီကာ ကောင်းက ဆံပင်သပ်၍ရယ်သည်။ ဂျီဂျီက

တစ်ဖက်လှည့်ပစ်၏။ ဘွားက သဘောကျသွားသလို အသံထွက်အောင် ရယ်လိုက်ပြီး...

"ခက်ပဲ ခက်ရချည်ရဲ့ ငါ့နှယ် လင်မယားတော်ကြဖို့တော့ ဘယ်သူမှ မတိုက်တွန်းရဘူး၊ ပေါင်းသင်းကြပြီလားမေးတာကို မိုးကြိုးပစ်တာကျနေတာပဲ"

"ဘွား ဆေးသောက်ချိန်ရောက်ပါပြီ"

အိမ်ဖော်ကောင်မလေးက အနားရောက်လာပြီး သောက်ရေခွက်နဲ့ ဆေးထည့်သော ပန်းကန်ငယ်လေးတင်ထားသည့် ဗန်းကို စားပွဲပေါ်မှာ တရိုတသေချသည်။

"ထားခဲ့ပြီး သွားတော့"

ကောင်မလေး ပြန်ထွက်သွားတော့ ဒေါ်ရတီက ပြောလက်စကို ဆက်၏။

"မင်္ဂလာကိစ္စကို သိပ်တော့မကျယ်တော့ဘူး ဒါပေမဲ့ ဖိတ်စာတော့ နှစ်ရာတော့ ရိုက်ထားရမယ် ဘယ်လိုပဲကျဉ်းကျဉ်း မဖိတ်လို့မဖြစ်တဲ့ လူတွေချည်းပဲကွယ်"

မြတ်စွာဘုရား သိပ်အကျယ်မဟုတ်တဲ့ မင်္ဂလာပွဲက လူနှစ်ရာတောင်။ ရင်တွေ တဒိန်းဒိန်း ဆောင့်ခုန်လာသည်။ ဟန်ဆောင်လက်ထပ်ရတာဟာ သူမထင်သလို အခန်းတစ်ခန်းထဲမှာ စာချုပ်နှစ်စောင်နဲ့ တိုးတိုးကြိတ်ကြိတ် မဟုတ်ဘူးလား။ ဒီလိုတော့ မဖြစ်နိုင်ပါ သိသာသိစေ မမြင်စေနဲ့တဲ့။ ကိုယ့်ကိုယ်ကို တန်ဖိုးမဲ့စွာ သဘောထား၍ ရောင်းစားခဲ့သော်လည်း...

"ဘွား"

"ဟင် ပြောလေ ဘာလိုသလဲ"

"မင်္ဂလာဧည့်ခံပွဲက မလုပ်လို့ မဖြစ်ဘူးလားဟင်"





"ဟေ ဘာဖြစ်လို့လဲ မိန်းကလေးတစ်ယောက်အတွက် တစ်သက်မှာ တစ်မင်္ဂလာပဲ မြေးမကတောင် ဝမ်းသာရဦးမှာ ဘွားရဲ့မြေးကိုသာ ရရင် သူတို့စရိတ်နဲ့သူတို့အကုန်ခံပြီး ကြီးကြီးကျယ်ကျယ်လက်ချင်းချိတ် မင်္ဂလာဆောင်ချင်ကြတဲ့သူတွေ အများကြီးထဲမှာ ဘွားက ပကာသန မမက်တဲ့ ဘွားတို့သဘောကို အများသိအောင် ကြေညာလိုက်တဲ့ သဘောပဲ။ အထူးသဖြင့် ဘယ်သူဘယ်လောက်ချမ်းသာချမ်းသာ ဘွား ဂရုမစိုက်ဘူးဆိုတာကို ပြတာလေ ငါ့မြေးအတွက် စည်းစိမ်ဥစ္စာ ထပ်မလိုတော့ဘူး အကြင်နာမေတ္တာတွေပဲလိုတာ ဒါကြောင့် မြေးချစ်တဲ့ မိန်းကလေးကို ဘွားကလည်းချစ်တယ် မြေးက တန်ဖိုးထားလို့ လက်ထပ်တာပဲ ဒါကြောင့် ဘွားကလည်း တန်ဖိုးထားပြီး တင့်တင့်တယ်တယ် လုပ်ပေးချင်တာ"

"တကယ့်ကို ဘွားရဲ့ ကျန်းမာရေးကြောင့် မဟုတ်ဘူးဆိုရင် နာမည်ကြီး ဟိုတယ်မှာ တခမ်းတနား လုပ်ပေးဦးမှာ"

"ဒီလိုပါ ဘွားရယ် ဟိုလေ ဂျိုဂျို့ဘက်က လူကြီးမိဘမရှိတော့"

"ဒါမလိုပါဘူးကွယ် ဂရုစိုက်တဲ့လူတွေကတော့ တခမ်းတနား ဂုဏ်တွေ ဒီဂရီတွေနဲ့ ထည့်ချင်ထည့်မယ် ဘွားအတွက်မလိုဘူး အဓိကက မင်္ဂလာပွဲဟာ ဖြစ်သင့်သလောက် ဖြစ်သွားဖို့ပဲ မြေးကို အိမ်ထောင်ချပေးပြီးရင် စိတ်ချပြီ ဘွားက ခုကောင်းပေမယ့် တော်ကြာ ဖောက်ချင်ဖောက်လာတာ"

"ခုလည်း ဆေးသောက်လိုက်ပါဦး ဘွားရယ် ဆေးဆိုတာ အချိန်မှန်သောက်မှ ဆေးပတ်လည်ပြီး ထိရောက်တာ"

စကားဖြတ်ပြောပြီး ထိုင်ရာကနေ ပုဆစ်တုတ်လေး ထိုင်ချကာ ဂျိုဂျိုက ဆေးနဲ့ရေကိုယူ၍ ဒေါ်ရတီကို တရိုတသေပေးသည်။ ဒေါ်ရတီက ပီတိလွှမ်းသော မျက်နှာကြီးနှင့် ဆေးကို ယူသောက်လိုက်သည်။

သောက်ပြီးသည့် ရေခွက်ကို ပြန်ပေးလိုက်ပြီးမှ....

"ဘွားက အဲဒီလို မြေးချွေးမလိုချင်နေတာ ကြာပြီ အိမ်ဖော်ဆိုတာ အိမ်ဖော်လိုပဲကောင်းတာ ကိုယ်ပေးနိုင်လို့ သူတို့က တာဝန်ကျေနေတာ ချွေးမကျတော့ ဆိုးတာတွေ ရှိသလို ကောင်းတဲ့မိန်းကလေးတွေလည်း ရှိတာပါပဲ။ သံပုရာသီးကို ကြိုးကြာဥလို့ ညာကျွေးတဲ့ ချွေးမမျိုးကတော့ ခြွင်းချက်ပေါ့။ သဘောထားနူးညံ့တဲ့ မိန်းကလေးတွေဆို ချွေးမပေမယ့် သမီးလေးလိုပဲ မမြိုင်တို့ ချွေးမလေးကို မြေးသိလား"

သူ့ကိုမေးတော့ ကောင်းခေါင်းညိတ်ရသည်။

"ယောက္ခထီးကြီးက ကိုယ်တစ်ပိုင်းသေနေတာမို့လား သမီးနှစ်ယောက်တောင်ရှိတာ ဘယ်မှာလှည့်ကြည့်လို့လဲ လူမမာစာလေးတွေ ဝယ်ပေး စပါယ်ရှယ်နှာ့စ်တွေ ထားပေးပါရဲ့ ခဏတဖြုတ်ဝင်ကြည့်ပြီး ဒယ်ဒီနေကောင်းလား လိုတာပြောနော် ဒါပဲလေ မမြိုင်ကလည်း မျက်စိကမှုန် ကိုယ်တိုင်က ကျန်းမာရေး သိပ်ကောင်းရှာတာမဟုတ်ဘူး အငယ်ဆုံးသားနဲ့ အတူနေကြတာ။ အဲဒီချွေးမလေးကပဲ ကိုယ်တစ်ပိုင်းသေနေတဲ့လူကိုရော မသေတဲ့လူကိုရော ယောက္ခမနှစ်ယောက်စလုံးကို ပြုစုလိုက်တာများ သမီးတွေတောင် မနာလိုဖြစ်ကုန်ကြတယ် ဘယ်လောက်တော်သလဲ"

ဖြစ်ရမယ် အဲဒီလို။ ဒေါ်ရတီပါးစပ်သုတ်ဖို့ ပဝါကမ်းပေးသည့် ဂျီဂျီ့ကို ခပ်ရွှဲ့ရွှဲ့ကြည့်၍ ကောင်းက ပခုံးတွန့်သည်။ လူကြီးတွေ ပြောကြတာပဲ မိဘဘိုးဘွားမှာ ရစရာရှိနေရင် မြေးသားကကပ်တာပဲဆို။ ဘွားချမ်းသာနေမှန်းသိလို့ အဲဒီကောင်မလေး ကပ်ချွဲနေတာ သတိထား။ ကောင်းစိတ်ထဲကပြောရင်း မျက်ခုံးပင့်မိလိုက်မဲ့၍ ပြုံးလိုက်၏။

"မိဘဆိုတာ သားသမီးမြေးသားရဲ့ သိတတ်မှုကိုပဲ လိုချင်ကြတာ ဘာစားမလဲ ဘာလိုသလဲဆိုတာ ဘာလုပ်ဖို့လဲ ကိုယ်စားချင်တာ





လုပ်ချင်တာ ဘာမဆို ကိုယ်ပြောတိုင်းရနေတာပဲ မဟုတ်ဘူးလား နဖူးလေးဖြစ်ဖြစ်စမ်း၊ လက်ဖဝါးလေးဖြစ်ဖြစ် ဆုပ်လို့ ဂရုစိုက်တာကို မျှော်လင့်ကြတာပေါ့။ ဘွားမှာတော့ မျှော်လင့်စရာ ဒီမြေးလေးပဲ ရှိတော့ တာ မြေးရဲ့အိမ်သူ တကယ်ယဉ်ကျေးဖို့ လိမ္မာဖို့ကတော့ ဘွားအတွက် ကံစမ်းမဲပါပဲ"

"ဘွားရယ်"

ဂျီဂျီ တကယ်လှိုက်လှိုက်လှဲလှဲ ခံစားလိုက်မိသည်။ ဟန်ဆောင်လက်ထပ်ခဲ့တာက သပ်သပ်၊ ဘွားကိုတော့ စိတ်လိုလက်ရ ပြုစုပေးဖို့ ဆုံးဖြတ်ထားလိုက်မိသည်။ ခက်နေတာက သူမ မော်ဘီမှာ နေမှအဆင်ပြေမှာပါ။ မင်္ဂလာပွဲပြီးသွားရင် ဘာတွေဖြစ်လာဦးမည်မသိ။ အဲဒါ.. သူ့ကြောင့်....

★ ★ ★ ★ ★

အခန်း (၁၃)

"ဘာ..ငါ့ကြောင့် ဟုတ်လား"

"ဟုတ်တယ်လေ ဘွားရှေ့မှာ အိုးနင်းခွက်နင်းဖြစ်ကုန်တာ ဟိုက မရိပ်မိလို့ တော်သေးတာပေါ့ ရှင်ဘာမှ ကြို့ပြောမထားလို့ မဟုတ်ဘူးလား"

"ဘာကိုကြို့ပြောထားရမှာလဲ ဒီကကော ဘာသိလို့လဲ ဦးစိုးဘာတွေ ပြောထားမှန်းမသိဘူး ဖုန်းဆက်ပြောတော့ နည်းနည်းပါးပါးပဲတဲ့"

နှစ်ယောက်သား စကားများရင်း ကောင်းကဖုန်းထုတ်၍ ဦးစိုးမိုးကို လှမ်းခေါ်၏။

"ရှင် အဲဒါ နောက်မှဆက်လေ ကျွန်မကိုပြန်ပို့ဦး"

"မပို့နိုင်ဘူး ခုပြဿနာရှင်းရမယ်"

ကောင်းက ဦးစိုးမိုးနှင့် ဖုန်းဆက်၍ အခြေအတင်တွေ ပြောနေသည်။

"ကလေးတွေကိစ္စက ဘာဖြစ်လို့ထည့်ပြောထားရတာလဲ ဦးစိုးမိုး ဒီမှာ ရှုပ်ကုန်ပြီ"

"........"

"အဲဒါ ခက်တာပေါ့ ကျွန်တော့်ကိုဘာမှလည်း ပြောမထားဘူး အခု မင်္ဂလာပွဲက ကပ်နေပြီ ညှိသည်နှစ်ရာတောင်ဟဲ့"





သူဖုန်းပြောနေတုန်း ဂျီဂျီယောက်ယက်ခတ်နေသည်။ နာရီကြည့်လိုက် ကားကိုထုမိလိုက်၊ ထွက်လာလိုက်တာ တစ်မနက်စာကုန်ပြီ။

"ဟော့ ဘာဖြစ်လို့ ဒတ်ရှ်ဘုတ်ကို ထုနေတာလဲ မင်းကတစ်မျိုး"

ဖုန်းပိတ်၍ သူလှမ်းအော်ပြီးမှ အထဲက ဘွားကြားမှာစိုး၍ လူကိုယ်တိုင် သုတ်သုတ်လျှောက်ခဲ့မိ၏။

"ပြန်မယ်လေ ရှင်ဖုန်းပြောတာ ဒီမနက်ပြီးဦးမှာလား"

"ပြီးပြီး မပြီးပြီး မင်းပြန်လို့မရဘူး ဘွားပြောတာ မကြားဘူးလား ...လာဝတ်စုံသွားအပ်ရမှာ"

ပြောရင်း ကောင်းက တစ်ဖက်ကဝင်ထိုင်၍ စက်နှိုးလိုက်သည်။

"အဲဒါတွေ မလိုဘူးလေ ကျွန်မဘာသာ အဆင်ပြေတဲ့ တစ်ချိန်...သွားဝယ်လိုက်ရင်ပြီးတာပဲ အိမ်ကိုပဲပြန်ပို့ပေး"

"မပို့နိုင်ဘူး ဘွားအကြောင်းမင်းအသိပဲ ဝယ်ပြီးတဲ့ အချိန်လောက်...ပြီး ဝယ်ပြီးကြပြီလား အပ်ခဲ့တာလား ဝယ်တာလား ဘာအရောင်...ခဲ့သလဲ ဘာပုံလဲ ဘာကမင်္ဂလာရောင် ဘာက မကောင်းဘူး အဲဒါ...တွေ တောက်လျှောက်လာတော့မှာ ငါက အကုန်ခေါင်းစားရော"

"စိတ်ညစ်လိုက်တာနော်"

"ဘာ ...."

ကောင်းက သူ့ပဲစိတ်ညစ်ခွင့်ပါမစ်ရထားသလို မျက်မှောင် ကုတ်...တ်နှင့် ပြန်ကြည့်၏။ ကားကို ခြံထဲက ကွေ့မောင်းထွက်ခဲ့ရင်း ....

"မင်းသည်စိတ်နေတာထက် အဆပေါင်းများစွာ ပိုညစ်နေတာက ဒီမှာ၊ ...ညည်းနဲ့"

"ညည်းရမှာပဲ၊ ပိုက်ဆံပေးခိုင်းထားတာဆိုပြီး မာရေကျောရေ ...ပြောနဲ့၊ ဒီက ဘာမသိညာမသိနဲ့ သရုပ်ဆောင်နေရတာ"

"ပြောရမှာပဲ၊ မာရေကျောရေပြောလဲ မင်းသည်းခံပေါ့၊ ဒါ

အလုပ်လေ"

"အလုပ်က ရှင့်အလုပ်သမား လုပ်ဖို့မှမဟုတ်တာ၊ ဆက်ဆံ
ကိုပြင်ပါ"

"ဘာရယ် ...."

ဖျတ်ခနဲ လှည့်ကြည့်ပြီး စိတ်ညစ်သည့်ကြားမှ ကောင်းက ပြုံ
သည်။ ဆံပင်နီနီလေးတစ်ဖက်ကို နားရွက်နောက်မှာ ထိုးသိပ်ည
၍ တစ်ဖက်ခြမ်းက ဆံပင်တွေ မျက်နှာတစ်ခြမ်းဘေးမှာ ဖြာဆင်း
နေပုံက နှာတံကော့ကော့လေးကို ပို၍ ပေါ်လွင်စေသည်။

သူမ၏နှာတံနှင့် နှုတ်ခမ်းပါးလေးများက တစောင်းကြည့်လည်း
လှနေလေသည်။ မြင်ကာစကတော့ ဖိုသီဖတ်သီနှင့် ကလေ
တို့လို့တွဲလောင်း သူမပုံစံက ကြံ့သလိုဖြစ်သလို နေခဲ့တာမျိုး။

ခုလို ကျကျနနလေးပြင်လိုက်တော့ ရုပ်က ဆီနဲ့ရေလို အထူး
ကြီးကွာလေသည်။ ဩော် ...သူမလည်း တိုက်နဲ့ခြံနဲ့ မျိုးရိုးနိမ့်ခဲ့
မှမဟုတ်ဘဲ။

သူမအပေါ် အထင်မြင်သေးစွာ ကြည့်နေမြင်နေခဲ့သည့် ကို
စိတ်ကို ဖြေပေးလိုက်မိ၏။ မင်္ဂလာဝတ်စုံရွေးတော့လည်း မျက်
ကကြည့်နေပြီး မြင်ရဲ့လားမသိ။

"နတ်ပန်းချီ၊ မင်းကို ဝတ်စုံရွေးခိုင်းနေတာ၊ ဘာငိုင်နေတာလဲ"

"ကလေးငိုနေမှာစိုးလို့"

"ဟာကွာ ..."

အရောင်းစာရေးမလေးတွေ ပြုံးကုန်ကြတော့ ကောင်းမျက်
နီသွား၏။ ခုမှ မင်္ဂလာဝတ်စုံရွေးနေရတာကို ကလေးငိုမှာ စိုးလို့ တဲ့
သေစမ်း။ ပြောလိုက်ပြီးမှ သူမကိုယ်တိုင် ရှက်ကိုးရှက်ကန်း ရယ်ကာ —

"ဟို မောင်လေးကိုပြောတာ၊ အဟွန့်"





"မမက အနီရောင်ယူမှာလား"

သူမ ဆွဲယူလိုက်တာ ဘာအရောင်မှန်းကို ကိုယ်တိုင်မကြည့်မိ။ ကောင်မလေးပြောမှ ငုံ့ကြည့်ဖြစ်သည်။ ကောင်းမျက်နှာကြီးတင်း ချက် အနီရောင်ဝတ်စုံကို ဆတ်ခနဲ ဆွဲဖယ်ပစ်သည်။ ဒီနေ့အဖို့ တ်စုံရွေးလို့ပြီးမှာမဟုတ်တာကို သိလိုက်ပြီမို့ သူကိုယ်တိုင်ပဲ ရွေး၍...

"ဒါပဲယူမယ် ညီမ၊ ထည့်လိုက်တော့"

ထိုဆိုင်မှာပဲ လက်ကိုင်အိတ်၊ ဖိနပ်၊ အားလုံးအစုံဝယ်လိုက်တာ ှင်းလိုက်တော့ ကိုးသိန်းတိတိ။

နမြောဖို့ကောင်းလိုက်တာ။ တကယ်လည်းမဟုတ်ဘဲနဲ့ ဒီ လောက်ကုန်စရာလား။ ပစ္စည်းတွေ ကားထဲပြန်ထားတုန်း ဘွားဆီ ာဖုန်းလာတော့ ကောင်းက ကားဘေးမှာရပ်ရင်း ပြော၏။

"အပ်လို့ မရဘူး ဘွား၊ ဘယ်မှာမှ အချိန်မီချုပ်ဖို့ မဖြစ်တော့ ဘူး၊ ဝယ်ပြီးပြီ"

"..........."

"ပုလဲရောင်ပဲ ဘွား၊ အဲဒါ ... ဟုတ်ကဲ့၊ အဲဒါပဲ သူကြိုက်တာ"

"..........."

"ပါတယ်၊ လောလောဆယ် စုံပါပြီ၊ ဟုတ်ကဲ့"

ကားထဲမှာ ထိုင်နေရင်း ဂျီဂျီစိတ်မောနေမိသည်။ ဘွားဆိုတာ သူပြောသလို တကယ့်ကို မလွယ်ပါလား။ ကောင်းက ဖုန်းပိတ်ပြီး လှည့်ကြည့်၏။

မယ်မင်းကြီးမက ကားပေါ်မှာ အခန့်သားထိုင်လို့။ ခြေလှမ်းကျဲ တို့က သူမဘေးကို ချက်ချင်းရောက်သွားကာ တံခါးကို ဖျတ်ခနဲ ဆွဲဖွင့်၍ ....

"ခင်ဗျားက ဘာလုပ်တာလဲ၊ ဒီမှာ မောရတဲ့အထဲ"

"ရှင်မောတာကိုကော ကျွန်မက ဘာလုပ်ပေးရမှာလဲ၊ ဝယ် ခြမ်းပြီးပြီဥစ္စာ၊ မထိုင်လို့ ဘာလုပ်ရမလဲ"

"ဘာပြီးတာလဲ၊ ပြောနေတာ မကြားဘူးလား၊ လက်ထပ်လက် စွပ် တဲ့၊ တစ်ခါတည်း ဝယ်ဝတ်ခဲ့ တဲ့၊ 'စိန်မာယာ' မှာ တစ်ဆင်စာ ဝယ်ထားတာ ဝင်ရွေးခဲ့ တဲ့၊ ပန်းအလှဆင်ဖို့ 'မယ်မဒီ' စတိုးဆ သီတာချစ်ကို ဒိတ်လုပ်ခဲ့ပါ တဲ့၊ အဲဒါတွေ ငါက တစ်ယောက်တည်း လျှောက်လုပ်ရမှာလား"

"လုပ်ပေါ့ ..."

"ဘာပြောတယ်"

သူ ဒေါသမထိန်းနိုင်။ ပလာဇာရှေ့မှာ လူတွေရှုပ်ယှက်ခတ် နေတဲ့ကြားထဲ စိတ်ရှိလက်ရှိအော်ကာ ဂျီဂျီလက်ကို လှမ်းဆွဲသည်။

"ဆင်း ... အခုဆင်း"

"အိုး ... ဘာလုပ်တာလဲ၊ ရှင်နော်"

ရှင်နော်နဲ့ပဲ ဂျီဂျီ လုံးထွေး၍ ကားပေါ်ကကျလေသည်။ သူမ လည်း ဒေါသမထိန်းနိုင်ဘဲ ကောင်းရင်ဘတ်ကို လက်သီးဆုပ်နှင့် ထုပစ်လိုက်မိပြီး ....

"ဘာဝယ်ဝယ် ရှင်ပဲ ဝယ်နေတာမို့လား၊ ဘာထူးလို့လဲ၊ ရှင့်ဟာ ရှင် သွားလိုက်ပေါ့၊ ဒီမှာ ကလေးတွေဆီ စိတ်ကရောက်နေတာ ပြန်ချင်လှပြီ"

"မင်းလိုပဲပေါ့"

ကောင်းက ဂျီဂျီ့ပခုံးနှစ်ဖက်ကို စိတ်ရှိလက်ရှိဖျစ်ကိုင်၍ ခါပစ် လိုက်ပြီးမှ လက်ကို ကပျာကယာ ပြန်ရုပ်၏။ သူနဲ့ဂျီဂျီ အဲဒီလောက် မရင်းနှီးသေး။ ပြီးတော့ လူပုံအလယ်မှာမို့ ...

"မင်းက ကလေးကြောင့်၊ ငါကလဲ ဒီလို ရှုပ်ရှုပ်ယှက်ယှက်တွေ





ာစ်ခါမှ လုပ်ဖူးတာမဟုတ်ဘူး၊ ဘာတွေမှန်း မသိဘူး၊ ပေါက်စိ ပေါက်စနဲ့၊ စိတ်ညစ်ကြတာချင်းယှဉ်ရင် ငါက ပိုတယ်သိလား"

"ကျွန်မက ပိုတာပေါ့၊ ရှင်တို့က ကိုယ့်လောဘနဲ့ကိုယ်"

"မင်းကတော့ လောဘမရှိရှာဘူးပေါ့၊ ယူထားပြီးရင် ပြန်ပေး ရတာပဲ၊ မင်း နားမလည်ဘူးလား"

"လက်မှတ်ထိုးပေးလိုက်ရင် ပြီးရောမှတ်လို့"

"မင်း ပြဿနာမရှာနဲ့နော်"

"ရှာတော့ ဘာဖြစ်လဲ"

"တောက် ငါကွာ"

"ဂျိဂျိ"

နှစ်ယောက်သား ကြိတ်ဖြစ်နေဆဲ ရောက်လာသူကနေကာ ဖြစ်၏။

"နေကာ၊ နင် ဒီကိုလာတာလား"

"အင်း ..."

နေကာက အရင်လို ပြုံးပြုံးရွှင်ရွှင်မဟုတ်ဘဲ မျက်နှာတင်းတင်း နှင့် ကောင်းကိုကြည့်လိုက်၊ ဂျီဂျီ့ကို ကြည့်လိုက်နှင့်။

"ဘာဖြစ်နေကြတာလဲ"

"ငါ ... ဟို"

ဂျီဂျီ ဘာပြောရမှန်းမသိ။ ကောင်းကို လက်ညှိုးထိုးမလိုဖြစ်ပြီး မှ ခေါင်းဖွလိုက်၊ လည်ပင်းပွတ်လိုက်နှင့် ...။

"နင် တစ်ယောက်တည်းလား"

"ဟုတ်တယ်၊ နင်က ဘာဖြစ်လို့ နှစ်ယောက်ဖြစ်နေတာလဲ၊ သူက ဘယ်သူလဲ"

"ငါတို့ခြံကို ဝယ်တဲ့လူလေ"

နေကာ ခေါင်းညိတ်လိုက်ရပေမယ့် သိပ်တော့မကြည်ပေ။ သူ့

မှာ အမေ့ကြောင့် ဂျီဂျီ့ကိုပို့ပြီး တန်းပြန်ခဲ့ရပေမယ့် စိတ်ကမဖြောင့်၊ ဂျီဂျီ ဘယ်လိုဖြစ်ကျန်ခဲ့သည်ကို ဘာမှမသိရပေမယ့် သိချင်နေမိသည်။ ခုတွေ့လိုက်တော့ ဂျီဂျီ့ကိုမြင်လျက်နှင့် သူ ဖြတ်ကျော်တက် သွားခဲ့ သေးသည်။ ပြီးတော့ မျက်ဝန်းထဲမှာ ထိုတစ်ယောက်ကို ရင်းနှီးနေ သလိုဖြစ်လျက် သမင်လည်ပြန် ထပ်ကြည့်မိတော့ ဂျီဂျီဖြစ်နေသည်။

သူခင်ခဲ့သော တစ်ဦးတည်းသောသူငွေးသမီးကလေး နတ်ပန်း ဘဝကတည်းက ခုလောက်ထိ ဂျီဂျီ မပြင်ခဲ့ဖူးပါ။ ရှိရှိ မရှိရှိ ဂျီဂျီ အလှ အပကို သိပ်အာရုံထားခဲ့တာ မရှိ။ အဝတ်အစားသစ်ဆို မ မောတတ်သည်။ အသစ်လေးဝတ်ပြီး ခေါင်းကို သပ်သပ်ရပ်ရပ်ဖြီးပြ မိတ်ကပ်လိမ်း၍ နှုတ်ခမ်းနီဆိုးလည်း တစ်ရက်နှစ်ရက်ပဲ။

ဒါတောင်မှ ကိုးတန်းကျောင်းသူလေးကတည်းက ဂျီဂျီက လိုက်ပေးခံရသည့်သူ။ မပြင်မဆင်ဘဲလည်း ဂျီဂျီက လှနေလေသည်။

ခုလိုဆိုတော့ သူမဘေးမှာ ရှိသမျှအလှအပအားလုံး ဖျော့ သွားခဲ့သည့်နှယ်။ ဂျီဂျီ့ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ မကျေနပ်ခြင်း က သဝန်တိုတာလား။

ဒီကောင်နဲ့ ဂျီဂျီက ဘာလို့တွဲနေတာလဲ။ ကြည့်လိုက်တော့ ထို နှစ်ယောက်ကလည်း မှုန်ကုပ်ကုပ်နှင့် ဖြစ်၏။

"လာ သွားမယ်"

ပိုင်စိုးပိုင်နင်းပြော၍ ထိုသူက ချာခနဲ လှည့်ထွက်သွားသည်။ ဂျီဂျီ့ကိုယ်လေး ဟိုတက်လိုက်မလို၊ ရပ်နေခဲ့တော့မလို ဖြစ်သွားသည်။ ပြီး

"နေကာ၊ ငါ ပြီးမှ ရှင်းပြမယ်နော်၊ သွားမယ် သိလား"

"နေပါဦး"

နေကာက ဂျီဂျီ့လက်ကို ဆွဲထားကာ ...

"ဘာတွေရှုပ်နေတာလဲ ဂျီဂျီ၊ ငါ အခုသိချင်တယ်၊ နင်က အဲ





ကောင်နဲ့ ဘာလို့တွဲနေတာလဲ"

"ပြောပါ့မယ် နေကာရယ်၊ ခဏလေးပါ။ ငါ နင့်ကိုလာတွေ့မယ်"

"ဘယ်နေ့လဲ"

"လာပါ့မယ်ဆို၊ တကယ်ပါ။ ခဏနော်"

သူ့လက်ကိုဖြုတ်၍ ဂျီဂျီ ပြေးထွက်သွားသည်။ နေကာ အံကြိတ် ိုက်ခြင်းကြောင့် မေးကြောကြီးတွေ တင်းခနဲ ကားသွားသည်။

ကိုယ် မခူးရက်၊ မမွှေးရက်ခဲ့သည့်ပန်း ...။ တစ်ခုခုဆိုတာ တွေး ိုက်မိကာ ရင်ထဲမှာ တင်းကျပ်သွား၏။

ဂျီဂျီ့ကို သူ အမှတ်တမဲ့မထားနိုင်တော့တာ သေချာပြီ။

★ ★ ★ ★ ★

## အခန်း (၁၄)

"ဘာတဲ့လဲ"

ဖုန်းချလိုက်ပြီး ကောင်းမျက်နှာပျက်နေတော့ ဦးစိုးမိုးနိုင်က မေး ဆက်မေးသည်။

"ဘွား ဘာစိတ်ကူးတွေ ပေါက်နေလဲမသိပါဘူး"

"ဘာဖြစ်လို့လဲကွ"

မေးတာကိုမဖြေနိုင်တော့ဘဲ ဖုန်းတွေထပ်ဝင်လာတော့ နား ထောင်ရပြန်သည်။ ခေါင်းကရှုပ်၊ အလုပ်ကရှုပ်နှင့် ကြာတော့ မခံနိုင် ဘဲ သူအလုပ်တွေကို အတွင်းရေးမှူးနှင့် ထိုးသိပ်ထားခဲ့ပြီး ထွက် လာခဲ့တော့၏။

ဦးစိုးမိုးကလည်း ဖိတ်စာတွေလိုက်ဝေပေးပြီး ပြန်လှည့်ဝင်လာ တာမို့ အတူတူပဲ ထွက်လာကြသည်။

"မင်း ပြန်မလို့လား၊ မင်းဘွားခေါ်လို့လား၊ ဘယ်လဲ"

"မခေါ်ပါဘူး၊ ဘွား ဘာဖြစ်နေလဲမသိဘူး၊ ဂျီဂျီဆိုတာကို ပါးစပ် က မချဘူး၊ ကိုယ့်မှာတော့ ဖြစ်မှဖြစ်ပါ့မလားလို့ ယုတ္တိရှိဖို့ ကြိုးစား လိုက်ရတာ"

" ဟား ဟား ဟား"





ဦးစိုးမိုးက အတူကားထဲဝင်ထိုင်ရင်း ရယ်သည်။

"ချက်ချင်းကြီး မိန်းမကောက်ယူလိုက်တာကို ဘွား နည်းနည်း မှ သံသယမဝင်တာ ကျွန်တော် တကယ်အံ့သြတယ်"

ကားစက်နှိုးရင်း သူ လှည့်ပြောတော့ ပခုံးတွေလှုပ်အောင် ရယ် ၏။

"ကိုယ့်မြေး ရည်းစားတောင် မထားခဲ့ဖူးတာ ဘွား တစ်ချိန်လုံး မယုံတာလား၊ ငါ့မြေး မိန်းမယူလိုက်တယ်ဆိုပြီးရောလို့ပဲ တွက်ထား သလား၊ နားကိုမလည်တော့ဘူး"

"နှစ်ခုလုံး ဖြစ်နိုင်တယ်ကွ၊ သူ လှုပ်ရှားသွားလာနိုင်တုန်းက မင်း ရည်းစားထားသလား၊ မထားဘူးလား၊ သေချာတာ၊ မသေချာတာ စိတ်မဝင်စားသလို နေခဲ့တာဖြစ်မယ်၊ ဒါမှမဟုတ်လဲ မင်းယူလိုက်ပြီ ဆိုမှတော့ သူ ချစ်တာပဲလို့ ဖြေလိုက်တာလဲ ဖြစ်နိုင်တယ်၊ မသကာ ဆင်းရဲချမ်းသာ အနိမ့်အမြင့်လောက်ပဲလို့ တွက်မှာပေါ့၊ ခက်တာက မင်းကို သူကအိမ်ထောင်ရက်သား ကျသွားတာကို မြင်ချင်တာ၊ မင်းရဲ့ အိမ်ထောင်ရေး လုံးသလား၊ ပြားသလားဆိုတာ သူ မသေခင် ကြည့်ပြီး မှ မှိန်ခန့်ခွဲသွားချင်တာမျိုး၊ သွန်သင်ဆုံးမသွား ချင်တာမျိုးကွာ၊ ဥပမာ မင်းမိန်းမ အချိုးမပြေရင်တောင် သူ့မြေး စိတ်ချမ်းသာရေးအတွက် ဒီလိုနေပါ၊ ဒီလိုထိုင်ပါ၊ လင်ယောကျာ်းကို ဒီလိုပြုစု၊ ဒီလိုဂရုစိုက် ဘာ ညာ၊ မင်းကောင်မလေး ဆိုးဆိုးကောင်းကောင်း သူ သိမြင်သွားချင် တာပေါ့"

"ခင်ဗျားပြောမှပဲ ပိုရှုပ်ကုန်ပြီ"

"မင်းက ခေါင်းထဲမှမထည့်ဘဲ၊ အခု ဘွားက ဘာပြောလို့လဲ"

"ဖုန်းဆက်တာ နှစ်ခါရှိပြီ၊ လက်ဝတ်လက်စားတွေ ရောက်နေ လို့ ကြိုက်တာ လာရွေးပါ တဲ့"

"ဒီလောက်ချမ်းသာနေတာကို အသစ်တွေ ထပ်လုပ်နေတာလား"

"ဟုတ်တယ်၊ ရှေးဟောင်းလက်ရာတွေဆိုတော့ ဟိုတစ်ယောက်မကြိုက်မှာ စိုးလို့ တဲ့"

ဦးစိုးမိုးနိုင်က ပြုံး၍ ကောင်းကိုသေချာလှည့်ကြည့်သည်။

"ကြည့်ရတာ မင်းရဲ့မင်္ဂလာကိစ္စအတွက် တော်တော်တက်ကြွနေတာပဲကွ၊ မနေ့က ငါသွားတော့ ထူထူထောင်ထောင် လန်းလန်းဆန်းဆန်းပဲ"

ကားက ကန်ရိပ်သာကဖေးရှေ့မှာ ရပ်သွား၏။ ဒီဆိုင်ရှေ့မှာ ပဲ ဂျီဂျီဆိုတဲ့ မယ်မင်းကြီးမလေး၊ သူ့ကို နို့ဘူးတစ်လုံးနှင့် ပြဿနာရှာခဲ့ဖူး၏။ တွန်းလှည်းကလေးနှင့် စုတ်စုတ်ပြတ်ပြတ် ကောင်မလေးတစ်ယောက်ပါပဲ။

ဒါပေမယ့် ဒီနေ့တော့ သူ့ဇနီးလောင်း ဖြစ်နေပြန်သည်။ သူ့အဖြစ်က တရားလိုမရှိဘဲ ထောင်ထဲဝင်ရတော့မည့်အဖြစ်မျိုး။

ဂျီဂျီ့ကို တိုက်ကြီးကိုမော့ငေးပြီး မျက်ရည်တွေကျနေတာကို မြင်လိုက်ရတုန်းက စိတ်ထဲမှာ ဂရုဏာစိတ်လေး ဝင်ခဲ့မိသည်။ ပြီးတော့ ထပ်သိလိုက်ရသည့် အကြောင်းအချို့ထဲမှာ သူမအဖြစ်ကတကယ်သနားစရာကောင်းနေခဲ့သည်။

ကိုယ့်အဖြစ်အပျက်၊ ကိုယ့်အစီအစဉ်ထဲမှာ သူမနဲ့မဟုတ်ဘဲ တစ်စုံတစ်ယောက်နဲ့ဆိုလည်း ပြီးသွားမှာပဲဖြစ်၏။ ဒါပေမယ့် အခုအရာရာ အားလုံးမှာ သူမနဲ့မှ အဆင်ပြေမည့် အနေအထားလေးတွေ ရှိခဲ့သည်။

သူမလေးကိုပဲ သူ တစ်နည်းနည်းနဲ့ ကူညီချင်ခဲ့သည်။ တကယ်ဆို သူကသာ သနားစရာမိန်းမငယ်လေးလို့ တွက်ခဲ့တာ။ သူမက





တော့ ဒီလိုမဟုတ်ဘဲ တစ်ခါတစ်လေမှာ အလွန်ခံခက်မုန်းတီးဖွယ်ကောင်းသော စရိုက်အခံနှင့် ဒီနေ့အထိ အဆင်ပြေတာ တစ်ခုမှမရှိခဲ့သေး။

"ဘာလဲ၊ မင်း ဂျီဂျီကို မကျေမနပ် ဖြစ်နေတာလား၊ ဟားဟား"

အရေးထဲ ဦးစိုးမိုးက တပြုံးပြုံးဖြစ်နေတာကို ဘုကြည့်ကြည့်လိုက်မိသည်။ သူက ကြည့်တော့ ပို၍ အသံထွက်ရယ်၏။

"ဘာဖြစ်လဲကွာ၊ သူ့ကုသိုလ်နဲ့သူ မနာလိုမဖြစ်ပါနဲ့၊ ဂျီဂျီနဲ့မင်း ဆုံဖြစ်ကြတာတွေကိုက ဆန်းနေတာ၊ နဖူးစာရွာလည်တာ မဟုတ်ဘူး၊ မော်ဘီအထိ လိုက်လာတာကြည့်"

"ဟာဗျာ၊ ခင်ဗျားက တစ်မျိုး"

မှုန်ကုပ်ကုပ်မျက်နှာက ပို၍ရှုံ့တွသွား၏။

"ဟကောင်၊ တကယ်ပြောနေတာ၊ အခု မင်းအဘွားကိုပဲ ကြည့်၊ ဂျီဂျီ့ပုံစံက တကယ်ဆို အသားဖြူဖြူ၊ ပိန်ရှည်ရှည် ကလန်ကလားလေး၊ ဆံပင်နီနီ၊ ဖို့ရို့ဖားရားနဲ့ ဘယ်လူကြီးမျက်လုံးထဲမှာမှ အံမဝင်တဲ့ပုံစံမျိုး၊ သူ့မျက်လုံးထဲမှာ သဘောတွေကျနေလိုက်တာများ၊ ဟိုနေ့က ငါသွားတော့ ဒီကောင်မလေးနဲ့ ငါ့မြေး ဘယ်တုန်းကတည်းက ရည်ငံနေကြတာလဲတဲ့၊ မြေးကို ဒီလိုပုံစံလေးနဲ့ အဆင်ပြေလိမ့်မယ် မထင်ဘူးတဲ့၊ ကောင်မလေးက အသက်ကလည်း ငယ်တယ်၊ ဖြူဖြူ နုနုဖတ်ဖတ်လေးတဲ့ဗျာ၊ အရပ်ကလေး ကလည်း မြင့်၊ ကိုယ်လုံးလေးကလဲ ဖက်ချင်စရာတဲ့"

ဘာ ဖက်ချင်စရာလဲ။ ကောင်းနှုတ်ခမ်းမဲ့တော့ ဦးစိုးမိုးက မေးဆတ်သည်။

"သူကတော့ ဖက်နေပြီ၊ မင်းဘက်ကပဲ လိုတော့တာ၊ ဟဲ ဟဲ၊ တစ်ကိုယ်လုံး ပြစ်မျိုးမဲ့မထင်ဆိုတာ အဲဒါမျိုးလေးကို ပြောတာတဲ့၊

ဆံပင်လေးတွေ နီနေတာက သဘာဝနီတာ၊ ကြည့်စမ်း၊ ဗိုလ်ဆ
လိုက်တဲ့ မျက်နှာလေးတဲ့"

ဗိုလ်ဆန်လွန်းလို့ ပါးစပ်က ငါးစိမ်းသည်ပါးစပ်မျိုး။ ငါးစိမ်းသည်ပါးစပ်ဆိုတာ ဘာလဲ။ ကိုယ့်စိတ်ထဲမှာ ကိုယ်ပြောမိပြီး ဘာမှန်းလည်းမသိသည့်အဖြစ်ကို တွေးမိသေးသည်။

ဘာပဲဖြစ်ဖြစ် အဲဒီကောင်မလေး စွာကိုစွာလွန်းသည်။ အဆိုးဆုံးက ကလေးတွေ ရှိနေခြင်းပင်။ အရေးထဲ ဘွားက ဟိုခေါ် ဒီခေါ်။ တော်ကြာ လာပါ၊ တော်ကြာ သွားပါ။

"ဘွားလုပ်ပုံနဲ့ ကျွန်တော် မလွယ်ဘူး"

သူ့ပါးစပ်က ထုတ်ပြောလိုက်တော့ ဦးစိုးမိုးက ဆတ်ခနဲ ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ အဲဒါ ဟန်ဆောင်တဲ့ဒုက္ခလေ၊ ကိုယ်လဲ အသက်အရွယ်ရောက်နေပြီ၊ အိမ်ထောင်ပြုပါဆို ပြုလိုက်ရင်ပြီးရော"

"ဦးစိုးမိုး ...."

"ပြော ..."

"အဲဒါ ခင်ဗျားပြောတာလား"

"ဟုတ်တယ်လေ၊ အခု ပြောနေတာ"

"အပြောင်းအလဲက မြန်လှချည်လား၊ ကျွန်တော် မိန်းမမယူချင်လို့ ညည်းတုန်းက ခင်ဗျားပဲ ဒါမှန်တယ်၊ အိမ်ထောင်ရေးဆိုတာ အချစ်က အဓိကမကျဘူးလို့ လူကြီးတွေက တွက်တာ၊ လူငယ်တွေတွက်တာ အချစ်ထက်အဓိကကျတာ ဘာမှမရှိဘူးဆို"

"ဒါ မှန်တယ်လေ"

ဦးစိုးမိုးက လူကြီးသူကြီးပုံစံပြန်ဖမ်း၍ သူတို့သောက်နေကျအတိုင်း စားပွဲထိုးလေး လာချပေးသွားသည့် ကော်ဖီခါးနှင့် ပလိန်း





ခွက်ကို ဟိုရွှေ့ဒီတိုး လုပ်နေသည်။

"လူကြီးပေးစားတဲ့ မိန်းမကိုယူလိုက်ပြီး သူတို့ပြောသလို နောက်တော့လဲ ကြင်နာသွားကြတာပဲဆိုတာ အလကား၊ အဲဒီအိမ်ထောင်ရေးသောက် စိတ်ပျက်ဖို့ကောင်းတာ မရှိဘူးဆိုတာကော"

"ဒါမှန်တာပဲ၊ မဟုတ်ဘူးလား"

"ဟွန်း ...."

ကောင်းက စေ့စေ့ကြည့်၍ နှုတ်ခမ်းပိတ် မဲ့သည်။

"သူ မျက်လုံးမမှိတ်ခင် အမွေလွှဲချင်တယ်၊ စိတ်ချချင်တယ်ဆိုတာလဲ မခက်ပါဘူး၊ ခဏ မင်းမှာ ချစ်သူမရှိသေးရင် တစ်ယောက်ယောက်နဲ့ လက်ထပ်ပြလိုက်၊ အမွေလွှဲပြီး ပြီးတာပဲ၊ မင်းသည်းကလေးမှ မဟုတ်တာ၊ နောက်တော့မှ ကိုယ်ချစ်တာလေးတော်ကြိုက်ရွေးဆို"

"ဒါလဲ အမှန်ပဲ"

"ဟုတ်လား၊ လောလောဆယ် ချစ်သူမရှိတာ ဒုက္ခပါလားဆိုပြီးတပတလေးတွေ့တိုင်း သွားမကြိုက်လိုက်နဲ့ဦး၊ ဒီအသက်အရွယ်မှ အကျနာပြီး ငပေါကြီးဖြစ်ဦးမယ်ဆိုတာ ဘယ်သူပြောတာလဲ"

"ငါ ပြောတာ"

"ဒါလဲ မှန်တာပဲလား"

"မှားမှ မမှားတာ"

"မှားတာပေါ့"

ကောင်းက သူငယ်ချင်းလိုပေါင်းလာခဲ့သည့် ဦးစိုးမိုးကို လေးစားမှုနဲ့ ဆက်ဆံခဲ့တာ မရှိသေးတာကြောင့် ဒေါသဖြစ်တာကိုလည်း ချုပ်တီးမထားခဲ့ပေ။

ရေနွေးပန်းကန်လုံးလေးကို ဒေါက်ခနဲ ခပ်ဖိဖိဆောင့်၍ မျက်နှာ

ချင်းနီးအောင် ရှေ့တိုးလိုက်သည်။

"အခုကျမှ မိန်းမယူလိုက်ပါလားဆိုတာ ဘာလဲ"

"နေပါဦး၊ မင်းကကော၊ ငါ ပြောတဲ့စကားတွေအားလုံးကို ကွန်ပျူတာစာစီထားသလို အကုန်လုံးအလွတ်ကျက်ပြီး ဘယ်တော့မှ ရည်းစားမထားရေး စီမံကိန်းနဲ့ တိုက်ဖျက်ဖို့ ကြိုးစားနေတာလား"

"ဟုတ်နေတာလဲ ပါတယ်၊ ကျွန်တော်က ဒါကိုမှန်တယ်ထင်တယ် ခင်ဗျားက အားပေးတယ်၊ ဒီအတိုင်းပဲ ခင်ဗျားအလိုက်သင့်နေပေါ့"

"ဟူး ...."

ဦးစိုးမိုးက ဟူးခနဲ သက်ပြင်းလုံးကြီးမှုတ်ထုတ်ကာ ....

"ခက်တယ်၊ ခက်တယ်၊ တောမရောက်တောင်မရောက် မင်းတို့အရွယ်တွေ အဲဒါခက်တာ"

"ဘာဗျ ..."

တောမရောက်တောင်မရောက်ဆိုသည့်စကားကြောင့် ကောင်းမျက်နှာကြီး တင်းကာသွားသည်။ ဦးစိုးမိုးက ပြောရခက်သည့် ကလေးတစ်ယောက်ကို ကြည့်သလိုပြန်ကြည့်၍ ...

"ပြောတော့မကြိုက်ဘူး၊ မင်းတို့အရွယ်က လူပျိုဟိုင်းကြီးလို့ ထဲပြောမရ၊ ကျောင်းသားလူငယ်လေးလဲ မဟုတ်၊ တွေးတောကြဆတယ်ဆိုတာ အချိန်အခါနဲ့ အခြေအနေကိုလိုက်ပြီး ပြောင်းထဲကြည့်ရတယ်၊ ငါ မငယ်တော့ဘူးဆိုပြီး ဖြစ်တယ်မထင်နဲ့"

'ဘာလဲ၊ ခင်ဗျားစကားက"

"အသက်လေ၊ အသက်မငယ်တိုင်း အတွေးက ရင့်သန်လာတာမှမဟုတ်တာ၊ မင်း အခု အံမဝင်ခွင်မကျတာတွေ ဖြစ်လာတော့ စိတ်ရှုပ်လာပြီမို့လား"

"အဲဒါကို ရှင်းဖို့ကြိုးစားရမှာပေါ့၊ ခင်ဗျားက ဘာဖြစ်လို့ မဖြစ်





နိုင်တာကို ပြောနေလဲ"

"မဖြစ်နိုင်တာ ဘာရှိလို့လဲ၊ မိန်းမတကယ်ယူလိုက်လို့ပြောတာ ပြုလိမ့်မယ်လို့ ဟောကိန်းထုတ်နေတာမှ မဟုတ်တာ"

"အဲဒါထက်ဆိုးတယ်၊ မိန်းမတစ်ယောက်ကို မရင်းနှီးဘဲ ကိုယ့်မိန်းမလို့ ဘယ်လိုသတ်မှတ်ရမလဲ၊ ချစ်ဖို့ဆိုတာ အဝေးကြီးပဲ"

ဦးစိုးမိုးက ပြုံးစစနှင့် သူ့ကို ပြန်ကြည့်လာသည်။

"ဆိုလိုရင်းက ဒါပဲ၊ အဲဒါ ...၊ အဲဒါကို ပြောချင်တာ"

ဘာကိုပြောမှန်းမသိသဖြင့် ကော်ဖီပလိန်းကို ရောမွှေနေရင်း ကောင်းက မျက်လွှာပင့်ကြည့်သည်။

"အခု မင်းကသာကြည့်မရတာ၊ ကြည့်ရတဲ့လူကတော့ တစ်စာအစီအစဉ်တွေဆွဲပြီး မျှော်လင့်ချက်တွေနဲ့ ကျန်းမာဝဖြိုးလို့"

ကောင်းမျက်နှာ ညှိုးကျသွားပြန်သည်။ သူ့ရဲ့ဒုက္ခက ဒါပဲဖြစ်နေသည်။ ဂျီဂျီ့အတွက် နစ်နာကြေးဟု ခပ်ရိုင်းရိုင်း ကင်ပွန်းတပ်ခဲ့မယ့် တကယ်တော့ ကရုဏာကြေးအဖြစ်ပါ။

သူ့အတွက်လည်း အဆင်ပြေမည်။ ဂျီဂျီတို့မောင်နှမလည်း ခြေမပျက်ရအောင် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီးသည်နှင့် ကို ထိုတိုက်နဲ့ခြံကို ပြန်ပေးဖို့ စာချုပ်ထဲမှာ ထည့်ပေးခဲ့ပြီးပြီ။

ခုလည်း ကလေးထိန်းကော၊ စားဝတ်နေရေးအတွက် သုံးစွဲဖို့ အလုံအလောက်နှင့် မပူမပင်ရအောင် သူထားခဲ့သည်။ ကျေးဇူးခံချင်လို့မဟုတ်ပေမယ့် သိတတ်ဖို့တော့ ကောင်းတာပေါ့။ သူ့ကြောင့် ငါ အဆင်ပြေသွားတာပါလားဆိုတာမျိုးလေး သိထားဖို့ပါ။

ခုကျတော့ ကိုယ်ဆုံးရှုံးခဲ့ပြီးသည့်တိုက်ကြီးကို ပြန်ရတာတောင် ပစ္စည်း၊ သူ့ဥစ္စာရင်းမှန်လို့ ပြန်ရသလိုလို။ ဘာအကြောင်းရှိလို့ပဲ ခေါ် သူ့အရေးပဲရှိသည်။ သူများအရေးကို ခေါင်းထဲမထည့်။

ဘယ်ကိုပဲသွားသွား၊ နောက်ဆံတင်းလိုက်ရတာ တကယ့်ကလေး
အမေလေးလို။

"ကျွန်မက အမေပဲပေါ့၊ အစ်မကြီးတော့ အမိအရာပဲ တဲ့၊ ရှင်
မသိဘူးလား"

သူမကပဲ ပြန်မေးလို့ ဆရာလုပ်လိုက်သေးသည်။ တကယ်
တော့ ကလေးတွေက ကိုယ့်ခြံကိုယ့်ဝန်းထဲမှာ ကလေးထိန်းနဲ့ အဆင်
ပြေလို့ပါ။ အစ်မဖြစ်သူ ဘယ်ကပြန်လာလာ ရယ်လို့မောလို့။

"ဦးဦးက ဒီမှာမနေဘူးလား"

ဟု သူ့လက်ကိုဆွဲရင်း မေးခဲ့ဖူးသည်။ အစ်မလုပ်သူက
စရာကောင်းသလောက် ကလေးတွေက ချစ်စရာ ...။

"တကယ်တော့ ရန်ဖြစ်ရင်းနဲ့ မင်းဒေါသတွေထဲမှာ မှတ်မှ
ရရတွေဖြစ်နေခဲ့တာ မင်းမသိလို့ပါ"

"ဘာ ..."

သူတွေးနေတုန်း ဦးစိုးမိုးက ပြောလိုက်သဖြင့် မျက်လုံးချင်း
ဆုံသွားသည်။ ဦးစိုးမိုးက ကော်ဖီကို လက်ကျန်မော့ပစ်ပြီး သူ့
မကြည့်ဘဲ ....

"မင်း သူ့အကြောင်းချည်းပဲ တွေးမိနေတာ မဟုတ်ဘူးလ
ဟုတ်သလား"

"မတွေးလို့ရမလား၊ အလုပ်လဲ ဖြောင့်ဖြောင့်မလုပ်ရဘူး၊ အဲ
ဟာလေးကိစ္စပဲ ဘွားက ဖုန်းခဏခဏဆက်နေတာ"

"သူက သဘောကျနေတာကိုးကွ၊ အဲဒါကြောင့်ပြောတာ၊ မင်
သဘောကျဖို့ပဲ ကျန်တော့တယ်"

"ဦးစိုးမိုး၊ ခင်ဗျား အဲဒီဟာလေးနဲ့ မစနဲ့ဗျာ"

"စနေတာ မဟုတ်ဘူး၊ ယူလိုက်ဖို့ပြောနေတာ၊ ကောင်မလေ





က တော်တော်လှတာ၊ ပြီးတော့ အခု နေစရာစားစရာပြည့်စုံပြီဆို
တော့ သူ ကျောင်းဆက်တက်ဖို့လုပ်နေတာ မင်းသိလား၊ တော်ကြာ
ကိုယ့်မိန်းမ သူများရည်းစားဖြစ်သွားလိမ့်မယ်"

"ခင်ဗျားက ဘယ်ကကြားလာတာလဲ"

ဦးစိုးမိုးက ခါးမတ်မတ်ထိုင်လိုက်ပြီး သူ့ကို အထူးအဆန်းကြည့်ရင်း

"ဒီမှာကိုယ့်လူ၊ ကိုယ့်အိတ်ထဲဖိတ်ကျလာတဲ့ပစ္စည်း ကျောက်ခဲ
တွေလား၊ စိန်ခဲတွေလား ဘာမှန်းမသိဘဲ အလေးခံပြီး ထုပ်ပိုးသိမ်း
ဆည်းနေရမှာလား၊ မင်းကနေနိုင်ပေမယ့် ငါက မနေနိုင်ဘူးလေ၊
ကောင်မလေးအကြောင်း ငါ အားလုံးစုံစမ်းထားတာပေါ့၊ ကောင်
လေးတစ်ယောက်ရှိသေးတယ်၊ လူချောလေးပဲ၊ သူငယ်ချင်းလို့ လော
လောဆယ် ထင်စရာရှိတယ်၊ ကောင်နလေးက သီချင်းရေးဆရာလိုလို၊
အဆိုတော်ပေါက်စလိုလို၊ အလားအလာတွေတော့ ရှိတယ်ကွ"

"ဘာ အလားအလာတွေလဲ"

"ချောတယ်၊ အသံမဆိုးဘူး၊ ကြိုးစားရင်တော့ အောင်မြင်လာ
ဖို့ ရှိတယ်၊ ပြီးတော့ ..."

ဦးစိုးမိုးက အမိပွာယ်ပါပါကြည့်ကာ ...

"ဂျိဂျိ စိတ်ဝင်စားသွားဖို့တွေ ရှိသေးတယ်"

"ဝင်စားတော့လဲ ဝင်စားပေါ့၊ အဲဒါ သူ့ကိစ္စ"

"မင်းကိစ္စမဟုတ်တာ သေချာသလား"

"ဦးစိုးမိုး၊ တော်ပြီ၊ ခင်ဗျားပြီးပြီမို့လား"

ပြော၍ ကောင်းက ပိုက်ဆံထရှင်းသည်။ ဒါတောင် ဦးစိုးမိုးက
ပြောနေသေးသည်။

"မြင်ယောင်သေးတယ်၊ တကယ် ... တကယ်"

★ ★ ★ ★ ★

အခန်း (၁၅)

မင်္ဂလာဧည့်ခံပွဲကို ရန်ကုန်မှာပဲ လုပ်ဖြစ်ခဲ့၏။ ဒေါ်ရတီကတော့ ခြံထဲတောင် မဆင်းနိုင်ခဲ့ပါ။ ဒါပေမယ့် ကောင်းကိုယ်တိုင်က စီးပွားရေးနယ်ပယ်မှာ အောင်မြင်နေသည့် လူတစ်ယောက်မို့ ဧည့်ခံပွဲလေးက စည်ကားသည်။

"ကိုကောင်း၊ ဟဲ ဟဲ၊ ချက်ချင်းကြီးမို့လို့ အံ့သြနေတာ၊ ခင်ဗျားတော်တော် လက်စောင်းထက်ပါလား"

ရင်းနှီးသူတစ်ချို့က ဂျီဂျီ့ကိုငဲ့ကြည့်ပြီး တည့်တည့်ပဲပြောသည်။

"ဘယ်တုန်းက ဘယ်လိုရှာထားလိုက်တာလဲဗျ၊ နတ်ပန်းချီဆိုတဲ့အတိုင်းပါပဲ"

"လက်ကလဲ လွှတ်ပါဦးနော်၊ ဖြစ်နေလိုက်တာ၊ ဟွန်း"

"အဲဒါပေါ့၊ လူပျိုကြီးတွေ အဖြစ်သည်းပြီဆို ဘယ်သူဘာပြောပြောဆိုတာမျိုး"

စကြနောက်ကြတော့ ဂျီဂျီ ရှက်လာသည်။ ဖိဆုပ်ထားသည့် သူ့လက်ကို မသိမသာ ဖယ်ချ၏။ သိသိသာသာ ရန်းကြည့်သည်။ သူက လက်ကို နာနေသည်အထိ မလွှတ်တမ်းဖိဆွဲထားကာ ...

"ဂျီဂျီ မင်း ဘာဖြစ်နေတာလဲ"





သွားကြားစေ့သည့်လေသံနှင့် ကပ်ကြိမ်းသည်။

"ရှင်လေ၊ အဲဒါ ရှင့်ကိုမေးရမှာ၊ လက်ကို ဘာဖြစ်လို့ ဒီလောက်ဆွဲထားတာလဲ"

"ဆွဲချင်လို့ဆွဲတာ၊ ငါ့မိန်းမမို့လို့ ဆွဲတာ၊ ရှင်းရဲ့လား၊ ထပ်ရုန်းရင် ဒီ့ထက်နာမယ်"

ကြည့်စမ်း၊ ရန်ဖြစ်ချင်လွန်းလို့ ပါးစပ်က ယားနေသည်။ ပြောရာစကားလုံးတွေကလည်း လျှာပေါ်မှာ စုပြုံနေသည်။ ဒါပေမယ့် အဆက်မပြတ် လက်ဆွဲနှုတ်ဆက်ရင်း တသောသောရယ်မောနေကြသည့် လူပုံအလယ်မှာ ဂျီဂျီ ပါးစပ်ပိတ်၍ မရယ်ချင်ဘဲ ရယ်ရ၊ မပြုံးချင်ဘဲ ပြုံးရ၊ နှုတ်ခမ်းနှစ်လွှာစေ့၍ ပြုံးထားရရင်း ကြာတော့လည်း မဲ့မဲ့လေးဖြစ်နေခဲ့သည်။ ကိုယ့်အသိမိတ်ဆွေ ဘယ်မှာရှိလို့လဲ။

သူ့မိတ်ဆွေ၊ သူ့လူတွေချည်းပဲ။ ပြီးတော့ ဒေါ်ရတီ့ဘက်က မိတ်ဆွေတွေ။ လက်ဖွဲ့ပစ္စည်းတွေက ရတနာဘူးတွေချည်းပဲဖြစ်ကာ ဧည့်ခံပွဲလာသမျှ လူတွေမှာလည်း အပြိုင်အဆိုင် ဖိတ်ဖိတ်လက်နေကြသည်။

တကယ်ပဲ မင်္ဂလာဆောင်နေရသလိုကြီး ခံစားလာရ၏။

"မြင်တဲ့အတိုင်းပဲဗျာ၊ ဒီကောင်လေးက သိပ်လျှိုတာ၊ သူ့ချစ်သူကို ချစ်လိုက်တာမှ တုန်နေတာပဲ၊ သူက သူများဝေဖန်မှာတောင် ခံနိုင်တဲ့သူ ..."

ဦးစိုးမိုးက ဒိုင်ခံပြောပြနေ၏။

"သမီးလေးတို့မိဘတွေက ဆုံးသွားကြပြီလေ၊ ရှိတဲ့ ဦးလေးတစ်ယောက်ကလဲ နိုင်ငံခြားရောက်နေတော့ ကောင်းဘက်က ဘွားရဲ့ကျန်းမာရေးကြောင့် ချက်ချင်းကြီးလက်ထပ်ဖို့ ဖြစ်လာလို့ သူတို့ချင်းညှိနှိုင်းပြီး ဖြစ်အောင်စီစဉ်ရတာ"

"မပြည့်စုံတာရှိရင် ခွင့်လွှတ်တော့ဗျာ၊ သားဦးရရင် ထပ်

မင်္ဂလာဆောင်ဦးမှာ၊ အဲဒီကျမှပဲ လူစုံတက်စုံဖြစ်မှာဗျ"

ဦးစိုးမိုးက သိလျက်နှင့် တမင်တကာပြောနေတာလား။ ဒ ီလောက်အထိ ပြောဖို့လိုလို့လား။ သူ တစ်ခုခုတော့ တိုးတိုးကျိတ်ကျိတ် တားဆီးဖို့ကောင်းသည်။

မေးတာ၊ ဖြေတာတွေကြောင့် သူ့ကို ဂျီဂျီ ခဏခဏမော့ကြည့်သည်။ သူက မကြားသလို၊ မသိသလို။ ဒီစကားတွေကို သာယာစွာ ခံစားနေတာမဟုတ်ဘူးဆိုတာ ဂျီဂျီ သိသည်။

သူမအတွက် မျက်နှာပူစရာ၊ ရှက်စရာတွေဖြစ်နေမှန်းသိလို့၊ သူမ တကယ်ပဲ ကသိကအောင့် ဖြစ်နေတာကိုသိလို့ သူ တမင် တကာရွှဲ့နေတာ ...။

ဒေါသသည် ဧည့်ခံပွဲတောက်လျှောက်မှာ မပြီးနိုင် မစီးနိုင် အငွေ့ တလူလူနှင့် ထွက်လေသည်။ ထိုစဉ် သူတို့နားသို့ ဘွားခနဲရောက်လာ သူက နေကာ ...။

"ဂျီဂျီ"

"နေကာ"

လှိုက်ခနဲ ပျော်သွားကာ ဂျီဂျီ ကိုယ့်အဖြစ်ကိုယ် မေ့သွားသည်။ သူကိုင်ထားသည့်လက်ကို ရုန်း၍ ဝမ်းသာအားရ ခြေလှမ်း၏။ သို့သော် လက်ကပါမလာဘဲ ကိုယ်တစောင်းကပဲ နေကာ့ဘက် လှည့်ပြီးသား ဖြစ်သွားသည်။

ပြန်လှည့်ကြည့်လိုက်တော့ ကောင်းမျက်နှာကလည်း တင်းနေ သည်။ ပြန်ခါနီးလူတွေကို နှုတ်ဆက်လိုက်ပို့ရင်း ဦးစိုးမိုးက သူတို့ သုံးယောက်ကို လှမ်းကြည့်နေ၏။ ထို့ပြင် လူကြီးပိုင်းအချို့ကို ဧည့်ခံ နေသော ဦးကြာပန်းကလည်း လှည့်ကြည့်သည်။ ဧည့်ခံပွဲကလည်း သိပ်မကျယ်ပါ။ အမှတ်တမဲ့ကနေ သတိထားမိကုန်သည်က ကောင်း





နေကာကြောင့်ဖြစ်၏။

မင်္ဂလာရှိစွာ ပြုံးရွှင်ရယ်မောနေကြသည့်အထဲမှာ တင်းမာခက် ...န်နေကြသည်ဖြစ်ရာ ....

"ရော့"

လက်ဖွဲ့ပေးတာ ကြည်ဖြူစွာမဟုတ်ဘဲ ပိုင်ရှင်ပေါ်လို့ မပေး ...င်ဘဲ ပြန်ပေးရသည့်ပစ္စည်းတစ်ခုလို။ ဂျီဂျီ့လက်ထဲ ဘာမှန်းညာ ...း မသိ 'ရော့' တစ်လုံးနှင့် ထိုးသိပ်ထည့်၏။ ကောင်းကို စူးခနဲ ဖြစ်ပြီး ...ဂျီ့ဆီ ပြန်ရောက်ကာ ...

"နင် တကယ်လုပ်ပစ်တာနော်၊ ငါ လုံးဝမထင်ဘူး"

"ဟုတ်တယ်၊ ငါ ... ငါ ...ပြောသားနဲ့၊ နင်ကလဲ"

"ပြောတာကဟုတ်တယ်လေ၊ ဒီလောက်အထိ ကြီးကြီးကျယ် ...ယ်လုပ်ပစ်တာ ကောင်းလား၊ ဒီအခြေအနေထဲကနေ နင်ဘယ်လို ...န်ပြီး နှုတ်ထွက်မလဲ၊ အတုက အတုလိုပဲပြီးသင့်တာ"

"ဒီမှာ ကိုယ့်လူ၊ ငါတို့က ကလေးကစားသလို လုပ်ခဲ့ကြတာ ...ဟုတ်ဘူး၊ မင်း အပြောအဆိုဆင်ခြင်ပါ"

ကောင်းက အနီးအပါးကိုဝေ့ကြည့်ပြီး ခပ်တိုးတိုးပြောသည်။ ...နေကာက ဂရုမစိုက်စွာ မသိမသာ နှုတ်ခမ်းတွန့်မဲ့၍ ခါးတစ်ဖက်ကို ...လျော့ရဲရဲထောက်၏။

"လုပ်မနေစမ်းပါနဲ့၊ မင်းနဲ့ကိုယ်ပဲ ကြားတာပါ၊ အချစ်ဇာတ် ...မ်းတွေ၊ ချစ်ကြိုက်ကွဲညား၊ ဒါတွေပါပဲ၊ ရိုးနေပြီ၊ အီနေပြီ၊ ဘယ်သူ ...တွေ ဘယ်လောက်ပြောပြော ထပ်ခါထပ်ခါ ဖြစ်နေတာတွေပြည့် ...တွေပဲ၊ မင်း စလိုက်တဲ့လမ်းကြောင်းက သိပ်မဆန်းတဲ့ လမ်း ...ကြောင်းဟောင်းကြီးပဲ၊ ဒါပေမယ့် ဖြစ်နိုင်ခြေတွေရှိနေတယ် ကောင်း ...င်ရောင်၊ ချိုတဲ့ တဲ့မိန်းကလေးတစ်ယောက်ကို အင်အားတစ်မျိုးနဲ့

ဖိအားမပေးမိဖို့တော့ သတိပေးချင်တယ်၊ မင်း အောင်မြင်ကြွယ်ဝ လို့ လူကြီးလူကောင်းခြုံလွှာကြီး တင်ထားပေမယ့် မင်းနဲ့ငါ အသ သိပ်မကွာပါဘူး”

နေကာက ခပ်ရင့်ရင့်ပြော၍ အောက်မေးဖျားလှုပ်ရုံလေး မှဲ့

“မင်းနဲ့ ဂျီဂျီ အလုပ်သဘောအရ ပတ်သက်ခွင့်ထက်ပိုပြီး နော ထပ်အခွင့်အရေး မယူမိဖို့ပြောတာ၊ ဂျီဂျီ့ဘေးမှာ ငါရှိတယ်”

“နေကာ”

နေကာက ခြေလှမ်းတုံ့သွားပေမယ့် မရပ်တော့ဘဲ လှည့်ထွ သွားသည်။ ဂျီဂျီက လက်ဖွဲ့ဘူးလေးကို ဆုပ်ထား၍ နေကာ့ကျေ ပြင်ကို လိုက်ကြည့်နေသေးသည်။ ပြီးမှ စူးစိုက်ငြိမ်သက်နေသည် သူ့ဘက်ပြန်လှည့်၏။

“နေကာ စကားပြောတာ နည်းနည်းရိုင်းသွားတယ်ထင်တယ် ကျွန်မ သူ့အစား တောင်းပန်ပါတယ်”

ကောင်းက ဖိဆုပ်ထားသည့် သူမလက်ကိုလွှတ်လိုက်ပြီး မျ မှောင်ကုတ်ထားခြင်းကို ပြန်ဖြည်သည်။

“မင်းကို သူ့ဘက်က သက်ဆိုင်နေတယ်ဆိုရင် မလွန်ပါဘူး။ အဲ ငါသိချင်တယ်၊ မင်း အမှန်အတိုင်းဖြေပါ”

“ဘာလဲ”

“မင်းနဲ့သူက ဘာလဲ”

“သူငယ်ချင်း”

ကောင်းမျက်နှာ တင်းခနဲ ဖြစ်သွားသည်။ ဦးစိုးမိုးလည်း ပြော ဖူးသည်။ ဒါပေမယ့် သူငယ်ချင်းလား၊ ရည်းစားလား မသေချာ။

ခုလည်း ‘မင်းနဲ့သူက ဘာလဲ’ လို့ ကောက်မေးလိုက်ဖို့ ပါး ထဲရောက်လာသေးသည်။ ထိုမေးခွန်း၏နောက်မှာ သူတစ်ပြန် ကိုယ်





တစ်ပြန် စကားစစ်ထိုးမှုတွေ၊ ခနဲ့တာတွေ၊ ရွဲ့တာတွေ ဒါမှ မဟုတ် ပါးစပ်ချင်းမနိုင်လျှင် နိုင်ရာတွေပါလာဦးမည်။

မလှမ်းမကမ်းမှာ ဦးကြာပန်းကရှိနေသည်မို့ အခြေအနေကို သူ ထိန်းနေလိုက်ရင်း ပြီးတော့မသေချာသည့်အထဲမှာ ဂျီဂျီ့ချစ်သူ တကယ် ဖြစ်နေလျှင် ဒီစကားတွေပြောလာခဲ့တာ ခွင့်လွှတ်သင့်သည်လို့ တွက်ခဲ့ တာလည်းပါသည်။ အဆိုးဆုံးက ဒီနေရာမှာ ဒေါသထွက်လိုက်လျှင် ယောကျာ်းနှစ် ယောက်က မိန်းကလေးတစ်ယောက်ကြောင့် ပြဿနာ ဖြစ်ကုန်ကြသည်ဆိုသော သတင်းကြီးသွားဖြစ်ကာ သူဟာ နေကာ့လိုပဲ သူမကို စိတ်ဝင်စားသူစာရင်းထဲ အလိုလိုပါသွားလိမ့်မည်။ ဒါ စိတ် ဆိုးစရာ မဟုတ်ဟု ကိုယ့်အတွေးနဲ့ကိုယ် ဖြေခဲ့နိုင်သည်။

ဒါပေမယ့် သူက ပြောသွားနိုင်သည်။ ကိုယ်က မပြောခဲ့နိုင်။ ထိုအဖြစ်ကတော့ ရင်ထဲမှာ တနုံ့နုံ့ကျန်၏။

ကောင်းသည် ဂျီဂျီ့စကားကြောင့် မျက်နှာမှာ နီသွားလိုက်၊ ညို တက်လာလိုက်နှင့် အတန်ကြာ နှုတ်ခမ်းစေ့ထားလျက် ပြီးတော့ အေးစက်စွာပြုံး၏။

“သူငယ်ချင်း”

သံယောင်လိုက်ပြောပြီး ခေါင်းဆတ်ညိတ်သည်။

“သူငယ်ချင်းဆိုရင် ငါက လက်ခံထားစရာမလိုဘူး၊ သူ ပစ်သွင်း ခဲ့တဲ့စကားလုံးတွေ သူ့ဆီ ငါ ပြန်ပို့ရလိမ့်မယ်”

အလွန်အေးစက်သောစကားသံကို ဂျီဂျီ နားလည်သွားသည်။

“ရှင် ဘာတွေပြောနေတာလဲ ကောင်းကင်ရောင်၊ သူငယ်ချင်း မို့လို့ စိတ်ပူပြီးပြောသွားတာကို ရှင် နားလည်ပေးလိုက်ပါ၊ ကျွန်မ ဘဝ ဟိုလွင့်ဒီလွင့်နဲ့ ကူညီသူမဲ့နေတဲ့ကာလမှာ သူက ကျွန်မရဲ့ ရဲဘော်ရဲ ဘက်ကောင်း”

"အဲဒါ ငါနဲ့မဆိုင်ပါဘူး၊ ငါနဲ့ဆိုင်တာက ငှါသိကၠာ၊ သူ ဖဲ့သွားတာ ငှါသိကၠာပဲ"

ကောင်း ခြေလှမ်းဖြစ်သည်။ တစ်ချိန်လုံး ဆုပ်ဆွဲထားခဲ့သည့် သူမကိုလည်း လက်ချင်းချိတ်ဖို့ ရှုံ့ရှာသွားသလို မျက်နှာပြင်က လှုကဲ ခတ်လွယ်လောက်အောင် တင်းနေသည်။

"ကောင်းကင်ရောင်"

ဂျီဂျီက သူ့လက်မောင်းကုတ်အင်္ကျီစကို နောက်ကနေမိသလို လှမ်းဆွဲသည်။

"သူ့စိတ်ကို ကျွန်မသိတယ်၊ အဲဒါ ရှင့်ကို သက်သက်ရန်လိုသွားတာမဟုတ်ပါဘူး၊ သူက ..."

"ဖယ်စမ်း"

ကောင်းက ဂျီဂျီ့လက်ကို ဖယ်ချပစ်သည်။

"မင်းနဲ့ငါ မပြောချင်ဘူး"

သူ တော်တော်စိတ်ဆိုးသွားပြီကို သိလိုက်သည်။ နေကာ ပြောနေတုန်းကတော့ သမီးရည်းစားမို့ သဝန်တိုပြီးရောက်လာတယ်ထင်၍ သည်းခံခဲ့တာထင်သည်။ ဒီလိုမှန်းသိရင် "ကျွန်မချစ်သူ" လို့ ပြေလိုက်ပါရဲ့။

"ဂျီဂျီ၊ ဟိုကောင်ဘာဖြစ်တာလဲ"

ဦးစိုးမိုး အနားရောက်လာသည်။

"မသိဘူး၊ မပြောတတ်တော့ဘူး၊ စိတ်ညစ်တယ်"

ဦးစိုးမိုး သက်ပြင်းချ၍ မစဲသေးသည့်လူတွေကို ဝေ့ကြည့်သည်။ ကောင်းက ညှော့သည်တွေကြားမှာ အပြုံးမပျက်ရှိနေပါ၏။

"ဘာပဲဖြစ်ဖြစ် ညည်း အမူအရာမပျက်စေနဲ့နော်"

ဘယ်သူက အမူအရာပျက်နေတာလဲ။ မကြည့်ဘဲနဲ့ ....။

★ ★ ★ ★ ★





အခန်း (၁၆)

ဒီအချိန်ကြီးကျမှ မှော်ဘီပြန်မယ်ပြောလို့ မဖြစ်မှန်း အစ
တည်းကသိသည်။ ကလေးတွေကို မှော်ဘီမှာပဲ ကလေးထိန်းနဲ့
ပ်လိုက်ဖို့လည်း ကောင်းက အစကတည်းက စီယားဆွဲခဲ့တာဖြစ်၏။

ဒါပေမယ့် ဂျီဂျီကတော့ မင်္ဂလာပွဲမှာ ကလေးတွေကို စား
သောက်စေချင်သည်။ ပြီးတော့ တစ်ညလုံးကြီး သူစိမ်းနဲ့အတူထား
ထိ ဘယ်လိုမှ စိတ်မချသည်မို့ ....

"မမလင်း၊ အငယ်လေးကို သေချာထိန်းပေးပါနော်၊ ပြီးတော့
ွားမေးရင် ဂျီဂျီ ပြောပြထားတဲ့အတိုင်းပြောပေး"

"အေးပါ ညီမရယ်၊ ညီမက ဒီကိုဘာဖြစ်လို့ ဝင်လာရတာလဲ၊
လေးက ညီမကိုမြင်ရင် ငိုတော့မှာပေါ့"

ထိုအခါကျမှ ဂျီဂျီ ထိတ်ခနဲ ဖြစ်၏။ ကလေးက စကားမပြော
တတ်သေးပေမယ့် 'မမ' ဆိုတာလေးကိုတော့ ပီသသည်။ သူမကို
ခေါ်၍ လက်ကမ်းငိုပါပြီ။

"မောင်လေး၊ မောင်လေး မငိုရဘူး၊ တိတ် ... တိတ်၊ ဒုက္ခပါပဲ"

သူမမှာ မင်္ဂလာဝတ်စုံကိုတောင် မလဲနိုင်သေးပါ။ ကလေးက
လင်းကိုယ်ပေါ်ကနေ တစ်ကိုယ်လုံးယိမ်းကာ သူမရင်ဘတ်ပေါ်

လက်လှမ်း၍ မှောက်ချလိုက်၏။

"အို ... မောင်လေး"

"သား ... သား၊ မလုပ်ရဘူး၊ မမကြီးဆွဲကြိုးတွေ ပြတ်ကုန်လိမ့်မယ်"

ကလေးက ဂျီဂျီကမခေါ်ဘဲ မလင်းကပြန်ဆွဲတော့ ဝါးခနဲ ထငိုသည်။ ဆွဲမိဆွဲရာဆွဲထားသည်က ရင်ဘတ်ပေါ်မှာ တစ်ရစ်စီ ကပ်ချိတ်ထားသည့် စိန်ကုံးတွေကိုဖြစ်၏။

"ဂျီဂျီ"

"ဟင် ..."

ဂျီဂျီ မျက်လုံးပြူးသွားသည်။ မလင်းမျက်နှာပျက်ကာ ကလေးလက်ဖဝါးလေးကို မရမက ဆွဲဖြန့်သည်။ စိန်ကုံးတွေကို ဖြည်ယူရင်း ချွေးပြန်သွား၏။

ညဉ့်နက်ပြီမို့ ရေဆန်ကတော့ စားသောက်ပျော်ပါးပြီး မွေ့ရာပေါ်မှာ အိပ်ပျော်နေပါပြီ။ ဘယ်လိုမှ သိပ်မရသေးဘဲ ဖုံးမရဖိမရ ငိုသံထွက်နေသည်က လေထန်။

"ဂျီဂျီ"

နှစ်ယောက်သား ကလေးတစ်ယောက်နှင့် လုံးထွေးနေဆဲ၊ အခန်းဝမှာ ကောင်းမျက်နှာကြီး ဘွားခနဲ ပေါ်လာသည်။

"မင်း ဘာလုပ်နေတာလဲ"

"လာမယ်၊ ဒီမှာ ... ဒီမှာ၊ ခဏလေး"

"လာပါ သားလေးရယ်၊ မမ သွားပါစေနော်"

မလင်းက ကလေးကိုချော့မော့ဆွဲခေါ်သွား၏။ ငိုသံက ပိုပြင်းသည်။ ဂျီဂျီ့ကိုယ်မှာ လည်ကုံးတွေကော၊ ရင်ထိုးတွေကော တန်ဆာတစောင်းတွေ ဖြစ်ကျန်ခဲ့၏။





"မင်း ... မင်းကွာ၊ သေချာပြောထားတာတောင်"

"ဘာဖြစ်လို့လဲ၊ အပေါ်ထပ်က ဘွား ကြားတာမှမဟုတ်တာ"

ပြန်ပြောမိပေမယ့် မသိအောင်ဖွတ်လုပ်ထားမိသော ကိုယ့်အပြစ်မို့ ပြောလည်းပြောရင်း ဂျီဂျီက သူနဲ့လွတ်အောင် လှည့်ထွက်သွား၏။

"ဘွားမကြားဘူးလို့ မင်းကို ဘယ်သူပြောလဲ"

"အား ...."

ကောင်းက လက်တစ်ဖက်နှင့် တံခါးကိုနောက်ပြန်ဆွဲပိတ်ကာ တစ်ဖက်က ဂျီဂျီ့လက်မောင်းလေးကို ဆောင့်ဆွဲပစ်လိုက်၏။ ဂျီဂျီ့ကိုယ်တစောင်းလေးက သူ့ရင်ခွင်ထဲသို့ ဗွေ့ခနဲ ပြန်ကျ၏။

"ပါးစပ်ကပြောပါလား၊ လက်က မပါနဲ့"

"ပါတော့ ဘာဖြစ်လဲ"

"ဒီကလဲ ရှင့်လိုပဲ၊ ဟွန်း နောက်ထပ်လက်ပါရင် ဒီက ပါပြီးသားပဲ"

ဂျီဂျီ ကိုယ့်ဒေါသနဲ့ကိုယ် အနိုင်မခံအရှုံးမပေးအော်ကာ သူ့ရင်ခွင်ထဲက လူးလဲရုန်းထွက်၏။ သို့သော် ....

"အို ဘာ... ဘာလုပ်၊ ရှင်နော်၊ ကောင်း ... ကောင်း"

နာမည်လည်းဆုံးအောင် မခေါ်နိုင်။ သူမကိုယ်သူမ ဘာဖြစ်သွားမှန်းပင် မသိလိုက်ဘဲ ...

"လူဆိုး ... လူညစ်ကြီး"

စိတ်ရှိလက်ရှိ ထုရိုက်အော်ပစ်ချင်သည့် စကားတွေ၊ လက်တွေ၊ ဂျီဂျီ ဘာမှပြောခွင့်၊ လှုပ်ရှားခွင့် မရခဲ့ပါ။ ခဏအတွင်းမှာ မွန်းကျပ်ပိတ်လှောင်သွားခဲ့ခြင်းဟာ ကမ္ဘာတည်အောင် ကြာခဲ့သလား။

"ရှင် ... ရှင်၊ အနိုင်ကျင့်"

သူ့မျက်နှာကို ကြည့်လို့ရသည်နှင့် ဂျီဂျီ့လက်တစ်ဖက်က အား

ရှိုပါးရှိ မြောက်တက်သွားသည်။ ကောင်းက ခပ်တည်တည်ရုပ်နေရင်း လက်ကို ဖမ်းဆုပ်ထားလိုက်ကာ ...

"လက်ပါချင်တဲ့မင်းကို ကိုယ်က ပညာပေးလိုက်တာလေ၊ သဘော မပေါက်သေးဘူးဆိုရင် လုပ်လိုက်"

လက်ကို သူက အေးအေးဆေးဆေး ဖြည်လွှတ်လိုက်သည်။ ဂျီဂျီလက်ဖဝါးလေးကို ကျစ်ခဲသွားအောင် ဆုပ်ပစ်လိုက်၏။ သူ့ ရည်းစားလည်းမဟုတ်၊ ချစ်ပါရစေ၊ ကြိုက်ပါရစေ ပြောခဲ့ဖူးတာလည်း မရှိ၊ တကယ်ဆို ကိုယ်က သူ့အလုပ်သမား။ သက်သက်အနိုင် ကျင့်တာ ...။

စိတ်ဆိုးတာမဟုတ်ဘဲ ရင်ထဲမှာ နာကြည်းသွား၏။ 'ဂျီဂျီ့အနား မှာ ငါရှိတယ်' ဟု သတိပေးသွားသည့် နေကာ့ကို သတိရမိသည်။ တကယ်တမ်း သူ ညစ်တော့ ဘယ်သူကာကွယ်နိုင်လို့လဲ။

"ရှင့်ကို သိပ်မုန်းတယ်"

ဟု ရင့်သီးစွာပြောကာ ချာခနဲ လှည့်ထွက်ခဲ့မိသည်။

ပေါက်ခနဲ၊ ပေါက်ခနဲ ကျလာသော မျက်ရည်တို့က ဘောင် ဆတ်ဆတ်လှမ်းသွားသည့် ခြေလှမ်းတိုင်းမှာ စည်းဝါးလိုက်ပေးနေ သလို အဆက်မပြတ် ကျလာသည်။

"ဟိတ် ..."

ကောင်းက လှမ်းခေါ်ရင်း ခုန်လွှားပါလာကာ ရှေ့ကနေ ပိတ် ရပ်လိုက်၏။

"မင်း ငိုသွားတာလား၊ ဘွားရှေ့ကို မျက်ရည်တွေနဲ့ သွားလို့ မဖြစ်ဘူး၊ သုတ်ပစ်လိုက်"

ဂျီဂျီက မျက်နှာကို ဆတ်ခနဲ လွှဲပစ်ကာ မျက်ရည်ကို လက်နှစ် ဖက်နှင့် ဘယ်ပြန်ညာပြန် ပွတ်ဆွဲသုတ်ပစ်သည်။ မိတ်ကပ်တွေ





ပျက်မှာလည်း မစိုး၊ ငိုထားတာကို မသိအောင် သေချာဖုံးဖိလိုက် တာလည်း မဟုတ်ဘဲ ဝတ္တရားကျေရုံပဲ လုပ်ချလိုက်တာဖြစ်သည်။

ပြီးတော့ သူ့ကိုကွေ့ရှောင်၍တက်၏။

"နေဦး"

ကောင်းက ဂျီဂျီ့လက်ကိုဆွဲထားကာ ရပ်နေခိုင်းတာမဟုတ်ဘဲ ခြေတစ်လှမ်းချင်း တူညီစွာ လိုက်တက်ကာ ...

"ကိုယ် တောင်းပန်ပါတယ်"

သူ့ကိုယ်သူ 'ကိုယ်' လို့ပြောမိတာ ဖျတ်ခနဲ နူးညံ့သွားသည့် ကရုဏာသက်မိသော စိတ်ကြောင့်ဖြစ်၏။ ဂျီဂျီက ကိုင်ထားသည့် သူ့လက်ကို ခါချပစ်လိုက်ပြီး ပခုံးချင်းတိုက်နေတာကို လွတ်အောင် ပြေးတက်၏။ ကောင်းလည်း ပြေးလိုက်သည်။

ကြောင်လိမ်လှေကားသည် လိမ်ပတ်နေပေမယ့် မြွေခွေသလို နေတာမျိုးမဟုတ်။ အဆစ်ချိုးပေါင်းများစွာနှင့် ခေတ်မီဒီဇိုင်းပုံ ဖန် တီးထားတာဖြစ်သည်။ ထို့ကြောင့် အပေါ်ရောက်ဖို့ ဒုတိယအဆစ် ချိုးမှာ ဂျီဂျီ့လက်ကို ပြန်ဆွဲမိ၏။

"မင်းကို တမင်တကာ စော်ကားကျူးလွန်လိုက်တာ မဟုတ်ဘူး၊ စကားတွေ အနိုင်လုပြီး ချိတ်မိကုန်တာ၊ အဲဒါ တကယ် ထပ်တောင်းပန် ပါတယ်ကွာ၊ ကျေနပ်ပါ"

"ကျေနပ်နပ် မနပ်နပ်၊ ထပ်ပြီးစကားနိုင်လုလဲ မင်းက ငါ့မိန်းမ ပဲလို့ပြောပြီး ရှင် အနိုင်ယူမှာပဲမို့လား"

"မဟုတ်ဘူး၊ အဲ ... ပြောမိချင်ပြောမိမယ်၊ ကိုယ့်စိတ် အဲဒီ လောက်ထိ မနိမ့်ဘူး၊ အနိုင်မခံ အရှုံးမပေးစိတ်ရှိနေတာ ကိုယ့်အား နည်းချက်ပါ၊ မင်းကို ဒီပုံစံဝင်အောင် ကမ်းလှမ်းတဲ့ထဲမှာ ကိုယ့်အကျိုး ပါသလို မင်းကို ကူညီချင်တာလဲ ပါတယ်၊ မယုံလဲ မတတ်နိုင်ဘူး"

"ဘယ်တော့မှ တတ်နိုင်မှာမဟုတ်ဘူး၊ ဘယ်တော့မှ ယုံမှာမဟုတ်လို့လေ"

ပြောရင်း မျက်နှာမှာ နွေးခနဲဖြစ်ကာ အောက်နှုတ်ခမ်းလေးကို ဖိကိုက်ထားလိုက်မိ၏။ ဒါ တောင်းပန်လို့ကျေနပ်သင့်တဲ့ အပြစ်လား။

"ကိုကိုလေး၊ မေမေကြီးခေါ်နေတယ်ရှင့်"

အိမ်ဖော်ကောင်မလေး လှစ်ခနဲ ပေါ်လာပြီး ပျောက်သွားလျှင် ...

"ထွေးထွေး"

လှမ်းခေါ်ပြီး ကောင်းက လှေကားပေါ် တလွှားလွှား ပြေးတက်သွား၏။

"အောက်မှာ ကလေးငိုနေတာ သွားကူထိန်းလိုက်စမ်း၊ ငိုသံပေါ်မလာစေနဲ့"

"ဟုတ်ကဲ့"

ထွေးထွေးက ခေါင်းလေးငုံ့၍ သုတ်သုတ်လေး ဆင်းသွားသည်။ အနားက ကပ်ဖြတ်သွားပေမယ့် ဂျီဂျီ့ကိုတော့ မကြည့်ရဲပါ။

"လာလေ"

ကောင်းက လှမ်းခေါ်မှ ဂျီဂျီအပေါ်တက်လာ၏။ ဘွားက ကတ္တီပါ ထိုင်ခုံပုပုလေးပေါ်မှာ ပုံ့ပုံ့အိအိမဟုတ်ဘဲ ခပ်တောင့်တောင့်လေး ထိုင်၍ တံခါးဝကိုကြည့်နေပုံက တက်ကြွနေဟန်ရှိသည်။

"လာကြ မြေးတို့"

ဟု သူတို့ကိုမြင်တာနှင့် ပြုံးပြုံးရယ်ရယ်ဖြစ်သွားကာ သူမလက်လှမ်းမှီသည့်နေရာမှာ အဆင်သင့် ထပ်တင်ထားသည့် သေတ္တာကလေးတွေကို လက်လှမ်းသည်။ ပြီးတော့ ကိုင်ပြီးမှ လက်ပြန်ရုပ်၍....





"ယူလိုက်စမ်းကွယ်၊ မြေးရဲ့"

ကောင်းကို ကြည့်ပြီးခိုင်းတော့ ကောင်းက အထပ်လိုက်လေး ယူပြီး ရင်ခွင်ထဲ ထည့်ပေးလိုက်သည်။

"မြေးလေး၊ ဘွားနားကို တိုးစမ်း"

ဟု ပြောသည်က သူမကို ရည်ရွယ်မှန်းသိတာကြောင့် ဂျီဂျီ မွေ့ရာ ...န်းနားမှာ ထိုင်ရာကနေ ဘွားခြေရင်းမှာ ကျုံ့ကျုံ့လေး တိုးထိုင် ...ိုက်သည်။

"ညဥ့်နက်လှပြီ၊ ဧည့်ခံပွဲက သိမ်းလို့မပြီးသေးဘူးလားကွယ်"

မေးရင်း အပေါ်ဆုံးကသေတ္တာလေးကို ဖွင့်သည်။

"ပြီးပါပြီ ဘွား၊ သိမ်းနေကြပါတယ်"

ပြိုင်တူဖြေမိကြပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိ ...၏။ မျက်နှာပြန်လွှဲလိုက်ကြတာလည်း အတူတူပဲဖြစ်သည်။

"မြေးကို ဘွား ခေါ်ခိုင်းနေတာကြာပြီ၊ မိထွေးလေ၊ ကိုကိုလေး ...ယ်မှာမှ ရှာမတွေ့လို့တဲ့၊ ထိပ်သာ ခေါက်ပစ်ချင်တော့တာပဲ၊ ဘွား ... မြေးကို အပေါင်းအသင်းတွေနဲ့ ပါသွားပြီး သောက်စားလာမှာ ...လို့"

ဒါမျိုးက ပျော်ရွှင်တဲ့လူတွေ လုပ်ကြတာပါ။ ဘချလာနိုက်ဆိုတာ ...ယ်နဲ့ ဘာဆိုင်လို့လဲ။ နှစ်ယောက်သား ကြည့်မိကြဖို့ မျက်လုံးချင်း ...နီးမှ ပြိုင်တူပဲ ရုပ်သိမ်းဖြစ်ကြပြန်သည်။

ဒေါ်ရတီက သေတ္တာထဲကနေ ရောင်စုံဖြာလဲ့နေသည့် ရတနာ ...ောင်စုံကို ဆွဲယူလိုက်သောအခါ ....

"အား ... ကျွတ် ... ကျွတ်"

"ဟင် ... ဟဲ့ မြေး၊ ဂျီဂျီ ဘာဖြစ်တာလဲ၊ မြေးမ"

"ဂျီဂျီ ဘာဖြစ်တာလဲ"

ဒေါ်ရတီက နဝရတ်လည်ဆွဲကို ကိုင်လျက် ထိတ်ထိတ်ပျာပျာ
ဖြစ်သွား၏၊ ကောင်းလည်း ရုတ်တရက် ဆတ်ခနဲ ဖြစ်သွားသည်၊
ဒါပေမယ့် သူ ချက်ချင်းပဲ နားလည်လိုက်၏။

"ခေါင်းတွေမူးလို့ ဘွား၊ ဘာဖြစ်သွားတာလဲမသိဘူး၊ ခဏ
လောက် သွားလှဲနေပါရစေနော်"

"ဟေ ...အေးပါ၊ လှဲပါ၊ ခဏ ...ခဏလေးတော့ နေဦး
ပစ္စည်းက မျိုးဆက်တိုင်း ဆက်ခံရတဲ့ပစ္စည်းပါ၊ မင်္ဂလာဦးညမှာ
ဖြစ်မှာ၊ ပင်ပန်းလို့ မူးတာပါကွယ်၊ ဆက်မှေးနေပါဦး၊ ဟဲ့ ... မြေး
အနားမှာကပ်ပြီး မှီလို့ရအောင် ထိန်းပေးထားလေ"

ရတနာပစ္စည်းတွေကို ပေးတော့မှာကိုသိလို့ ထွက်ပေါက်
မိကာမှ ပိုဆိုးသွားသဖြင့် ဂျီဂျီ ချက်ချင်းကိုယ်မတ်သွား၏။

"ရတယ်၊ ရတယ်၊ ခဏနေလို့ရပါသေးတယ်၊ မလာနဲ့"

ကောင်းကလည်း စိုက်ခနဲကြည့်ပြီး တစ်ဖက်သို့ လှည့်ပစ်
ဘွားကတော့ ဘာမှမသိရှာ။

"အနားတိုးစမ်းပါကွယ်၊ ဘွားက ကိုယ်တိုင်ဆွဲပေးချင်တာ
နောက်တော့ သေချာသိမ်းထားပေါ့၊ ဒီညမဝတ်ချင်လို့ မရဘူး၊
ဆင်စာစီရှိသေးတယ်၊ ဒီ့ပြင်ရတနာတွေလည်း တစ်ဦးတည်းသော
မြေးလေးမို့ မြေးတို့ပဲရမှာပါ၊ ဒါပေမယ့် မင်္ဂလာဦးညမှာတော့
ဆင်စာတွေအပြည့်တွေကို ဘွားကိုယ်တိုင်ပေးချင်တာ"

"ဘွားရယ်၊ ပစ္စည်းတွေက အများကြီးပဲ၊ ဂျီဂျီတို့က မှော်ဘီ
နေကြမှာဆိုတော့ ဒါတွေထိန်းသိမ်းရမှာ တာဝန်ကြီးနေမှာ၊ ဘွား
သိမ်းထားလိုက်ပါနော်"

ဂျီဂျီ့မျက်နှာလေးသည် ဟန်ဆောင်ပန်ဆောင် ပြင်းနေတာ
မတူ။ ရတနာတွေကို ရင်ပြည့်ရင်ကယ်ဖြစ်နေသူတစ်ယောက်က





စရာဆို မကြည့်ချင်မမြင်ချင် ဖြစ်နေသည့်မျက်နှာမျိုးနှင့် ဝေ့ခနဲ
ကြည့်ပြီး ရှုံ့မဲ့နေ၏။

"အမလေး လေး၊ လောဘသက္ကာယ မရှိလိုက်တာ၊ ဒါတွေကို
မက်မောပြီး မျက်လုံးတဝင်းဝင်းနဲ့ ဝိုင်းဝိုင်းလည်နေကြတာ မနည်း
မနော သိရဲ့လား၊ လောလောဆယ် မှော်ဘီမှာလဲ သွားမနေကြပါနဲ့
ဦး၊ ဘွားနဲ့ပဲ နေပါ၊ တစ်လတန်သည်၊ နှစ်လတန်သည်ပေါ့"

"ဟင် ...."

အသံတိတ် ဟင်ခနဲ ဖြစ်ကာ ကောင်းကိုလှမ်းကြည့်မိသည်။
ကောင်းက ဘွားကိုကြည့်၍ လေပြည်ထိုးသလိုပြုံးသည်။ စိတ်အိုက်
သလို နက်ခ်တိုင်တစ်ချက် ပြုပြင်၍ ....

"ဘွားကလဲ၊ ကျွန်တော်ဒီလို အိမ်မကပ်တာ အစကတည်းကပဲ
ဟာ၊ မှော်ဘီခြံကြီးက သိပ်လှတာ၊ ကျွန်တော် လက်ထပ်ပြီးရင် အဲဒီ
မှာနေမယ်ဆိုတာလဲ အစကတည်းက စိတ်ကူးခဲ့တာပဲ၊ သူလဲ ဒီလိုပဲ
လေ နော်"

ကောင်းက မေးဆတ်လိုက်မှ ဂျီဂျီ ဆတ်ခနဲဖြစ်ကာ ကပျာ
ကယာ ခေါင်းလိုက်ညိတ်၏။

"ဟုတ်တယ် ဘွား၊ အဲဒီအတိုင်းပဲ၊ ဟို ပြီးတော့လေ၊ ဂျီဂျီ့မောင်
လေးတွေနဲ့ဆိုတော့"

"ဘာဖြစ်လဲကွယ်၊ မောင်လေးဟွေ မပြောနဲ့၊ တစ်မျိုးလုံး တစ်
ဆွေလုံး ခေါ်ထားလဲ ဘာဖြစ်သွားမှာလဲ၊ ဟောဒီကလေးကတော့
ဘွားစကားကို နားမထောင်ခဲ့ပါဘူး၊ မြေးမလေးကိုတော့ ဘွားက
နေစေချင်တာ၊ ဒီမှာလဲ အကျယ်ကြီးပဲဥစ္စာ၊ မြေးတို့ လွတ်လွတ်လပ်
လပ် ကြိုက်သလိုနေလို့ရတာပဲ"

"ဟို ..."

ဂျီဂျီ ခေါင်းလေးမသိမသာကုတ်၍ ပြောစရာစကားရှာသည်။ တကယ်လည်း ပြောစရာအကြောင်းမရှိတော့သည့်အပြင် ဒေါ်ရတီ ကို ဂျီဂျီ သနားသွားသဖြင့် ပို၍ မပြောရက်တော့ပေ။

သူမ တကယ်လက်ထပ်ခဲ့တာ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ကလေးနှစ်ယောက်ကိစ္စသာ မရှိလျှင် နေဖြစ်မှာပါ။ ခုတော့ ကလေး တွေကိစ္စက ညာမိလက်စနှင့် ချော်လဲရောထိုင်လုပ်လိုက်မိသော ကြောင့် အစပြန်ဖော်လို့ မဖြစ်။

နှစ်ယောက်စလုံး အကြဲအိုက်သွားကြစဉ် ကလေးငိုသံက ညဉ့် ယံကို ဖောက်ထွင်း၍ အလွန်မြင့်မားကြွားရွားသော နှစ်ထပ် အဆောက်အဦကြီး၏ အပေါ်ထပ်သို့ရောက်အောင် ဖြတ်သန်းကျော် လွှားလာရာ ...

"ဟဲ့ ကလေးငိုသံပါလား၊ စောစောကလဲ ကြားနေသလိုပဲ၊ ထွေး ထွေးပြောတော့ ကလေးအမေတစ်ယောက်ရှိတယ်ဆို၊ ဘယ်သူလဲ"

"ရှင် ...."

ဂျီဂျီ မျက်လုံးပြူးသွားသည်။ ကောင်း ထိတ်လန့်သည့်မျက်နှာ နှင့် ငြိမ်ကျသွားသည်။

"ဘယ်သူ့မိတ်ဆွေလဲ၊ မြေးမဘက်ကလား"

"ရှင် ... ဟို ... ဟိုလေ၊ သူ မော်ဘီကနေ ညှော်ခံပွဲလာတက် ရတာ၊ အဲဒါ ဒီမှာပဲအိပ်မှဖြစ်မှာလေ၊ အဲဒါနဲ့"

အဲဒါတွေထပ်ကာ စကားက ထစ်ငေါ့နေ၏။

"သြော်၊ ကလေးငယ်လေးနဲ့ လာရတယ်လို့ကွယ်"

"ဘွား၊ ဘွားစိတ်ညစ်လို့လားဟင်၊ ဂျီဂျီ သွားထိန်းပေးလိုက် မယ်နော်"

ပြောပြောဆိုဆို ဂျီဂျီက ချက်ချင်းထရပ်သည်။





"အို မဟုတ်ပါဘူး၊ အပေါ်နဲ့အောက် အဝေးကြီးဟာ၊ နားငြီး ရောလဲ မရှိဘူး၊ ဘွားက ကလေးအမေ ဒုက္ခရောက်နေတာကိုပြော တာ၊ ပြန်ထိုင်၊ ပြန်ထိုင်"

ဂျီဂျီ့မျက်နှာလေး မသိမသာ မဲ့ကျသွားသည်။ ထွက်ပေါက် ရှာတာ မအောင်မြင်သည့်အဖြစ်ကို ကောင်းက တစ်ဘက်လှည့်၍ ပြုံးသည်။

သင်းက ဘာပြုံးတာလဲ၊ ဟွန်း။ ဂျီဂျီကလည်း မြင်သည်။ သူ ပြန်လှည့်လာအောင် တမင်စိုက်ကြည့်နေလိုက်ပြီး မျက်လုံးချင်းဆုံမှ မျက်စောင်းထိုးပစ်လိုက်သည်။ မုန်းနေမှန်း သိပါစေ။

တော်တော်မုန်းစရာကောင်းတဲ့လူ။ မုန်းတာတွေ အထပ်ထပ် ဖြတ်နေရင်း ကလေးငိုသံက စူးခနဲ လွင့်လာပြန်၏။ ဂျီဂျီ့ကိုယ်လေး တွန့်သွားသည်။

ကလေးဗိုက်နာလို့များလား။ ကလေးနှင့်အမြဲနေသည့် သူမ ကိုယ်တိုင် တစ်ခါတစ်လေ ဘာဖြစ်လို့ငိုမှန်းမသိဘဲ တစ်ညလုံး မအိပ် တာတွေ ရှိဖူးသည်။

လေထန့်အကျင့်က စအိပ်ကတည်းက တောက်လျှောက်အိပ် ပျော်ကျနေတတ်တာများပေမယ့် တစ်ရေးနိုးထငိုပြီဆို တစ်ခုခုဖြစ်ပြီ လို့ အသည်းအသန်။

"လေထန်နော်၊ ငါအိပ်ချင်နေပြီ၊ တိတ်တော့"

"ငါ ရိုက်ပစ်မိတော့မယ်၊ ဟင်း ... ဟင်း"

ကလေးနားမလည်မှန်းသိလျက်နှင့် လက်သီးဆုပ်၍ ပါးဖောင်း ဖောင်းလေးဘေးမှာ ဖိကပ်ကြိမ်းမိတာလဲ ရှိသေးသည်။

"ကဲ ... ငို ... ငိုတော့၊ သွား မချော့ဘူး၊ မချီတော့ဘူး၊ သိပ်ဆိုး တဲ့ကောင်"

ဟု စိတ်မရှည်စွာ ပုခက်ထဲ ဆောင့်အောင့်ချသိပ်ပြီးမှ သနား လို့ ပြန်ကောက်ချော့တာမျိုးတွေ မကြာခဏ။ အစ်မအရင်းကြီး တောင်မှ ဒီလိုဖြစ်ဖူးတာ၊ ဘာမှမတော်သည့်သူစိမ်းဆို ကလေးကို စိတ်ရှည်မှာမဟုတ်။

ဒေါ်ရတီက ရတနာတွေကို တစ်မျိုးပြီးတစ်မျိုး ထုတ်ပေးရင်း ဘယ်နှနှစ်ကတည်းက ဘယ်လိုထိန်းသိမ်းခဲ့တာ၊ ရှေးဟောင်းရတနာ ဟာ ဘယ်လိုအရည်အသွေးကောင်းတာမှဆက်၍ ဒီမြေကျမှ အနှစ် အနှစ်တွေ ပိုမိုစုဆောင်းများပြားနေကြောင်း၊ ပြီးတော့ ....

"မျိုးဆက်ဆိုတာ ထိန်းသိမ်းရမယ်နော်၊ မြေးလေးက တစ်ဦး တည်းသောမြေးမို့ မျိုးတုံးမှာစိုးတာနဲ့ အဘွားအသေမဖြောင့်ရတာ မြေး မက တစ်ဦးတည်းသော သားသမီး မမွေးနဲ့၊ အိမ်ထောင်ကျစဆိုပြီး တားဆီးမထားရဘူး၊ ကိုယ့်မှာ ရွှေမရှား၊ ငွေမရှားရှိပြီးသား၊ သားသမီး ရသလောက်ယူ၊ မောင်နှမတွေများလေ ကောင်းလေပဲ၊ အင်း ဘွားဘ တော့ မြစ်လေးတွေနဲ့ နေခွင့်ရမှာမဟုတ်ပါဘူး"

ဟု အဆုံးသတ်လေသည်။

ဖြစ်ရလေ ...။ ဂျီဂျီ ရှက်လည်းရှက်၊ အနေရခက်ကာ ကလေး ငိုသံကြောင့် ထွက်ပြေးချင်စိတ်တွေ ဖြစ်မိလာသည်။ ဂျီဂျီဖြစ်နေတာ ကို လှမ်းမြင်နေသောကြောင့် ကောင်းက ....

"အဝတ်အစားတွေလဲ မလဲရသေးဘူး ဘွားရဲ့၊ ကျွန်တော်တို့ သွားတော့မယ်နော်၊ ဘွားလဲ ညဉ့်နက်နေပြီ"

"အေး မှာတ်တယ်၊ ဟုတ်တယ်၊ သွားနားကြ၊ ဘွားက ညဉ့်နက် မှ အိပ်နေကျ၊ ကိစ္စမရှိဘူး၊ မိန်းကလေးက ပင်ပန်းပြီပေါ့"

မျက်ခြည်ပြတ်တုန်း ဂျီဂျီကထ၍ အခန်းထဲက လှထွက်သည်။ ဒါပေမယ့် မရပါ။





"မြေး .. နေဦးလေ၊ ဒါတွေ ယူသွားဦး၊ ရော့ ရော့"

နှစ်ယောက်ပြိုင်တူ ပြန်လှည့်ကြည့်မိသော်လည်း ဂျီဂျီက ရှေ့ ှရောက်နေပြီမို့ ကောင်းကပဲ ယူလိုက်ရသည်။ အခန်းပြင်ရောက်တော့

"နေဦးလေ"

ဂျီဂျီက လှေကားထိပ်သို့ အပြေးတစ်ပိုင်းလှမ်းရင်း ပြန်ကြည့်၍...

"မနေနိုင်ဘူး၊ ဘာလုပ်မလို့လဲ"

"ဒါတွေ မယူဘူးလား"

"ဘာ"

ဂျီဂျီက ချာခနဲပြန်လှည့်၍ ရင်ဆိုင်ကြည့်သည်။

"ရှင်က လူကို သွေးတိုးစမ်းနေတာလား"

စိတ်ရှိလက်ရှိ အော်ပြောလိုက်ချင်သော်လည်း ညဉ့်ကနက်နေ ပြီမို့ အသံကိုအုပ်၍ သူ့နားနီးအောင် ပြန်သွားရသည်။

"ရှင့်ပစ္စည်းတွေကို ကျွန်မက သိပ်လိုချင်နေတယ်၊ ကိုယ်မပိုင် ခန်းသိလို့ မာန်တက်နေတယ်၊ အဲဒီလိုထင်နေသလား"

ကောင်းက ခေါင်းခါလိုက်ပြီး မပြောင်းလဲသော မျက်နှာနှင့် ိုက်ကြည့်၏။

"ထင်နေ မြင်နေတာတွေ ဝါသနာမပါဘူး၊ ကိုယ့်ပစ္စည်းတွေကို ကျက်ပြီး ခွာချလို့မရမယ့်လူကိုရှောင်ရှားပြီး မင်းကို ယုံကြည်လို့ ကမ်း လှမ်းခဲ့တဲ့နောက်မှာ ဘာသံသယ ရှိနေရမှာလဲ"

ဂျီဂျီက ခါးနှစ်ဖက်ထောက်၍ ပခုံးတွန့်ကာ မဲ့၏။ အောက်က ကလေးငိုသံကြောင့် မျက်နှာတစ်ချက်ပျက်သွားပြီးမှ သူ့ဘက်ပြန် လှည့်၍ ...

"ရှင်ယုံကြည်တာ မှားသွားပြီဆိုရင်တော့ ရင်ဘတ်ထုမှာမို့ လား"

"ရင်ဘတ်ထုလောက်အောင် ကိုယ့်မှာပွန်းပဲ့မသွားပါဘူး၊ မင်း

ယုံမလားမသိဘူး၊ ဘွား စုဆောင်းထားတဲ့ရတနာတွေကို စုပုံထား ရင် မင်းရဲ့မောင်လေး တစ်ထိုင်စာတော့ရှိသေးတယ်"

"ဟုတ်လား၊ ယုံပါတယ်၊ မက်လောက်စရာပဲနော်၊ ဒါဆို ကျွန်မ က ကွာရှင်းမပေးဘဲ ကပ်တွယ်နေရင် အဲဒါတွေထပ်ရဖို့ ရှိသေးတာပဲ"

ဂျီဂျီရွဲ့တာကို သူက ဂရုမစိုက်သလို ရယ်ပစ်လိုက်၏။

"ရတာပေါ့၊ ဘယ့်နှယ့်လဲ၊ တစ်ထိုင်တည်း ဆုံးဖြတ်လိုက်လေ ကိုယ့်ကို တကယ်ယူမလား"

"စိတ်ကူးထဲမှာကော၊ မျက်လုံးထဲမှာကော၊ ဘယ်တုန်းကမှ မထည့်ခဲ့ဘူး၊ ဟွန်း"

ဂျီဂျီက ဂါဝန်စလေးနှစ်ဖက်ကိုမပြီး ပြေးဆင်းသွား၏။ ပြုံးကျန် ခဲ့သည့် သူ့နှုတ်ခမ်းတွေက ချက်ချင်းနေရာမကျဘဲ ဒီအတိုင်းကျန် နေသေးခြင်းကြောင့် ကိုယ့်ကိုကိုယ် အံ့သြနေခဲ့မိ၏။

စိတ်ထဲကပါလို့ ပြောလိုက်မိတာမဟုတ်ပါ။ ရန်ဖြစ်ရ၊ စကား နိုင်လုရနှင့် ကြည့်မရခဲ့သမျှ ဘွားရှေ့မှာ ဂျီဂျီ ဒုက္ခရောက်နေပုံလေး ကို မြင်၍ သဘောတကျဖြစ်ခဲ့မိသည်။

ကလေးဆန်ဆန် နုငယ်ချောမွေ့ကာ နွဲ့တိုင်းမူတိုင်း ချစ်စရာ ကောင်းနေတာကို သေချာကြည့်ဖြစ်၏။ မကျေမနပ် တင်းကျပ်နေ တာတွေ အတော်ကြီးလျော့ပါးသွားခဲ့တာတော့ သေချာပါသည်။

ဒါပေမယ့် ရင်ထဲမှာ ပျော်သလိုလို၊ သူမကိုပဲ စချင်နောက်ချင် နေမိသလိုလိုဖြစ်တာ ဘာကြောင့်မှန်းမသိပေ။

ပြီးတော့ ဂျီဂျီဆိုသည့်ကောင်မလေးမှာ မတော်လောဘစိတ် တွေ ရှိမနေတာလဲ နားမလည်မိသောကြောင့် .....။

★ ★ ★ ★ ★





အခန်း (၁၇)

"လောဘမရှိဘူး ဟုတ်လား၊ ဘာမရှိတာလဲ၊ ဘာကိုကြည့်ပြီး ပြောတာလဲ၊ ပစ္စည်းလောဘထက် လူကိုတပ်မက်တဲ့လောဘက ိုတောင်ဆိုးသေးတယ်"

နေကာ့မျက်နှာက နီမြန်းနေသည်။ သီချင်းဆိုပြီးစ ဆင်းလာ ာမို့ အဝါရောင်စပို့ရှပ်ပေါ်မှာ ဂျင်းလက်ပြတ်ခါးတိုနှင့် မျက်နှာ မှာ ချွေးစတို့ရှိပေမယ့် ချောမွေ့နေ၏။

"ဘာကြည့်တာလဲ"

သူ့ကိုငေးနေသည့် ဂျီဂျီ့ကိုလည်း အကောင်းမမြင်။ ရယ်မော သတိမရ။

"နေပါဦး၊ နင် ... နင် ဘာစိတ်ကူးတွေနဲ့ အဲဒီလူကို လက်ခံ ိုက်တာလဲ"

"ငါ့မှာ နေစရာမှမရှိတာ၊ ဒါပဲ ဘယ်နှခါထပ်ကြားချင်နေသလဲ"

ဆောင့်အောင့်ဖြေပြီး ဂျီဂျီက ဆံပင်တွေကို မျက်နှာမော့ ခါ ်သည်။ နှုတ်ခမ်းလေးစူ၍ မျက်နှာလွှဲ၏။ ထိုစဉ် ဘေးစားပွဲမှ ာလာသည့် ကောင်မလေးနှစ်ယောက်က နေကာ့ကို အော်တိုရေး ်င်းလေသည်။

"အစ်ကို့ကို စောင့်နေကြတာ၊ စကားပြောနေတာမြင်လို့ စောင့်နေတာပဲ၊ ဒါပေမယ့် အပွန်း၊ မစောင့်နိုင်တော့လို့၊ အမှတ်တရ လက်မှတ်လေး ထိုးပေးနော်"

"ဟင် .. ဩော် ရပါတယ်"

"ကိုနေကာက အသံအရမ်းကောင်းတာပဲ၊ အေးတို့ကြိုက်တဲ့အဆိုတော်တွေ တော်တော်များများနဲ့ ဆင်တူတယ်၊ ကိုယ်တိုင်ရေးတာတွေပဲ ဆိုတာဆို"

"အပွန်း၊ ဟုတ်တယ်၊ တခြားသီချင်းတွေလဲ ဆိုပါတယ် တောင့်တရင်ပေါ့"

ဒေါသရှိန်နှင့် နေကာ့မျက်နှာဟေ လှိုက်လှဲမှုသိပ်မရှိပေ။ စီးနီးထုတ်ပါလား၊ ဗီစီဒီရိုက်ပါလားနဲ့ ကောင်မလေးတွေက စကားတွေမပြီးနိုင်။ နေကာက တည်ငြိမ်နေသလောက် ဂျီဂျီ နှုတ်ခမ်းလေး တွေ့ပွင့်နေတဲ့အထိ အံ့သြစွာကြည့်နေခဲ့မိသည်။ နေကာတစ် ယောက်ဒီလောက်ထိ အောင်မြင်နေတာ သူမ မသိခဲ့။

"အစ်မက ကိုနေကာရဲ့ ... ဟို"

သူမဘက် လှည့်လာ၏။

"တစ်ခါတည်း သိသွားချင်လို့ပါ၊ မရှက်ပါနဲ့၊ အစ်မက အရမ်းလှတာပဲ၊ ကိုနေကာနဲ့ လိုက်ပါတယ်၊ နောက်ဆို အရမ်းအောင်မြင်သွားရင် ခုလို မေးခွင့်၊ တွေ့ခွင့်ရတော့မှာမဟုတ်ဘူး နော်"

"အယ် မဟုတ်ဘူး၊ တို့က သူငယ်ချင်းတွေပါ"

နေကာ ပြောလိုက်လေဆိုသည့် အကြည့်နှင့်မော့ကြည့်တော့ မောင်မင်းကြီးသားက ပြုံးလို့ပါလား။ ကောင်မလေးတွေ ပြန်သွားတော့ ဘယ်သူရောက်လာဖို့ရှိသေးလဲဆိုသော ထိတ်လန့်စိတ်နှင့် တစ်ဆိုင်လုံးကို ပြောင်ပြောင်တင်းတင်းပဲ လိုက်ဝေ့ကြည့်မိ၏။





"ဘာကြည့်တာလဲ"

"မေးပြန်ပြီ"

ဂျီဂျီ မျက်စောင်းရွယ်ပြီးမှ မထိုးဖြစ်။

"ဟုတ်တယ်လေ၊ ဘာလိုက်ရှာနေတာလဲ လို့မေးတာ"

"နင့်ဆီ လာနိုင်တဲ့လူရှိသေးလားလို့ ကြည့်တာလေ၊ လာတဲ့လူတွေက ကိုယ့်ကိစ္စနဲ့ကိုယ်ပြီးရင် မပြန်ဘူး၊ ဟိုမေး ဒီမေးနဲ့၊ နင်ကလဲ ပေါ်ပြူလာပါလား၊ လျှိုတယ်နော်"

"မလျှိုပါဘူး၊ နင်က ငါ့ကိုဆက်သွယ်လို့လား၊ ယောကျာ်းယူဖို့ဆုံးဖြတ်ပြီးမှ မတော်တဆတွေ့လို့ ငါသိရတာ၊ မင်္ဂလာဆောင်တာကို မဖိတ်ဘဲ ငါက လာရတာပဲလေ၊ ငါ့အကြောင်းသိချင်စိတ်ကော ရှိလို့လား"

"နေကာရယ်၊ မင်္ဂလာဆောင်တာ မဟုတ်ပါဘူး၊ နင်ကလေ ကလေးကျနေတာပဲ၊ ရှင်းပြလို့လဲ လက်မခံဘူး၊ သူနဲ့ငါ စာချုပ်စာတမ်းနဲ့ ပြတ်ပြတ်သားသား လုပ်ခဲ့ကြတာ၊ ငါလဲ ငါ့တိုက်ကို ပြန်ရဖို့ပဲ၊ အပိုလောဘမပါဘူး၊ သူလည်း ...."

"လောဘမရှိဘူးလို့ ထပ်မပြောနဲ့နော်၊ အဲဒီလူဘက်က မကာကွယ်နဲ့၊ ယောကျာ်းဆိုရင် နှစ်မျိုးပဲရှိတယ်၊ တစ်ခုမဟုတ်ဘူးဆိုရင် ကျန်တဲ့တစ်ခုပဲ"

"နင်က အဲဒီလိုပဲလား"

ရွဲ့မေးလိုက်တာကို နေကာက ခေါင်းကော ပခုံးကော ပါသွားအောင် ခေါင်းညိတ်လိုက်သည်။

"မှန်တယ်၊ လှတာမြင်ရင် ကြည့်တာပဲ၊ နားရှုပ်နေသေးလား၊ လှတာမြင်ရင် ငမ်းတာလေ၊ မျက်စိစားပွဲထိုင်တယ်၊ မျက်လုံးအနားပေးတယ်၊ အားလုံးပဲ"

"ဩော် ... ဩော်"

ဒေါသဖြစ်ဖြစ်နှင့် သူ့ကိုကြည့်၍ ဂျီဂျီ အံကြိတ်ခေါင်းညိတ်နေတာကိုပဲ မက်မက်စက်စက် ပြောပြနေပြန်သည်။

"ချောတဲ့လှတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်ယောကျ်ားကမှ ဖြစ်ပျက်တရားနဲ့ရှုပြီး မကြည့်ဘူး"

"ဟဲ့ ... ဒါကတော့"

"ဒါကတော့တွေ ဘာတွေ လုပ်မနေနဲ့၊ နင် အကြီးအကျယ် မင်္ဂလာပွဲလုပ်ချလိုက်တာကိုက အဓိပ္ပာယ်မရှိတာ၊ ငါကိုပြောတော့ သူကလဲ လူမသိစေချင်တဲ့သူပါ ဆို"

"ဟုတ်တယ်၊ သူ့အဘွားက ..."

"သူလဲ ကျေနပ်နေပါတယ်၊ ရင်ဘတ်ထဲထိ ဝင်ကြည့်ဖို့မလိုဘူး ငါ သိတယ်"

"နင် မသိတာဘာရှိသေးလဲ၊ ပြောဦး၊ ဟွန်း လူတိုင်းကို ကိုယ့်စိတ်နဲ့ မနှိုင်းနဲ့"

"ဘာ"

နေကာ ဆတ်ခနဲ ဖြစ်သွား၏။

"မဟုတ်ဘူး၊ ငါ ပြောတာက"

ဂျီဂျီက စကားမှားသွားတာကို ပြန်ဖြည့်ဖို့ ကြိုးစားသော်လည်း ...

"ဟုတ်တယ်၊ ငါစိုးရိမ်တယ်၊ ငါ့စိတ်နဲ့နှိုင်းပြီး ဘယ်လိုမှကို စိတ်မချနိုင်တာ၊ နင့်ကို ငါချစ်တယ်"

"နေကာ"

နေကာ့အသံက ဆင်ဆင်ခြင်ခြင် မဟုတ်ဘဲ အသိတစ်ယောက်နှင့် ပြဿနာတစ်စုံတစ်ရာ ဖြေရှင်းနေသလို မကျယ်ပေမယ့် တိုးတိတ်ခြင်းမရှိ။ ဂျီဂျီ ရင်ခုန်တာ၊ ရှက်တာတွေ မဖြစ်အားဘဲ ခေါင်း





နပမ်းကြီးသွား၏။

"ငါ မျိုသိပ်နေခဲ့တာ မပြောရက်လို့၊ ငါကြိုးစားနေတာလဲ မအောင်မြင်သေးလို့၊ အဲဒါကြောင့် ခြေတစ်လှမ်းနောက်ကျသွားတာ"

"တိုးတိုးပြောပါ နေကာရယ်၊ ငါ ... ငါပြန်တော့မယ်"

"ဘာဖြစ်လို့ပြန်ရမှာလဲ၊ ငါ ဒီဆိုင်မှာ သီချင်းမဆိုတာကြာပြီ၊ နင်က မသိဘဲ ဒီမှာချိန်းလို့ ငါလာခဲ့ရတာ၊ နင့်ကိုစောင့်ရင်း အတင်းဆွဲခေါ်လို့ ဆိုဖြစ်သွားတာ၊ ထပြန်လို့ကတော့ ဒီထက်ပိုဆိုးသွားမယ်၊ မယုံမရှိနဲ့"

ဂျီဂျီ့မျက်နှာလေးက ဝတ်ထားသည့်အနီရောင်ဝတ်စုံနှင့်အပြိုင် ရဲတွတ်သွားသည်။ မျက်ခုံးလေးနှစ်ဖက်တွန့်ကျသွားလျက် နဖူးကို လက်ဖဝါးနှင့်ပွတ်ရင်း ဆံပင်တွေကိုပါ ထိုးသိပ်တင်လိုက်သည်။

"ဂျီဂျီ"

"ဘာလဲ"

"ငါပြောတာ ကြားလား"

"ဘယ်လိုဖြစ်နေတာလဲ နေကာ၊ အမြဲတမ်း ဖြူဖြူစင်စင် နေလာခဲ့ပြီးမှ ..."

"ပြောပြီးသားနော်၊ ငါ ဂန္ဒူးမဟုတ်ဘူး၊ ဘယ်သူက ဖြူစင်ပါတယ်ပြောခဲ့လို့လဲ၊ ရည်းစားစကားမပြောဘဲနေတာနဲ့ပဲ ဖြူစင်တယ်လို့ ဖြစ်သွားရောလား"

"တိုးတိုးပြောပါဆို၊ ဘယ်လိုဖြစ်မှန်း မသိဘူး၊ နင် ငါ့ကို စိတ်ညစ်အောင် လုပ်နေတာ သိလား"

နေကာက ပြောလေ ကဲလေ၊ တမင်တကာ ဒီလိုဖြစ်ဖို့များ လုပ်နေတာလားမသိ။ အသံကိုလည်း မထိန်း။ မျက်နှာကလည်း ကြောချက်တွေ ရောင်စုံလွှမ်းလျက် ကာလာရင့်နေ၏။

"နင်က ခုမှညစ်မှာလား၊ ငါ အိပ်လို့မရ စားလို့မဝင်အောင် ဖြစ်နေတာ၊ နင် အဲဒီကောင်နဲ့ငြိနေပြီဆိုတာ သိကတည်းက"

"တော်ပြီ ပြန်မယ်"

ဂျီဂျီ ရှက်လွန်းသဖြင့် သူလည်း မဆွဲနိုင်အောင် ရှောင်ရှားပြီး သွားနှင့် ထရပ်သည်။

"ဂျီဂျီ"

စကားတစ်လုံးမှ ပြန်မပြောဘဲ ဂျီဂျီ မပြေးရုံတမယ် လျှောက် ခဲ့မိသည်။ ပြီးတော့ ပြေးချင်လာသဖြင့် လမ်းကြားကွေ့လေးထဲ လှည့်ပြေးခဲ့မိလေသည်။

"ဂျီဂျီ"

"မသိဘူး၊ မသိဘူး၊ မခေါ်နဲ့တော့၊ နင် တကယ်ဆိုးတာ သိလား"

ဂျီဂျီ ငိုမဲ့မဲ့နှင့် သူဆွဲသည့်လက်ကို ပုတ်ချသည်။ ရှေ့ဆက် ထွက်ပြေး၏။ သို့သော် ရှေ့မှာ ဌာနဝင်းတစ်ခု၏စည်းရိုးနှင့် မြောင်းက ခံနေကာ လမ်းဆုံးသွားပြီဖြစ်ရာ ....

"ကဲ ဆက်ပြေးလေ၊ မတားတော့ဘူး"

နေကာက ရယ်ကျဲကျဲနှင့် ရပ်နေခဲ့၏။

"တားလို့လဲ မရဘူး"

ဂျီဂျီက အရှုံးမပေးပါ။ ဆတ်ခနဲ ပြန်လှည့်လာပြီး သူ့ကို ကျော် တက်သည်။ နေကာက လက်ကို ဖမ်းဆွဲထားလိုက်ပြီး ....

"နင်က ငါ ရည်းစားစကားပြောတာလေးကိုပဲ ဒီလောက် သွားသလား၊ ဘာမဆိုင်ညာမဆိုင်ကောင်ကျတော့ ချမ်းသာ ယုံပစ်လိုက်တာပဲနော်"

"ဘာယုံတာလဲ၊ အဲဒါကို ဘာလို့ ထပ်ထပ်ပြောနေတာလဲ၊ ဘာ





မပတ်သက်ဘူးလို့ ပြောပြီးပြီမို့လား၊ နင် တော်တော် ပြဿနာရှာပါလား နေကာ၊ ဟင် ... ငါကတော့ ငါ့ရဲ့ သူငယ်ချင်း ကောင်းဆိုပြီး ..."

"မပြောနဲ့၊ သူငယ်ချင်းဆိုတာ မလိုချင်ဘူး၊ ငါ နင့်ကိုချစ်တယ်၊ ဆုံးရှုံးမခံနိုင်ဘူး၊ ဟိုကောင်နဲ့ မပတ်သက်တာမှန်ရင် နင် ငါ့ကို အဖြေပေး"

"ကြည့်စမ်း"

ဒေါသလား၊ မကြားရဲတာလား။ အံ့သြနေခဲ့တာတော့ သေချာ ပါသည်။ နေကာဟာ ဒီလိုဇွတ်တရွတ်ပုံစံမျိုးနှင့် သူမကို ဘယ်တုန်း ကမှ မဆက်ဆံခဲ့ဖူးပေ။ အမြဲတမ်း အလိုလိုက် အလျှော့ပေးလာခဲ့ တာ။ ကောင်းကင်ရောင်နှင့် လက်ထပ်တော့မှ ပြောင်းလဲသွားသည် က မယုံနိုင်စရာ။

"ဘာဖြစ်လို့လဲ၊ စာချုပ်ဖျက်တော့ သူက တရားစွဲမှာတဲ့လား"

"နေကာ၊ စာချုပ်ဖျက်ဖို့ မဖျက်ဖို့က ငါ့သဘော၊ နင် ဘာလို့ ဇွတ်ဖြစ်နေတာလဲ"

ဂျီဂျီ့လေသံက တည်ငြိမ်သလောက် ဒေါသငွေ့နှင့် အေးစက် စက်ဖြစ်နေ၏။

"ငါက မိန်းကလေးပါ၊ မိဘမဲ့တဲ့အပြင် ကံမကောင်းလို့ နာမည် ပျက်ထဲမှာ လူပြောလွတ်အောင် ဘယ်လိုမှနေလို့မရတဲ့ဘဝ၊ အဲဒီ ထဲကနေ မျက်လုံးစုံမှိတ်ပြီး ငါ ဆုံးဖြတ်ခဲ့တာ၊ မေမေ အသက်သေ တဲ့အထိဖြစ်လောက်အောင် မက်မောခဲ့တဲ့ ဒီခြံ ဒီမြေကိုရဖို့ နင့်အမေ အပါအဝင် လက်ညှိုးထိုးနေကြတဲ့ လူအများရဲ့မျက်စိအောက်မှာ တို့ မောင်နှမ ဒူးထောက်မလဲဖို့၊ ငါ့ဆုံးဖြတ်ချက်မှန်တယ်၊ လွှတ်"

ဂျီဂျီက လက်ကိုဆောင့်ရုန်း၏။ နေကာက နည်းနည်းမှ မလွှတ်။

"နင် အဲဒီတိုက်ကြီးကို သိပ်မက်သလား၊ ငါ ပြန်ဝယ်နိုင်အောင်

ကြိုးစားမယ်၊ ငါ့ကို ပြန်ချစ်ပါ၊ လက်ထပ်ပါ ဂျီဂျီ၊ ငါ နင့်ကို သိပ်ချစ်တယ်၊ ကလေးတွေကိုကော ငါတာဝန်ယူနိုင်အောင် ကြိုးစားမယ် ဒါမှမဟုတ်ရင် ငါ စိတ်မချဘူး၊ နင်နဲ့ငါ လက်ထပ်ထားရအောင်၊ စာချုပ်ကို သူ့ကို ပြထားပေါ့၊ ဒါမှ မှ သူမမှန်းတော့ဘဲ နေမှာ”

“ကလေးကလားတွေ မပြောနဲ့ နေကာ၊ ဟိုယောကျာ်းနဲ့ လက်ထပ်၊ ဒီယောကျ်ားနဲ့လက်ထပ်၊ ဘာမှန်းမသိ ခုန်ပေါက်နေရအောင် ငါက ဘာလဲ၊ ငါ့ကို အဲဒီလောက်ထိ အထင်သေးနေသလား”

“မဟုတ်ဘူး၊ ငါပြောတာ ရိုးရိုးလေးရယ်၊ အချိန်ယူပြီး ပြောရမယ့်စကားပါ၊ ဒါပေမယ့် ငါ အချိန်ယူနေလို့မရတော့တာ၊ ငါ့ကို နားလည်စမ်းပါဟာ၊ နင် သူနဲ့မပတ်သက်ဘူးဆို”

ဂျီဂျီက ရုန်းမရသည့်လက်ကို တင်းနေအောင်ဆုပ်ပစ်လိုက်ပြီး မော့ကြည့်၏။

“အဲဒါနဲ့ပဲ နင့်ကို ပြန်ချစ်ရမယ်ပေါ့”

“နင့်မှာ တွယ်တာစရာ သူစိမ်းယောကျ်ား ငါပဲရှိခဲ့တာ၊ ငါ့ရဲ့ တစ်ယောက်တည်းသော တွယ်တာခဲ့တဲ့သံယောဇဉ်ကလဲ နင်ပဲ”

ဂျီဂျီက မဲ့သည်။ ဒါပေမယ့် တင်းနေသည့်မျက်နှာမှာ စိတ်မကောင်းခြင်းများနှင့် အနည်းငယ် ဖျော့ကျသွားသည်။

“နင် မသိလို့ပါ၊ သံယောဇဉ်ဆိုတာ အမြစ်တွယ်တဲ့အရာ၊ အချစ်ကတော့ ဆုပ်ဖမ်းလို့မရတဲ့ ပြေးလွှားနေတာမျိုးလေး၊ ပြတ်ရွေ့ကြောင်းတစ်ခုလိုပေါ့၊ တစ်နေရာရာမှာ ထိစပ်နေတာ ရှိချင်ရှိ မယ်၊ ဒါပေမယ့်”

“ဂျီဂျီ”

“လက်ကိုလွှတ်လိုက် နေကာ၊ ဟန်ဆောင်နေကြတယ်ဆိုပေမယ့် သိထားကြတဲ့သူတွေအမြင်မှာ ငါက ကောင်းကင်ရောင်ရဲ့ မိန်းမပဲ၊





စောင့်ထိန်းရမယ်”

ဂျီဂျီက ရုန်းသည်။ နေကာက မလွှတ်။ လမ်းကြားကျဉ်းကျဉ်းလေး၊ ချောင်ကျကျ လူမရှိပေမယ့် လမ်းထိပ်မှာ သွားလာဖြတ်သန်းနေသူတွေ ရှိသည်။ ဈေးသည်အချို့၊ ပစ္စည်းတွေ လာသိမ်းသွားကြတာမျိုးတွေ ရှိ၏။

ဂျီဂျီ့စိတ်တွေ ခွင့်လွှတ်ဖို့ကြိုးစားရင်း နားလည်ခြင်းနှင့် မာနဒေါသက လုံးထွေးသတ်ပုတ်လာ၏။ အဆိုးဆုံးက လက်ထပ်ဖို့ ပြောလာခြင်းဖြစ်၏။

ချစ်ရေးဆိုခြင်းကို နောင်တစ်ချိန်ချိန်ကျမှ ဒါမှမဟုတ် တခြားစကားလုံးတို့နှင့် ပြောလာခဲ့လျှင် စဉ်းစားမိဖို့ဖြစ်နိုင်သေးသည်။ သူ့အမေ၏ မာနကြီးလွန်းသောမျက်နှာကို မြင်ယောင်ကာ ကိုယ့်မာနနဲ့အရောင်တင်ပစ်ဖို့ စိတ်က ဝင်လာသည်။ နေကာကလည်း ခပ်ဖိဖိ အံကြိတ်၍ ရှေ့ထပ်တိုးသည်။

“နင် သူ့မိန်းမ မဖြစ်ရဘူး၊ နင့်ကို ငါ့လက်ထဲကနေ ဘယ်သူမှ ယူလို့မရဘူး၊ နင်လိုချင်တာပေးနိုင်အောင် ငါကြိုးစားမယ်၊ နင့်ကို ဘယ်လောက်ပဲဖြစ်ဖြစ် ပြန်လျော်ပြီး ရအောင်ယူမယ်”

“အရူး၊ ဖယ် ... လွှတ်”

“ဘာ ...၊ နင်ဘာပြောတယ်”

နေကာ ရှုးရှုးရှားရှား ဖြစ်သွား၏။ စိတ်လှုပ်ရှားသွားခြင်းမှာ ဒေါသကြောင့်လား၊ သွေးဆူသွားတာလား မခွဲခြားနိုင်ဘဲ ....

“နေကာ၊ နင် ... နင် လွှတ်စမ်း၊ အဲဒီလိုမလုပ်နဲ့၊ ငါ မကြိုက်ဘူးနော်”

“မလွှတ်နိုင်ဘူး”

နေကာက အတင်းဆွဲချုပ်ဖို့ ကြိုးစားသည်။ ပြီးတော့ မရမက

လိုက်နမ်း၏။ စိတ်ရှိင်းဝင်နေသည်က ဂျီဂျီဟာ ကိုယ်ပိုင်ခဲ့သည့် ပစ္စည်းလေးတစ်ခုလို။

သူများက ကိုယ့်ထက်ပိုင်တယ်ဆိုတာကို လက်မခံနိုင်။ ဘယ်လိုမှလည်း မပေးနိုင်။ သူနဲ့ ဂျီဂျီ ချည်နှောင်မိခဲ့သမျှ ဒီလောကတော့ ကျူးကျော်စော်ကားခွင့်ရှိသည် ဟု....။

ဂျီဂျီ အသားဆတ်ဆတ်တုန်သွား၏။ လူမြင်ကွင်းမှာဆိုသော အသိနှင့် ရှက်စိတ်က ငယ်ထိပ်အထိ တက်ဆောင့်လေသည်။ နှုတ်ခမ်းနှစ်လွှာမှာ ချောင်ပိတ်မိတော့မည့်ဆဲဆဲ တအားဆောင့်တွန်းဖယ်လိုက်၍ ဒေါသက လက်ဝါးတစ်ဖက်တည်းမှာ အားပြင်းစွာ စုပြုံသွား၏။

"အဲဒါ ရမ်းကားချင်ဦး"

နေကာ ကိုယ်ပါယိုင်ထွက်သွားသည်။ သူ ဒီဘက်ပြန်လှည့်မလာနိုင်မီ ဂျီဂျီ ပြေးထွက်ခဲ့၏။ လက်ဖဝါးတစ်ဖက်ဟာ မီးခဲတုံးကြီးကို ဆုပ်ကိုင်ထားမိသလို ရှိန်းရှိန်းထပူပြင်းနေသည်။ ပြီးတော့ ကိုးစပ်လာ၏။ ထို့နောက် အဆမတန် နာကျင်လာသည်။

ထိုအခါကျမှ တွေးမိလာသည်။ နေကာ ဘယ်လောက်ထိ နာသွားရှာမလဲ။ မျက်ရည်က ဝေ့ခနဲ ပြေးတက်သည်။ မငိုနဲ့။ သူ့ကိုသနားရမှာမဟုတ်ဘူး။ နင့်ကိုယ်နင် သနားလိုက် ဂျီဂျီ။

အားလုံးက ကျူးကျော်ရမ်းကားဖို့ ကြိုးစားနေကြတာ။ နင့်ဘေးက ယောကျာ်းတွေ ဘယ်သူကောင်းလို့လဲ။

ဂျီဂျီ အငှားကားပေါ်တက်လိုက်ပြီးမှ အံကြိတ်၏။

ငါ ဘယ်တော့မှ မမှားဘူး ....။

★ ★ ★ ★ ★





အခန်း (၁၈)

"မမ၊ မောင်လေးနဲ့ ညီညီ မမဆီကို လာလို့မရဘူးလားဟင်"

လက်ဖျားလေးကို ဆုပ်ကိုင်လှုပ်ရင်းမေးလာသောအခါ ဂျီဂျီ ရင်ထဲနင့်သွားသည်။

"မောင်လေးရယ်"

ကလေးရှေ့မှာ ဆတ်ခနဲ ထိုင်ချလိုက်ကာ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိသည်။ ထိုအခါ တွန်းလှည်းလေးပေါ်မှာ ပေးထိုင်ထားသည့် လေထန်လေးက သူမပခုံးကိုလှမ်းဆွဲ၍ သူ့ကို ခေါ်ခိုင်းနေပြန်သည်။

"ကလေး"

ဂျီဂျီ ကလေးကိုဆွဲပွေ့၍ ပါးဖောင်းဖောင်းလေးတွေကို နမ်းပစ်လိုက်သည်။ တစ်ယောက်ကို ရင်ခွင်ထဲမှာဆွဲပွေ့ထားကာ ရေဆန်ကိုတော့ ခါးလေးမှ ဆွဲဖက်ထားလိုက်ပြီး ...

"ခဏလေးပါ မောင်လေးရယ်"

ပြော၍ ကားထဲမှာစောင့်နေသည့် ကောင်းဆီကို လှမ်းကြည့်မိသည်။ ကောင်းလှမ်းကြည့်တာနဲ့ မျက်လုံးချင်းဆုံတော့ သူမ မျက်နှာလွှဲပစ်၏။

"နောက်နှစ်ရက်သုံးရက်ဆို မမ ပြန်လာမှာ"

"မမ တကယ်ပြောတာလား၊ ပြန်လာနော် မမ၊ မောင်လေး မမ တအားသတိရတာပဲ၊ အန်တီလင်းက ပုံပြင်တွေပြောပြတယ်၊ မမလို မဟုတ်ဘူး၊ ညအိပ်ခါနီးကျတော့လဲ ဘုရားရှိခိုးပြီးတိုင်း မမ ကန်တော့နေကျ၊ အန်တီလင်းကို မောင်လေး မကန်တော့ ချင်ပါဘူး"

ရေဆန်က နှုတ်ခမ်းလေးရှု၍ ရင်ထဲရှိသမျှ အကုန်တိုင် သည်။ ထိုစဉ် သူမတို့နားသို့ ကောင်း ရောက်လာ၏။

ဆင်းလာတုန်းကတော့ စောင့်နေရတာကြာလှပြီမို့ စိတ် စွာဖြစ်သည်။ အနားရောက်တော့ ကလေးနှစ်ယောက် ဖက်တွယ် ကြပုံလေးကို မြင်လိုက်ရကာ သူ စိတ်မကောင်းဖြစ်သွားခဲ့မိ၏။

ဂျီဂျီက အနားရောက်လာသည့် သူ့ခြေထောက်ကိုပဲ ငုံ့ကြည့် နေရာမှထရပ်လိုက်၏။ မလှမ်းမကမ်းမှာ စောင့်ကြည့်နေပေး သ မလင်းက ဂျီဂျီ ထရပ်လိုက်တာနှင့် ချက်ချင်းရောက်လာသည်။

"မမလင်း၊ ကလေးတွေကို ဂျီဂျီ စိတ်ချမယ်နော်"

"စိတ်ချပါ ညီမလေးရယ်၊ ကလေးတွေက လိမ္မာပါတယ်၊ ဂုံ တာ၊ ငိုတာလောက်ကို မမက သည်းခံနိုင်တယ်၊ တစ်ခုတော့ ရှိ ပေါ့၊ ကလေးတွေက သူတို့ မမ မဟုတ်လို့ စိတ်တိုင်းမကျ မပျော်တာလေးတွေတော့ ရှိလိမ့်မယ်"

"အဲဒါ မလင်းက ဂရုစိုက်ချော့ပေးပါ"

ဂျီဂျီ ဘာမှမပြောရသေးဘဲ ကောင်းဇာ ဝင်ပြောသည်။ ပြီး ရေဆန်ရှေ့မှာ ဒူးတစ်ဖက်လှဲ၍ ထိုင်ချလိုက်ကာ ပခုံးလေး တစ်ဖက် ဆုပ်ကိုင်လိုက်၏။

"သားက ကိုကိုဆိုတော့ လိမ္မာရတယ်ကွ၊ ညီလေးကို ကူ သားတို့မမကို ကိုကြီးက ပြန်ပို့ပေးမှာပါ"





"မြန်မြန်ပို့ပေးနော်"

"ပို့ပေးမှာ၊ မမ ပြန်လာရင် အင်္ကျီ၊ ဘောင်းဘီတွေ၊ ကစားစရာ တွေ ကိုကြီး အများကြီးဝယ်ပေးလိုက်မယ် ဟုတ်ပြီလား"

"ဟုတ်"

"လာ ... သားတို့ ... လာ၊ မမ ပြန်ပါစေနော်"

ကလေးကို မုန့်ပေး၍ဆွဲခေါ်သွားသဖြင့် ဒီတစ်ခါ လေထန် လေး၏ ငိုသံမထွက်ပေ။ ရေဆန်ကတော့ အစ်မဖြစ်သူကို လှည့် ကြည့် ည့်ကြည့်နှင့် ပါသွား၏။

နှစ်ယောက်အတူ ကားပေါ်ပြန်တက်ခဲ့ကြတော့ ဂျီဂျီ မျက်ဝန်း လေးတွေ တိုက်ကြီးဆီကို လွမ်းမောဖွယ် မော့ကြည့်လိုက်တာကို ောင်း မြင်သည်။ စက်နှိုး၍ ဒီတိုင်းပဲ ဝိုက်ထွက်လိုက်ရင်း ...

"ဒီတိုင်းဆို မကောင်းဘူးထင်တယ်နော်၊ ကလေးတွေက မြို့ကြီး ဲမှာ နေ့နေ့ညည မင်းကို တမ်းတနေရတဲ့အလုပ်ပဲရှိမှာ"

သူ စကားစလိုက်မှ ဂျီဂျီက လှည့်ကြည့်၏။ ကောင်းက ကား မောင်းရင်း ပြန်လှည့်ကြည့်ပြီး ....

"မဟုတ်ဘူးလား၊ အငယ်လေးက လူမှန်းသိတတ်စဆိုတော့ ြသနာမရှိဘူး၊ အကြီးကောင်က သနားဖို့ကောင်းတယ်၊ သူတို့ကို ကြို့ပို့ထားလိုက်မှ ထင်တယ်"

"အို မလိုပါဘူး၊ မူကြို့က ကလေးတွေအများကြီးနဲ့၊ ဘုရား ခိုးသင်ပေး၊ ကဗျာတိုင်ပေးနဲ့ ဒီလောက်ပဲ"

"ဒါလဲ ဘာဖြစ်လဲ၊ အဖော်တွေနဲ့ဆိုတော့ ကလေးပျော်တာ ပေါ့၊ သင်ပေးစေချင်ရင် စာသင်တဲ့ကျောင်းလိုက်ရှာပြီး အပ်ပေး မယ်"

"မလိုဘူး"

"ဘာဖြစ်လို့ မလိုတာလဲ"

"မလိုလို့ မလိုတာပေါ့"

သူ ဘာပြောပြော စိတ်မရှည်သံပေါက်နေသည့် ဂျီဂျီ့ ကောင်းက မျက်မှောင်ကုတ်နှင့် ကြည့်၏။

"ဘယ်လိုဖြစ်နေတာလဲ၊ ကလေးတွေအတွက် ကိုယ်စိ မကောင်းလို့ စဉ်းစားပေးတာ၊ ပြေပြေလည်လည် ပြန်ပြော"

"မပြောနိုင်ဘူး"

ဂျီဂျီက မျက်နှာကိုလည်းတင်းထားသည်။ စိတ်ကိုလည်း ကယ်မရှည်နိုင်တာ ဖြစ်၏။ နေကာနှင့် ပြဿနာရှိခဲ့ပြီးမှ နေ ကိုသနား၍ နာကြည်းနေခဲ့သည်။ မေ့မရဘဲ မုန်းနေခဲ့မိသည်။ နေ မှအစပြု၍ သူ့ကိုလည်း အကောင်းမမြင်နိုင်။ ဘာပြောပြော နားထဲ နားဝင်မချိုဘဲရှိ၏။

ဒါဟာ ဘယ်သူမှန်မှန်၊ ဘယ်သူမှားမှား လောလောဆ စိတ်ထဲမှာ ဒါဆိုဒါ ...။

"ဂျီဂျီ"

ကားကို အရှိန်အနည်းဆုံးလျှော့ပစ်လိုက်ပြီး ကောင်းက ဆက်ဆက် ခေါ်၏။ ဂျီဂျီ အသံမပေးဘဲ စွေစောင်းလှည့်ကြည့်

"မင်းက ဘာလဲ၊ မင်းနဲ့ကိုယ် ဘာမှမဟုတ်ကြတာက သပ် ဒါပေမယ့် တစ်အိမ်တည်းအတူနေကြရမှာ၊ တစ်ခန်းတည အတူအိပ်ဖြစ်ခဲ့ကြတာလဲ ရှိတယ်၊ နောက်လဲ ရှိနေဦးမှာ"

"အဲဒါ ဘာဖြစ်လို့လဲ"

"မင်း ဘာဖြစ်လို့ ရန်လိုနေတာလဲ၊ စကားကောင်းကောင်းပြော ရင် ကောင်းကောင်းပြန်ပြောပေါ့၊ လူရှေ့သူရှေ့မှာ ဟန်ဆောင်ပြော ဆိုတဲ့အခါမှာ မင်းနဲ့ကိုယ် ဒီလိုဆက်ဆံနေခဲ့တာကို ပိပိရိရိ ဘယ်ဖုံးမလဲ၊ ပြောကျင့်ဆိုကျင့်ဆိုတာ ဖျောက်ဖို့လွယ်တာ မဟုတ်ဘူး"





ဂျီဂျီက ဆတ်ခနဲ ပြန်လှည့်ကာ ကျောနှင့်ကူရှင်ကို ဆောင့်ခနဲ ံဖိပစ်လိုက်သည်။ ပြီးမှ ....

"မတတ်နိုင်ဘူး၊ ကျွန်မ အရမ်းစိတ်ညစ်နေလို့"

"ဘယ်သူက ပျော်နေလို့လဲ"

"ရှင့်ကိုလဲ ပျော်နေပါတယ်လို့ ကျွန်မက ပြောမိသလား၊ ကျွန်မ ယ်လိုနေနေ ရှင့်ကိစ္စအဆင်ပြေနေရင် ပြီးတာပဲပေါ့"

"မပြေလို့ပြောနေတာ၊ အခု မင်းပုံစံက ကိုယ်ကမင်းကို မုန့်ပေး က်ထားသလို ဖြစ်နေပြီ"

"ရှင်က ဝေဖန်တာလား"

"စိတ်ကိုမဝင်စားဘူး၊ သူများက ပြောလာလို့"

ဂျီဂျီကနှုတ်ခမ်းလေး မသိမသာ မဲ့၏။ လူသတိထားမိနေတာ သားပဲ၊ ဒါပေမယ့် ယူပြီးကြတဲ့အထိ အဆင်မပြေဖြစ်နေတုန်းပဲ းဆိုပြီး ရယ်မော စနောက်သွားကြတာပဲရှိသည်။

ဟန်ဆောင်လက်ထပ်ထားတာ ဘယ်သူသိမှာလဲ။ သိတာက ာင်းကင်ရောင် လက်ထပ်ပြီးပြီဆိုတာပဲမို့လား။ နောက်လည်း ကြ၊ ကွာကြမှာ၊ ဘာထူးဆန်းသလဲ။

ရင်ထဲမှာ စကားလုံးတွေ တိုးကြိတ်နေပေမယ့် ဂျီဂျီ ဘာမှ ပြောဖြစ်ဘဲ ....

"အဲဒါတွေ ထားလိုက်ပါ၊ ရှင် ကလေးတွေကိစ္စကို နည်းနည်း လာက် စိတ်ဝင်စားလာတယ်လို့ ထင်တယ်၊ အဲဒါ ကျွန်မကို ကူညီ င်စိတ်လေး နည်းနည်းပါးပါး မဖြစ်ဘူးလား"

ပြောပုံက ....။ ရှိထားခဲ့သည့် စေတနာတွေတောင် ပျက်ချင် င်ဖြစ်မိလာသည်။ ထိုအခါ မကြည်လင်ကြသော မျက်ဝန်းချင်း ဆုံ ကြ၏။

"ကျွန်မ မော်ဘီမှာပဲပြန်နေချင်တယ်၊ အဲဒါ ဘွားကို ရှင်ပြော ပေးပါ"

"ပြောနေတာ မင်းရှေ့တင်ပဲ၊ မင်းက ဘွားကို ဘာဖြစ်လို့ ချစ်အောင် ခင်အောင် ပြုစုနေတာလဲ၊ အဲဒီတော့ မင်းကို မခွဲနိုင် မခွာရက်ဖြစ်နေတာပေါ့"

"ဩော်၊ ကျွန်မက ချစ်အောင်ခင်အောင် တမင်လုပ်နေတာလို့ ရှင်က ပြောလိုက်တာပေါ့၊ ရှင် တော်တော်စော်ကားပါလားဟင်"

"တမင်ဆိုတဲ့စကား ကိုယ်ထည့်ပြောမိလို့လား"

"လူဆိုတာ ပြောမှသိရတာမဟုတ်ဘူး၊ ရှင့်စိတ်ထဲမှာ ကျွန်မ ဒ နေရာလိုချင်လို့ ရှင့်အဘွားကို ကပ်ပေါင်းနေတယ်များ ထင်နေသလားဟင်၊ ကျွန်မက မိဘမဲ့မို့ အထီးကျန်နေတဲ့ ရှင့်အဘွားကို စာနာသနားစိတ်နဲ့ စေတနာပါလို့ ပြုစုနေတာ၊ မသွားပါနဲ့ မခွဲပါနဲ့ လို့ ပြောနေတာကို မငြင်းရက်ခဲ့လို့ ကြိတ်မှိတ်နေရတာ"

"ဟာ ပြဿနာပါလား"

ဂျီဂျီ ခြေကော လက်ကောခါ၍ အော်ကြီးဟစ်ကျယ်ဖြစ်လာသောတော့ ကောင်းက ကားကို လယ်ကွင်းပြင်တွေနံဘေးအထိ ထိုးဆင်းရပ်ပစ်လိုက်သည်။

"မင်းကိုက ရန်လိုနေတာ၊ ကိုယ်ပြောတာ အဲဒါတွေတစ်ခုမှ မပါဘူး၊ စိတ်ထဲမှာလဲ မရှိဘူး၊ ခေါင်းထဲလဲ မထည့်ဘူး၊ ဂျီဂျီ မင်း မယုံချင်နေလို့ ရတယ်၊ ခဏခဏ မစော်ကားနဲ့၊ မင်းကို ကိုယ့်အကျိုး ရလိုမှုတစ်ခုတည်းနဲ့ ကမ်းလှမ်းခဲ့တာ မဟုတ်ဘူး၊ အဲဒါ အမှန်အတိုင်းပြောတာ၊ မင်းတို့မောင်နှမ အခြေမဲ့အနေမဲ့ဖြစ်သွားမှာစိုးလို့ မင်းရဲ့မိဘခြံမြေကို မင်းကိုပဲ ပြန်ပေးချင်စိတ်ဖြစ်ခဲ့တာ၊ လုံးဝမျှော်လင့်ချက်မပါဘဲ ထားမိခဲ့တဲ့စေတနာပဲ၊ အဲဒါလဲ အမှန်အတိုင်းပဲ"





ဂျီဂျီက နှုတ်ခမ်းကို တင်းတင်းစေ့လျက် ရှေ့ကိုတည့်တည့် ကြည့်၍ တောင့်တောင့်လေး ငြိမ်နေသည်။ ကောင်းက စတီယာရင် ပေါ် လက်နှစ်ဖက်လုံးတင်၍ သူမဘက်ကို ငဲ့ကြည့်ကာ ...

"ဘွား အမွေလွှဲဖြစ်ရင်ပြီးရောဆိုပြီး မိန်းမကောက်ယူပြရတာ သည်း အမွေတွေကို မက်မောလွန်းလို့မထင်နဲ့၊ ဘွားရဲ့ကျန်းမာရေး ကိုငဲ့ပြီး စိတ်ချမ်းသာစေချင်တာ တစ်ခုပဲ၊ ဘွား သေချာစာချုပ်စာ တမ်းနဲ့ ခုံခုံညားညား မလုပ်ခဲ့လဲ ကိုယ်ပိုင်ဆိုင်မှာတွေပဲ၊ ဘွားရဲ့ ဆန္ဒကို အိမ်ထောင်ချပေးချင်တာ၊ သူ့ မျက်ကွယ်မပြုခင် ကိုယ့် ကို တစ်အိုးတစ်အိမ်ထူထောင် မြင်သွားချင်တာမျိုး"

"အဲဒါဆိုလဲ တကယ်ယူခဲ့လိုက်ပါလား၊ ဟွန်း၊ ရှင့်အမွေတွေကို မက်မောပြီး ချဉ်းကပ်မယ့်မိန်းမကျတော့ ကြောက်တယ်မို့လား"

"ဟ မကြောက်လို့ရမလား၊ အမွေခွဲပါဆိုလို့ ခွဲပေးလိုက်ရုံနဲ့ ပြီးမှာမှ မဟုတ်တာ၊ မွေးချင်းမောင်နှမကိစ္စလို မဟုတ်ဘူးလေ၊ လင် နဲ့မယား ဖြစ်နေပြီးရင် ရှင်းလို့မရတာတွေ အများကြီးရှိတယ်၊ အဲဒါ မင်းသိလား"

"မလိုပါဘူး"

"အခု လိုနေပြီ၊ မင်း ဒါကိုပဲ ခဏခဏထည့်စော်ကားနေတာ မခံနိုင်ဘူး၊ မိန်းမတစ်ချို့ ကပ်ဖိုးကပ်ဖဲ့ ကောက်ကျစ်ပြီဆို ယောကျ်ား တွေ ရှုံးကြတာပဲ၊ ကွာမရ ရှင်းမရနဲ့ ဒုက္ခတွေပါလာမှာက အဆိုးဆုံးပဲ၊ ဒါ ကြောက်တာအဲဒါ၊ ငါ ဘယ်လောက်ချမ်းသာတာ ငါပဲ သိတယ်၊ အမွေကြောင့် ကြောက်စရာဘာမှမရှိဘူး"

"ရှင်တို့ပဲပြောကြတာပဲလေ၊ အမွေကိုမက်ပြီး ချဉ်းကပ်မှာစိုး လို့ဆိုတာ"

ဂျီဂျီက မျက်ခုံးနှစ်ဖက်ပင့်၍ ခနဲ့ခနဲ့ပြောတော့ ကောင်း စူးခနဲ

ပြန်ကြည့်သည်။

"ချဉ်းကပ်မှာစိုးတာ မဟုတ်ဘူး၊ ပြန်ဖယ်မပေးမှာစိုးတာ၊ အဲဒီအတိုင်းပဲပြောခဲ့တာကို မင်းလိုရာဆွဲမတွေးနဲ့၊ အမွေကြောင့် မင်းတို့ငါ ဘာမှဉပဒ်ဖို့မလိုဘူး၊ မင်း နောက်ထပ် အဲဒါထည့်မပြောနဲ့"

"မပြောလို့ရမလား ကောင်းကင်ရောင်၊ ရှင်က တအားချမ်းသာနေတာ၊ ကျွန်မက လူပြောခံရတာ"

"ဘယ်သူက ပြောတာလဲ"

"မာယာင့်"

"ဘာ"

ကလေးတွေကို သတိရလွန်းလို့ တစ်နေ့က မော်တီကို တစ်ယောက်တည်းခိုးသွားရန် စိတ်ကူးခဲ့မိသည်။ စိတ်ကူးပြီးထွက်လာခဲ့စဉ် လမ်းထိပ်ပြေးထွက်၍ ကားတားဖို့ ရပ်နေစဉ် သူမရှေ့ကပ်ကပ်လေးမှာ အဖြူရောင်ကားလေးတစ်စီး ထိုးရပ်လာ၏။

ဘေးမှန်ကျသွားတော့ အဖြူရောင်ဝတ်စုံနှင့် ဆံပင်တိုတိုကိုအလွန်လှပစွာ ပြင်ဆင်ထားသည့် နှုတ်ခမ်းနီရဲရဲနှင့် မျက်နှာတစ်ခုပေါ်လာ၏။ သူမက ပြုံးစစနှင့် မော့ကြည့်ပေမယ့် ဂျီဂျီက မာယာင့်ဆိုတာ မသိပါ။ သူက ပြုံးကြည့်တာတော့ မှန်သည်။ ဒါပေမယ့်လှောင်ပြုံး။

ရန်လိုတာပဲဖြစ်ဖြစ်၊ နှစ်လိုစွာပဲဖြစ်ဖြစ် ဒါဟာ ကိုယ့်ကိုသိနေလို့သာ ဖြစ်၏။ စဉ်းစားကြည့်တော့ သူမကိုမသိတာ သေချာနေဆဲ။

"မင်း တို့ကိုသိလား၊ မသိဘူးမို့လား၊ ဒါပေမယ့် နာမည်တော့ကြားဖူးမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကောင်း ပါးစပ်ထဲမှာ တစ်ခုခုပြောမယ်ဆိုရင် တို့နာမည်ပါကိုပါမှာ၊ တို့နာမည် မာယာင့်"

ရင်ထဲမှာ 'ဩော်' ဟု ရေရွတ်မိသည်။ သူမပြောသလိုပဲ မာယာင့်





ဆိုတာကို ဂျီဂျီ ကြားဖူးခဲ့တာဖြစ်သည်။

"မင်းနဲ့ကောင်းက ပတ်သက်ဖို့မရှိပါဘူး၊ ဘယ်လိုဖြစ်လို့ တို့ဆီက လုယူလိုက်တာလဲ"

"ဘာပြောတာလဲ၊ ဝါသနာမပါဘူး"

ဂျီဂျီက ကြာကြာတွေဝေတတ်သူမဟုတ်။ ပက်ခနဲ ပြန်မဲ့၍ပြော၏။

"တို့က ကြားပြီးသား၊ ချက်ချင်းကြီးကောက်ယူလိုက်ရတယ် ဆိုတဲ့သတင်းလေ၊ အဲဒါ ရေးကြီးသုတ်ပျာ ဖြစ်လောက်တဲ့အကြောင်းတွေ ရှိလို့ မဟုတ်ဘူးလား၊ ဒါပေါ့လေ၊ ဖြစ်နိုင်တာပဲ"

သူမက အေးစက်စက်မော့ကြည့်ကာ ကားစက်ကို နှိုးသည်။ သူမပုံစံက တကယ်ပဲ မြင့်မြင့်ချင်း အထင်မြင်သေးလောက်စရာတ်ပြတ်နေခဲ့သည်လား။ ရုတ်တရက်တော့ လူက သေးကျုံ့သွားသလို ခံစားလိုက်ရသည်။

"ဒါပေမယ့် ပွဲက သိပ်ကြည့်မကောင်းဘူး နတ်ပန်းချီ၊ ကောင်းနဲ့မင်းနဲ့ လုံးဝ မအပ်စပ်ဘူး"

ပေါ်တင်ကြီးပြောပြီး မောင်းထွက်သွား၏။ လမ်းပေါ်မှာမို့ကားလုံးရှေးရင်းနဲ့ပဲ ဘာမှမပြောနိုင်ဘဲ ဂျီဂျီ ကျန်ခဲ့သည်။ ပြန်ပြောပြတော့ ကောင်းက အပြောင်းအလဲမရှိသည့်မျက်နှာနှင့် ...

"ပြောပစေပေါ့၊ သူက တကယ်လက်ထပ်လိုက်တယ်ထင်ပြီးပြောတာ၊ မဟုတ်မှန်းသိရင် မင်းကို လက်ဆွဲနှုတ်ဆက်သွားဦးမှာ၊ ဘယ်သူဘယ်လိုပဲ ဝေဖန်ဝေဖန်၊ မင်းနဲ့ကိုယ် ဟန်ဆောင်ခဲ့ကြတာပဲ၊ နောနဲ့ပေါ့"

"တကယ်လက်ထပ်တာ ထင်စေချင်နေရင်လဲ ရှင်ပြောလိုက်ပေါ့၊ ငါလိုချင်တာ ငါရွေးတာလို့၊ ရှင်ကျတော့ မပြောရဲဘူးမို့လား၊

ဟုတ်ဟုတ်မဟုတ်ဟုတ် ကျွန်မက စော်ကားခံရတာ”

“ပြောလို့ ဘယ်ရမလဲ၊ သူက ဘယ်သူ့ကိုချစ်သလဲလို့ မေးတာ မဟုတ်ဘဲ၊ ကိုယ်နဲ့လဲ ချစ်ခဲ့ကြတာမဟုတ်ဘူး”

“ကျွန်မကို လုယူတယ်လို့ သူ့ပါးစပ်က လာပြောသွားတာနော် ရှင် ဝေ့လည်ကြောင်ပတ်တွေ ပြောမနေနဲ့နော်”

ဂျီဂျီ အသံကျယ်လာပြန်သည်။ သူ့ဘက်ကို ဆောင့်ခနဲ လှည့် ထိုင်ရင်း အားမလိုအားမရ ဖြစ်နေ၏။ ကောင်းက စေ့စေ့စပ်စပ် ကြည့်နေပြီးမှ ပြုံးသည်။

“သူ့ဘက်က ဒီလိုပဲရှိခဲ့တာ ကိုယ်မသိဘူး၊ ကိုယ်က ယောကျ်ား လေးဖြစ်နေတော့ မိန်းမတစ်ယောက်ကို အနိုင်မယူသင့်ဘူးလို့ ယူဆ ပြီး မဆိုင်သလိုဘဲ နေလိုက်တာပါ။ မင်းလဲ သည်းခံလိုက်ပေါ့”

“အဲဒါကို ဖြစ်နိုင်ဖို့က ကျွန်မ မော်ဘီမှာ သပ်သပ်နေမှဖြစ်မှာ”

“ဘာမှမဆိုင်ဘူး”

နှုတ်ခမ်းမဖွင့်ဘဲပြုံး၍ ကောင်းက ကားကိုပြန်မောင်းသည်။

“ကျွန်မကတော့ ပြန်ဖို့ကြိုးစားရမှာပဲ”

“သဘောပဲလေ၊ ဘွားကိုတော့ စိတ်မဆင်းရဲပါစေနဲ့၊ ကျန်တာ မင်းကြိုက်သလို ကြိုးစား”

ဂျီဂျီက မှန်ထဲကို မျက်စောင်းခဲ၍ ကြည့်သည်။ ကောင်းက ဖျတ်ခနဲ ကြည့်ပြီး မျက်ဝန်းတွေ ပြန်လွှဲပြီးမှ ပြုံးလိုက်သည်။ မော်ဘီ ကနေ ရန်ကုန် လမ်းတစ်လျှောက်လုံးမှာ ဂျီဂျီက စကားတစ်လုံးမှ မပြောတော့ပဲ နေလေသည်။

နေပေါ့။ ကိုယ်လည်း ပါးစပ်ပိတ်ထားရုံပဲ ...။

★ ★ ★ ★ ★





အခန်း (၁၉)

ရုတ်တရက်ကြီး အခန်းဝရောက်လာသည့် ဘွားကိုမြင်လိုက် သည်နှင့် ဂျီဂျီ ဆတ်ခနဲ ထရပ်လိုက်မိသည်။

အံ့ပေါ် ထပ်မှာ အတူတူနေကြသော်လည်း တိုက်ကြီးက ကြီး မားကျယ်ပြန့်ကာ အခန်းတွေအများကြီးမို့ ဘွားက နေရာတကာ မရောက်တတ်ပါ။

ခြေထောက်တွေ သိပ်မခိုင်ချင်ဘူးဟုလည်း ခဏခဏညည်း သည်။ ဒီနေ့ထိလည်း လှေကား၏ ခြေရင်းဘက်ခြမ်းဆိုတာကို ဘွား တစ်ခါမှ မရောက်ဖူးခဲ့။ ခုကျမှ ...

“ဘွား၊ ဘွား လမ်းလျှောက်လို့ကောင်းလားဟင်”

စိုးရိမ်သွားတာကတော့ တကယ်ပါ။ ထိတ်ထိတ်လန့်လန့်နှင့် ကယောင်ကတမ်း ဖြစ်တာလဲပါသည်။ တံခါးဘောင်ကို လက်တစ် ဖက်နှင့်ဆုပ်ကိုင်အားပြု၍ ရပ်နေသည့် ဘွားကို ပြေးပွေ့လိုက်မိ၏။ ဘွားက ရောက်ကာစက ကြည်ကြည်လင်လင်ပဲဖြစ်လျက် အခန်းထဲ ကိုဝေ့ကြည့်ကာ မျက်နှာပျက်လေသည်။

“ဘာဖြစ်လဲ၊ မော်ဘီမှာနေမှာကို ဘွား သိသားပဲ၊ ဒီမှာနေတုန်း လဲ လင်မယားနေလို့ရအောင် မင်္ဂလာအိပ်ခန်း သေချာ လုပ်ပေးထား

တာလေ၊ ခုထိပဲ မှော်ဘီကို မပြန်ကြသေးဘူးမို့လား၊ ဘွား ပြင်ဆင်ထားတဲ့အခန်းမှာနေကြပေါ့"

မင်္ဂလာပွဲပြီးသည့်ညက သူမက ပြန်ချင်၍ ရှုံ့မဲ့နေသည်။ ကောင်းက မင်္ဂလာအိပ်ခန်းကြီး ပြင်ထားတာကို မကြည့်ရဲကြည့်ရဲနှင့် ဝေဖန်ခဲ့၏။

ဘွားက သူ့အစီအစဉ်နှင့်သူ ဟုတ်နေသည်။ တကယ်တော့ အဲဒီညကပဲ ဂျိဂျိက အောက်ထပ်မှာ ကလေးတွေနှင့် ဆင်းအိပ်ခဲ့၏။ ဒီနေ့ထိလည်း ညအိပ်တော့မယ်ဆို ကောင်းက သူ့ရဲ့ လျှို့ဝှက်ပြင်ဆင်ထားသည့် အောက်ထပ်ထောင့်ခန်းလေးထဲမှာပဲ ဆင်းအိပ်ခဲ့သည်။

ဒေါ်ရတီက အိပ်ခန်းကိုကြည့်ရင်း အခန်းထဲဝင်လာရင်းနှင့် သူမကို တွဲထားသည့်ဂျိဂျိ့လက်ကို ပြန်၍ဆုပ်ကိုင်၏။

"မြေးမ"

"ရှင်"

"ဘယ့်နှယ်၊ ခေါင်းအုံးတစ်လုံး စောင်တစ်ထည်နဲ့၊ ဒီထဲမှာ ဘယ်သူအိပ်တာလဲ"

"ဟို ဂျိဂျိ အိပ်တာပါ"

ဖြေလိုက်ရင်း ဂျိဂျိ့ရင်တွေ တဒိတ်ဒိတ် ဆောင့်ခုန်လာသည်။ ဘွားရောက်လာတာကို မလုံမလဲ ထိတ်လန့်သွားသော်လည်း ခုထိ ချက်ချင်းကြီး အကဲခတ်မိသွားမယ်လို့မထင်။

ဒေါ်ရတီသည် နေထိုင်မကောင်း၍ ချောင်ကျနေသည့်မျက်နှာ ပြင်၌ သနားစဖွယ် မှိုင်းရီညှိုးဖျော့သွားကာ တော်တော်နှင့် စကား မပြောနိုင်။

အခန်းကို ဝေ့ဝဲကြည့်၍ သူမတစ်ကိုယ်တည်း တစ်စုံတစ်ခု





အတွက် သေချာမသေချာ စဉ်းစားချင့်ချိန်နေပြီးမှ ...

"မြေးနဲ့ ဘာဖြစ်လို့ခွဲအိပ်ကြတာလဲ"

မေးလိုက်သံက ဒေါသလည်းမပါ၊ မသိလို့မေးတာမျိုးလည်း မဟုတ်ဘဲ ယူကျုံးမရခြင်းများနှင့် ဂျိဂျိ မျက်နှာကို ငေးကြည့်၏။

"ဘွားရယ်၊ ခွဲအိပ်တာမဟုတ်ပါဘူး၊ ဟို ... ဟိုနေ့က သူနဲ့ဂျိဂျိ စကားများကြပြီး သူပဲ ဒေါနဲ့မောနဲ့ အပြင်ထွက်သွားတာ၊ အဲဒါပါ၊ ဘာ ... ဘာမှမဖြစ်ဘူး ဘွားရဲ့"

"ဟင်"

ဒေါ်ရတီမျက်နှာ အရောင်လက်သွား၏။ ပြီးမှ မှိန်ကျသွားပြန်ကာ ...

"စကားများကြတာက ဘာဖြစ်လို့လဲ၊ လက်ထပ်ကြတာဖြင့် လဝက်မကျိုးသေးဘူး၊ ဘွား ထင်ပါတယ်၊ မြေးနဲ့မြေးမ ကြင်ကြင် နာနာမရှိကြတာကို"

ဘုရားရေ ...။ ဂျိဂျိ လည်ချောင်းထဲမှာ ခြောက်သွေ့သွား၏။ ဒေါ်ရတီက သူမကိုင်ထားသည့်လက်ကို ဖယ်ချပြီး မွေ့ရာအစပ်မှာ လေးကန်စွာ ထိုင်ချလိုက်၏။

"မိန်းမယူပါ ယူပါဆိုလို့ ဘွား ပေးစားတာတော့ မယူဘူးဆိုပြီး ချက်ချင်းလက်ထပ်ပစ်လိုက်တာ၊ တစ်မျိုးတော့တစ်မျိုးပဲလို့ ထင် သားပဲ၊ ပြောစမ်း၊ မြေးမနဲ့ မြေးနဲ့ ချစ်သူတွေ ဟုတ်ကြရဲ့လား"

"ရှင် ..."

"ဘွားရာ၊ ချစ်လို့ယူတာပေါ့၊ မချစ်တဲ့သူကို မလိုချင်လို့ ဘွား ပေးစားတာကို မယူခဲ့တာ"

စကားသံကျယ်ကျယ်နှင့် ကောင်း ဝင်လာ၏။ ဂျိဂျိ လောလော ဆယ် အသက်ရှူချောင်သွားသလိုလိုရှိသော်လည်း ....

"ဘွားက ဒီလိုတောင်လာနိုင်သွားနိုင်နေပြီဆိုတော့ တော်တော်
ကျန်းမာနေပြီပဲ၊ ဒါဆို ကျွန်တော်တို့ မှော်ဘီပြန်ပြောင်းလို့ရပြီပေါ့"

ပန်းရင့်ရောင်ရှပ်လက်တို အကွက်စိပ်ကလေးနှင့် ဘောင်း
ရှည်အညိုကို ဝတ်ထားသည့် ကောင်းမျက်နှာက နုသစ်နေသည်
နှာတံထိပ်ဖျားအထိ ညို့ဆင်းနေသော စိမ်းမြသည့်မျက်ခုံးတန်းတို့
ရယ်နေလျှင်ပို၍ လှသလိုရှိ၏။ ထိုမျက်ခုံးနှင့် နှာတံစင်းပုံကြော
သူ့မျက်နှာပြင်ဟာ မြန်မာပီသနေပေမယ့် တစ်မျိုးချော၏။ နှုတ်ခမ်း
ကလည်း သိပ်မထူ။ နီမြန်းမြန်းနှင့် အထူအပါးညီနေသည်။

"မင်းတို့နှစ်ယောက်လုံး ချောတယ်ကွ၊ ရုပ်ချင်းလဲ ဆင်တယ်
သေချာတယ်၊ ဒီလိုစုံတွဲတွေ မြတတ်ကြတာ၊ ရာသက်ပန်ပေါင်းဖူး
မပူနဲ့"

မင်္ဂလာပွဲတုန်းက ပြောသံတွေထွက်လာခဲ့သေးသည်။ ဒေါ်ရ
က မြေးချော၏မျက်နှာကို မေးခွန်းများနှင့် မော့ကြည့်သည်
မျက်မှန်ပင့်၍ မျက်မှောင်ထပ်ကုပ်ရင်း ကြည့်သည်။ ပြီးတော့ —

"ကျုပ်က ရှင်တို့လေးတွေကို မထနိုင်မသွားနိုင်ဘဝမို့လို့ ပြ
ချင်လွှန်းလို့ ခေါ်ထားတယ်များ အောက်မေ့နေသလား"

"ဟာ မဟုတ်ဘူးလေ၊ ဘွားကလဲ၊ ဘွား မကျန်းမာတာ
ထားခဲ့ရမှာ ကျွန်တော်တို့ကလဲ စိတ်မချဘူး၊ အဲဒါ ..."

"ဟုတ်မှပြောပါ၊ စိတ်မချတာက မင်းမဟုတ်ဘူးထင်ပါတယ်
ဟွန်း ငါ့နားမှာ မြေးမလေးပဲရှိတယ်၊ မင်း ဘယ်တုန်းက ဖင်ပူအောင်
ထိုင်ဖူးလို့လဲ"

ကောင်းက ရယ်ပြီး ဂျီဂျီလက်ဖဝါးလေးကို ဆုပ်ကိုင်လိုက် သည်
ပြီးတော့ ဘွားဘေးမှာပဲ အတူတွဲထိုင်ကာ ...

"သူရှိလို့လဲ နေတာပေါ့ ဘွားရဲ့၊ ဘွားမြေး အလုပ်များ





သိရဲ့သားနဲ့"

"ရန်ဖြစ်ချိန်တော့ ရှိလား"

ကောင်း တစ်ချက်တွေသွားပြီး ဘာမှမဟုတ်သလို ရယ်ပစ်
လိုက်၏။

"ဒီလိုပဲ၊ သူနဲ့ကျွန်တော် စကားနိုင်လုနေကျပါ၊ ရန်ဖြစ်တာမှ
မဟုတ်တာ၊ ဒီကောင်မလေး သိပ်ဆိုးတာ၊ ဘွား မသိလို့"

"ဘာပြောတယ်"

ဂျီဂျီကလည်း မချိုနိုင် မဖိနိုင် ဆတ်ခနဲ မော့ကြည့်၏။ ကောင်း
က မျက်စိတစ်ဖက်မှိတ်ပြပြီး ပခုံးစွန်းလေးကို သိုင်းဖက်လိုက်သည်။
ထိုအခါ လက်ပြတ်ခါးတင်လေး ဝတ်ထားသော နက်ပြာရောင်စပို့
ရှပ်လေးနှင့် ဂျီဂျီ၏ လှပသော လက်မောင်းသားပြည့်ပြည့်လေးများ
ကြောင့် ...

"ကိုယ်က ချစ်လို့စတာ"

ပြောမိပြောရာ ပြောလိုက်သည့်စကားက ထိုစကားဖြစ်သွား ခဲ့၏။
သူ့ရင်ခွင်ထဲမှာ ပခုံးစောင်းလေး ကျုံ့ဝင်ကပ်လျက် ဂျီဂျီ အံ့ဩ
ဟန်လေးနှင့် မော့ကြည့်သည်။ သူလည်း ငုံ့ကြည့်မိ၏။

ဂျီဂျီ၏ နူးညံ့ဝင်းဖတ်နေသော လက်မောင်းသားလေးများပေါ်
မှာ ထွေးဖက်ထားလိုက်မိသောလက်မှ လျှပ်စီးကြောင်းတစ်မျိုးက
နှလုံးသားဗဟိုဆီသို့ ပြေးဆောင့်ကာ မီးပွင့်တွေ ဝင်းထိန်လက်သွား
၏။ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိ။

"ချစ်လို့စတာဆိုရင်လဲ ခွဲထွက်အိပ်တဲ့အထိ ဖြစ်နေရသလား
ကွယ်၊ ဟင် ... ခုမှညားကြတာ၊ ဘယ်လောက်ကြာသေး ... ၊ မင်း
ခွဲအိပ်တာဆို"

ဘွားက ဘေးတိုက်ကနေ လှည့်ကြည့်ပြီးဆက်ပြော၏။

ကောင်းက ရှန်းနေသည့် ဂျီဂျီ၏ လက်လေးတစ်ဖက်ကိုပါ ထပ်
ထားလိုက်ကာ ....

"ဘာမှမဟုတ်တော့ဘူး၊ အခု ပြီးသွားပြီ၊ ဘွားကလဲ၊ လ
မယား လျှာနဲ့သွားတဲ့"

ကောင်း ဘာတွေပြောနေမှန်းမသိ။ လိုအပ်လို့ပြောနေတာ
ပေမယ့် သူဖက်ထားတာကြီးကို ဂျီဂျီ ရှက်နေမိသည်။ ဖယ်ချ
ဖယ်ချသည့်လက်ကိုပါ ဖမ်းဆွဲထား၏။ ဘွားကလဲ ထိုင်လျက်မှ
အနည်းငယ်ဆန့်၍ လက်နှစ်ဖက်နှင့်ထောက်ကာ ....

"လျှာနဲ့ပဲသွားသွား၊ ခေါင်းနဲ့ပဲသွားသွား၊ ကြိုပြောထားမယ်
ဘွားက ချစ်ချစ်ခင်ခင်ပဲ ဖြစ်စေချင်တာ"

ပြောနေရင်း လှည့်ကြည့်သည်။ ဘွား လှည့်ကြည့်
ကောင်းက ရယ်ကျဲကျဲနှင့် ဂျီဂျီ ပါးလေးကို ဆွဲလိမ်၏။ ဘွား ဖျတ်
ပြန်လှည့်သွားကာ ....

"ဒီလိုပဲဖြစ်ရမှာပေါ့၊ လင်နဲ့မယားဆိုတာ၊ မြေးကလဲ ခဏ
ရန်မဖြစ်ချင်နဲ့၊ မိန်းမသားဆိုတာ ယောကျ်ားတစ်မျက်နှာနဲ့
တည်ကြတဲ့အမျိုး၊ ဒီယောကျ်ားက မကြင်နာရင်၊ ဖိနှိပ်ပြောဆိုတ
နေရင် ဘယ်လိုလုပ်စိတ်ချမ်းသာမှာလဲ"

ဂျီဂျီ မနေတတ်မထိုင်တတ်နှင့် မျက်နှာကို ငုံ့ချထားသည်
ကောင်းက ဂျီဂျီ့ပါးလေးတစ်ဖက်ကို လေနှင့်မှုတ်၏။ မော့ကြ
လိုက်တော့ သူမဟုတ်သလိုလို၊ မျက်နှာက ဆံပင်သပ်တင်လို
နဖူးပွတ်လိုက်။

ဒီလူ ဘယ်လိုလူလဲ။ ဒေါသဖြစ်ဖို့ကို သတိရလာ၏။ သူ
ရှက်နေတာကို သိလျက်နှင့် လိုတာထက်ပိုပြီး အခွင့်အရေးယူချင် တ
ဗိုက်ကို တံတောင်နှင့် တွတ်ပစ်လိုက်သည်။ ကောင်း တွန့်





တော့ဖြစ်သွား၏။ သူမကိုငုံ့ကြည့်ပြီး တင်းခနဲ ဆွဲဖက်သည်။

အို ...။ ဂျီဂျီ့ တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲရောက်သွား၏။
သဘာဝကျဖို့မဟုတ်တော့ဘဲ လွန်နေပြီ။ ဂျီဂျီ ဘွားကို ခဏဘေး
ယ်ထားကာ သူ့ရင်ဘတ်ကို တအားထုပစ်လိုက်မိ၏။

"ကိုယ့်ကို မစနဲ့နော်"

ကောင်းက ဂျီဂျီ့နဖူးလေးနွေးသွားအောင် နှုတ်ခမ်းနှင့် ကပ်
ပြောသည်။ ပြီးတော့ လက်နှစ်ဖက်နှင့် တင်းတင်းကျပ်ကျပ် ဆွဲဖက်
စ်လိုက်၏။

"အား ... ရှင် ... ရှင်နော်"

"ဟဲ့ ... ဟဲ့၊ ဒီကလေးတွေ"

ဒေါ်ရတီ မျက်မှန်ပင့်လိုက်၊ ပြန်ချလိုက်နှင့် နေရာမှ ထရပ်ရှာ
သည်။

"တည့်ကြတော့လဲ သူတို့အပြင်မရှိဘူး၊ ကြည်စားသန် ရန်ဖြစ်
တဲ့နော်၊ မြေးကို ဘွား ပြောနေတာ"

ဒေါ်ရတီက လှည့်မကြည့်တော့ဘဲ ပြောရင်း အခန်းဝဆီ
လျှောက်သွား၏။

"ငါ့မှာ မသေခင် မြစ်လေးများ ချီရ ပွေ့ရမလားမှတ်ပါတယ်၊
သူတို့မှာ ရန်ဖြစ်လိုက်၊ ပြန်တည့်လိုက်နဲ့၊ ဟွန်း ... သင့်သင့်မြတ်မြတ်
နေကြစမ်း"

"ဟုတ်ကဲ့ ဘွား၊ ကျွန်တော် ချော့နေတာပါ"

ဒေါ်ရတီက တံခါးပြန်ဆွဲစေ့သွားသည်။ ကောင်းက အကျယ်
ကြီး လှမ်းအော်၏။

"လူညစ် ... ကဲ"

ဂျီဂျီ သူ့မျက်နှာကို ဖြတ်ရိုက်ပစ်သည်။ ဒါပေမယ့် မထိ။

ကောင်းက ဖျတ်ခနဲ မော့ရှောင်ကာ ဂျီဂျီ့လက်တစ်ဖက်ကို
လေး ဆွဲလိမ်ပစ်လိုက်သည်။

“အား ....”

သာသာကလေးဆိုပေမယ့် လက်နောက်ကိုယ်လေးပါသွား
မွေ့ရာပေါ်သို့ ဂျီဂျီ ပက်လက်ကလေး ပစ်ကျသွား၏။

“ရှင် ... ရှင်နော်”

“ဘာလဲ၊ ပြော”

ကောင်းက သူမမျက်နှာလေးပေါ်မှာ အုပ်မိုးလျက် မချိုမ
ကြည့်၏။ ကောင်း၏လည်တိုင်မှ ဆွဲကြိုးက ဂျီဂျီ့ရင်ဘတ်လေး
ပုံကျလာသည်။ မျက်နှာချင်းက ထိတော့မည်။ ဂျီဂျီ့မျက်နှာ
အဝတ်စနီလို ရဲတွတ်သွား၏။ တည့်တည့်မနေရဲဘဲ တစ်ဖက်
ပစ်လိုက်ပြီးမှ ....

“ရှင် ဖယ်ပေးနော်၊ လူညစ်ကြီး၊ ဘွားရှေ့မှာ ရှင် လိုတာ
ပိုနေတာ၊ သက်သက်အခွင့်အရေးယူနေတာမို့လား၊ ပြောတော့
လူကြီးလူကောင်းလိုလို၊ စိတ်မဝင်စားသလိုလို”

“ဘယ်သူက စိတ်ဝင်စားပါတယ်ပြောလို့လဲ”

လှောင်ပြုံးနှင့်မေးလိုက်တော့ ဂျီဂျီ ရှက်မိပြန်သည်။ လက်
လည်း မွေ့ရာမှ ဖိကပ်ထားသည်။ တစ်ဖက်က သူ့လက်နှင့်
လျက်ပဲ ခါးအောက်မှာ ...။

စိတ်ရှိလက်ရှိ ဆောင့်ကန်ရိုက်ပုတ်ပစ်ချင်သော်လည်း လှုပ်
တောင်မရ။

“ဘွားကို မင်းက သိပ် အတယ်လို့ထင်နေသလား ဂျီဂျီ၊
မို့လို့ ခေတ်ကာလကို မျက်ခြည်နည်းနည်းပြတ်သွားပြီး ဟန်ဆောင်
လက်ထပ်တာတွေ၊ ဘာတွေအထိ မသိဘူးဆိုရင်တောင် မင်းနဲ့ကို





သဘာဝမကျတာတွေကို သိနေတယ်”

“သိသိ၊ မတတ်နိုင်ဘူး၊ ကျွန်မသဘောတူခဲ့တာ ရှင်နဲ့လက်ထပ်
ထားကြတဲ့စာချုပ်မှာ လက်မှတ်ထိုးဖို့ပဲ၊ ဒီ့ထက်သဘာဝကျအောင်
ခံနေနိုင်ဘူး၊ ဒီလောက်ထိ ရှင်လူပါးဝလို့ရနေတာလဲ လိုက်လျောနေ
တယ်လို့ မထင်နဲ့ သိလား၊ ကျွန်မရဲ့ခြံ၊ ကျွန်မရဲ့တိုက်ကို ဒီနည်းနဲ့
အပြင် ပြန်ရဖို့မရှိတော့လို့ အားလုံးကိုပုံပြီး စွန့်စားခဲ့ရတာ”

“မင်းကို ကိုယ်က ဘာတွေလူပါးဝနေလို့လဲ”

“အခု လွှတ်လိုက်လေ၊ ရှင် ... လူကို”

“မင်းကို ချုပ်မထားရင် ကိုယ့်ကို မင်း ပါးရိုက်မှာလေ”

“ရှင် ဘာလို့ အသက်ရှူမရအောင် ဖက်ပစ်လဲ”

“မင်းက ကိုယ့်ကို အရင်နာအောင်လုပ်တာ မဟုတ်ဘူးလား”

သူ စကားပြောတိုင်း နှုတ်ခမ်းဖျားက လေငွေ့နွေးက မျက်နှာ
တစ်ခြမ်းမှာ ထိခတ်နေသည်။ လည်တိုင်ဆီသို့လည်း ရောက်၏။

ထို့ပြင် သူ့ဆွဲကြိုးက ရင်ဘတ်ပေါ်ကနေ ဂျီဂျီ့လည်ပင်းကြား
ထိ လျှောဆင်းလာ၏။ ရှက်လွန်းသဖြင့် ဂျီဂျီ သူ့ဘက်ကို ပြန်မလှည့်
ရဲဘဲ လည်ပင်းလိမ်ထားရတာ နာကျင်လာသည်။

အကြမ်းပတမ်းဆောင့်ခုန်နေသည့် ရင်ဘတ်က သိသာစွာ
လှုပ်ခါနေမှာပါ။ ကောင်းကလည်း ဖယ်ပေးဖို့စိတ်ကူးရှိပုံမရဘဲ ဂျီဂျီ
ပါးပြင်လေးပေါ်က မွေးညှင်းနုနုလေးတွေ ဖုံးနေတာကအစ၊ နီးနီး
ကပ်ကပ်လေး စိုက်ကြည့်နေသည်။

နှစ်ယောက်အိပ်မွေ့ရာကြီးထက်မှာ ကိုယ်လက်ထပ်ထား သည့်
မိန်းမလှလေးကို ရင်ခွင်ထဲမှာပဲ ပိုင်ပိုင်နိုင်နိုင် ပွေ့ဖက်ထား လျက်
ရင်ခုန်သံတွေ အပြိုင်အဆိုင် ဖြစ်လာသောအခါ ....။

ကောင်း ဖျတ်ခနဲ ပြန်ထသည်။ အခန်းဝထိ တောက်လျှောက်

ထွက်လာခဲ့ပြီးမှ သူရောက်လာခဲ့သည့် အကြောင်းရင်းကို သတိရ၏။

"ဂျီဂျီ"

နောက်ပြန်လှည့်တော့ ဂျီဂျီက မွေ့ရာပေါ်မှ လူးလဲထကာ အကျီဆွဲချ၊ ဆံပင်တွေသပ်တင်နှင့် သူ့ကို မကြည့်။

"မင်း ဒီနေ့ စိတ်ချလက်ချနေလိုက်တော့၊ အငယ်နှစ်ကောင်ကို နေ့လည် ကိုယ်ဝင်ခေါ်ပြီး ပန်းခြံ လိုက်ပို့လိုက်မယ်"

ဟင် ... အထူးအဆန်းပါလား၊ ဂျီဂျီ လှမ်းကြည့်လိုက်တော့ သူ မရှိတော့ပါ။ နောက်က ပြေးထွက်လိုက်ကြည့်မိသေးသည်။ လှစ် ခနဲ ပျောက်ကွယ်သွားသော လှေကားအတိုင်း ဆင်းသွားသည့် ကျောပြင်ကိုပဲ အရိပ်ကလေးမြင်လိုက်ရသည်။

ကလေးတွေကို သူမရှေ့မှာတော့ တစ်ခါမှ ချော့ကာမော့ကာ ပုတ်ခတ်ကျီစယ်ဖူးတာ မရှိဘဲနှင့် ...။ ဟုတ်ရဲ့လား ...။ ပြောသွားတာကို ပြန်စဉ်းစားမိသေးသည်။ ပြီးတော့ ကံမူးရှူးထိုးကြီး ထွက်ခွာသွားသော ကောင်းပုံစံကို သတိရမိကာ သူမကိုယ်တိုင် ရင်တွေခုန်လာမိ၏။ ရှက်၍လား။ ထိတ်လန့်ကြောက်ရွံ့သောကြောင့်လား။

မင်္ဂလာဦးညမှာ သူ ဖွတ်တရွတ် နမ်းခဲ့ဖူးသည်။ ခုတော့ မနမ်း ခဲ့သော်လည်း ... ဘုရား ... ဘုရား။ တစ်ယောက်တည်း ရင်ဘတ် လေးဖိ၍ ထူပူရှိန်းဖိန်းကာ စောင့်စည်းထိန်းသိမ်းနိုင်ခဲ့သည့် သူ့ကိုပဲ ကျေးဇူးတင်လိုက်မိသည်။

တကယ်ဆို ကိုယ်ဟာ သူ့ဇနီးအဖြစ် ရှိနေရသူ။ ရှေ့လျှောက် ဒီလို မထင်မှတ်တဲ့ အခြေအနေတွေ ထပ်မကြုံပါရစေနဲ့။

★ ★ ★ ★ ★





အခန်း (၂၀)

တိုက်ကားစီးရင်း ကလေးနှစ်ယောက် ပျော်နေကြတာကို ရပ်ကြည့် ပြုံးလိုက်မိသည်။ မလင်းကတော့ အငယ်လေးကို ထည့်မပေးဖို့ ပြောသေးသည်။

"ညီညီ့ကို သားပွေ့ထားမှာပေါ့ ညီညီစီးပါစေ နော် နော် ကိုကိုကြီး"

သူက သူ့ကိုယ်သူ ကိုကြီးဟု ပြောသဖြင့် ရေဆန်က ကိုကိုကြီးပဲ ခေါ်သည်။

"မလင်း သူ့ရင်ခွင်ထဲ ထည့်ပေးလိုက်ပါ"

"လွတ်ကျသွားမှာစိုးလို့ မောင်လေးရဲ့"

"သူ့ညီကို သူထိန်းနိုင်မှာပါ"

သူပြောမှ မလင်းက ရေဆန့်လက်ထဲကို လေထန်လေး ထည့် သည်။ ပြီးတော့ စိုးရိမ်စိတ်နှင့် အနားမလှမ်းမကမ်းကနေရပ်ကြည့် ၏။ ကားမောင်းဖို့ ခပ်ကြီးကြီးကောင်လေးတစ်ယောက်နှင့် တွဲ ပေးရသည်။ ကားကွေ့လိုက်တိုင်း ရှေ့ငိုက်ကျလိုက် ဘေးလဲသွား နှင့် ရေဆန်သဘောတွေကျနေသည်။ ရင်ခွင်ထဲမှာ မျက်လုံးလေး လျက် လေထန်လေးလည်း ငိုဖို့ မေ့နေသည်ထင်၏။ ဒလူးဒလိမ့် ဆောင့်မိလိုက် တိုက်မိလိုက်ဖြစ် တာရှိသည်။ ငိုမလို မဲ့ရွဲ့ထအော် က်တာလည်းဖြစ်ပြီး မငိုတော့ဘဲ ဒုန်းခနဲ ဆောင့်တိုက်လိုက် က်လုံးလေးပြူး၍ ဟိုကြည့် ဒီကြည့် ဖြစ်လိုက်...

"ညီလေး ညီညီ မငိုနဲ့"

ရေဆန်က တအားကျုံးဖက်ထားပြီး ရယ်လိုက်ချော့လိုက်
အပျော်ကြီးပျော်နေသည်။

"ဘယ့်နှယ်လဲ ပြန်ပေးတော့မလား"

နေညိုလာတော့ နာရီကြည့်ပြီး ကောင်းကမေးသည်။

"မပြန်ချင်သေးဘူး ကိုကိုကြီး သားရေကူးချင်တယ်"

ရထားစီးရင်း ရေကူးနေကြတာကို ရေဆန်က အားကျနေ

"မရဘူး မရဘူး ဒါတော့ မလုပ်နဲ့ မင်းတို့ မမဆူလိမ့်မယ် ည
စောင်းဆိုတော့ ဖျားနာသွားနိုင်တယ်ကွ နောက်တော့ စောစောလာ
ကူးသွားနော်။ ဒီနေ့ ဟိုဆိုင်မှာမုန့်ဝင်စားမယ် ပြီးရင် ပလာဇာ
အဝတ်အစားတွေ ကစားစရာတွေဝယ်မယ် ပြီးတော့ ပြန်ကြတာ

"ဟေး"

ရေဆန်က လက်ခုတ်တီး၍ ထခုန်သည်။ ပြီးတော့ ကောင်းလက်
လက်ကလေးနှစ်ဖက်နှင့် ဆုပ်ကိုင်ထားရင်း ရွှတ်ခနဲနမ်း၏။ မလင်း
လေထန်ကို ချီထားရင်း ရယ်နေ၏။

ကလေးထိန်းဖို့ သူမကိုခေါ်လာတာပေမယ့် မလင်းက အနားမှာ
ရပ်နေတာမျိုးမရှိပေ။ ပြီးတော့ ဆံပင်တွေရှေ့မှာ အပြောင်သိမ်း
နောက်မှာ စုထုံးထားသဖြင့် ကောင်းနှင့် မလင်းကို တစ်မျိုးတစ်မည်
နိုင်ဖွယ်မရှိ။ ကလေးတွေနဲ့ အတူတူပေမယ့် မိသားစုလို ရောထွေးမသွား

"ကိုကိုကြီး"

"ဟင်"

စားပွဲမှာ အတူတူထိုင်မိ၍ စားစရာတွေ မှာကြတော့ ရေဆန်
မတင်မကျ မျက်နှာလေးနှင့် စောစောက စကားကို ပြန်စ၏။

"ကိုကိုကြီးက သားတို့နဲ့ ဘာတော်တာလဲဟင်"

"ကိုယ်က..."





ရေဆန်က ဘာဖြစ်လို့ မေးလိုက်မှန်းမသိသလို သူလည်း ရုတ်
တရက် ဘယ်လိုဖြေရမှန်း မသိ။

သူမဖြေရသေးခင် ရေဆန်ကပဲ ဆက်ပြော၏။

"သားတို့ ဖေဖေကို သားမသိဘူး ဖေဖေရှိရင် ကိုကိုကြီးလိုပဲ
သားတို့ကို ချစ်မှာပေါ့နော်"

"အင်း..ဪ အေးပေါ့ကွ ချစ်တာပေါ့ မိဘဆိုတော့ ပိုတောင်
ချစ်ဦးမယ်"

"ကိုကိုကြီးကကော"

"ကိုကိုကြီးကလည်း ချစ်တယ်လေ"

"မမကိုကော"

"ဟင်"

သူ မလင်းကို လှမ်းကြည့်လိုက်မိ၏။ မလင်းက နှုတ်ခမ်းပိတ်လျက်
နှင့် ပြုံးလိုက်သည်။ ထို့နောက်မှ ဟက်ဟက်ပက်ပက်ရယ်ကာ..

"ပြောလိုက်လေ မောင်လေးရဲ့ ကလေးတွေက မေးချင်တာရှိ
ရင် အိပ်မပျော်ဘူး"

မလင်းကတော့ အတူနေကြရမည့် လူတွေမို့ ကိစ္စတချို့ကို နည်း
နည်း ပါးပါး ပြောပြထားရသည်ဟု ဦးစိုးမိုးပြောဖူးသည်။ ဒါကြောင့်
ဂျီဂျီနဲ့သူ ဘယ်လိုပုံစံနေကြတာကို သိမှာပါ။ ကောင်းက မျက်နှာပူပူ
နှင့် ရယ်လိုက်၍...

"ဘာဖြစ်လို့လဲ မင်းကိုချစ်တာနဲ့ မင်းမမနဲ့ ဘာဆိုင်လို့လဲ"

"မမကို ကိုကိုကြီးက မချစ်ဘူးလား ဘာဖြစ်လို့ မတည့်တာလဲဟင်"

"ဘယ်သူကပြောလဲ"

"မမကပြောတာ"

"ဟုတ်လား"

စကားပြောနေတုန်း စားစရာတွေလာပို့သွားတော့ သူက ဟမ်ဘာဂါဘူးကို ဖွင့်သည်။ ရေဆန်စားတတ်အောင် သေချာပြင်ဆင်ပေးနေရင်း

"ပြောပါဦး သားမမက ဘာတွေပြောလဲ"

"သားက ကိုကိုကြီးကို အရုပ်တွေဝယ်ခိုင်းချင်တယ် ကိုကိုကြီးက သားတို့ကို ဘာဖြစ်လို့ မခေါ်တာလဲလို့ပြောတော့ အဲဒီလူက ဘဝင်မြင့်တတ်တဲ့ ရောဂါရှိတယ်တဲ့"

"ဟုတ်လား အဲဒီလိုပြောလား"

ရေဆန်က ခေါင်းလေးညိတ်၍ သူ့မျက်နှာကိုပဲကြည့်ကာ...

"ဘယ်တော့မှ သွားမခေါ်နဲ့ မမနဲ့လည်း မတည့်ဘူးတဲ့"

"ကြည့်ကွယ် ဂျီဂျီကတော့"

ကောင်းမျက်နှာ ရှုံ့တွသွားလိုက် ရယ်မလို မဲ့မလိုဖြစ်လိုက်မို့ မလင်းက နှစ်သိမ့်သလိုရယ်သည်။ ကောင်းက နှာခေါင်းတစ်ချက် တွန့်၍ လိုက်ရယ်ကာ...

"အလကား သူရူးလို့ပြောတာ အဲဒါတွေ ခေါင်းထဲမထည့်နဲ့ မုန့်တွေ မြန်မြန်စား တော်ကြာ ကစားစရာတွေဝယ်ဖို့ အချိန်မရဘဲ နေဦးမယ်"

"ကိုကိုကြီး"

"ဟင်"

ရေဆန်က ဟမ်ဘာဂါကို ဖဲ့ယူပြီး ပါးစပ်ထဲကို သေသေသပ်သပ်လေးထည့်သည်။ ပါးလေးတစ်ဖက်ဖောင်းနေအောင် ပါးစောင်မှာ ကပ်ထားပြီးမှ ထပ်မေး၏။

"ကိုကိုကြီးက မမယောကျ်ားဆို သားနဲ့ ဘာတော်တာလဲဟင်"

"သားသားရဲ့ အစ်ကိုကြီးပဲပေါ့ကွယ် မမက သားရဲ့မမလေ အဲဒီတော့ ကောင်းက သားရဲ့ အစ်ကိုကြီးပဲပေါ့"

မလင်းက ဝင်ဖြေလိုက်တော့ ရေဆန်က လှည့်ကြည့်ပြီး နား





လည်သေးသလိုဖြစ်ကာ ပါးစပ်ထဲက မုန့်ကို မဝါးဖြစ်.. ထိုစဉ်...

"ဟာ..ဟော့..အံမယ်..အံမယ်..တယ်ဟုတ်နေပါလား"

"ဦးစိုး"

ဦးစိုးမိုးက စပို့ရှပ်နှင့်ဘောင်းဘီရှည် နံ့သာရောင်ကို ဝတ်ထားသဖြင့် လူငယ်တစ်ယောက်လို နုပျိုနေသည်။ သူ့ဘေးမှာ အမျိုးသမီး တစ်ယောက်နှင့်...

"နေရီရေ လျှောက်ကြည့်နှင့် ကိုယ်ဒီကောင်ကြီးနဲ့ စကားပြောဦးမယ်"

အမျိုးသမီးကို လှည့်ပြောပြီး ဘေးစားပွဲက ခုံတစ်လုံးဆွဲ၍ ကောင်းဘေးမှာထိုင်၏။ ပြီးတော့ ကလေးတွေကို ကြည့်သည်။

"ဂျီဂျီကော"

"မပါဘူး"

ကောင်းက တိုတိုပဲဖြေသည်။ ထိုစဉ် ကလေးငယ်က တအဲ့အဲ့ငိုလာသဖြင့် ကလေးထိန်းဖို့ အကြောင်းနှင့် မလင်းက ထရှောင်သွားလေသည်။ ဘယ်ဆိုင်မှာပဲ ထိုင်ထိုင် မလင်းက ကလေးနဲ့မို့ တူတူဘယ်တော့မှ မစားပါ။ ကလေးကို ခွံကျွေးနေတာ ခွံကျွေးပြီးမှ သူမပါးစပ်ထဲ နည်းနည်းပါးပါးရောက်ရုံနှင့် ပြီး၏။ မလင်းဟာ နေရာတကာ အလိုက်သိ၍ စကားနည်းသလောက် အေးချမ်းသူပါ။ ဦးစိုးမိုးက မလင်းထသွား ပြုံးစစနှင့် လေသံကိုနှိမ့်၍...

"ကောင်း..မင်းစည်းရုံးရေး စပြီလား"

"ဘာလဲ"

မှုန်ကုပ်ကုပ်မျက်နှာကို ဦးစိုးမိုးက မဲ့ကြည့်၏။

"အံမာ ငြင်းဖို့အဆင်သင့်ဖြစ်နေတဲ့ ရုပ်ကြီးနဲ့ ဟွန့် ငါစက်ရုံကို ရောက်တယ် မင်းနေ့လည်ကတည်းက ပြန်သွားပြီဆိုလို့ အိမ်ကို ဖုန်းဆက်သေးတယ် ဒီကလေးတွေ ခေါ်လာတာ ဂျီဂျီမသိဘူးလား"

"သိသားပဲ"

"ငါ မင်းကို မေးတော့ မပြောဘူးကွ ဒီမှာ ဦးနှောက်စားသွားတယ်"

"အဲဒါနဲ့ ခင်ဗျားလည်း စုံတွဲခုတ်ပြီး လစ်လာရောလား"

"အံမာ ကိုယ်က အလုပ်သဘောအရ လိုအပ်တဲ့လူတွေ သူက နိုင်ငံခြားကုမ္ပဏီတွေရဲ့ ကာစတန်မာတွေ အတော်များများနဲ့ ရင်းနှီးတယ်"

"ဘာဆိုင်လဲ"

"အေးပါ မင်းလိုအပ်လာမှ မပြောနဲ့"

ဦးစိုးမိုးက ရေဆန့်ပါးလေးကို လက်ညှိုးနဲ့ လှမ်းတို့၍...

"သားသားပျော်လား"

"ဟုတ်ကဲ့"

"သားတို့ ဦးက...."

"ကိုကိုကြီးပါ..."

"ဟင် ..." သူမှာ စကားမဆက်နိုင်ဘဲ ကောင်းကို ပြန်ကြည့်၏။

"ကိုကိုကြီးလို့ ဘယ်သူခေါ်ခိုင်းတာလဲ"

ကောင်းမျက်နှာ မလုံမလဲနှင့် တင်းထားတာက ရယ်စရာကြီး။ ဦးစိုးမိုးက မရယ်မိအောင် မျိုသိပ်၍ ခပ်တည်တည်မေးသည်။

"ငါ့သတိထားမိသားပဲ မင်းကိုယ်မင်း ကိုကြီးလို့ ထည့်ထည့်ပြောတာ"

"ဘာဖြစ်သွားနိုင်လဲ"

"သူ့အစ်မ ယောက်ျားဖြစ်သွားနိုင်တာပေါ့ကွ ကလေးနဲ့ မင်းအရွယ်က ဦးလို့ခေါ်ရင် ရတာပဲဟာ"

ဦးစိုးမိုး တမင်ကပ်ညစ်နေမှန်းသိကာ ကောင်းမျက်နှာက မကြည်လင်တော့ပေ။

"ထားလိုက်ပါတော့ ကိုကိုကြီးပဲ"

ဟုပြောကာ ကလေးဘက်ကို ပြန်လှည့်၏။

"သား..သားရဲ့ ကိုကိုကြီးက သားမမကို ချစ်နေတာကွ"





"ဦးစိုး"

"နေစမ်းပါ မင်းက"

ဦးစိုးမိုးက ကောင်းတားဆီးတာကို လှည့်မကြည့်ဘဲနှင့်...

"ပြောလိုက်နော် သားမမကို ကိုကိုကြီးက မမကို ချစ်နေပြီလို့ ပြောတဲ့အကြောင်း နောက် ရန်မဖြစ်တော့နဲ့လို့ သိလား"

"ဟုတ်"

"အေး..သားကလိမ္မာတယ် သားကကော ကိုကိုကြီးကို ချစ်လားကွ"

"ချစ်တယ်"

"အိုခေ" ကောင်း ကိုကာကိုလာကို မော့ပြီး ဆောင့်ခနဲ ပြန်ချ၏။

"ဟား..ဟား..ဟား..ဟား"

ဦးစိုးမိုးက ရယ်မောရင်း ထရပ်လိုက်သည်။ ကိုယ်ကိုကုန်း၍ ရေဆန့်ခေါင်းလေးကို ချစ်စနိုးဖိပွတ်ကာ..

"ရာသက်ပန် ချစ်ကြပါစေဗျာ ဟဲ..ဟဲ..ဟဲ"

"ဦးစိုးမိုး ခင်ဗျား ထင်ရာတွေ လျှောက်ပြောမနေနဲ့ အဲဒီကောင်မလေးက ဟုတ်တာမဟုတ်ဘူး"

"ဒါကတော့ကွာ..."

စကားမစပ်ဘဲ ဘောင်းဘီအိတ်ထဲက လက်ကိုင်ဖုန်းတစ်လုံးထုတ်၍ ကောင်းရှေ့မှာ ချပေး၏။

"မင်း ဝယ်ခိုင်းထားတဲ့ ဖုန်း" ဟုပြောရင်း...

"ဂျိဂျိဖို့ပဲ မို့လား"

"ဟုတ်တယ် စကားပြောရတာ အဆင်ပြေအောင်လို့"

"အေးပါ ဘယ်သူကမေးလို့ ရှင်းပြနေတာလဲ"

ဦးစိုးမိုး၏ ရယ်ကျဲကျဲ မျက်နှာအောက်မှာ ကောင်းအလူးအလိမ့်ခံနေရ၏။ တကယ်ဆို ကလေးတွေကို သူသနားလို့....

★ ★ ★ ★ ★

အခန်း (၂၁)

"မြေးမက ဘွ-းဆီ မကြာမကြာလာနော်"

"ဟုတ်ကဲ့"

"ဒရိုင်ဘာထားပေးလိုက် ဘာမှ လိုအပ်တာ မရှိစေနဲ့"

သူ့မြေးကိုလည်း မှာသည်။ ဂျီဂျီ့လက်ကိုဆုပ်ကိုင်၍ ကားပေါ်တက်တဲ့အထိ မျက်စိတစ်ဆုံး လိုက်ကြည့်သည်။ မော်ဘီတိုက်ဟာ ဂျီဂျီ့တိုက်ဆိုတာ ဒေါ်ရတီသိထားသည်။ ဦးကြာပန်းကော ဦးစိုးမိုးအကော သူ့မထံကို သတင်းပို့ထား၏။

"မိန်းကလေးက အခုတော့ မိဘမဲ့လေးပါ ဒါပေမဲ့ ဘဝအခြေအနေနဲ့ သိပ်တော့မနိမ့်ကျခဲ့ပါဘူး"

ဆိုသည့်အကြောင်း ပြီးတော့ မာယာငုံကနေ နတ်ပန်းချီ ချထီချင်းကြီး ဖြစ်သွားခဲ့သည့်နောက်မှာ ဘယ်လိုပြောင်းလဲသွားသည့် လှည့်ကွက်ကို မသိလိုက်သော်လည်း ဂျီဂျီ၏မိဘနှင့် ပတ်သက်သောနောက်ကြောင်းဆော နာမည်ပျက်တာတစ်ချို့ကို ဦးကြာပန်းကြားသည်။ ဒါပေမဲ့ ကောင်းက ထိုမိန်းကလေးကို လက်ထပ်လိုက်ပြီဖြစ်၏။

သိလျက်နဲ့လား မသိဘဲနဲ့လား ဒါမသေချာပေမယ့် ကြားမဝင်သင့်သည့် ကိစ္စဖြစ်သွားပြီမို့ ပြောသင့်တာပြော၍ မျိုသိပ်သင့်တာကို





မျိုသိပ်နေလိုက်၏။

ပြီးတော့ ကောင်းဘေးမှာ ရှိနေသည့် ဦးစိုးမိုးသည် သူ့ထက်ငယ်ရွယ်သူဖြစ်သော်လည်း အကျင့်စာရိတ္တကော ကောင်းအပေါ်မှာ စေတနာထားတာကအစ စိတ်ချရသူမို့ ယုံကြည်ခဲ့တာလည်းပါသည်။

ထို့ပြင် ဂျီဂျီဆိုသည့် မိန်းကလေးဟာ မျက်ဝန်းနှုတ်ခမ်းအမူအရာအားလုံး ဘယ်လိုပဲ သုံးသပ်ကြည့်ကြည့် မာယာငုံနှင့် ဘာမှမဆိုင်။ ထိုရိုးသားမှုများကို သူတွေ့သည့်အတိုင်းပဲ ဒေါ်ရတီကို ပြောပြခဲ့သည်။ အားလုံးထွက်သွားကြတော့ ဒေါ်ရတီက သူ့ဘက်လှည့်လာ၏။

"မင်းအကဲခတ်တာ မဆိုးဘူး ကြာပန်း"

"ဟုတ်ကဲ့"

"ဂျီဂျီလေးက လိမ္မာတယ် လောဘသက္ကာယလည်း နည်းတယ် ငါပေးတဲ့ ပစ္စည်းတွေကို ခဏသိမ်းထားပေးပါဆိုပြီး ဘာမှကို ယူမသွားဘူး မိဘမဲ့ မျက်နှာငယ်လေးပေမယ့် မိဘတွေ အခြေအရံတွေနဲ့ရှိတဲ့ မာယာငုံတို့လို ပူလောင်ပြင်းပြတာ ဘာမှ ဖြစ်လာဖို့ မရှိဘူး ဟုတ်ရဲ့လား ငါထင်သလို ဖြစ်လာနိုင်မလား မင်းစဉ်းစားကြည့်ပါဦး"

သူ့ကိုမေးလာတော့ ဦးကြာပန်းက ခေါင်းညိတ်၏။

"ဒီအတိုင်းပဲ ဖြစ်လာမှာပါ မာယာငုံတို့ဆိုတာ အထည်ကြီးပျက်ဖြစ်တယ်။ မိဘကလည်း မျက်စိကြီး နားကြီးဖြစ်ပြီး လောလောဆယ်မှာ စီးပွားရေးက အဆန်ကျွတ်နေတော့ ကောင်းဘက်မှာကဲ့ယူဖို့ မလွဲမသွေ စိတ်ကူးရှိမှာပါ"

"အင်း"

"ကျွန်တော်တို့က ပစ္စည်းကိုချည်း မပေးနိုင်တာ မဟုတ်ဘူး ကောင်းလေးကို မကြင်နာဘဲ ကုတ်တွယ်လာမှာကိုလည်း စိတ်ပူကြတာမို့လား"

"အေးလေ"

"မာယာငုံက ခပ်ရှုပ်ရှုပ်နေတတ်တာလည်း ကျွန်တော့်အမြင်ပါ"

"အင်း"

ဒေါ်ရတီက သက်ပြင်းမောကြီးချကာ ဆိုဖာပေါ်ကဆင်း၏။ ကျွန်ကုလားထိုင်ကြီး၏ နောက်မှီရုပ်ကြွကြီးတွေဘေးမှာ ရပ်နေလိုက်ပြီး

"အဲဒါကြောင့် ဂျီဂျီလေးကိုပဲ ငါလက်ခံလိုက်တာပေါ့ ငါ့မှာ မြေးလေးကို စိတ်ကြိုက်ရှာဖွေပေးရလောက်အောင် မလှုပ်ရှားနိုင်တော့ဘူး အိပ်ရာထဲလဲနေတာ မဟုတ်ပေမယ့် ဘယ်မှာမှ မသွားလာနိုင်ဘဲ"

"အခု မမကြီး စိတ်တိုင်းမကျ ဖြစ်နေတာရှိလို့လား"

"မရှိပါဘူး ရုပ်ရည်တူပညာတတ်ကလေးဆိုရင် ပိုကောင်းအောပေါ့ကွယ် ဒါပေမဲ့ ပတ်ဝန်းကျင်မှာ တင့်တယ်ဖို့ ပကာသနတွေပဲ ခုဘဝမှာ ငါ့မြေးစိတ်ချမ်းသာဖို့ထက်ဘာမှ အရေးမကြီးတော့ဘူး"

ဦးကြာပန်း မျက်လွှာချလျက် ခေါင်းညိတ်နေလိုက်သည်။ လူကိုမကြည့်နဲ့ မူကိုကြည့်တဲ့ မမကြီး အကဲခတ်တာ မှန်သွားပါလိမ့်မည်။

"အင်း မိဘစီးပွားရေးကျပြီး ဒုက္ခရောက်နေတဲ့ မိန်းကလေး တစ်ယောက်ဟာ ဒီလို ကြံ့ကြံ့ခံနိုင်ပြီး မောင်တွေကိုတောင် စောင့်ရှောက်ထားနိုင်တယ်ဆိုတော့ ချီးကျူးဖို့တောင် ကောင်းပါသေးတယ် မင်းလည်း ကလေးတွေ နေရေးထိုင်ရေး သွားလာတာကအစ သေချာဂရုစိုက်လိုက်ပါ ငါလည်း တစ်နေ့နေ့တော့ မော်ဘီက တိုက်ကိုသွားကြည့်ချင်သေးတယ်"

"ကောင်းတယ် မမကြီး ခြံကြီးက အပြောကျယ်သလောက် စိမ်းစိုနေတာပဲ မမကြီးက မကျန်းမာတော့ ဟိုမှာတောင် အနားယူရင်းသွားနေသင့်တယ်"

"အေး အဲဒါလည်း မဆိုးဘူး ဒီတစ်ခါ ငါ ပြန်မဖြစ်ပါစေနဲ့လို့ဆုတောင်းရတော့မယ် ဒီတိုင်းဆက်ကောင်းနေရင် မြေးတို့ဆီ သွား





ကြည့်ဦးမယ်"

"မမကြီး ကျန်းမာနေမှာပါ ကျန်းမာရေးဆိုတာ စိတ်နဲ့အများကြီးဆိုင်တာပဲ မမကြီး အခု စိတ်ချမ်းသာနေတယ် မို့လား"

ဒေါ်ရတီက တည်ကြည်သော အပြုံးနှင့် ခေါင်းဆတ်ပြီးမှ သက်ပြင်းချသည်။

"စိတ်ချမ်းသာချင်တယ် ဒါပေမဲ့ ကလေးတွေ အိမ်ထောင်ရေးအဆင်မပြေမှာလည်း စိုးနေသေးတယ်ကွယ် ဒါကြောင့် ကွယ်ရာမှမနေစေချင်တာပေါ့။ မြေးက စိတ်ရှည်တတ်တာ မဟုတ်ဘူး ကြွပ်ဆတ်ဆတ်နဲ့ မြေးလေးတစ်ယောက်တည်းမို့ အနားမှာခေါ်ထားတာတောင်မရခဲ့တဲ့ဥစ္စာ အနားရောက်လာတော့လည်း တစ်ညလောက်အေးအေးဆေးဆေးလေး နေဖို့ပြောလိုက်ရတာ ဘွားက ဆုံးမစကားတွေပြောရင်ကျွန်တော်ပျင်းလို့တဲ့ ကဲ"

"သူ့မိန်းမနဲ့သူတော့ ပျင်းမှာမဟုတ်ပါဘူး မမကြီးရယ် မိဘ ဘိုးဘွားနဲ့ မိန်းမဘယ်တူမလဲ"

ဦးကြာပန်းက ခပ်ပြုံးပြုံးပြော၍ နှစ်သိမ့်သည်။ ဒေါ်ရတီကတော့ဘာမှဆက်ပြောဖို့ မရှိတော့ပေမယ့် စိုးရိမ်တာကတော့ မပြေဘဲရှိ၏။ ဟိုတစ်နေ့ကပဲ သူ့မအခန်းထဲ သွားကြည့်ခဲ့တာ လင်မယား စကားများပြီး ခွဲအိပ်သတဲ့။ ဒီအချိန်က ချစ်ချစ်ခင်ခင် နေကြရမယ့် အချိန်မဟုတ်ဘူးလား။

တကယ်ဆို ညားခါစဇနီးမောင်နှံဖြစ်နေလျက်နှင့် မြေးက အလုပ်သွား အလုပ်ပြန်မှန်နေတာကိုက တစ်မျိုးဖြစ်နေသည့်ကိစ္စ။ ဒီကလေးမိန်းမယူထားတာ ဘွားဖြစ်စေချင်သလို ပြီးပြီရော၊ သဘောထားပြီးတော့များ ယူလိုက်လေသလား ဖွင့်မေးလို့လည်း ကောင်းတဲ့ကိစ္စမဟုတ်။ သူ့မမှာတော့ နေချင်လိုက်ရတာ သိုက်သိုက်ဝန်းဝန်း။

မြေးချွေးမဖြစ်သူက သူမိဘခေါင်းချခဲ့တဲ့ တိုက်မှာပဲ နေချင်ပါသေးတဲ့ သူ့မောင်တွေ ရှိသေးလို့ ဒီမှာမနေချင်ပါဆိုတာကလည်း ဘယ်ကလူညီ ပတ်ပြောပြီး ခွင့်လွှတ်လို့မှ မရဘဲ နောက်ဆုံး အားနာလို့ပါဆိုတာနဲ့ ကျေနပ်ပေးလိုက်ရသည်။ ရင်ထဲမှာ လူကြီးသူကြီးပီပီ ဟန်ဆောင် မျိုသိပ်နေလိုက်ရပေ မယ့် ခံစားနေရတာက ထိုကိစ္စအတွက်ပဲပြစ်၏ သူမ တိတ်တခိုး မျှော် လင့်ခဲ့မိသည်။ 'မြေးလေးအိမ်ထောင်ကျသွား ပြီးရင် သူမစိတ်ချမ်းသာ နိုင်ပြီ။ အသေဖြောင့်ပြီ စသော' တောင့်တမှု တွေ ပြည့်စုံသွားခဲ့တော့ နောက်ထပ်သိုက်သိုက်ဝန်းဝန်းနေချင်တာသော ကော မြစ်လေးရလာတဲ့ အထိ ပျော်ရွှင်ကြည်နူးစွာ နေလိုတာကော လောဘက ထပ်တက်ပြန်သည်။

ဒီအချိန်ထိ အုံ့ညြလောက်ဖွယ် ကျန်းမာနေဆဲ သူမအဖြစ်ကြောင့် ပို၍အားတက်မိ၏။ ဒီထဲမှာများပို၍ကံကောင်းကာ ဂျိဂျိလေးမှာ အိမ် ထောင်ကျကျခြင်း ကိုယ်ဝန်ရှိလာမည်ဆိုလျှင်....

ဒီတိုင်းပဲဖြစ်ပါစေတော့....

★ ★ ★ ★ ★





အခန်း (၂၂)

"ဂျိဂျိ"

"ဟင်"

နှုတ်ဖျားမှ အသံမထွက်နိုင်မီ နှုတ်ခမ်းလွှာတို့ကို ဖျတ်ခနဲ ဖိပိတ် ကာ ဂျိဂျိခြေလှမ်းတွေ ရပ်တန့်သွား၏။

"မောင်လေး နေဦး"

ကိုယ့်ကားနဲ့ကိုယ် ထွက်လည်နိုင်ပြီမို့ ကလေးတွေကော တွန်း ...ည်းလေးကိုကောတင်၍ မြို့ထဲထိ လာခဲ့သည်။ ဒရိုင်ဘာ၏ အမြင်မှာ ...လင်းနဲ့ သူ့ကလေးတွေကို ဂျိဂျိက လျှောက်လည်ဖို့ မြို့ထဲခေါ်လာ ...သည်ဟု သိစေခဲ့၏။

မလင်းကိုလည်း အိမ်မှာပဲ ညအိပ်ခေါ်ထားခဲ့ရသည်။ မိဘတွေ ...တော့ဘဲ တူနဲ့တူမ လူပျိုအပျိုကြီးတွေပဲ ရှိနေသဖြင့် မလင်းက ...ဂျိတို့ဆီမှာ လာနေပေးဖို့ သိပ်မခက်ခဲပေ။

"ရတယ် မမရဲ့ တူနဲ့တူမက ထားလို့ရနေတဲ့အရွယ်တွေပါ ဂျိဂျိ ...မှာ အခက်အခဲဖြစ်နေတဲ့ဥစ္စာ မမကူညီပါ့မယ်"

မလင်းက တကယ်လည်း ချို့ချို့တဲ့တဲ့ကြီးထဲက မဟုတ်။ အိမ်

ကြီးအိမ်ကောင်းနှင့်နေသည်။ မိဘအမွေမရှိပေမယ့် ပြည့်ပြည့်စုံစုံ တည်နေနိုင်သူဖြစ်သည်။ ပြီးတော့ ပါးစပ်ကော လူကော အနေအထိုင် အပြောအဆို အားလုံးစည်းကမ်းရှိ၏။

သူမကိုပြောတာပဲ နားထောင်ပြီး မပြောလိုတာကို စပ်စုတတ်ခြင်း မရှိ။ ဆရာမမို့လည်း ကလေးတွေကို နားလည်သည်။ ထိန်းတတ်သည် ဂျီဂျီက သူမနှင့် ကောင်း၏ ကိစ္စတချို့ကိုပြောပြပြီး တချို့ကို ထိန်ချန်ထားကာ လိုအပ်သည့် အကူအညီမလင်းဆီက ယူရ၏။

ပြီးတော့ ဘွားထားပေးသည့် ဒရိုင်ဘာကို သူ့အတွက်ပေးထား သည့် နေရာမှာပဲ နေစေကာ မလိုအပ်ဘဲ အိမ်မှာ ဝင်ထွက်ခြင်း ရ အမိန့်ထုတ်ထား၏။ ဒါက ကောင်းကိုယ်တိုင် စီစဉ်ခဲ့သည့်ကိစ္စ

"အိမ်မှာ မိန်းကလေးတွေချည်းပဲဆိုတော့ မသင့်တော်လို့ပါ ဒီ မျိုးကိစ္စက လူကမှန်မှန် မမှန်မှန် သူများဝေဖန်ရင် ခံရတာပဲ"

ဒရိုင်ဘာက အသက်လေးဆယ်ကျော်လောက်ရှိပြီ။ ကောင်း ပြော တာကို နားလည်ရုံမကဘဲ သူကိုယ်တိုင်က အေးတိအေးစက် ခပ်ထူထူ ပုံစံမျိုးမို့ မစပ်စုဖို့ ဘယ်လိုနေပါ ဘယ်လိုထိုင်ပါ သိပ်မှာစရာမလို လူ။ ကားကို ဥယျာဉ်ရှေ့မှာပဲ ရပ်ခိုင်းခဲ့ပြီး...

"ဦးစော လက်ဖက်ရည်တွေဘာတွေ သွားသောက်လေ။ ဒီ ပြန်စောင့်နေနော် ဂျီဂျီက ကြာမှာ"

"အေး..အေး"

ကားပေါ်က ဆင်းလာကတည်းက မလင်းလက်ထဲကို ပိုက်ဆံ ထည့်ပေးလိုက်ပြီး...

"မမလင်း လိုအပ်တာလေးတွေ ဘာညာလျှောက်ဝယ်လိုက် အေးအေးဆေးဆေးစယ်နော် ပြီးမှ ဒီကိုပဲပြန်လာ လူချင်းကွဲသွား လို့ပြောထားလို့ရတယ် မမပဲအရင်ပြန်ရောက်ရောက် ဂျီဂျီပဲရော





ရောက် ဒီတိုင်းပြောမယ် သိလား"

မမလင်းကို မှာလဲ့ပြီး လူချင်းခွဲလိုက်၏။ ဦးစောကတော့ ဥယျာဉ် ထဲ ဝင်သွားကြသည်။ လျှောက်လည်နေကြပြီထင်သည်။ တကယ်တော့ မလင်းလည်းသွားပြီ ဂျီဂျီက ကလေးနှစ်ယောက်နဲ့ ခြေဦးလှည့်ခဲ့တာ ဘစ်နေရာ...

ဘာရယ်တော့မဟုတ်ပါ ကလေးတွေကို လူစည်ကားတဲ့ နေရာ တွေပဲ လျှောက်ခေါ်ချင်တာမို့ ထိုဥယျာဉ်တစ်ဖက်ကထွက်ပြီး လမ်းဆုံ ရောက်အောင်ထွက်သည်။ ပြီးတော့မှ ပလက်ဖောင်းပေါ်ကို လှည်းကလေး တင်၍ အေးအေးဆေးဆေးပဲ တွန်းလာခဲ့တာဖြစ်၏။

ဟိုတုန်းကဆို အလုပ်ရှာဖို့ နေစရာရှာဖို့ စသည့်သောကများနှင့် နဲ့ဘူးကုန်လို့မှ အိမ်ပြန်မရောက်လျှင် ဒုက္ခပဲဟု ပူရတာက တစ်မျိုး ခုတော့ လွယ်ထားသည့် ကြိုးသိုင်းအိတ်လေးထဲမှာ ပိုက်ဆံတွေ အထပ် လိုက်နှင့်။

မောင်လေးလည်း ပျော်နေသည်။ ဝတ်ကောင်းစားလှနှင့် မြောက် ကြွ မြောက်ကြွလျှောက်နေသည်။ အငယ်လေးလည်း အငိုတိတ်နေ၏။ ကိုယ့်အဖြစ်ကို စိတ်ချမ်းသာရင်း ကောင်းကို ကျေးဇူးတင်မိတာလည်း ရှိ၏။

ထိုအခါ ါသူပြောတဲ့ 'ငါအကျိုးသက်သက်မဟုတ်ဘူး မင်းကို ကရုဏာ ဖြစ်မိလို့' ဆိုသည့် စကားအမှန်ပဲလားဆိုတာမျိုးလည်း တွေးမိလာ၏။

ဘာပဲပြောပြော ကောင်းဆိုသည့်လူ စိတ်ကောင်းလေးတော့ ရှိ သည်ဟု စေတနာမရှိပေမယ့် ရင်ထဲမှာ ခံစားပေးခဲ့မိပါသည်။ စိတ်နဲ့ ကိုယ်က တွဲလျက်မရှိဘဲ အိမ်က ထွက်လာကတည်းက ကိုယ့်ဘဝ ကိုယ့်လှုပ်ရှားမှုများကိုပဲ တန်းစီတွေးမိလာခဲ့သည့် အဖြစ်မှာ ခေါ်သံက

ပုတ်နှိုးလိုက်သလို ဖြစ်သွားခဲ့၏။

ပြီးတော့ ဘယ်သူဆိုတာ သိလိုက်သဖြင့် ချက်ချင်းလှည့်မကြည့် မိဘဲ မျက်နှာကို ဘယ်လို အလျော့အတင်းနှင့် ရင်ဆိုင်ရမလဲဟု အငိုင် တွေးမိသည်။

"မောင်လေး"

ရှုပ်ထွေးနေသည့် လူတွေထဲမှာ ရေဆန်က ဂျီဂျီခေါ်တာကို ရုတ် တရက် မကြားဘဲ ရှေ့ရောက်သွားသဖြင့် ထပ်ခေါ်ရသည်။ ချာခနဲပြန် လှည့်ကြည့်သည့် ရေဆန်က နေကာ့ကို မြင်သွားကာ…

"ဟာ..ကိုကြီးနေကာ"

ပြန်လှည့်ပြေးလာပြီး နေကာ့လက်ကို ဆွဲလိုက်သည်။

"ရေဆန် ဘယ်သွားကြမလို့လဲ"

နေကာက ဂျီဂျီလှည့်မကြည့်သေးတာကိုသိသည်။ ထို့ကြောင့် ရေဆန့်ကိုပဲမေး၍ ခေါင်းလေးကို ပွတ်လိုက်သည်။ ရေဆန်က ဂျီဂျီ ကို ပြန်မော့ကြည့်၍…

"သား မသိဘူး မမက တစ်နေကုန်လျှောက်လည်မလို့တဲ့ ဈေး စရာကြီး ကိုကြီးနေကာ လိုက်ခဲ့ပါလား"

"ကိုကြီးလား"

ပြော၍ ဂျီဂျီဘေးကို လျှောက်သွားသည်။

"ဂျီဂျီ"

ဂျီဂျီက လှည့်ကြည့်သော်လည်း မျက်ဝန်းတို့က မျက်နှာဆီ မရောက်ဘဲ ပြန်လှည့်သွား၏။ ပြီးတော့ လူရှုပ်ရှုပ်ထဲမှာ အုပ်စုလိုက် ကြီး ရပ်နေရသည်မို့ လှည်းကလေးကို လူရှင်းသည့်နေရာထိ တွန်း သွားလိုက်သည်။

နေကာက သူမဘေးမှာ ပါလာပြီး လက်တစ်ဖက်က လှည်းတွန်း





နေသည့် ဂျီဂျီလက်ဘေးမှာ လှမ်းတင်ထားသည်။ ဒါဟိုတုန်းကတည်း က သူ့ဆီကို ဂျီဂျီသွားခဲ့တိုင်း ဘယ်နေရာကဖြစ်ဖြစ် ထလိုက်လာတာပဲ ဖြစ်ကာ လှည်းလေးကို နှစ်ယောက်အတူ ထိုကဲ့သို့ ဒါမှမဟုတ် သူပဲ တွန်း၍ လမ်းလျှောက်ဖြစ်ခဲ့၏။ ပခုံးချင်းတိုက် တံတောင်ချင်းတို့၍ တိုင်ပင်ကြ အလုပ်ရှာကြ။

လမ်းခွဲခါနီးတော့ ရော့ နင်သုံးဖို့ယူသွားဦး ငါ့မှာရှိပါသေးတယ် ဟုပြော၍ သူ့မှာရှိသမျှလေးကို ထုတ်ပေးသည်။ ယောကျ်ားလေး တစ်ယောက်ဆီက အကူအညီ အထူးသဖြင့် ငွေရေးကြေးရေး အကူ အညီမျိုးကို ရှောင်ရှားသင့်မှန်း သူမသိသည်။

ဒါပေမဲ့ ကိုယ့်ဝမ်းနာ ကိုယ်သာသိတာမို့ နေကာ့ဆီကတော့ ယူခဲ့ ရပါသည်။ နေကာကလည်း သူငယ်ချင်းလို မောင်နှမလို မျက်နှာ အမူအရာ အားလုံးမှာ ရင်ဖွင့်တိုင် ပင်ချင်လောက်အောင် ရင်းနှီး ရိုးသားခဲ့သူဖြစ်၏။ ဒါတွေဟာ မနေ့တစ်နေ့ကအထိ အမှန်တရား။

"ဂျီဂျီ"

ထီးအမိုးကလေးနှင့် အအေးဆိုင်လေးဘေးမှာ ဂျီဂျီရပ်လိုက် တော့ သူက လေထန်ကို ဆွဲပွေ့ချီလိုက်ပြီး ဂျီဂျီကို မျက်နှာချင်းဆိုင် ရပ်၏။

"ငါ့ကို မခေါ်ချင်တော့ဘူးလား"

ရင်ထဲမှာ နင့်သွားသည်။ နေကာ့ကို မျက်လွှာပင့်ကြည့်လိုက်ပြီး မှ ဘေးကိုနည်းနည်းလေးလွှဲပစ်သည်။ နှစ်ပေါင်းများစွာ လက်တွဲခင် တွယ်ခဲ့ကြသည့် အရင်းနှီးဆုံး သူငယ်ချင်းတွေမို့ ဂျီဂျီလို့ ခေါ်လိုက် ကတည်းက ရင်ထဲမှာရှိသမျှ မကျေနပ်ခြင်းတို့က နေခြည်ခွင်းလိုက် သော နှင်းတို့ကဲ့သို့…..

"ငါ တောင်းပန်ပါတယ် ငါမှားသွားပါတယ် ငါလေ ဘာပြောရမလဲ

ပြောရရင် ဒါပဲထပ်ပြောမိဦးမှာ ဒါပေမဲ့ ဒီတစ်ခါ ငါပြောပြရုံသက်သက်ပါ လိုချင်တပ်မက်စိတ်နဲ့ မဟုတ်ပါဘူး ငါ..ငါနင့်ကို ချစ်နေခဲ့တာက အမှန်ပါ။ မပြောရက်ခဲ့တာက နင့်ဒုက္ခတွေကို မျှဝေခံစားခွင့်လေးတောင် မရမှာစိုးလို့ ငါ့ကိုယုံကြည်စေချင်လို့ ရိုးသားမှုတွေနဲ့ခြုံပြီး ငါကူညီချင်တာ အဲဒီလို ရိုးသားဟန်ဆောင်နေခဲ့တာကလည်း မရိုးသားတာ မဟုတ်ပါဘူး။ ချစ်လို့ပါဂျီဂျီ အဲဒီအချိန်က မျိုသိပ်ပေးခဲ့ရတဲ့ငါ့အချစ်တွေဟာ နင် လက်ထပ်လိုက်ပြီဆိုတာနဲ့ပဲ ဘယ်လိုမှ ထိန်းမရအောင်ဖြစ်သွားခဲ့တယ်။ ငါ လောဘကြီးသွားမိတာပါ အခု ပြန်စဉ်းစားမိပြီ သူငယ်ချင်းဖြစ်တိုင်း ချစ်ခွင့်မရနိုင်ဘူးဆိုတာ"

သူ့အသံက တုန်ခါနေသည်။ မျက်နှာဆီကို မကြည့်ဖြစ်သော်လည်း လေထန့်လက်ခုံနုနုလေးကို ဖွဖွရွရွလေး ဆုပ်လိုက် ဖြန့်လိုက်ပြီးတော့ ဖိညှစ်တော့မလိုလုပ်လိုက် ဖြစ်နေသော သူ့လက်ခုံကိုတော့ကြည့်နေမိ၏။ ထို့ပြင် နေကာ့လက်သူကြွယ်မှာ စိန်လက်စွပ်တစ်ကွင်းကို မြင်ရသည်။

အနုပညာသမားပီပီ နုသွယ်သော လက်ချောင်းများ မွေးညှင်းတို့ ရှိနေလျက် လက်စွပ်နှင့် နေကာ့လက်က ကြည့်ကောင်းနေ၏။

သြော် နေကာတောင် ပြောင်းလဲနေပြီပဲဟု တွက်မိလိုက်သည်။ သူ့အမေ လက်စွပ်နဲ့ နာရီဆင်ထားတုန်းက ဂစ်တာဝယ်ဖို့ သူငယ်ချင်းကို ကူညီဖို့ စသဖြင့် အပေါင်းအသင်းများသည့် နေကာက နှစ်ကြိမ်ခန့် ဖြုတ်ထုတ်ရောင်းပစ်ဖူး၏။ ထိုအခါ အမေဖြစ်သူက အော်ဟစ်ရိုက်ပုတ်ခြင်း မရှိသော်လည်း ဆူပူခဲ့ပုံရပါ၏။

"နောက် ဘယ်တော့မှ အမေဆင်တာ မဝတ်တော့ဘူး"

ဆိုသော ဆုံးဖြတ်ခြင်းတစ်ရပ် ဂျီဂျီရှေ့မှာ ပြောလာခဲ့သည်။

"ဘာဖြစ်လို့လဲ" မေးတော့ "ကျောပူတာ ခံချင်တယ် နားပူတာ





မခံချင်ဘူး"ဟု အစပြုကာ "မင်းရှာတာ ဘယ်နှစ်ပြားရှိလို့ မိဘပစ္စည်းကို ဖြုန်းနေတာလဲတဲ့ အဲဒီစကားကို ငါမခံချင်ဘူး" ဟု မဲ့ရွဲ့ညည်းသည်။ ထို့နောက်မှာ နေကာတကယ့်ကို ဘာမှမဝတ်တော့ပေ။

"ကြီးလိုက်တဲ့မာန ဂစ်တာတစ်လက်နဲ့ ချမ်းသာအောင်လုပ်နိုင်မယ်များ ထင်နေလို့လား မသိဘူး မအေကို အာခံသေးတယ်"

အမေဖြစ်သူက ဆူလိုက် သားက စိတ်ပျက်လိုက်...

"အဲဒါပဲ အနုပညာဆိုတာ လုံးသလား ပြားသလားမေးနေတာ ငါ ဘယ်လိုဖြေရမလဲ ငါဂစ်တာတီးတိုင်း ဆင်းရဲဖို့လား ချမ်းသာဖို့လား မေးနေတာ စိတ်ညစ်တယ်"

ဟု မကြာခဏညည်းပြီး နေကာကအရင် ရန်ကုန်ရောက်သွားတာဖြစ်၏။ ဒီနောက်ပိုင်းမှာ ဂျီဂျီတို့မိသားစု အဖြစ်တွေ ဆိုးချင်တိုင်းဆိုးနေတာ နေကာသိပ်မသိတော့ပေ။ မော်ဘီကို ခဏတဖြုတ် ပြန်လာဘဲ သူ့အမေ ရန်ကုန်လိုက်လာတိုင်း ဂျီဂျီတို့သတင်းကို ကြားနေရသည်။

လက်တွေ့မမြင်ရ မကြားရတာမို့ သူဒီလောက်ထိ မထင်ခဲ့တာဖြစ်၏။ ဂျီဂျီကိုယ်တိုင် ကလေးနှစ်ယောက်နဲ့ ရောက်လာတော့ သူ့မှာလည်း မပြည့်စုံသေး ကြိုးစားရန်းကန်ဆဲ အဆိုတော်ပေါက်စ သီချင်းရေးဆရာလိုလို ဘာလိုလို ဘဝ။

ထိုအမြင်တွေဟာ နှစ်ယောက်ပြန်ဆုံကြတော့မှ သူ့အကြောင်းပြော ကိုယ့်အကြောင်းပြောနှင့် သိခဲ့ရတာတွေပါ။ ခုကျတော့ သူမှာလည်း ပြည့်စုံနေပြီ နေကာ့ဘဝလည်း အတော်ပြောင်းလဲနေပြီပဲ။ နှစ်ယောက် လက်တွဲပြီး ရင်ဆိုင်ကြတာပေါ့ဟု ခေါင်းချင်းဆိုင်တိုင်ပင်ကြတုန်းက ဘဝတွေဟာ ရှန်းလေ နှစ်လေ။

ခုတော့ ပြေလည်နေကြပါသည်။ ဒါပေမဲ့ တစ်ဘဝစီ။ တစ်ယောက်

မျက်နှာတစ်ယောက်ကြည့်၍ အကြာကြီးငေးနေမိကြသည်။ ပြီးတော့ ဂျီဂျီကလေးနဲ့ သူလက်ဆုပ်ထားသည့်ဆီကိုပဲ မျက်ဝန်းတွေရွေ့သ ကာ ....

"ငါတို့ သည်လိုပဲ ပြန်ခင်ကြမယ်"

ဟု တိုးတိုးလေးပြောသည်။ နေကာ့အသံထွက်မလာခဲ့ပါ။ ပြီး

"ဟိုတစ်နေ့ကလို ထပ်မမှားဖို့ ငါကတိပေးတယ် ဒါပေမဲ့ နင်နဲ့ခွဲ ကွာရှင်းတဲ့အချိန်ကိုတော့ ငါမျှော်လင့်ချင်တယ် ဂျီဂျီ"

"မမ မောင်လေး အအေးသောက်ချင်တယ်"

ရေဆန်က ရပ်နေရင်း ဟိုကြည့်ဒီကြည့်နှင့် ပူဆာတော့ နေကာက ငုံ့ကြည့်၏။

"သောက်လေ"

"မသောက်ရဘူး ကားစောင့်နေတဲ့ဆီ အချိန်မီပြန်ရမှာ လျှောက်မလည်ရဘဲ နေဦးမယ်"

ဂျီဂျီကပြောတော့ ရေဆန့်ကိုနေကာက ရေခဲမုန့် သွားဝယ်ကျွေး၏။ လေထန့်ကိုတော့ ဘောလုံးလှလှလေးတစ်လုံးကိုင်စေပြီး နှစ်ယောက်အတူ ပခုံးချင်းယှဉ်လျှောက်ခဲ့ကြသည်။

"ကလေးကို ထည့်လိုက်လေ"

"ရတယ် ငါပဲ ချီထားမယ်"

"ဒီတိုင်း တွန်းနေရတာ မကောင်းဘူး"

"ဒီမှာ ကလေးယူချီထားတာ လူတိုင်းမြင်တာပဲ"

တကယ်က သူကလေးချီလျက် အတူလျှောက်တော့ ဘေးမှာ ကလေးတစ်ယောက်နှင့် လင်မယားလိုလို မိသားစုတစ်စုလိုလို ထင်ဖွယ်ရာတွေ ဖြစ်မှာစိုး၍ပါ။ ပြီးတော့ ကိုယ်က မမှတ်မိနိုင်ပေမယ့် ကောင်း၏ မိတ်ဆွေတစ်ယောက် သူမကို မှတ်မိနေသူက ဒီတိုင်းကြီး မြင်သွား





လျှင်....

"ဂျီဂျီက ဘယ်ကိုသွားမှာလဲ"

"မသွားတော့ဘူး ရှေ့နည်းနည်းလျှောက်ပြီးရင် ပြန်လှည့်မယ်"

"ဘယ်ဆက်သွားဦးမှာလဲ"

"ပြန်တော့မယ်"

နောက်က ဂျီဂျီမျက်နှာလေးကို သံသယနှင့် သေချာပြန်ငဲ့ကြည့်ကာ....

"ငါလိုက်မှာစိုးလို့လား"

"ဟင့်အင်း"

ခေါင်းခါပြလိုက်ပြီး ဂျီဂျီက လှည်းကိုကော လူပါရပ်ပစ်လိုက်ကာ

"နေကာ"

မျက်လုံးချင်းဆုံတော့ မျက်ဝန်းနှစ်စုံလုံးမှာ ကျွမ်းဝင်ခြင်း ဆွေးမြေ့ခြင်းတွေ ဝေ့သီနေလျက်....

"နင် အောင်မြင်နေပါပြီ ကိုယ့်တက်လမ်းကိုပဲ ကြိုးစားပါ နေကာရယ်"

ပြောနေရင်း ဂျီဂျီ မျက်ဝန်းတွေက အေးစက်သွားရကာ...

"ငါဟာ ဟိုတုန်းကတည်းက နင့်အမေ မျက်လုံးထဲမှာ တန်ဖိုးနည်းခဲ့တဲ့သူပါ နင်ပြောတဲ့ တစ်ချိန်ဆိုတာမှာ ငါက တစ်ခုလပ် ပြီးတော့ အဲဒီအချိန်မှာဆိုရင် နင်ကထိတ်ထိတ်ကြဲနာမည်ကျော်ဖြစ်နေမှာပဲ နင်ငါ့ကို မေ့လိုက်ပါ သူငယ်ချင်းအဖြစ်ထက် ပိုလာဖို့တွေကို မေ့လိုက်ပါတော့ ငါ..နင့်ကို.."

"ဒီအကြောင်းတွေပြမနေပါနဲ့ ဂျီဂျီ ငါ့ဘက်မှာ ပြောဖို့လုံလောက်နေတာတွေရှိနေတော့ ငါပြန်မချေပနိုင်ဘူး ဒါပေမဲ့ အမေနဲ့ ငါဘာမှမဆိုင်ဘူး ငါမိန်းမယူတာမှာ သားအမိနှစ်ယောက်လုံးက နင့်ကို ယူမှာ

မဟုတ်ဘဲ နင်နဲ့ငါပဲ ပေါင်းရမှာ နင်နဲ့ငါ့ဘဝထူထောင်ဖို့ ငါအများကြီး ကြိုးစားထားခဲ့တာသိလား အဲဒီအထဲမှာ ဘယ်သူမှ မပါဘူး ငါဘာမှ ဂရုမစိုက်ဘူး"

"ငါက မစိုက်လို့မရဘူး ကောင်းကင်ရောင်ဆိုတဲ့လူကိုကော နေကာဆိုတဲ့ နင့်ကိုကော ပြီးတော့ ငါ့ကို နောက်ထပ်ပတ်သက်ဖို့ ကြိုးစားလာနိုင်တွေကိုကော အားလုံးပဲ ငါတော်ရုံအဖြစ် တစ်ခုလောက် နဲ့ ခေါင်းညိတ်မှာမဟုတ်ဘူး နေကာ ဘာဖြစ်လို့လဲဆိုတော့ ရေဆန်တို့ ကြောင့် ငါ့မောင်လေးနှစ်ယောက်ရဲ့ဘဝဟာ ငါ့ဘဝပဲ"

"နင်တို့သုံးယောက်ရဲ့ဘဝဟာလည်း ငါ့ဘဝပါပဲဂျီဂျီ ငါတွက်တဲ့ နင့်ဘဝကို လုံခြုံစေဖို့ထဲမှာ ဒီကလေးတွေကော ပါပါတယ် ငါကိုယ် တိုင် သံယောဇဉ်ရှိခဲ့တဲ့ ကလေးတွေပါ"

နေကာ ဘာပြောပြော ဂျီဂျီခေါင်းခါသည်။ စကားမပြတ်ဘဲ လှည့် ပြန်လာတော့ နေကာက ဘေးကပါလာသည်။ ရေဆန်ပူဆာသမျှ မုန့် တွေဝယ်ကျွေး ကစားစရာဆိုဝယ်ပေးနှင့် လေထန်ကိုလည်း တစ် လျှောက်လုံး သူပဲချီထားခဲ့၏။

"နင်နေခဲ့တော့"

ဆိုကာမှ...

"ငါပြောဖို့ မေ့နေတာ နင့်ကို ဖိနပ်ဆိုင်တစ်ဆိုင်မှာ ကြော်ငြာ ရိုက်ဖို့ ငါပြောထားတယ်သိလား သူတို့က နင့်ပုံကိုကြည့်ပြီး သဘော ကျနေတာ"

"ဘယ်လို"

ဂျီဂျီအံ့ဩဟန်နှင့်မေးတော့ နောက်ကရယ်၍ လေထန့်ပါးလေး ကို ဖိနမ်းလိုက်၏။ ပြီးမှ...

"ငါ့ဆီမှာ နင့်ဓာတ်ပုံရှိတယ်လေ"





"ဘာ"

"အဲဒါတွေ မေးမနေပါနဲ့ ဂျီဂျီရာ ငါ့ဆီမှာ နင့်ဓာတ်ပုံရှိနေတာ နဲ့ နင်ဘာမှ ဖြစ်မသွားပါဘူး အဲဒီပုံ ငါပြကြည့်တော့ သူတို့က ကြိုက် သွားတယ်။ နင့်ကိုယ်လုံးနဲ့ မျက်နှာကျနဲ့ကို သူတို့က မေးသေးတယ် နာမည်ကြီး မော်ဒယ်လ်ထဲကလား သူတို့ မတွေ့ဘူးလို့တဲ့"

"သွားပါ"

"တကယ်ပြောတာ သူတို့က ဆိုင်သစ်ဆိုတော့ ဝေါ်ရှိဆိုဒ်ကို ထိုင် လိုက်တာနဲ့ ခြေဖျားကလေးဖော်ရိုက်မယ် လူကို တစ်ကိုယ်လုံးအပြည့် ယူပြီး ဖိနပ်ပေါ်အောင် ပင့်ရိုက်မှာတဲ့ လည်တိုင်ရှင်းပြီး နှာတံပေါ် တာကို သူတို့က ကျေနပ်ကြတာ မော်ဒယ်မဟုတ်ပေမယ့် နင့်ကို သူများ ရသလိုရအောင် ငါပြောပြီးသာ မျက်နှာပေါ်က မှဲ့ကိုတော့ နင်ကြိုး စားပေ့ါဟာ ရိုက်မယ့်နေ့ ငါဖုန်းဆက်မယ် ဖုန်းနံပါတ်က အရင်အတိုင်း ပဲမို့လား"

"အင်း"

ရင်ထဲမှာ ဝမ်းသာသလိုလို ကြောက်သွားသလိုလို၊ တကယ်ဟုတ် ရဲ့လားဟု တွေးမိတာလည်းရှိကာ နေကာ့ကိုသေချာထပ်မေးမိ၏။

"နေကာ နင်ပြောနေတာတွေ"

"ဩော် တကယ်ပါဆို လူတစ်ယောက်က ကံကောင်းပြီဆိုရင် ဘာအလုပ်လုပ်အဆင်ပြေလာတာပဲတဲ့ မကြားဘူးဘူးလား"

ပြောပြီးမှ နေကာက မသိမသာ မေးဖျားရှုံ့၍ အံကြိတ်၏။ ဂျီဂျီ မျက်နှာလေးကို တင်းပစ်ကာ...

"ရှုံ့ပြောနေတာလား နေကာ ကိုယ့်ကိုမချစ်ဘဲ ကိုယ်ကလည်း မချစ်ဘဲနဲ့ ကုန်ပစ္စည်းတစ်ခုလို အလဲအလှယ်လုပ်ခံနေရတဲ့ ငါ့ဘဝကို လှောင်လိုက်တာလား"

နေကာက ဖျတ်ခနဲလှည့်ကြည့်၏။ သူ့အကြည့်များကလည်း ဂျီဂျီ့ကို အထူးတဆန်းပင်။

"ဒါဆိုရင်တော့ ငါကပြန်မေးဖို့လိုလာပြီ နင် ငါ့ကို ကပ်ကြွားနေတာလား"

"ဘာ"

"ဟုတ်တယ်လေ ယောကျ်ားနှစ်ယောက်ရဲ့ တယုတယဂရုစိုက်မှုအောက်မှာ ဘာကိုမှ တပ်မက်ခြင်းမရှိဘဲနဲ့ နင် မပူမပင်နေရတာ ကုန်ပစ္စည်းတစ်ခုလိုဖြစ်ပါ့မလား"

"နေကာ နင်က ကောင်းကင်ရောင်ဆိုတဲ့လူကို ဘယ်လိုကောင်များ ထင်နေလို့လဲဟင်"

"နင့်ကို အခု သို့မဟုတ် တစ်နေ့နေ့မှာ မရမက သိမ်းပိုက်သွားမယ့်ကောင်လို့ထင်တယ်"

"ငါပြောရင် နင်နာဦးမှာ ကိုယ့်စိတ်နဲ့ကိုယ် နှိုင်းမကြည့်နဲ့ ငါ့ဘဝနဲ့ သူ့ဘဝက ဘယ်လိုမှ ဆုံဆည်းဖို့မရှိဘူး သူ့လိုလူက..."

"ဘာကြောင့်မို့လို့လဲ ချမ်းသာတဲ့လူက ပိုတောင်ဂရုစိုက်သေးတယ် သူတို့အတွက်မှာ ရင်ခုန်တတ်ဖို့သာအဓိက ငွေရှိပြီးသားလူက ငွေကိုထပ်လိုချင်မလား လူကိုပဲ လိုချင်မှာ နင့်ကို မိန်းကလေးမျိုးကို ပိုင်ဆိုင်ထားပြီးမှ ဘယ်ကောင်က ကွာရှင်းပေးမှာတဲ့လဲ ငါမျှော်လင့်တဲ့ နင့်ရဲ့ လွတ်လပ်တဲ့ တစ်နေ့နေ့ဆိုတာ နင်ကိုယ်တိုင် ရုန်းထွက်ခဲ့နိုင်မယ့်နေ့ပဲ ဒီလိုမှ မဟုတ်ရင် ကောင်းကင်ရောင် နင့်ကို လက်လွှတ်မှာ မဟုတ်ဘူး"

ဂျီဂျီက ခေါင်းခါနေဆဲ ကလေးကို ဆွဲယူပြီး လှည်းထဲပြန်ထည့်ကာ...

"အဲဒါတွေ မပြောနဲ့တော့ နေကာ အဓိပ္ပာယ်မရှိတာတွေ မကြား





ချင်ဘူး ငါ့ဘက်ကတော့ သူလိုတာနဲ့ ကိုယ်လိုတာ လဲလှယ်ကြတာထက် ဘာမှမပိုဘူး"

လှည်းကို ပြန်ကွေ့လိုက်သည်။ ဆက်တွန်းဖို့ကျတော့ နေကာက ဖိကိုင်ထား၍ လှည်းက ရှေ့ကိုတိုးလို့မရ။

"သူ့ဘက်က အများကြီးပိုနေတာ အသိသာကြီးပဲ ဂျီဂျီ အခု နင်နေရတာ ကောင်းကင်ရောင်ရဲ့ ဇနီးအဖြစ်ပဲမို့လား လူကြီးတွေရှေ့မှာ အရေခြုံပြီး ကွယ်ရာမှာ အဲဒီခြုံလွှာဖယ်ချထားလိုက်ရတာရှိလား နေ့တစ်မျိုးညတစ်မျိုး နေခဲ့ရသလား"

ဂျီဂျီမလုံမလဲလေးဖြစ်လျက် မျက်နှာလွှဲလိုက်မိသည်။ ဒါဟာ ခေါင်းခါလို့ မဖြစ်သည့် အကြောင်းတစ်ရပ်။ ကောင်းကင်ရောင်သည် သူမသုံးဖို့ငွေ ဝတ်ဖို့အတွက် ဟောင်းလောင်းဖြစ်ခဲ့သော ဗီရိုကြီးထဲမှာ အပြည့်အသိပ် ထည့်ပေးခဲ့သည့် အဝတ်အစားတွေ၊ ဘွားကိုယ်တိုင် စီစဉ်ပေးထားသည့် စီးဖို့ကားနှင့် ဒရိုင်ဘာ...

"ငါ သိတာရှိသေးတယ် ဘာလဲသိလား"

နေကာ့ စကားကြောင့် ဂျီဂျီက ဘာလဲဆိုသည့် စိုးထိတ်မှုလေးနှင့် မျက်မှောင်ကုတ်၍ကြည့်သည်။

"ကောင်းကင်ရောင်ရဲ့ ဦးလေးလား လူယုံလား ငါမသိဘူး သူ ဟန်းဖုန်းဝယ်တော့ ဘေးမှာ ငါရှိတယ်"

"ဟင်"

"ဆိုင်ရှင်နဲ့ သူတို့က လူရင်းတွေဖြစ်မှာပေါ့ ရယ်မောစရာနောက်နေ ကြတာပဲ ကောင်းအတွက် ဝယ်တာတဲ့ သူ့ဇနီးအတွက်လို့ ပြောသွားတာလေ အခု အဲဒီဖုန်း နင့်အိတ်ထဲမှာပါမယ် ထင်တယ်"

"အို"

ဂျီဂျီ ဖျတ်ခနဲ ငုံ့ပစ်လိုက်၏။ တကယ်ပါနေသည် ထုတ်လိုက်စမ်း

ပါဟု နေကာမပြောပါစေနဲ့ ရင်ခုန်သံတွေမြန်လာ၏။ နေကာ
ကြောက်၍ မဟုတ်ပါ။ ဒါပေမဲ့ သူစွပ်စွဲထားသလိုတော့ အမှန်
မဖြစ်စေချင်။

နေကာက နားလည်နေပါသည်။ ဂျီဂျီနှာတံချွန်ချွန်လေး
အပေါ်စီးမှကြည့်၍ ကြေကွဲသော အပြုံးနှင့် မျက်နှာမော့ပစ်သည
မိန်းကလေးသာဆို ရင်ထဲမှာ ဆွေးသွားသည့် အဖြစ်က မျက်ရည်
ဘာတွေငေ့လည်နေမလားပဲ ဂျီဂျီရယ်။

ငါကယောကျ်ားဆိုတော့ မငိုရဲဘူး၊ နင့်ကို ငါသိပ်ချစ်တယ် ငါ
စားခဲ့သမျှ နင့်ဘေးက လူရဲ့ ခြေဖျားလောက်တောင် မရှိသေးပါ
ရင်ထဲမှာ ငိုကြွေးရင်း နှုတ်ခမ်းလွှာတို့ကသာ လွန့်ခနဲ တွန့်ခနဲ လှုပ်
နေခဲ့၏။

သူ့မှာဘာမှပြောခွင့်မရှိ တားဆီးဖို့ အခွင့်အရေး မရခဲ့ပါ။ သူ
စားခဲ့သမျှ ဂျီဂျီနဲ့ သူ့ဘ၀အေးချမ်းပြည့်စုံဖို့ပါပဲ။ ဒါပေမဲ့ ဂျီဂျီသည်
လိုက်လို့မမီနိုင်သော အမြင့်ဆုံးဆီသို့ ခုန်တက်သွားခဲ့၏။

သူ့မှာ တံချူရှိပေမယ့်လည်း မမီ။ တုံးခုလို့မရ၊ လှမ်းခုန်
လည်း အဝေးကြီးဖြစ်နေခဲ့၏။ ကြွေဆင်းခဲ့ပေးပါ ပန်းကလေးရယ်

★ ★ ★ ★ ★





အခန်း (၂၃)

"ဟဲလို"

"ဂျီဂျီ မင်းဘာလုပ်နေတာလဲ"

မေးလိုက်သည့်အသံက လက်သီးဆုပ် တက်ခေါက်ရင်း ထိန်း
ပ်ပြောလိုက်သလိုမျိုး။

"ဘာလုပ်ရမလဲ ကလေးကျောင်းအပ်ပြီး ပြန်လာတာပေါ့"

ဂျီဂျီကလည်း ဆောင့်ဆောင့်ပြော၏။

"ဘာကိစ္စရှိလို့လဲ မြန်မြန်ပြော ဒီမှာမောလာတာ"

"အံမာ လာသေးတယ် ကျောင်းအပ်ဖို့ကို ဘယ်သူနဲ့သွားတာလဲ"

ဂျီဂျီ နှုတ်ခမ်းလေး ဟသွား၏။ ဘေးနားမှာ ကလေးထမင်းခွံ့နေ
သည့် မလင်းကိုလည်း လှမ်းကြည့်လိုက်မိသည်။ သူမ ကျောင်းအပ်
သွားတုန်း မလင်းကို သူဖုန်းဆက်မေးလိုက်တာများလား။ အိမ်ကို နေ
ကာ ရောက်လာသည်။ သူ့အမေဆီ ခဏလာတုန်း ဝင်လာတာဟုဆို
၏။ ထိုအချိန်မှာ ကျောင်းအပ်သွားဖို့ သူမက ရေဆန်နှင့် ကားနားရောက်
နေပြီဖြစ်၏။

"ငါ ကျောင်းသွားအပ်မလို့ နင် ညနေမှ လာပါလား"

ဟုပြောတော့ နေကာက ခေါင်းခါ၏။ သူ့ကားလား တစ်ယောက် ယောက်ဆီက ကားလားမသိနိုင်သည့် အနက်ရောင်ကားလေးပေါ် ပြန်တက်ကာ…

“ညနေထိ မနေတော့ဘူး သွားလေ ငါလည်းကျောင်းကိုလိုက် ခဲ့မယ်”

ဟုပြောတော့ စိတ်တော့ညစ်သွားမိ၏။ ဒါပေမဲ့ သူ့ကားနဲ့သူပဲမို့ ဘာမှ မပြောဖြစ်ခဲ့ပါ။ ကျောင်းအပ်ပြီးပြန်တော့ နည်းနည်းတော့ စလိုက် မိသေး၏။

“ကားနဲ့ ဘာနဲ့ဖြစ်နေပြီလား နေကာ နင်တကယ်တော်တာပဲ”

ဂျီဂျီက လှောင်ပြောင်ပြောတာမဟုတ်မှန်း နေကာသိသည်။ သို့သော်လည်း ထိုချီးကျူးသံကို သူမှာ ပီတိမဖြစ်နိုင်ဘဲ ရင်နင့်သွားခဲ့ ၏။ “ဒါနင့်အတွက်ပါ ဂျီဂျီ” ဆိုသော မျက်ဝန်းများနှင့် စိုက်ကြည့်၍ မချိပြုံးပဲ ပြုံးမိသည်။ ဂျီဂျီကလည်း ထိုအပြုံးကို နားလည်သွားကာ ဘာမှ ဆက်မပြောခဲ့တော့ပါ။ ပြီးတော့ နှုတ်ဆက်ပြီး ပြန်သွားခဲ့သည် အပြန်မှာ ခြံထဲတောင် သူဝင်ခဲ့တာမဟုတ်။

“ဟော့ မေးနေတာဖြေလေ ဘာအကြံတွေ ထုတ်နေတာလဲ”

“ဘာအကြံထုတ်ရမှာလဲ ကိုယ့်ဟာကိုယ်သွားတဲ့ကိစ္စ ဘယ်သူနဲ့ သွားစရာလိုလို့လဲ”

ဒီကိစ္စမှာ မလင်းကတော့ ဂျဂျီ နေကာဆိုတဲ့ကောင်လေးနဲ့ အတူ သွားတာ ဘာညာနှင့် မလိုအပ်ဘဲ ထည့်ပြောလိုက်မှာ မဟုတ်ဘူးဆို တာကိုလည်း ယုံကြည်၏။ သူ ဘာဖြစ်လို့ ဘာကိုသိပြီး မေးတာမှန်းတော့ မသိပါ။

“ဂျီဂျီ”

“ဘာလဲ”





“နေကာဆိုတဲ့ကောင်က မင်းနဲ့ရှင်းရဲ့လားဟင် မင်းနဲ့ သူဘာဖြစ် လို့ တတွဲတွဲဖြစ်နေကြတာလဲ မြို့ထဲမှာတွဲ မော်ဘီမှာတွဲ အခု ကလေး ကျောင်းအပ်တော့တွဲ”

ဂျီဂျီမျက်လုံးပြူးသွား၏။ ကောင်း၏အသံက ဒေါသအလွန်အမင်း ဖြစ်လျက် အသံကျယ်မှာလည်းစိုးကာ အံကြိတ်မျိုသိပ်ရင်း ဖုန်းမှာ ဒိကပ်ပြောနေသလို ဖြစ်နေ၏။

“မင်း ဘယ်မှထွက်မသွားနဲ့ ငါအခု ရောက်လာမှာ”

ဟုပြော၍ ဖုန်းချသွားသည်။ သူဖုန်းဆက်တိုင်း လက်ကိုင်ဖုန်း ကိုပဲ ဆက်တတ်၏။ ဖုန်းကိုင်ရင်း ဂျီဂျီရင်မောသွားမိလေသည်။ ဘာပဲ ဖြစ်ဖြစ် အိမ်ထောင်ရှိပြီးသည့်အဖြစ်တစ်ခုမှာ သူမစောင့်ထိန်းဖို့ ရှိတာက ငြင်းလို့မရသည့်ကိစ္စ။

ဒါပေမဲ့ ငါက ဘာလုပ်ခဲ့လို့လဲ ဟိုတုန်း ကလည်း ဘာကိစ္စပဲရှိရှိ နေကာပဲ ရောက်လာတတ်တာ နေကာ့ကို သူမတိုင်ပင်ခဲ့ရတာ လူအ တော်များများသိကြတာပဲဥစ္စာ။ ကိုယ့်စိတ်ကို ပြန်တင်းကာ လိပ်ပြာ သန့်ဖို့ ကြံဖန်တွေး၏။ သူရောက်လာတော့ မျက်နှာကိုပါ တင်းထား လိုက်မိသည်။

“အို..ဖြည်းဖြည်းဆွဲစမ်းပါ”

တိုက်ကြီးက မြင့်သည်။ သူတို့တိုက်လို ကြောင်လိမ်လှေကားကြီး တပ်ထားတာမဟုတ်ပေမယ့် နှစ်ဆစ်ချိုးလှေကားကပဲ ထောင့်မှန်ပုံ ကျတကျ လှအောင်ထည့်ထားတာမို့ ဒီလိုဆွဲလာပြီး ဟိုလိုပြန်ကွေ့ တော့ သူ့လက်ထဲမှာ ဂျီဂျီက ယိုင်ခနဲ ခွေကနဲနှင့် ဒရွတ်မတိုက်ရုံ တမယ်ပဲ ရှိတော့သည်။

သူ့အရပ်ကြီးမြင့်သလောက် လူကလည်းသန်သည်။ ဂျီဂျီလက် မောင်းလေးကို တစ်ဖက်တည်းဆွဲကိုင်သွားတာ လူကိုချုပ်နှောင်ခေါ်

သွားသလိုမျိုး ဘယ်လိုမှ ရှန်းမရ။

"ငြိမ်ငြိမ်လေးလိုက်ခဲ့ မင်းနဲ့ ငါ သူများရှေ့မှာ ရန်မဖြစ်ချင်ဘူး"

အောက်ထပ်မှာ မလင်းကလေးသိပ်နေတာကို ပြောမှန်း ဂျီဂျီ သိ၏။ အပေါ်ထပ်မှာ သူနဲ့ကိုယ် တစ်ခါမှ အတူမဝင်ခဲ့ဘူးသော သဘာဝကျအောင် ပြင်ဆင်ထားခဲ့ရတာဖြစ်သည့် နှစ်ယောက်အိပ်ခန်းထဲ အတူရောက်မှ တံခါးကို ပြန်ပိတ်၍...

"မင်းကို မြို့ထဲမှာ ဒီကောင်နဲ့အတူ တွေ့ခဲ့တယ်လို့ သူများပြောကတည်းက ငါ့မှာအရှက်ရခဲ့တာ မင်းကိုမေးတော့ လမ်းမှာတွေ့လို့ နှုတ်ဆက်ကြတာတဲ့ မယုံပေမယ့် သိက္ခာတရားတစ်ခုတည်းနဲ့ ငါ့မျို သိပ်နေခဲ့တယ်"

"ကောင်းကင်ရောင် ရှင်ပြောပုံက ကျွန်မကပဲ ဘာဖြစ်နေသလိုလို"

"မဖြစ်ပါဘူးလို့ ငြင်းမလို့လား မယုံတော့ဘူး ဖောက်ပြန်တယ်ဆိုတာ ကာယကံမြောက် ဟုတ်ဟုတ်မဟုတ်ဟုတ် ဖောက်ပြန်တာပဲ အတူတူပဲ ကွယ်ရာမှာ ချိန်းတွေ့တာ မဟုတ်ဘူးဆိုပြီး နေချင်တိုင်းနေ တွဲချင်တိုင်း တွဲလို့မရဘူး"

သူက ဂျီဂျီလက်မောင်းကို ဆုပ်ကိုင်လိုက် ဆောင့်တွန်းပစ်လိုက်နှင့် ထင်တိုင်းကျဲ၍ စိတ်ရှိလက်ရှိ ပေါက်ကွဲနေသည်။ သူ့မှာမှ ဒေါသရှိတာလား နောက်တစ်ခါ လက်ပြင်တော့ အကိုင်မခံတော့ဘဲ လက်နှင်ဖက်စလုံးကို ခါချ၍ နောက်ဆုတ်ရပ်ကာ ဂျီဂျီက ခါးထောက်၏။

"နေပါဦး စာချုပ်ထဲမှာ ကာယကံ ဝစီကံ မနောကံ ကံသုံးပါးလုံးနဲ့ စာချုပ်ထားခဲ့တာ ရှိသလား ကျွန်မ မဖောက်ပြန်တာ ကျွန်မ လိပ်ပြာသန့်တယ် ရင်ထဲမှာ ဘာဖြစ်နေနေ ရှင်ရင်ထဲထိလိုက် ချုပ်ချယ်လို့ မရဘူး"

"ချုပ်ချယ်ရမှာပဲ ခင်ဗျားတို့ တွဲသွားတွဲလာနဲ့ ရယ်မောကြ မျက်





လုံးချင်းဆုံကြ ဖြစ်နေတာ ဘေးလူတွေကို ညာလို့ရမလား အဲဒီမျက်လုံးတွေမှာရှိတဲ့ ကြည်နူးမှုတွေ ရင်ခုန်နေတာတွေ ဘေးလူတွေက အကဲ ခတ်သွားတော့ ကောင်းကင်ရောင် မင်းမိန်းမနဲ့ ဟိုကောင်က ဘာလဲလို့ မေးလာရင် ဘယ်လိုရှင်းမလဲ"

ဂျီဂျီမျက်နှာလေး ရဲတက်သွားသည်။ သူမ အဲဒီထိလည်း မတွေးခဲ့။ ရင်မခုန်ခဲ့ဘူးတာ အမှန်ပါ တကယ်အဟုတ်ကြီး စွပ်စွဲနေတော့ အသားဆတ်ဆတ် တုန်၏။

"မရှင်းနဲ့ပေါ့ ကျွန်မက လူလည်ခေါင်မှာသွားလာတာပဲ ရှင်နဲ့မာယာငံ့လို ဟိုတယ်ထိတွဲ မသွားခဲ့ဘူး"

"ဘာ"

"ရုပ်ရှင်လည်း အတူမကြည့်ဘူးဘူး ဟွန်း မပြောချင်လို့ ကြည့်နေတာ"

"မင်း"

သူကလည်း ဒေါသဖြစ်ပြီဆို စကားသိပ်များများမပြောချင်တော့သည့် ပါးစပ်မို့...

"အဲဒါတွေ ဘယ်သူပြောလဲ ဘာမှမဟုတ်ဘူး"

ဂျီဂျီက နှုတ်ခမ်းလေးမဲ့၍ လက်ပိုက်၏။

"မဟုတ်ဘူးဆို ပြီးရောလား အဲဒါဆို ကျွန်မက မဟုတ်ဘူးလို့ ပြောနေတာ ရှင်ယုံလိုက်ပေါ့ ရှင်က ရိုးသားတယ်ဆိုရင် ကျွန်မလည်း ရှင့်လိုပဲ ရှင်မရိုးသားရင်တော့"

"နတ်ပန်းချီ..မင်း"

ဂျီဂျီလက်ဖဝါးလေးတစ်ဖက်ကို သူဖျတ်ခနဲ ဆောင့်ဆွဲ၏။ ကိုင်မိသည်နှင့် ဂျီဂျီက ခါချပစ်တော့ လွတ်သွားသည်။ ထပ်ဆွဲရင်း သူလည်း ရှေ့တိုးသည်။ ဂျီဂျီက ခြေလှမ်းပြင်၏။ ဟန်ချက်တွေ ပျက်ကာ စိတ်

က မရှည်သည်မို့ ဂျီဂျီခါးလေးမှ ဆွဲဖက်ထားလိုက်မိလေသည်။

"ရှင်..လွှတ်နော် မုန်းလိုက်တာ ဖယ်ပေး"

"မင်း ကဲကဲဆတ် ဖြစ်မနေနဲ့နော် ပိုဆိုးသွားလိမ့်မယ်"

နှုတ်ခမ်းချင်း ဖိကပ်ထားတော့မတတ် သူငုံ့မိုးပြောတော့မှ မျက်နှာကို လှည့်ပစ်၍ ဂျီဂျီပါးစပ်ပိတ်သွား၏။

"ဟိုတယ်သွားတာက အလုပ်ကိစ္စနဲ့ သွားတာ ဧည့်သည်တွေနဲ့ ပြောဆိုစားသောက်ပြီး ပြန်ခဲ့တာပဲ ရုပ်ရှင်ကြည့်တာကို ဘယ်သူပြောလဲ ပို့ပေးပါဆိုလို့ ရုံရှေ့ထိ လိုက်ပို့ဖူးတယ် ဘာမှမဆိုင်ဘူး ရုပ်ရှင်ကြည့်ဖို့ကို ဝါသနာမပါလွန်းလို့ ဒီနေ့ထိ ရုပ်ရှင်ဘယ်နှစ်ကြိမ်ကြည့်ဖူးသလဲ လက်ချိုးရေလို့ရတယ် နားလည်လား ငါမောယာင်ကို ခုချိန်ထိတွဲတာ ဆက်ဆံခဲ့တာ အားနာမှုတွေကြောင့် ကျန်တာလုံးဝကင်းတယ် သူ့ကို လက်ထပ်ခွင့်တောင်းပြီးမှ မင်းနဲ့ ဖြစ်သွားတာကို မျက်နှာပူနေလို့ လိုက်လျော့နေရတာ"

"အဲဒါ အလုပ်ရှုပ်တာပေါ့ ယူလိုက်ကြရင် ပြီးတာပဲ ရှင်ပဲ အနေမမက်ဘူးဆို သူကမက်လို့ယူလည်း ဘာဖြစ်လဲ ကိုယ်မမက်တာကို ပေးလိုက် သူ့ကိုကိုယ်ယူ"

"မင်း တိတ်စမ်း"

"မတိတ်နိုင်ဘူး လူကို အံ့ရုပ်မှတ်နေလားဟင် ဖျစ်ညှစ်ကိုင်ဆောင့်နဲ့ ထင်သလိုနှိပ်စက်နေတာ ကျွန်မက ဘာကိုမှ မမက်မောဘဲ နေရာမှာ ရှင်ထက်ပိုတယ်သိလား ဘာမှမလိုချင်တော့ဘူး မိဘအမွေဆိုတာလည်း သားသမီးတိုင်းစားထိုက်တာမဟုတ်ဘူး ဒီတိုက်ကိုလည်း မမက်တော့ဘူး ရှင့်ငွေတွေ အဆောင်အယောင်တွေလည်း ပြန်ယူသွား ရှင် ကျွန်မကို ကွာပေး ခုကွာပေးခဲ့"

"ဘာပြောတယ်"





နေကာဆိုသည့် တစ်ယောက်ကို ဖျတ်ခနဲမြင်ကာ ကောင်း ဒေါသတွေ လှိုင်းတံပိုးထန်လာ၏။

"မင်းက ဟိုကောင် နိုင်ငံကျော်တေးရေးဆရာဖြစ်နေပြီမို့လို့ ဒီလိုစကားပြောတာလား"

"ရှင် ခဏခဏ မစော်ကားနဲ့"

"မင်း ကွာရှင်းချင်တာ အဲဒါကြောင့်ပဲမို့လား"

ဂျီဂျီ ဆတ်ခနဲမော့ကြည့်သည်။ မုန်းတီးသော မျက်ဝန်းလေးတွေ တလက်လက်တောက်နေသည်။ တုန်ယင်နေသည့် နှုတ်ခမ်းသားလေးများကို မချိတရိ ဖိကိုက်လျက်...

"ရှင်တို့ ရှင်တို့အတူတူပဲ ဆင်းရဲတဲ့မိန်းမတစ်ယောက်ရဲ့ အဖြစ်ဟာ ဒီလိုပဲ စော်ကားခံရတာတ်သလား ငွေမမက်ဘူးဆိုတဲ့စကား ကျွန်မမှာ ပြောခွင့်မရှိတော့ဘူးလား"

ဂျီဂျီသည် အရုပ်ကြိုးပြတ်ဖြစ်ကာ ရှိုက်ကြီးတငင်ငိုချပစ်လိုက်၏။

"ဂျီဂျီ"

သူ ဘာလုပ်ရမှန်းမသိ။ သူ့ကိုယ်သူလည်း ဒီလောက်ထိ ပေါက်ကွဲမိတာ ဘာဖြစ်လို့မှန်း မသိတော့ပါ။ ထိုမျက်ရည်စက်များဟာ စကားလုံးပေါင်းများစွာထက် ထိရောက်ပါ၏။ နေကာဆိုသူတစ်ယောက်သည်လည်း ထိုစကားမျိုးတွေဖြင့် သူနဲ့ဂျီဂျီကို ထေ့ငေါ့ပုတ်ခတ်နေခဲ့ဖူးသလား။

"ဆောရီး"

ဂျီဂျီကိုယ်လေးကို လွှတ်ပေးလိုက်ပြီး ဆံပင်တွေဆီလက်တို့ကို ပို့ပစ်လိုက်မိ၏။ ပြီးတော့ ဘောင်းဘီအိတ်ထဲလက်တို့ထည့်ကာ ဂျီဂျီမျက်နှာလေးကို အကြာကြီး ငုံ့ကြည့်နေမိသည်။ မျက်နှာကို လက်ဖဝါးနှစ်ဖက်နှင့် မှောက်၍အုပ်လိုက် လက်ခုံနှင့် ပွတ်လိုက်နှင့် ဂျီဂျီက ရှိုက်

ငိုနေဆဲ။

"ကိုယ် သဝန်တိုနေတာလား မသိဘူး"

"ဟင်"

ငိုနေသည့်သူ ဟင်ခနဲဖြစ်သွားသည်။ ထိုစဉ် သူ့လက်တို့က [illegible] မောင်းနှစ်ဖက်မှာ စေစေကနဲ့ မတူသော အလွန်နူးညံ့ငွေးထွေးသ[illegible] ထိကိုင်မှုဖြင့်....

"ဘာတွေမှန်းကိုယ်မသိတော့ဘူး သိလည်းမသိချင်ဘူး ဒါ[illegible] မင်း နေကာနဲ့ ဆက်မတွဲပါနဲ့ ငါ့သိက္ခာတစ်ခုတည်းကြောင့် မဟု[illegible] ဘူး မင်းအတွက်လည်းပါတယ် အထူးသဖြင့် ဒီမော်ဘီမှာ မင်းနဲ့ [illegible] သက်တဲ့ သတင်းတချို့ရှိခဲ့ဖူးတာကို မမေ့ပါနဲ့ ကိုယ်က နှိမ့်ချ [illegible] ခြောက်ချင်လို့ ပြောတာမဟုတ်ဘူး ပိုပြီးဆင်ခြင်စေချင်တာ မ[illegible] ကို ငါလိုချင်ရင် အရမ်းကိုလွယ်ပါတယ် ဂျီဂျီ အဲဒီမိန်းကလေးနဲ့ နော[illegible] ထပ် မင်းငါ့ကို မပုတ်ခတ်ပါနဲ့"

သူက စကားကိုရပ်၍ ဂျီဂျီ မျက်နှာလွှဲနေတာကို သူ့ဘက်[illegible] လှည့်လာအောင် ပုခုံးနှစ်ဖက်ကို အတင်းအကျပ် လှည့်ယူ၏။ မျက်[illegible] ချင်းဆုံမှ ဆက်ပြောသည်။

"ကိုယ်က ယောကျ်ားလေး မင်းက မိန်းကလေး မင်းကို [illegible] ဘယ်လိုကိစ္စလေးမှ ခွင့်မပြုနိုင်ဘူး"

သူ့လေသံက လိုတာထက် ပို၍လေးနက်မှုတွေရှိနေသည်။ [illegible] ငိုဖို့ကိုပင် မေ့လျော့လျက် သူ့လက်တွေကို ဖယ်ချဖို့လည်း မေ့နေခဲ့[illegible] မျက်ဝန်းတို့ကို တော်တော်နှင့် လွှဲ၍ မရခဲ့ပါ။

"ကိုယ်မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ တကယ်တော့ [illegible] ဘက်က အကြောင်းက မခိုင်လုံခဲ့ဘူး မင်းမှာ ကလေးနှစ်ယော[illegible] မလွတ်မလပ်ဖြစ်နေတယ် ပြီးတော့ ပတ်ဝန်းကျင်စကားတွေထဲ[illegible]





မင်းဖြေရှင်းမရနိုင်တဲ့ ကောလာဟလတွေ ဒါတွေကို ကိုယ်ကြားရက် သိလျက်နဲ့ ကိုယ့်မှာတခြားရွေးချယ်ဖို့တွေလည်း အများကြီးရှိလျက်နဲ့"

သူသည် စကားခဏရပ်၍ ပင့်သက်ရှိုက်လိုက်ပြီးမှ....

"ကိုယ်မင်းကို လက်ထပ်ဖို့ ချက်ချင်းဆုံးဖြတ်ပစ်လိုက်တာ"

"ရှင်. နောင်တရနေရင် အားနာစရာမလိုဘူး ကောင်းကင်ရောင် ကျွန်မကလည်း"

"မင်းကို ကိုယ်ပြောခွင့်မပေးသေးဘူး ခဏနားထောင်နေပါ"

သူက ဂျီဂျီစကားကို ဖြတ်ပစ်လိုက်ပြီးမှ...

"အဲဒါ မင်းအပေါ် ကိုယ့်ဘက်က မြင်မြင်ချင်း ချည်နှောင်မိတဲ့ ဘာမှန်းမသိလိုက်တာ တစ်ခုခုပဲ အဲဒီတစ်ခုခုကို ကိုယ်မသိချင်ဘူး ဒါပေမဲ့ ကိုယ့်ရဲ့အရိပ်နဲ့ မင်းကို လုံခြုံစေချင်တာ ဘယ်သူဘာပြောပြော ဂရုမစိုက်တဲ့ ကိုယ့်အရှိန်အဝါအောက်မှာ လူတွေရဲ့ အမြင်ပေါ့။ မင်းအပေါ် ကိုယ့်ရဲ့စောင့်ရှောက်မှုနောက်မှာ ကောလာဟလတွေ ပျောက်ကွယ်သွားစေချင်တယ်။ အဲဒီထဲမှာ နေကာ ပါတယ်ဂျီဂျီ မင်းသူနဲ့တွဲတာ ကိုယ်လုံးဝလက်မခံနိုင်ဘူး စာချုပ်အရ အကျိုးဝင်ဝင် မဝင်ဝင် ကိုယ်လုံးဝ လက်မခံဘူး"

"ကျွန်မအပေါ်မှာ အများကြီးကူညီခဲ့တဲ့ သူငယ်ချင်း"

"မင်းက အခု ကိုယ့်မိန်းမ"

"ဘယ်တော့မှ မခေါ်မပြောပါဘူးလို့ ကျွန်မကတိမပေးနိုင်ဘူး အဲဒါသေချာတယ် ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမခေါ်လည်း သူက လိုက်ခေါ်မှာပဲ အဲဒီလိုခေါ်ဖို့ မခေါ်ဖို့ကြိုးစားနေတုန်းမှာ နေကာနဲ့ ကျွန်မ တွေ့နေပြောနေတယ်ဆိုတဲ့သတင်း ရှင်ကြားရဦးမှာပဲ"

"ဖြစ်လာဦးမယ်ဆိုရင် ကိုယ်ဝင်ရှင်းရမှာပဲ ဂျီဂျီ ဘာဖြစ်လို့လဲ ဆိုတော့"

သူက စကားရပ်ပြီး ဘာမှန်းမသိသော မျက်ဝန်းတို့ဖြင့် ငေးစိုက်ကြည့်၏။

"မင်းကို စာချုပ်စေ့သွားရင် ပြန်ကွာပေးဖို့ မပေးဖို့ ကိုယ့်ဘက်က မသေချာလို့"

"ဘယ်လို"

ဂျိုဂျို မထင်မှတ်စွာ ဖျတ်ခနဲမော့လိုက်၏။ နီးနီးလေးမှာရှိသည့် သူ့မျက်နှာက နူးညံ့မက်မောစွာ ငုံ့ကျလာလျှက် ဘယ်လိုမှ ရှောင်ထွက်ပစ်ဖို့ အခွင့်အလမ်းမရှိတော့ခြင်းကြောင့် မျက်ဝန်းတွေကို အလန့်တကြားမှိတ်ပစ်လိုက်မိ၏။ နှုတ်ခမ်းသားလေးတွေမှာ နွေးထွေးခြင်းတို့ စွန်းထင်းသွားသည်။

ဟိုတစ်ခါကဲ့သို့ အစမ္မဆန်သော ကြမ်းတမ်းခြင်းများဖြင့် မဟုတ်ဘဲ အနမ်းများက ကြာရှည်စွာ ခိုနားနေခဲ့၏။ တင်းကျပ်စွာ ပွေ့ပိုက်ထားသည့် သူ့လက်တွေထဲမှာ ဂျိုဂျိုဘာဖြစ်လို့ ငြိမ်သက်နေခဲ့မိပါသနည်း။

မတွေးမိဘဲ ခဏဖြစ်ဖြစ် ထားလိုက်ပါရစေ....

★ ★ ★ ★ ★





အခန်း (၂၄)

"ကိုစိုးရေ ကောင်းမရှိဘူးမို့လား"

မေးတာကတော့ သူ့မိန်းမဆီမှာပဲမို့လားဟု ကြင်စဦးဇနီးမောင်နှံတို့ သဘာဝကို ဦးတည်၍မေးလိုက်တာဖြစ်၏။ အလုပ်ခွင်ကို လာကြည့်သည် မရှိတော့ ကောင်းတစ်ယောက် ဂျိုဂျိုရှိတဲ့ မော်ဘီဆီပြေးပြီဟု အပိုင်တွက်ပုံရသည်။

ဦးစိုးမိုး ခေါင်းကောလူကော မတ်ခနဲဖြစ်သွားသည်။ ဦးကြာပန်းကို မြင်လိုက်တော့ ပြူးခနဲဖြစ်သွားသော မျက်လုံးက ဟန်မဆောင်နိုင်ဘဲ ဟန်ဆောင်ဖို့ သတိရလိုက်သည်။ နှုတ်ခမ်းတို့ကတော့ သွားတွေ အဖွေးသားပေါ်အောင် ပြုံးပြီးသားဖြစ်၏။

"ဦးကြာ မလာစဖူး စက်ရုံထိလာလို့ပါလား"

"အေးလေ မမကြီးနဲ့ ဒီနေ့ မော်ဘီသွားဖို့ဟာ အလုပ်ကိစ္စတစ်ခု နောက်ဆံတင်းနေလို့ ဒီဘက်ရောက်လာရင်း ဒီကိုဝင်ကြည့်တာ ကောင်း မော်ဘီမှာလား"

"ဟုတ်တယ် ဟုတ်တယ် မနက်ကတည်းက ခဏပဲထိုင်ပြီး မော်ဘီသွားမယ်ဆို ထွက်သွားလေရဲ့ ဒီကောင်လေး ဟန်းနီးမွန်းထွက်ပါဆိုတော့ မဟုတ်ဘူး မိန်းမကိုကျတော့လည်း တစ်ခါတစ်ခါ မျက်နှာ

ပြေးကြည့်ချင်နေတယ် မခက်ဘူးလား”

ဦးကြာပန်းက ရယ်သည်။

“မခက်ပါဘူးကွာ မင်းရှိနေတာပဲ လူငယ်ဖြစ်ပြီး အလုပ်ကို [illegible] မထားခဲ့နိုင်တာပဲ လေးစားရဦးမှာ သူသွားပါစေ အိမ်ထောင်ကျ[illegible] တာ”

ဦးကြာပန်းပြောနေတာကို ဦးစိုးမိုး စိတ်မဝင်စားလိုက် နား[illegible] မိလိုက်နှင့် ကောင်းထံသို့ အာရုံအားလုံးက ပြေးလွှားလိုက်ပါ[illegible] လေသည်။

ဒီကောင် ဘယ်သွားပါလိမ့် ဦးကြာပန်းတို့ မှော်ဘီရောက်သွား[illegible] ဟိုမှာကလေးတွေနဲ့ အိုးနင်းခွက်နင်းဖြစ်ကုန်လို့ကတော့ သွားပြီ။ ဘ[illegible] နယ် လူမမာက မှော်ဘီထိ ခြေဆန့်ဖို့ စိတ်ကူးပေါက်ရတာလဲ။

“ကဲ ငါသွားမယ်”

“ဗျာ”

ဦးကြာပန်းက ဝင်လာကတည်းက မထိုင်ဘဲ ခဏရပ်၍ ဟိုကြ[illegible] ဒီကြည့်နှင့် ပြန်မယ်ဆိုပြီး ချက်ချင်းပြန်လှည့်သည်။

“ဦးကြာ နေဦးလေ တစ်ခုခုစားပါဦး ဒီမှာ ဘာမှာပေးရမလဲ[illegible] စဉ်းစားနေတာ”

“မစားပါဘူးကွာ မမကြီးကို မုန့်တိုက်မှာချထားခဲ့တာ လူမမာ[illegible] သူ့မြေးချွေးမရဲ့ အိမ်အတွက် မုန့်တွေဝယ်သွားချင်တယ်တဲ့ ငါ[illegible] လာတဲ့ အလုပ်ကိစ္စကပြီးပြီ မမကြီးကို စောင့်နေတာ”

“ဟင် အခု မှော်ဘီကိုတစ်ခါတည်း သွားကြမှာလား”

“အေးလေ”

“ချက်ချင်းကြီး ဟဲ..ဟဲ ထူးဆန်းနေလို့”

ဦးစိုးမိုး ဘောလ်ပင်ကို ချထားပြီးမှ ပြန်ကိုင်၍ စိုက်တံခွက်[illegible]





သဲထည့်သည်။ ပြီးတော့ ပြန်ယူ၏။ ဦးကြာပန်းကလည်း စေ့စပ်သည့် လူကြီးပီပီ ဦးစိုးမိုး ပါးစပ်ကြီးဖြဲထားတာ ဗလာသက်သက်ကြီးဖြစ်မှန်း ရိပ်မိလာ၏။

“ချက်ချင်းကြီး ဘာဖြစ်လဲ မမကြီး ထူထူထောင်ထောင် သွား သာနိုင်နေတာ ငါတို့က ဝမ်းတောင်သာရဦးမယ်မို့လား သူတို့မှာ တွယ် တာစရာ ဒီမြေးအဘွားပဲရှိတယ် နေမကောင်းလို့ မတတ်သာပဲဖြစ် သားရတာ ရှိချင်ရှိမယ် နေထိုင်ကောင်းလာတော့ ကိုယ်တိုင် ကြည့်ရှု စောင့်ရှောက်ချင်မှာပေါ့”

“ဟုတ်ပါတယ် ကြီးကြီးရ ခုလောက်ထိ ကျန်းမာလာတာ အံ့သြ ပြီး ဝမ်းသာလို့ပြောတာ ခရီးပန်းပြီး ပြန်ဖြစ်မှာတော့ စိုးတယ်”

“မစိုးရိမ်နဲ့ ငါက မင်းထက်ပိုပူတယ် ငါ့ကျေးဇူးရှင် ဆရာကြီးကို မေ့သရွေ့ မမကြီးတို့ မြေးအဘွား ဘာမှမဖြစ်စေရဘူး”

ယုံပါတယ် ယုံပါတယ်။ စိတ်ထဲက ခပ်ပေါ့ပေါ့ဖြေရင်း မျက်လုံး ကတော့ ဟန်းဖုန်းဆီရောက်နေပြီဖြစ်သည်။

“ကိုင်း ငါသွားမယ် မင်းလည်း ကောင်းမရှိခိုက်ကို သေချာဂရု စိုက်နော် မမကြီးကတော့ ဘာစီးပွားရေးမှ မလုပ်စေချင်တော့ဘူးလို့ ပြောနေတာ မလုပ်လည်း ချမ်းသာနေတာပဲဟာ”

ကျောခိုင်းသွားရင်း ဦးကြာပန်းက ရေရွတ်သွား၏။ ဦးစိုးမိုး ကပျာ ကယာထကာ အောက်ထပ်ထိ ဦးကြာပန်းကို လိုက်ပို့ရသည်။

“ကောင်း လုပ်ငန်းတိုးချဲ့ဖို့တောင် ဇယားဆွဲပြီးပြီ မလုပ်ဖို့ သွား ပြောလို့ရပါလိမ့်မယ် အားကြီး”

ရှေ့နောက် မတိမ်းမယိမ်းလေးလျှောက်ရင်း ဦးစိုးမိုးက ပြော သာသည်။ ဦးကြာပန်းက ခေါင်းညိတ်၏။

“ယောကျ်ားလေးဆိုတာ ဒီလိုပဲကွ ဒါမှယောကျ်ားကောင်း မိဘ

ဘိုးဘွားအမွေအနှစ်ဆိုတာ တိုးတက်ကြီးပွားအောင် ကြိုးစားဖို့သာ ရှိတယ်။ ထိုင်ပြီးသုံးဖြုန်းနေသင့်တာမျိုးမှ မဟုတ်ဘဲ။ ထိုင်စားသွားနိုင်ရုံကတော့ သိန်းရာနဲ့ချီပြီး အပ်ထားတာနဲ့ ဘဏ်တိုးထုတ်ပြီး မိသားတစ်စု စားသွားလို့ရတယ်။ အလကား အကြံမရှိ ဉာဏ်မရှိ”

ဦးကြာပန်း ကားပေါ်တက်သွားမှ ဦးစိုးမိုးနောက်ပြန်လှည့်ရသည်။ လောလောဆယ်တော့ အကြံကြီးဉာဏ်ကြီးနဲ့ ပုဂ္ဂိုလ်လေးထံ သတင်းပို့နှုတ်ဆက်ရပါဦးမည်။ လှေကားအတိုင်း ပြေးတက်ခဲ့ရင်း ကောင်းကို လှမ်းခေါ်ရသည်။

“ကောင်း မင်း ဘယ်မှာလဲ”

“.........”

“သိန်း ကွန်စထရက်ရှင်မှာ ဘယ်လောက်အရေးကြီးကြီး ထားခဲ့လိုက်ပေါ့ကောင် မင်း ခုချက်ချင်း မော်ဘီကိုလစ်ပေတော့”

“............”

“သြော် အရေးကြီးပြီကော မင်းအဘွားနဲ့ ဦးကြာပန်းတို့ အခု အဲဒီကို သွားကြပြီ”

“..........”

“ဟင် ဖုန်းဆက်လိုက်မယ် ဟုတ်လား မင်း ကြိုက်သလိုသာလုပ်တော့ မင်းသားရေ ငါက ဝတ္တရားအတိုင်း သတင်းပို့ပြီးပြီနော်”

“.............”

“အေး ပြီးရော မင်း မပိရိရင် ငါလည်းသွားပြီ ဒါပဲ”

တစ်ဖက်မှာလည်း ဖုန်းကိုင်ရင်း ကောင်းစိတ်ညစ်သွားလေသည်။ မယ်မင်းကြီးမကို လှမ်းခေါ်တာ ခေါ်လို့မရဘဲ လူကြီးမင်းကပဲ နှုတ်ဆက်လက်ပြသွား၏။

ဖုန်းပိတ်ထားပြီး ဘာလုပ်နေလဲ ဘယ်သွားနေလဲ၊ အဲဒီလို လှမ်း





ပြော လှမ်းခေါ်လို့ရအောင် ဖုန်းဝယ်ပေးထားခဲ့တာ ပိတ်ထားပြီး ထင်ရာထားလိုက်ဖို့လား။

“ကျွန်တော့်ကို ခွင့်ပြုပါဦး အလုပ်ကိစ္စအရေးတကြီး ပေါ်လာလို့”

လုပ်ငန်းရှင်တွေ အားလုံးစုံနေပါမှ သူနှုတ်ဆက်ပြီး ထထွက်ခဲ့ရတာ ရုပ်ပျက်ဆင်းပျက်ကြီးပါ။ ကားကို အလျင်စလို မောင်းကာ ဘွားတို့ကား ရှေ့ကရောက်မသွားဖို့ပဲ ဆုတောင်းရတော့သည်။

ကိုယ်ကရှေ့ကပြေး၍ အဝေးပြေးလမ်းမကြီးပေါ်ရောက်အောင် သူ့ပတ်ကွေ့တတ်မောင်းခဲ့ရင်း....

ဂျီဂျီနဲ့သူ ရန်ဖြစ်ရဦးမည်ထင်၏။

★ ★ ★ ★ ★

## အခန်း (၂၅)

ကားကို အသင့်ဖွင့်ထားသည့် ခြံထဲသို့ ဝေါခနဲ ကွေ့ဝင်ရင်း မျက်လုံးတို့က ခြံကိုကော တိုက်ဆီကိုကော ဝေ့ဝဲရှာဖွေပြီးသားဖြစ်သွားသည်။ တွေ့ပါပြီ ခြံကျယ်ကြီး၏ ခေါင်းရင်းဘက်နောက်အစွန်မှာ ဂျီဂျီနှင့် ကလေးနှစ်ယောက်ကိုကော မလင်းကိုပါ တစ်စုတစ်ဝေးတည်း။

သူကားရပ်၍ ဆင်းလိုက်သည်အထိ သိကြပုံမပေါ်။ ခေါင်းရင်းဘက်မှာ ဘွားခနဲပေါ်လာမှ မျက်နှာတွေ သူ့ဘက်လှည့်လာကြ၏။ အဒေးကြီးကို ဒရကြမ်းမောင်းလာခဲ့သည့်အဖြစ်က ကားဘာဖြစ်မှန်းတော့မသိ။ သူ့ရင်ဘတ်ကြီး ဖုတ်ဖက်ခါနေ၏။

ထို့ပြင် ဒေါသက ဆောင့်တိုးကာ အံကို ကြိခနဲ ကြိတ်မိသည်။ ခြံဖေါင့်ထားပေးထားသည်။ ခြံစောင့်ကို ပန်းပင်စိုက်ခိုင်းထားပြီး တံခါးကြီးကိုကျတော့ ဒီတိုင်းဖွင့်ထား၏။

ကိုယ့်အိမ်ကိုယ့်ရာ လစ်နေသလား ဟာနေသလား ဘာလိုက်ကြည့်တာရှိလဲ။ ခုနေသာ ဓားပြက လမ်းကြိတ်စက်မောင်းဝင်လာရင်တောင် သိပ့်ါမလား။

အငယ်ကောင်လေးကို ကလေးသိုင်းကြိုးလေးနှင့် ရင်ဘတ်ထဲမှာ ချိတ်လွယ်ကာ မယ်မင်းကြီးမက သစ်ခွတိုင်တွေကို ကိုယ်တိုင်





လုပ်နေသည်။ မလင်းနဲ့ အကြီးကောင်က ဘေးမှာဝိုင်းကူလို့။ ခုကျတော့ တွန်းလှည်းနဲ့မထားဘဲ ရင်ဘတ်ထဲထည့်ချိတ်ထားတာ ဘာကိုအားကျနေလို့လဲ။

"ဂျီဂျီ"

သူအနားကို တိုးသွား၍ သိုင်းကြိုးချိတ်ထားသည့် ခလုတ်လေးကို ထောက်ခနဲ ဖြုတ်ပစ်လိုက်သည်။ ကလေးကို လက်တစ်ဖက်က ဆွဲပွေ့ထားပြီးသားမို့ ကြိုးပြေသွားသည်နှင့် ကလေးက သူ့လက်ထဲမှာပါလာ၏။

"ဘာဖြစ်လာတာလဲ"

ဂျီဂျီက မျက်ဝန်းလေးတွေဝိုင်းလျက် ကလေးကို ချစ်လွန်းလို့ယူချီတာ မဟုတ်မှန်းသိနေသောကြောင့်....

"ကလေးကို"

"ကလေးကို မင်းဒီအတိုင်း ချီထားလို့မရဘူး"

သူက ကလေးကို မလင်းလက်ထဲ ပြောင်းထည့်၍ ဂျီဂျီကိုယ်ပေါ်က ကလေးထည့်သည့် လွယ်အိတ်လေးကိုပါ ဖြုတ်ယူပစ်လိုက်သည်။

"ဟိုမှာ ဘွားတို့ရောက်လာပြီ လာ မြန်မြန်"

"ဟင်"

ဂျီဂျီ မျက်လုံးတွေ ပို၍ ပြူးကျယ်သွား၏။ သူက ဂျီဂျီလက်တစ်ဖက်ကို ဆုပ်ကိုင်ထားကာ မလင်းဘက် နောက်ပြန်ကြည့်၍....

"မလင်း နှစ်ယောက်လုံးကို သေချာကြည့်ပေးထားပါ"

"သိပြီ သိပြီ သွားကြ"

နှစ်ယောက်လုံး တိုက်ကြီးဆီသို့ နောက်ဖေးကနေ အပြေးတစ်ပိုင်း ဝင်ခဲ့ကြသည်။

"ကောင်းကင်ရောင် ဘွားတို့က ခုပဲရောက်လာမှာမို့လို့လား"

"ဟုတ်တယ် ကိုယ့်ကားနောက်က ပါလာတာ နေစမ်းပါဦး ဖုန်းက ဘယ်ရောက်နေလို့လဲ"

"အခန်းထဲမှာ"

"ဖြစ်ရမယ်"

သူတို့အပေါ် ထပ်ရောက်သည်နှင့် အခန်းကို သေချာပြုပြင်ထားကောင်းရောက်လာလျှင် အိပ်သည့်အခန်းကို အမြန်ဆုံးဖျက်ပစ်ရသည်။

"တကယ်ဆို ကိုယ်ဖုန်းဆက်လိုက်ရင် မင်းဒါတွေ အေးဆေးလုပ်လို့ရတယ်၊ အရေးကျတော့ ဖုန်းကခေါ်မရဘူး မင်းတော်တော်ကို နမော်နမဲ့နိုင်တဲ့ မိန်းကလေး"

"ဘာ နမော်နမဲ့နိုင်တာလဲ ကျွန်မက စလင်းဘတ်စ်ထဲ ဖုန်းတစ်လုံးထည့်ချိတ်ပြီး ရှုံးစမိုးနဲ့ အချိန်ပြည့်နေနေရတာ မဟုတ်ဘူး ကလေးတွေနဲ့"

"ဘာ ကလေးလဲ"

ကောင်းက ဒရင်းဘက်ဒ်ကို ခေါက်၍ ဗီရိုနောက်မှာ သွားကာထားရင်း ချက်ချင်းပြန်လှည့်လာသည်။

"အဲဒီကလေးတွေက ဘယ်လောက်ဆိုးနေလို့လဲ ကလေးတွေနဲ့တစ်နေ့လည်လုံး ကိုယ်နေဖူးတယ် မလင်းနဲ့ ကလေးတွေက အဆင်ပြေပြေလို့ မလင်းကလည်း နူးနူးညံ့ညံ့နဲ့ စိတ်ရှည်တဲ့သူပဲ စိတ်မချစရာလည်း ဘာမှမရှိဘူး"

"ဪ ကျွန်မက အလုပ်မရှိ အလုပ်ရှာပြီး ကျောပိုးထားတယ်ဆိုရှင်က ပြောလိုက်တာလား"

"မင်းဟာမင်း ကျောပိုးပိုး ရင်ဘတ်ထဲထည့်ထည့် အားတော့အားသလိုနေပေမဲ့ အခုက ဖုန်းကို အိမ်ပေါ်ဘပ်မှာ ပစ်ထားပြီး မေ့မေ့လျော့လျော့နဲ့ မင်းနဲ့ကိုယ် ဘယ်လိုရင်ဆိုင်နေကြရတယ်ဆိုတာ သတိမရ ဘူးမို့လား"





ဂျီဂျီက အလုပ်သမားကိုခိုင်း၍ လက်ပိုက်ကြည့်နေသော အလုပ်ရှင်လို တင်ပါးလေး ဟိုဘက်နွဲ့ ဒီဘက်နွဲ့နှင့် လက်ပိုက်လျက်မှ....

"မရဘဲနေမလားရှင့် ဒါပေမဲ့ ဘွားက လူမမာဆိုတော့ ချက်ချင်းကြီး ရောက်ချလာမယ်လို့ ဘယ်သူက ထင်မလဲ ပြီးတော့ လေထန်ဖျားနေတယ်"

ဖျားနေတယ်ဆိုတော့ သူဆက်မပြောဖြစ်တော့ဘဲ ပါးစပ်ပိတ်သွား၏။ ပြီးတော့မှ...

"ခင်ဗျားက လက်ပိုက်ပြီး ဘာလဲ စီမံခန့်ခွဲနေတာလား ဒီမှာလာသိမ်း"

"ပြီးပြီပဲ ဥစ္စာ"

"မပြီးသေးဘူး ဟိုဗီရိုထဲက ရှပ်အင်္ကျီနှစ်ထည်သုံးထည်နဲ့ ကုတ်အင်္ကျီတစ်ထည်လောက် အပြင်မှာ ထုတ်ချိတ်ထား"

"ဘာလုပ်ဖို့လဲ"

"ကျွတ်"

ကောင်းကင်ရောင် စိတ်ပျက်စွာကြည့်၍ သူ့ဟာသူပဲ သွားထုတ်ယူလိုက်သည်။ ထုတ်ယူရင်းမှ...

"ဘွား ဘယ်လောက်စေ့စပ်သလဲ မင်းသိလား ကိုယ်ကဒီမှာနေပြီး နေထိုင်ထားတဲ့ ခြေရာလက်ရာမှမရှိရင် သံသယဖြစ်မှာပေါ့"

ပြောရင်းလုပ်ရင်းနှင့် ကောင်း ချွေးပြန်လာသည်။

သူမကတော့ ဟိုဟာကိုင်တော့မလို ဒီဟာယူတော့မလို အနားရောက်လာပြီး သူလုပ်နေလို့ ဆုတ်နေသလိုလိုနှင့် လက်ပြန်ရုပ်၏။ ပြီးတော့ နောက်ဆုတ်ရပ်လိုက် ရှေ့ရောက်လာလိုက်။

မိုးပြာရောင်ကိုယ်ကျပ် ခြေသလုံးတစ်ဝက်လောက်သာရှိသောနောက်ကွဲတစ်ဆက်တည်း အင်္ကျီလေးနှင့် ဆံပင်တွေဖားလျားချထားလျက် ဂျီဂျီသည် ပျာယီပျာယာလေးတော့ရှိကာ ဘာမှလည်း မလုပ်။

မလုပ်ချင်လို့ မဟုတ်ဘဲ ထိတ်လန့်ပြီး ပျာနေတာမျိုးမို့ သူလည်း ပါးစပ်ပိတ်၍ ကိုယ့်ဟာကိုယ်သာ လုပ်ဖြစ်တော့သည်။ အရေးထဲ ချိတ်စင်တွေက ဟိုလဲကျ ဒီလဲကျနှင့် မငြိမ်သက်သဖြင့် အကျီတွေချိတ်ဖို့ကို တော်တော် ကြိုးစားနေရ၏။

သူမအဝတ်တွေကို ဘယ်လိုဝတ်ပြီး ဘယ်လိုပြန်ထည့်နေသလဲတော့ မသိ။ အပြင်မှာ ချိတ်လှမ်းထားတာ တစ်ထည်မှကို မတွေ့ပါ

"ကောင်းကင်ရောင် ရှင်က ဘွားတို့ကားကို ကျော်တက်လာတာလားဟင်"

"ဟုတ်တယ်"

"ရှင့်ကားကြီးကို ဘွားက အဲ ဦးကြာက မသိဘူးလား"

"ကိုယ့်ကားနဲ့ ထွက်လာတာမှ မဟုတ်တာ ကားချင်းလဲလာရတာကို"

"ရှင်က ဘွားတို့ဒီကိုလာတာ ဘယ်လိုလုပ်သိလဲ"

အလုပ်လုပ်နေရင်း လှည့်မကြည့်ဘဲ ဖြေရင်းနဲ့ပဲ ဒေါသကထွက်လာ၏

"ဦးစိုးလှမ်းပြောတာ"

"အဲဒါကြောင့် ရှင်က ကျွန်မဆီ ဖုန်းဆက်တာလား"

"ဟုတ်တယ် ဟုတ်ပါတယ် ဒေါ်နတ်ပန်းချီ"

ခပ်ကျယ်ကျယ်ရွဲ့ဖြေ၍ ကောင်းက ဖျတ်ခနဲလှည့်လာသည်။ နောက်ကျောနားမှာ ရပ်နေတာမို့ ဂျီဂျီနှုတ်ခမ်းလေးစူကာ ခြေလှမ်းနောက်ဆုတ်၏။

"ဟွန်း ယောကျာ်းဖြစ်ပြီး စိတ်ကလည်း တိုလွယ်ပဲ့"

"ဒီထက်အများကြီးကို တိုခဲ့ဖူးတာ ခင်ဗျားနဲ့ကျမှ နားလည်လား"

"ဟွန့်"

ဂျီဂျီက ဆေးမဆိုးဘဲ နီမြန်းနေသည့် နှုတ်ခမ်းလေးကို ဖိပိတ်ရဲ့





ပစ်သည်။ ကောင်းက စိုက်ကြည့်၍ လွန့်ခနဲပြုံး၏။

"လုပ်ရင်းကိုင်ရင်း ပြန်ဖြေရတာ မောသွားလား ရေလေးဘာလေး သောက်ပါဦးလား"

ဟု ဂျီဂျီ မသိတတ်စွာ မမေးတာကို ပြုံးစစနှင့် ရွဲ့၏။ ဂျီဂျီက ဆံပင်တွေကြားထဲကို လက်ဖဝါးလေးထည့်၍ လည်ကုတ်ကို ပွတ်သပ်ကာ အားနာသလိုလေးရယ်သည်။

"သောက်မလို့လား"

ဟု မျက်လွှာချ၍ မေးသောအခါ သူအသည်းယားသွား၏။ ထို့ကြောင့်

"အမေ့"

ဂျီဂျီ အလန့်တကြားဖြစ်သွားလျက် သူ့ရင်ဘတ်ကြီးကို အကြောက်အကန် တွန်းထားမိရင်း....

"ရှင်နော် မသိဘူး"

"ဘာ မသိတာလဲ နမ်းတာ ဘာဖြစ်သွားနိုင်လို့လဲ"

"ဟင့်အင်း ရှင်နဲ့ ကျွန်မ ဘာဆိုင်လို့လဲ လွှတ်နော်"

နဖူးဆံစလေးတွေ အစပ်မှာ နွေးသွားလိုက် ပါးပြင်မှာ ပွတ်တိုက်သွားလိုက်နှင့် နှစ်ယောက်သား တွန်းထိုးရုန်းဖယ်နေကြစဉ်....

"ဟေ့ ဘယ်သူမှ မရှိကြဘူးလား"

"ဂျီဂျီ"

"ကောင်းရေ"

ဦးကြာပန်းအသံကြီးနှင့် ဒေါ်ရတီအသံက တစ်လှည့်စီထွက်ပေါ်လာ၏။ ကြားပေမယ့် ဂျီဂျီ ပြန်ထူးလို့မရ။ ရှက်လည်းရှက် ဒေါသတွေစုပြုံထွက်ကာ မရမက ရုန်းထွက်ပစ်လိုက်၏။

"မုန်းဖို့ကောင်းလိုက်တာ ဟွန်း"

ပြော၍ မျက်စောင်းတစ်ချက်ကို ပိုးစိုးပက်စက်ထိုးပြီး အပြင်

ထွက်၏။

"ဟိတ်"

ကောင်းက လှမ်းဆွဲထားကာ ဂျီဂျီပုခုံးတစ်ဖက်ပေါ်က နှိပ်စိတင်သော ဒေါက်တစ်ဖက် လန်ကျနေတာကို ပြန်တပ်ပေးလိုက်၏။

"ဘာဖြစ်လို့ ဒီလောက်တွန့်တိုနေရတာလဲ ငြိမ်ငြိမ်လေးနေလိုက်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ ဒီအတိုင်း ဘွားတို့မြင်သွားရင် မင်းနဲ့ကိုယ်"

"ရှင် သိပ်ပါးစပ်အရသာမခံနဲ့ သိလား အောက်မှာလူကြီးတွေ ရောက်နေလို့"

"ဟုတ်တယ် သူတို့ရောက်လာရင် မင်းနဲ့ကိုယ် တကယ်ညား သွားနိုင်တယ်"

ကြည့်စမ်း၊ ပါးပြင်နှစ်ဖက် ရဲရဲတွတ်သွား၏။ ခုတလော ဒီလု ဘယ်လိုပုံစံတွေ ဖြစ်လာတာလဲ၊ မရမက ချုပ်ဖမ်း၍ နမ်းဖို့ကြိုးစားလာတာ ခဏ ခဏ။

သူ့ရင်ထဲမှာ ဂျီဂျီအလဲလဲအပြိုပြို ဖြစ်ရမြဲပါ။ ဒေါသဖြစ်ပေမယ့် ဘာမှမတတ်နိုင် ရှက်လွန်းလို့ ရင်မဆိုင်ချင်လဲ မရ။ သူ့အရိပ်က ထွက်ခွာဖို့ ကိုယ်ကစကားစလည်း အပြောတောင်မခံပေ။ သူနဲ့ကိုယ်ဟာ ဘာမှန်းမသိဘဲ သူကိုယ်တိုင်ကလည်း ချစ်ခင်စုံမက်ခြင်းကို စိတ်မဝင်စားချင်ဟု ပြောနေခဲ့ပြီးမှ...

"လာကြ မြေးတို့"

ဘွားရှေ့ရောက်တော့ ဒေါသရှိန်မပြေသော ဂျီဂျီက ဘွားနားကို ထိုင်ဖို့ ခြေလှမ်းပြင်၏။ သူက ဂျီဂျီလက်ဖဝါးလေးကိုလှမ်းဆွဲထား ကာ မျက်နှာချင်းဆိုင်မှာ အတူထိုင်လိုက်သည်။

"ဘွား အရေးတကြီးကိစ္စရှိလို့ လိုက်လာတာလား ကိစ္စမရှိဘဲ အလည်လာတာလား"





"ဘွားက ဘာကိစ္စရှိရမှာတုံးကွယ် ဟောဒီမှာ မုန့်တွေလည်းပါတယ် မြေးမမှာ မောင်တွေရှိတယ်ဆို သူတို့လည်း စားရအောင် ဘယ်မှာလဲ ခေါ်လိုက်ပါဦး"

"ရှင်"

"ဒီနေ့ တနင်္ဂနွေလေ မြေးမရဲ့ မောင်တွေဆိုတော့ ငါ့မြေးရဲ့ ယောက်ဖတွေပေါ့ နောင်အခါ အတူတူနေသွားကြရမယ့် လူတွေဆိုတော့ ဘွားကကြည့်ချင်တယ်၊ လိုအပ်တာရှိရင်လည်း သင်ပြုပြောပြရတာပေါ့ အထူးသဖြင့် သမီးယောက်ဖအတူနေရင် ပြဿနာရှိတတ်တယ်"

"ရှင်"

ဂျီဂျီ မျက်နှာလေးပျက်ကာ တရှင်ရှင်ဖြစ်နေတာကို ဒေါ်ရတီက တစ်မျိုးတွေးကာ...

"ဒီလိုမြေးမ အစ်မအကြီးဆုံးဆိုတာ အောက်ကအငယ်အားလုံးကို ကြည့်ရှုရမှာပဲ ဒါ မြန်မာလူမျိုးတို့ရဲ့ အကြင်နာကြီးမှု သမိုင်းပေးတာဝန် သဘာဝလည်းကျတယ် ဒါကို ဘွားက မကြည်ဖြူလို့ ပြောတာ မဟုတ်ဘူး ဘာမဆို မဖြစ်ခင်က ကာကွယ်ရမယ်လေ ကလေးတွေက လူပျိုပေါက်လေးတွေ ဖြစ်ပြီဆိုတော့"

"ဘွား..ဟို..ဟိုလေ သူတို့က သူတို့ဆရာမဆီမှာပဲ"

"အိုကွယ် ယောကျ်ားလေးတွေကို ဒီလိုလွှတ်ထားစရာလား ကိုယ့်မှာလည်း မကြည့်ရှုနိုင်တာ မဟုတ်ဘဲနဲ့ မျက်စိအောက်မှာပဲထား စာမရရင် အိမ်မှာ **Guide** ခေါ်သင်ပေါ့"

ပြဿနာပါလား ဒီလိုဖြစ်လာတော့ ဂျီဂျီ သူ့ကိုအားကိုးတကြီး ပြန်ကြည့်မိ၏။ သူက ပေ့ါပေ့ါပါးပါးပဲ ပြုံးကာ....

"နှမလင်နေ မောင်ဖင်ကြိမ်းတဲ့ ဘွားကလည်း သူတို့လည်း သူတို့အစ်မ ယောကျ်ားယူကာစဆိုတော့ အိမ်မှာနေကြရမှာ မျက်နှာပူလို့

ဖြစ်မှာပေါ့ ကျွန်တော်နဲ့က ခင်ပါတယ် ဘွားမပူနဲ့ ဘာပြဿနာမှ မရှိဘူး

"ဘာပဲဖြစ်ဖြစ် ဘွားဆီကို ကောင်လေးတွေကို ခေါ်လာပါဦး တစ်ရက်ရက်ပေါ့ကွယ်"

"ဟုတ်ကဲ့ပါဘွား"

ဂျီဂျီ ပျာပျာသလဲ ခေါင်းညိတ်၏။ ဦးကြာပန်းက ဘာမှဝင်မပြောဘဲ တစ်ယောက်ထိုင်မှာ အေးဆေးစွာ ထိုင်နေ၏။ ဒေါ်ရတီကခေါင်းရောက်မဆိုက် စကားတွေပြောပြီး မောသွားသလို ဆိုဖာမှာ မှီနေလိုက်၏။

"ဘွား အမောပြေသံပုရာရည်သောက်လိုက်နော် ဂျီဂျီ သွားဖျော်လိုက်မယ်"

"မလုပ်နဲ့မြေး အဲဒါတွေ ဘွားမသောက်ရဲဘူး"

"မဟုတ်ဘူး ဂျီဂျီက သံပုရာသီးကို ခွဲညှစ်ပြီး ကိုယ်တိုင်ဖျော်တာပါ ဖျော်ရည်မဟုတ်ဘူး ဘွားအချိုမကြိုက်တာလည်းသိတယ် ခဏလေးနော်"

ဂျီဂျီက ထထွက်သွား၏။ ဆံပင်ဖားလျား ကိုယ်ကျပ်ကပ်ကပ်လေးနှင့် ဂျီဂျီနောက်ကျောလေးကို လိုက်ကြည့်တာ အားမရဘဲ ဒေါ်ရတီက မျက်နှာကြီးမော့ပါသွားလျက် မျက်မှန်ပါပင့်၏။

သူမ အိမ်မှာနေစဉ်ကတော့ လူကြီးနားမှာမို့ ဆင်ခြင်တာလား မသိ။ ဂျီဂျီဒီလို တိုတိုကျပ်ကျပ်လေးတွေသိပ်မဝတ်ပေ။

"ငါ့မြေးမက နုနုငယ်ငယ် သွက်သွက်လက်လက်လေး လှလည်း လှတယ် ဟဲ့မြေး"

ပြောနေရင်း ကောင်းဘက်လှည့်၍....

"မြေးကို မိန်းကလေးက ကြင်ကြင်နာနာရှိရဲ့လား ငယ်ငယ်ရွယ်ရွယ်ဆိုတော့ ကိုယ့်အရေးကိုမသိဘဲ လှဖို့ပဖို့တွေပဲပြင်ပြီး အိမ်ထောင်မှုလစ်ဟင်းတာမျိုးရှိသလား"





သူပြုံးလိုက်တော့ ဒေါ်ရတီက ဖြေတာကို မစောင့်ဘဲ။

"သွားမယ် လာမယ် ဝယ်မယ်ခြမ်းမယ်ဆိုတာတွေ များနေသလား မြေးအလုပ်လုပ်နေတဲ့ အချိန်တွေဆို မိန်းကလေးက ကြည်ဖြူရဲ့လား"

ကောင်းက ခေါင်းပဲညိတ်၏။ ဒေါ်ရတီအားမရနိုင်။

"ဟဲ့ ပါးစပ်ကဖြေစမ်း ကိုယ့်မိန်းမက စိတ်မချစရာလေး အလွန်လိမ္မာနေမှကို ဖြစ်မှာ ပြီးတော့ ဒီလို ကျပ်ကျပ်ကပ်ကပ် ခြေသလုံးသား တဝင်းဝင်းပေါ်နေတာလေးတွေ သိပ်မဝတ်စေနဲ့ ကိုယ်ကတော့ ကိုယ့်မျက်စိထဲမှာ လှနေတာပဲ သူများက သဘောကျမှ ခက်မယ် ဘယ်မိန်းကလေးမဆို ကိုယ့်အလှကို တစ်ယောက်ယောက်က ရူးသွပ်တပ်မက်လာရင် သဘောမကျတာ မရှိဘူး။ အဲဒီအခါ ကိုယ့်ယောကျ်ားကို ပြန်ပြီး မာန်တက်လာတတ်တယ်"

ကောင်းက ခေါင်းတစ်ချက်သပ်၍ ရယ်မိသည်။ ဂျီဂျီအဲဒီလောက်လှနေသလား။ သူတောင်ဘွားပြောမှပဲ သဝန်တိုသင့်တာကို သတိရ၏။ ဂျီဂျီဆိုတဲ့ကောင်မလေး အလွန်စွာသည်။ ဒေါသဖြစ်ပြီး ပြန်မျိုချလိုက်ရတဲ့အခါ မျက်စောင်းထိုးပြီဆို အသည်းယားဖို့ကောင်း၏။ ထို့ကြောင့် သူ စိတ်တွေလွတ်လွတ်သွားကာ အမွှေးမှုတွေ ခဏခဏ ဖြစ်ရသည်။ ဒါတွေဟာ သူမလှလွန်းလို့ဟု သူ မမြင်ခဲ့ပေ။ တစ်ခါ တစ်ခါ ချစ်စရာကောင်းတဲ့ ပုံစံလေးတွေ ဖြစ်နေတတ်တာ မှတ်မှတ်ရရ ဖြစ်၏။ ဒါပေမဲ့ ရင်ထဲမှာ ချစ်လို့လား မချစ်သေးဘူးလား မသိ။

"မြေး"

"ဗျာ"

"ပြုံးစိစိနဲ့ ဘာဖြစ်နေတာလဲ မြေးတို့ အိမ်ထောင်ရေးက တစ်သက်လုံးစာနော် ဒီနေ့ မနက်ဖြန်ဘဲ ပေါင်းဖို့မဟုတ်ဘူး ကလေးကိစ္စ

ကော ဆွေးနွေးပြီးပြီလား ဂျီဂျီလေးက ငယ်သေးတော့ ကလေးမထို ချင်သေးဘူး ဘာဘူး ခေါင်းခါနေရင် မြေးက အလိုမလိုက်နဲ့ မြေး အသက်က လူငယ်လေး မဟုတ်တော့ဘူးဆိုတာ သိပါစေ၊ ဒီအရွယ် ကလေးယူမှ တင့်တယ်မှာပေါ့ ကလေးက လေးဘက်တွားကုန်း ကိုယ် က ခေါင်းဖြူနေရင် ဖြစ်မလား"

ဘွားက လုပ်ချလိုက်ပြန်ပြီ။ အအေးဗန်းကလေးကိုင်လျက် ဂျီဂျီ ခြေလှမ်းတွေ လူတွေရှေ့လည်း ရောက်နေကာမှ တုံ့ခနဲရပ်သွား၏။ ဦးကြာပန်းက ပြုံးနေ၏။ ဒေါ်ရတီက သူမအကြောင်းပြောနေဆဲမို့ အားနာသလို လှမ်းပြုံးပြကာ...

"မြေးမ ကြားရဲ့လား"

ဟု အရှိန်နှင့် ဆက်လိုမ့်၏။

"ဟုတ်...ဟုတ်ကဲ့"

ဂျီဂျီ မျက်လွှာလေးချကာ စားပွဲဘေးမှာ ဒူးတုပ်လေးထိုင်၏။ အအေးဗန်းကိုတင်ပြီး ဖျော်ရည်သုံးခွက်ကို တစ်ယောက်စီ ကိုယ်တိုင် ပေးပြီးမှ....

"အဘွား ညနေကျမှ ပြန်မှာမို့လား ဘွားစားဖို့ ဂျီဂျီသွားချက်ဦး မယ်နော်"

"မလုပ်နဲ့ မလုပ်နဲ့ ဒီနေ့စာက မောလို့ စားနိုင်မှာမဟုတ်တော့ ဘူး ညစာကို နို့တစ်ခွက်နဲ့ပဲရပြီ ဘွားက ဒီမှာ စိတ်ပြေလက်ပျောက် နေဦးမှာ"

နှုတ်ခမ်းအစုံ ဟတတဟဖြစ်သွားသော်လည်း ရှင်ခနဲ ဖြစ်သွား ခြင်းက အသံအဖြစ်တော့ ထွက်မလာခဲ့ပါ။ သွားပြီ အဲဒါ တကယ်ဘွား တာပဲ ဂျီဂျီ။ ဒေါ်ရတီတို့ မြစ်ချီရရေးအတွက် ခြေလှမ်းစတာဆိုရင် ညည်း နားလိုက်တော့....

★ ★ ★ ★ ★





အခန်း (၂၆)

ဘွား ခိုင်းလိုက်သည့်ကိစ္စနှင့် ရန်ကုန်က အိမ်ကို ဝင်ခဲ့ရသည်။ ဦးကြာပန်းကို ဘွားမှာတာပြေးပေးပြီး အပြန်ကျတော့ ဘွားအတွက် ဆေးနဲ့ စားစရာဝယ်ဖို့ ပလာဇာဝင်ခဲ့မိ၏။

"ဟင်"

မြင်လိုက်ရပြန်ပြီ ကောင်းနဲ့မာယာင့်။ ပလက်တီနန်ဆိုင်မှာ နှစ် ယောက်အတူ ရွေးနေကြလို့။

ဟွန့် ဒါလည်း မျက်နှာပူလို့ လိုက်လျောနေတာပဲလား။ ရင်ထဲမှာ ဘာသာမဲ့ ကြေကွဲခြင်းတို့ ဖြစ်ထွန်းလေသည်။ ပြီးတော့ ရှက်မိ၏။

ကိုယ့်ကျတော့ သူဟာ ချစ်သူတွေလည်းမဟုတ် သူလည်း ချစ် တာမဟုတ်ဘဲနှင့် လက်ထပ်ထားတဲ့ မိန်းမဆိုတာ မျိုးလား၊ ဒါမှမဟုတ် သူငွေပေးခေါ်ထားတဲ့ အလုပ်သမားတစ်ယောက်လိုလား။စောင့်ထိန်း ဆင်ခြင်တာ ဘာမှမရှိ။ ပြီးတော့ ပြောသေးသည်။ နမ်းတာဘာဖြစ်လဲ တဲ့။ ဘယ်လိုလွန်ကျူးမှ ဘာဖြစ်နိုင်တာလဲ ဒါဟာ အကြီးမားဆုံးစော်ကား ခြင်းပဲ မဟုတ်ဘူးလား။ ခုလိုမြင်ရတော့ ပို၍ ရှက်ရွံ့နာကျင်မိသည်။

မာယာင့်ဟာ မာယာင့်ဆိုတဲ့အတိုင်း မျက်တောင်တစ်ခတ် အပြုံး

တစ်ချက်မှာပဲ မာယာတွေအပြည့်နဲ့ ဖြစ်သည်။ ခြယ်သပြင်ဆင်ထားတာကလည်း လက်ရာမြောက်သော ပန်းပုဆရာ ထုဆစ်ထားသည့်လှယမင်းလေးလို ဘယ်ပန်းချီရေးလို့မမီနိုင်။

နုနုနွဲ့နွဲ့နှင့် သမင်လည်ပြန်ကြည့်မိလောက်အောင် ဆွဲဆောင်မှုရှိ၏။ သူကြည့်နေပြုံးနေပုံက မာယာငုံကို အထင်ကြီး လေးစားစွာဖြင့် မျက်နှာလွှဲပစ်ကာ ကိုယ်လိုတဲ့ဆီသွားဖို့ ခြေဦးလှည့်မိသည်။

"မြေး အလုပ်လုပ်တာ မြေးမလေးဖို့ပဲ တလွဲမထင်ရဘူး ကိုယ့်ယောကျ်ားကို ဂရုစိုက်နော် မြေးမကိုယ်တိုင်က မိုင်းကောင်ကျောက်ပဲ နေဖို့လည်း လိုတယ် ကိုယ့်အပြစ်ကင်းမှ သူ့အပြစ်ကို ထောက်ပြလို့ရမှာ"

ဘွားက သူမကိုချစ်ပါသည်။ ဒါပေမဲ့မှာသမျှ ဆုံးမသမျှ သူ့မြေးအတွက် ငဲ့ဖို့ချည်းပဲဖြစ်၏။ ငယ်တဲ့သူတိုင်း ဆိုးကြသလားဘွားရယ်။ ဂျီဂျီက ဘယ်လောက်လှနိုင်မှာလဲ ပြီးတော့ မျက်နှာမွဲမပါ။

ကောင်းကင်ရောင်ဆိုတဲ့ လူကြီးကိုကျတော့ ပြောစရာမရှိတော့ဘူးလား။ စိတ်က ဝယ်ခြမ်းနေတဲ့ဆီ ရောက်တာကနည်းနည်း ဟိုရောက် ဒီရောက်နှင့် ဘာတွေဝယ်မိမှန်းမသိတော့ပါ။

"ဂျီဂျီ"

ခြေလှမ်းရှေ့မှာ ပိတ်ရပ်လာသည့် သူက နေကာဖြစ်နေ၏။ မီးနီးရောင်ဖျော့သော စပို့ရှပ်နှင့် ခိုပြာရောင်ဘောင်းဘီရှည်ကို ဝတ်ထားသည်။ မျက်နှာက ဝင်းဖတ်နုဖုံနေသည်။

ဖြစ်သလို နေတာမျိုးမဟုတ်ပေမယ့် မျက်နှာကိုဖြီးလိမ်းချယ်သဖို့ထိ နေကာဘယ်တုန်းကမှ စိတ်ဝင်စားခဲ့တာ မဟုတ်။ ခုတော့ မျက်နှာကိုကော ဆံပင်တွေကိုပါ မသိမသာလေး ပြုပြင်ထားတာ ဂျီဂျီကတော့ သိသည်။ နေကာသည် ရုပ်ရှင်မင်းသားရွှံ့အောင် ချောမွေ့သန့်စင် လျက်—





"တိုက်ဆိုင်လိုက်တာ ဒီနေ့ ဒီမှာ နင့်ကိုတွေ့ရတာ ဘယ်လို ဝမ်းသာမှန်းမသိဘူး"

ဟုပြော၍ ဂျီဂျီ စုပြုံဆွဲထားသည့် အိတ်တွေကို လွှဲပြောင်းယူဖို့ ငုံ့၏။

"ဘာလို့လဲ နေပါစေ ငါပြန်တော့မှာ"

"ဟာ နေပါဦး အပေါ်ထပ်မှာ တစ်ခုခုသွားစားရအောင် မနေ့က ငါဗွီစီဒီခွေ ဖြန့်တယ်ဟ အဲဒါ ဆိုင်မှာနည်းနည်းလာပြီး ချက်ခ်လုပ်တာ အခြေအနေကောင်းတယ် သိလား"

"ဟင် နင် တကယ် တကယ်ထုတ်ဖြစ်သွားပြီ ဟုတ်လား"

ဂျီဂျီ တကယ်ကို အံ့ဩသွားခဲ့၏။ ပြီးတော့ ဝမ်းသာတာလည်း တကယ်ပါပဲ။

"နင်နဲ့ငါ အကြောင်းစပ်တယ်သိလား လုံးဝသေချာပြီ"

စကားက ရုတ်တရက်လမ်းကြောင်းပြောင်းသွား၏။ ဂျီဂျီလက်ထဲက အိတ်တွေကို နေကာက မရမက ဆွဲဖြေယူကာ....

"ခေါင်းစဉ်ပေးတော့ ငါ့စိတ်ကူးက နင်နဲ့ငါ ဆုံဆည်းဖို့ပဲ ပြီးတော့ ဒီနေ့ ဒီကိုလာရင်း ငါ နင့်ကိုတွေ့ချင်လို့ မျှော်ဘီပြန်မလို့ စဉ်းစားလာတာ အခု နင်နဲ့တွေ့ရတယ်"

နှစ်ယောက်သား စက်လှေကားဆီ ပြန်ရောက်လာရင်း နေကာက ဂျီဂျီပခုံးတစ်ဖက်နဲ့ မှီရပ်နေသည့် လှေကားလက်တန်းမှာ လှမ်းထောက်လိုက်၏။ ဂျီဂျီက လက်တန်းမှာ ပခုံးလေးကျုံ့ နေကာ့ရင်ခွင်ထဲမှာ ရပ်နေသလိုဖြစ်သွားခဲ့သည်။ စိတ်ထဲမှာလည်း မသိုးမသန့်ဖြစ်သွားမိကာ ကောင်းကို သတိရလိုက်မိ၏။

"မာယာငုံနဲ့ ကိုယ့်ကို မင်းမစွပ်စွဲနဲ့ ကိုယ့်ဘက်က ဘာမှမဟုတ်ဘူး"

တဲ့။ ဟွန်း ဘာဖြစ်လဲ သွားရင်း လာရင်း နှုတ်မဆက်ရဘူးလား၊

သူတောင်အကြောင်းပြဖို့ ရှိနေသေးတာ ငါလည်းဖောက်ပြန်နေတာမှ မဟုတ်ဘဲ။ စိတ်ကိုတင်း၍ သူ့မျက်နှာကို မရမက ဖျောက်ဖျက်လိုက်၏။

"ဒီမှာ ရော့ လက်ဆောင်ယူသွား"

"ဟင်"

လှေကားထိပ်ရောက်တော့ မျက်နှာရှေ့ကို ဗီစီဒီပြားတစ်ချပ်ရောက်လာ၏။ ဂစ်တာတစ်လက်နှင့် နေကာ့ မျက်နှာ တစ်ခြမ်းပုံကပန်းထိလောက်ပဲပါ၏။ မျက်နှာကို အသားပေးထားသဖြင့် နှာတံကထင်းနေသည်။ ပန်းစောင်းမှာ မေးဖျားကွယ်လျက် နောက်ကို ငဲ့ကြည့်နေပုံက တမင်ဂိုက်ဆိုက်ထုတ်ထားမှန်း သိသာပေမယ့် အတော်ကြီးချောပါသည်။

"ဘာလဲ ချောလို့ငေးသွားသလား နာမည်ကိုလည်း ဖတ်ကြည့်ဦး"

တကယ်ပဲ သူပြောမှ ဖတ်ကြည့်ဖို့ သတိရကာ ဂျီဂျီက ပြူး၍မျက်ခုံးရှေ့၏။ အယ်....

"ဂျီကျတတ်တဲ့ ကောင်မလေး"

ဂျီဂျီ ခြေလှမ်းတွေ ရပ်ပစ်သွားခဲ့၏။ ထိုစဉ် နှစ်ယောက်ရပ်နေသည့်ထိပ်မှာ တွိဂံပုံလာရပ်သော အရိပ်တစ်ရိပ်ကြောင့် ဂျီဂျီ မော့ကြည့်လိုက်မိသည်။

ကောင်းကင်ရောင်။ နာမည်အဟိုင်းပဲ အမြဲတမ်း အထက်စီးဆန်သော အကြည့်များက သူတစ်ပါးကို သေးငယ်ကျုံ့ကျသွားစေအောင်ပြာလဲ့စူးတောက်နေ၏။

သူ့ကိုမြင်တော့ နေကာ့ မျက်နှာကပေည်း ချက်ချင်းအရောင်ပြောင်းသွားသည်။ ယောကျ်ားနှစ်ယောက် ခလယ်မှာ ဂျီဂျီ မျက်နှာကိုတင်းဖို့လျော့ဖို့ ဝေခွဲမရရှိနေစဉ် ကောင်းက သူ့မလက်တစ်ဖက်ကို





ခပ်ဆောင့်ဆောင့်ဆွဲ၍....

"ဘယ်သူနဲ့ လာတာလဲ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ"

"အို..မလိုလို့ပေါ့ လွှတ်စမ်းပါ"

ဂျီဂျီက မျက်နှာလေးမဲ့လျက် သူမသိအောင် ကြိတ်ရုန်းသည်။ ဟိုတစ်ယောက်ကကော မာယာငုံကို သတိရလို့ ကြည့်လိုက်တော့ ယောကျ်ားစပို့ရှပ်တွေရောင်းသည့်ဆိုင်ရှေ့မှာ ဆိုင်ထဲဘက်ကို လူကလှည့်နေပေမယ့် သမင်လည်ပြန်လှည့် မျက်ဝန်းများက ဒီဘက်မှာ။ သူကျတော့ ဘေးမှာတစ်ယောက်နဲ့ ဒီလိုဆရာလုပ်လိုရမလား။

"ကောင်း ရှင် လက်ကို လွှတ်လိုက်နော် ကျွန်မ မိုက်ရိုင်းတတ်တယ် ရှင့်လိုပဲ"

"ဘာပြောတယ်"

"လွှတ်လိုက်ပါ ကောင်းကင်ရောင် မင်းနဲ့သူ ဘာမှမဆိုင်တာကို သိနေကြတဲ့လူချင်း အခွင့်အရေးယူလို့ မရဘူးဆိုတာ နားလည်စမ်းပါ ဒီမှာပြောလိုက်ဦးမယ် လောလောဆယ် မင်းလက်ထဲ ထည့်ထားရပေမယ့် ဂျီဂျီက ငါ့နှလုံးသား သူနဲ့ ငါလက်ထပ်ဖို့ ဆွေးနွေးပြေလည်ကြပြီးသား"

"နေကာ"

ဂျီဂျီ မျက်လုံးလေး ဝိုင်းလည်သွားသည်။ ကောင်းမျက်နှာ ညိုပုတ်သွားလျက် ဂျီဂျီကိုင်ထားသည့် ဗီစီဒီခွေကို စူးခနဲကြည့်၏။ ပြီးတော့ မျက်နှာက ချက်ချင်းဖျော့ကျသွားကာ....

"လက်ထဲမှာ မရှိဘဲ တန်ဖိုးကြီးတာကို ကြွားနေသေးတယ်ကွာ ငါ အဲဒါမျိုးကို အထင်မကြီးတတ်ဘူး ရမ်းသမ်းခန့်မှန်းတယ်ဆိုတာ မျက်ကန်းလမ်းလျှောက်သလိုပဲ အခု ငါ့လက်ထဲမှာ သူရှိတယ်"

ပြော၍ကောင်းက ဂျီဂျီပုခုံးလေးကို ဖက်ထားလိုက်သည်။ ဖက်ရုံမကဘဲ ဆွဲကပ်ပစ်လိုက်သဖြင့် သူ့ရင်ခွင်တစ်ခြမ်းဘက်ကို ဂျီဂျီပုခုံးလေး

ကျုံ့၍ ယိုင်ကျသွား၏။

နေကာ ပြောချလိုက်တာကြီးကို ရှက်နေမိသဖြင့် ဂျီဂျီ ကိုယ့်ကိုယ်ကို ဘာဖြစ်သွားမှန်းပင် မသိပါ။ ကိုယ်အားရပါးရ ပြောချလိုက်ချိန် ပါးစပ်ထဲ သွင်းလိုက်တာက သူနဲ့ မာယာငုံကိုဖြစ်၏။ ခုကျတော့ သူ့ အပြစ်ကို မပြောရသေးဘဲ ကိုယ့်အပြစ်ဖြစ်သွားခဲ့ပြီ။ ဒါပေမဲ့ ကောင်း က ပြုံးလိုက်ပါသေးသည်။

"နတ်ပန်းချီက ငါလက်ထပ်ထားတဲ့မိန်းမ မပိုင်ဘူးလို့ မင်းကို ဘယ် သူပြောလဲ နေကာမညာမတာ ပြောကြေးဆို မင်းထက် ငါ ပြောခွင့်ရှိ တာပေါ့ ကောက်ရိုးပုံစောင့်ရတာထက် ဆိုးသွားလိမ့်မယ် တကယ်ပြော တာ အချိန့်မီ တစ်ခြားတစ်ယောက်ရှာထားဖို့ ပြင်ဆင်တာ အကောင်းဆုံးပဲ"

"ကောင်းကင်ရောင်"

နေကာ ဆတ်ဆတ်ခါ ကျန်ခဲ့ပြီးမှ ပြောလိုက်လာသည်။ တချို့ က ငုံ့ကြည့်လာကြ၏။ အခြေအနေမကောင်းတော့တာကို ဂျီဂျီ သိလိုက် သောကြောင့်....

"တော်ကြပါတော့ နေကာ ငါတောင်းပန်ပါတယ် နေခဲ့ပါတော့"

ဂျီဂျီငိုသံလေးပါလာတာကို သတိထားမိကာ နေကာ အနားရောက် မှ တုံ့ခနဲရပ်သွား၏။ ကောင်းက ဂျီဂျီကိုင်ထားသည့် ဗီစီဒီခွေကို ဆွဲယူ သည်။ ထို့နောက် မလှမ်းမကမ်းက ဒစ်ကောင့်ချထားသည့် ဖိနပ်ပုံးကြီး ထဲသို့ ပစ်ထည့်လိုက်၏။

နေကာ လက်သီးဆုပ် အံကြိတ်ထားရုံနှင့် ဘယ်လိုမှ မရဘဲ ပိုစကား ကပ်ထားသည့် နှံ့ရုံတစ်ခုကို လက်သီးနဲ့ ပြေးထိုး၏။ ဂျီဂျီတို့ပျောက် ကွယ်သွားပြီမို့....

သူ့ကို အရူးလို ဝိုင်းကြည့်နေကြသည်။ ဘယ်တော့မှ သည်းမခံ တတ်ခဲ့သည့်သူ...တောက်..ဂျီဂျီရာ..ငါ..ငါ နှင့်ကြောင့်....

★ ★ ★ ★ ★





အခန်း (၂၇)

သူခေါ်လာတဲ့အတိုင်းပါလာခဲ့သည့် ဂျီဂျီမှာ ဝယ်ထားသမျှတွေ တစ်ဝက်လောက်က နေကာ့လက်ထဲမှာ ကျန်ခဲ့ပြီဖြစ်သည်။ လူကြား ထဲမှာ စကားများရန်ဖြစ် ဖြစ်ရမှာက အကြောင်းမဟုတ်ပေမယ့် ကိုယ့် ဘတ်ထပတ်တွေ ပေါ်ကုန်မှာစိုးလို့ ပါးစပ်ပိတ်ထားရသည်။

သူရပ်လိုက်တော့ ပထမဆုံး မြင်လိုက်ရသည့် ပလက်တီနန်ဆိုင် ဖြစ်လေသည်။ သူမတို့ရှေ့မှာ အထင်မြင်သေးသော မဲ့ပြုံးနှင့် ရပ် နေသည့် မာယာငုံက ရှိုးကေ့စ်မှာ နွဲ့နွဲ့လေး လက်ပိုက်မှီရပ်လျက်...

"အစကတည်းက ဒီလိုဖြစ်မယ်ထင်ရင်လည်း ကိုယ်နဲ့အတူခေါ် လာပါလား ကောင်းရယ် မသိမသာရှင်းရမယ့်ကိစ္စ လူသိတာပေါ့"

ကောင်း မလွှတ်တမ်းဆုပ်ထားသည့်လက်ကို စူးခနဲကြည့်၍ ခနိုး ခနဲ့လှောင်သည်။ ဂျီဂျီတစ်ခုခု ပက်ခနဲပြောမလို့ ပါးစပ်ပြင်လိုက်သည် နှင့် ကောင်းက သူမပခုံးလေးကို ဖက်၍ ရှိုးကေ့နဲ့နီးအောင် ဆွဲယူ၏။

"ဒီမှာ မင်းအတွက် ကိုယ်လက်စွပ်ရွေးနေတာ"

ဟုပြောကာ မျက်လုံးချင်းဆုံလိုက်တော့ စောစောက ကြည့်ထား ပြီးပုံရသည့် လက်စွပ်လေးတစ်ကွင်းကိုဆိုင်ရှင် အမျိုးသမီးက ချက် ချင်း ထုတ်ပေး၏။

"တွေ့လား အတော်ပဲ"

သူကပဲ ဂျီဂျီ့လက်ချောင်းသွယ်သွယ်လေးတွေကို ဆွဲဖြန့်၍ ဘယ်ဘက်လက်သူကြွယ်မှာ စွပ်ချပေးသည်။ စိန်တစ်လုံးတည်း မြုပ်ထားပေမယ့် လက်စွပ်လေးက ဒီဇိုင်းဆန်း၍ အတော်လေးလှပါ၏။ စောစောက စပို့ရှပ်ဆိုင်ကနေ ဒီဆိုင်ပြန်ရောက်တော့လည်း မာယာငုံရှိနေပြန်သည့်အဖြစ်ကို ဂျီဂျီစဉ်းစားမရပါ။

သူမနဲ့နေကာ့ကို မြင်ကာမှ ဒီကပြန်စောင့်ဖို့ ကပ်ပြောခဲ့ပြီးမှ သူ့ကို လာဆွဲခေါ်တာလား။ ပြီးတော့ လက်စွပ်ရွေးနေခဲ့ကြတာ တကယ်ပဲ သူမအတွက်လား ခုမှ ချက်ချင်းကြီးသူမအတွက် ဖြစ်မိသွားတာလား

"အတော်ပဲတွေ့လား မာယာ ဇော်သေးတာပေ့ါ ဆိုက်ဆိုက်မြိုက်မြိုက် ဒီမှာလာတွေ့လို့ မဟုတ်ရင် အဲဒီကောင်မလေး သိပ်ချေးများတာ"

ချစ်စနိုးကြည့်၍ ပြောပုံက စောစောက ဘာမှမဖြစ်ခဲ့သလိုပါ။ မာယာငုံကလည်း အတော်ကြီး ကြည့်မရ ဖြစ်နေပုံရှိပေမယ့် နှုတ်ခမ်းချင်းဖိကပ်၍ မေးဖျားတို့သာ လှုပ်ခတ်တွန့်ရွဲ့နေသည်။ ဘာစကားမှ မပြောပါ။

သူမမျက်လုံးတို့က ဂျီဂျီတစ်ကိုယ်လုံးကို စူးစူးရဲရဲကြည့်နေတာ အားနာတတ်ပုံလည်းမရှိ။ ဒါမှမဟုတ် ဂရုစိုက်စရာမလိုသည့် လူတစ်ယောက်လို သဘောထားတာလား။ ဒါမဟုတ်ဘူးဆိုလျှင် သူမကဲ့သို့ ဂျီဂျီကိုယ့်ပေါ်မှာ စိန်လက်စွပ်တွေ ဟန်းချိန်းတွေ ပြိုးပြိုးလက်နေတာ မရှိလို့လား။

"မာယာ နင် ပစ္စည်းကြည့်မလို့လား ငါပြန်နှင့်တော့မယ်"

ကောင်းက နှုတ်ဆက်ပြီး လက်စွပ်ဖိုးပိုက်ဆံချေသည်။ တဆက်တည်း နှုတ်ဆက်၏။ မာယာငုံက ကိုယ်ကို မတ်မတ်ပြန်ရပ်ပြီး ညို့သော ရီးသားသလိုလိုနှင့် နွဲ့ချင်သော မျက်ဝန်းတို့ဖြင့် စိုက်ကြည့်ပြီး

"ကောင်းပါတယ်နော် ဒီက ခေါ်လာတာကို သူက ကိုယ်လိုချင်





တာရွေးပြီးထားခဲ့တယ်ပေါ့"

"ဆောရီးဟာ နင်ကားပါတာပဲ တစ်စီးစီဖြစ်နေတာ ဘာမှမထူးပါဘူး လစ်ပြီ"

ကောင်းက ထပ်လှည့်မကြည့်တော့ဘဲ ဂျီဂျီလက်ကိုဆွဲ၍ ကားဆီတောက်လျှောက်ပြန်ခဲ့၏။ ကားထဲ အတူထိုင်လိုက်ကြသည်နှင့် သူ့မျက်နှာက လင်ပုတ်ဖမ်းသွားသလို တရိပ်ရိပ် ညို့မှောင်သွားကာ ဒေါသတွေထည့်မောင်းသဖြင့် ကားတစ်စီးလုံး ဝေ့ခါနေ၏။

ဂျီဂျီ နှုတ်ခမ်းလေးကို ဖိကိုက်ထားကာ ဖြစ်ချင်သလိုဖြစ် စကားတစ်လုံးမှ မပြောဘဲနေလိုက်ပါ။ မောင်းပါစေ တစ်ခါတည်း ကားချင်းတိုက်သေလည်း အေးသွားတာပေ့ါ။ မှန်ထဲက ဖျတ်ခနဲ လှမ်းကြည့်တော့ ဂျီဂျီမျက်နှာပေါ်က ပေကပ်ကပ်ပုံစံကို ကောင်းမြင်သွား၏။ ကားသည် ကန်ဘောင်ဘေးတစ်နေရာမှာ ဒီးတည်၍ရပ်၏။

"နတ်ပန်းချီ မင်းကဘာလဲ ရှင်လည်း မာယာငုံနဲ့ တွဲနေတာပဲလို့ ပြောမလို့ စကားလုံးတွေ စုဆောင်းနေတာလား ဘာဆင်ခြင်တွေပေးဖို့ အားမွေးနေတာလဲ မရဘူးနော် မင်း ငါ့ကို ဘာမှ ပခုံးချင်းယှဉ်လို့ မရဘူး ငါနဲ့ မာယာငုံက အစီအစဉ်နဲ့ တွေ့ကြတာ မဟုတ်ဘူး အမှတ်တမဲ့ ဆုံကြတာ"

"ဘာ"

ဂျီဂျီက ပွင့်ကန်ထွက်လာသည့်အသံနှင့်အော်သည်။

"ကျုန်မကတော့ ချိန်းပြီးမှ လာတွေ့တာပေ့ါ ရှင် အဲသလို ပြောလိုက်တာလား ရှင် အဲဒီလောကမ်ထိ တစ်ဖက်သတ် စွပ်စွဲရဲတယ်ပေ့ါ"

ကောင်းတွေခနဲဖြစ်သွားသေးသည်။ ဒါပေမဲ့...

"အဲဒါမင်းသိမှာပေ့ါ ငါအရှင်းဆုံးပြောပြီးသား ဘယ်လိုပုံစံနဲ့မှ မတွဲပါနဲ့လို့"

"ဘယ်သူက တွဲနေလို့လဲ အခုရှင်တို့တွေ့ကြတယ်ဆိုတာမျိုး ကျွန်မတို့တွေ့တာ ရှင့်ကျတော့ လူတော်လူကောင်း ကျွန်မကတော့ ဖောက်ပြန်တယ်ပေါ့"

"မင်းကို ဖောက်ပြန်တဲ့အထိ ငါမပြောဘူး ယောကျ်ားနဲ့ မိန်းမမှာ ယောကျ်ားလေးဘက်က ပွင့်လင်းဖို့ အများကြီးအခွင့်အရေးရှိတယ် မင်းရင်ထဲမှာ ဘာရှိတာ ငါမသိပေမယ့် နေကာက မင်းကို ကြိုက်နေတာ မင်းကြိုက်ကြိုက် မကြိုက်ကြိုက် သူကြိုက်နေတာကို ပြောခွင့်ရှိတယ် မျှော်လင့်ပါရစေ ချစ်ပါရစေ သူအများကြီးပြောလို့ရတယ် ဒါတွေကို မင်းမကြားစေချင်တာ မင်းကို သူများစိတ်ကူးယဉ်တာ ငါမခံနိုင်ဘူး"

မျက်လုံးချင်းဆုံမိကြတာ သက်သက်သာသာမဟုတ်ပါ။ ဂျီဂျီက အလွန်မုန်းတီးစွာဖြစ်လျက် ကောင်းသည် အမှန်တရား ငါ့မှာရှိသည် ဆိုသော ရဲရင့်မှုများနှင့်....

"မာယာင့်နဲ့ ငါ ပလာဇာမှာဆုံတာ ဘာဖြစ်လို့ ငါဒီကိုလာတာလဲ သိလား မင်းတို့ မောင်နှမအတွက် အဝတ်အစားဝယ်မလို့ လိုအပ်တာ ဝယ်ခြမ်းပြီး ဒီညနေဆင်းလာမလို့ သူက စေ့စပ်တော့မှာ အဲဒါ လက်စွပ် ဝယ်မလို့ လိုက်ကြည့်ပေးပါဦးဆိုလို့ မကောင်းတတ်လို့ သူ့ဘေးမှာ ငါပါနေပေမယ့် ငါ့စိတ်သူ့ဆီမှာမရှိတာသိအောင် သူလက်စွပ် ရွေးသလို ငါလည်း မင်းအတွက် ရွေးနေတာ။ ဒီမှာ ဂျီဂျီ မာယာင့် သူ့ရင်ထဲမှာ ငါကချစ်ရေးဆိုမှ သူခေါင်းညိတ်လို့ရမှာ ငါ့ကို မယှဉ်နဲ့ဆိုတာ အဲဒါပဲ မာယာင့်ကို ငါက ဘယ်တော့မှ ချစ်ရေးဆိုမှာမဟုတ်ဘူး အဲဒီအတွက် ငါ့ရင်ထဲမှာ လုံးဝသန့်ရှင်းတယ် မင်းမှာသာ အဲဒီကောင်နဲ့ တွေ့တိုင်း တွေးပြဆွေးပြနေတာတွေကို သနားရ တွေဝေရနဲ့"

"ဟုတ်တယ် တွေဝေနေတယ် သနားနေတယ် အဲဒါဘာဖြစ်လဲ သူက ကျွန်မအတွက် အစဉ်းစားသင့်ဆုံးလူပဲ သူနဲ့ ကျွန်မကြားမှာ





ပတ်သက်ခဲ့တာ ခိုင်မြဲတဲ့ သံယောဇဉ် ငွေကြေးနဲ့ အပေးအယူ အလဲ အလှယ်ဘာမှမရှိဘူး"

မျက်နှာကို စေ့စေ့ကြည့်၍ ပြောနေသဖြင့် ကောင်းမျက်နှာနီရဲသွားတာကို ဂျီဂျီမြင်နေရသည်။

"ဟုတ်တယ် အဲဒါမှန်တာပဲ ငါ့မှာ အချစ်မရှိဘူး မိန်းမတစ်ယောက်ကို ချစ်ဖို့ရှိတယ်ဆိုတာမျိုးလည်း ငါစိတ်မဝင်စားဘူး ဒါပေမဲ့ မိဘပေးစားတာကို ဖြူဖြူမည်းမည်းယူဖို့ကတော့ ဆောရီးပဲ အချစ်ဆိုတာ အချိန်တန်ရင် ရင်ဘတ်ထဲရောက်လာမှာပဲလို့ ငါကယုံကြည်ထားတာ တမင်တကာ မိန်းမတစ်ယောက်ကို လိုက်ကြည့်ပိုးပန်းဖို့ ဝါသနာမပါတာ"

ဆက်ဆံပြောဆိုပုံက တင်စီးလွန်းသည်။ စကားလုံးတို့သည် ကျောက်စကျောက်နတွေကို မျက်စိမှိတ်လွှဲပစ်လိုက်သလို ဘယ်သူ မှန်မှန် ဘယ်ကိုထိထိ။

ကောင်းကတော့ ဂျီဂျီသူ့ကိုကြည့်၍ ဘယ်လောက်မခံချင် ဒေါသတွေ ပွားနေသလဲ ဘာမှဂရုစိုက်လေ သူမကို မကြည့်ဘဲ ကူရှင်မှာ ခါးမတ်မတ် တမင်မှီ၍ စတီယာရင်ပေါ်မှာ လက်တို့ကို ဆန့်တင်ကာ

"မင်းကိုလည်း ငါက ချစ်လို့လက်ထပ်ခဲ့တာမှ မဟုတ်ဘဲ ဒါပေမဲ့ အခု ဘယ်သူ့ကိုမှ မပေးနိုင်ဘူး စေ့စေ့စပ်စပ်စောင်းကြည့်တာတောင် မကြိုက်ဘူး"

သူက မျက်နှာတင်းလှည့်လာပြီး ဂျီဂျီ့ကို စိုက်ကြည့်၍...

"မင်းကို ငါက ချစ်တယ်လို့ အခုပြောရင် မင်းယုံမှာလား"

"သေပြတာတောင် မယုံဘူး"

"ပြောဖို့လည်း စိတ်ကူးမရှိဘူး ငါ့ကိုယ်ငါမှ မသေချာတာ မင်းကို ပြောဖို့ လုံးဝမစဉ်းစားဘူး။ ဒါပေမဲ့ ငါပိုင်ဆိုင်ထားခဲ့တဲ့ မိန်းကလေး တစ်ယောက်အဖြစ် ငါသဝန်တိုတယ် မင်းက သိပ်လှတော့ စိတ်ဝင်စားတယ် မင်းကို ငါရင်ခုန်တာတော့ တကယ်ပါ"

ဂျီဂျီက မျက်နှာလွှဲပစ်လိုက်၏။ မြန်မာပြည်မှာ ဒီထက်တင်စီးပိုင်စိုးသော ရည်းစားစကားပြောနည်း ရှိသေးရဲ့လား၊ မာနကြောင့် ရင်ထဲမှာ တဆစ်ဆစ် နာကျင်လာသည်။

ကန်ဘောင်ကာဆီးနေသဖြင့် တစ်ဝက်လောက်ပဲမြင်နေရသော ရေပြင်ဆီကို အကြည့်ပို့ထားရင်း ငြိမ်သက်နေသည့် ကန်ရေပြင်ကို အားကျမိသည်။

သူမရင်ထဲမှာတော့ မီးတွေတောက်နေသည်။ လှိုင်းထန်နေသည်။ မီးမုန်တိုင်းက နှလုံးသားထဲမှဖြစ်ကာ ရေလှိုင်းလိုရင်ဘတ်အစုံကို ဘယ်လိုမှ ဟန်ဆောင်ချုပ်တည်းထားလို့ မရ။

"ဂျီဂျီ"

သူမလှည့်မကြည့်ဘဲ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားမိ၏။

"မင်း သိပ်စိတ်ဆိုးနေသလား ကိုယ်စကားပြောတာ ရိုင်းစိုင်းရင့်သီးနေတာတွေပါချင်ပါမယ် တကယ်က ဒါအမှန်တရားတွေပဲ မိန်းမနဲ့ ယောကျ်ားနီးစပ်မှုဖြစ်တိုင်း ရင်ခုန်သံမြန်တတ်တာ မဟုတ်ဘူးလို့ ကိုယ်ယုံတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကြောင်းများစွာနဲ့ပဲ ကိုယ်မိန်းကလေးတစ်ချို့နဲ့ ထိတွေ့ရင်းနှီးဖူးခဲ့တယ် မင်းနဲ့ကျမှ ကိုယ်ပထမဆုံး ရင်ခုန်ဖူးတာ။ ဒါပေမဲ့ ရင်ခုန်သံမြန်လာတာနဲ့ပဲ အချစ်လို့ ကိုယ်မသတ်မှတ်ချင်ဘူး။ ဒီထက်ခိုင်မာချင်တယ် ဒါထက်ပိုသေချာချင်တယ် မင်းကို ကိုယ်ရင်ခုန်တာ ဘာဖြစ်လို့လဲဆိုတာသိဖို့ ကိုယ်ကြိုးစားနေတာ ဘာဖြစ်လို့လဲ သိလား"

"မသိချင်ဘူး ကျွန်မပြန်မယ် ရှင်မပို့ပေးရင် အခုဆင်းမယ်"

ဂျီဂျီက ဇွတ်တရွတ်...

သို့သော် ကောင်းက ပိုမြန်သည်။ ကားတံခါးကို ချက်ချင်းလော့ခ်ချပစ်လိုက်၏။ ပခုံးနှစ်ဖက်ထိခတ်မိသွားစဉ်မှာ ဂျီဂျီလက်မောင်းလေးကို ဆွဲ၍ ရင်ခွင်ထဲသွင်းထားလိုက်ကာ...





"ချစ်တာတွေ ကရုဏာတွေ သိပ်စိတ်ကူးယဉ်မနေနဲ့ ဂျီဂျီ ကိုယ်ပြောတတ်သလိုပြောတာ မင်းနားဝင်မချိုလည်း မတတ်နိုင်ဘူး။ ဒါပေမဲ့ မင်းကို ကိုယ်စွန့်လွှတ်ပေးလိုက်မှာ မဟုတ်ဘူး။ အဲဒါကတော့ ခုကတည်းက သေချာတယ် ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဘယ်ရောက်နေနေ မင်းဆီကို စိတ် ခဏ ခဏ ရောက်နေလို့ မင်းကိုယ့်ဆီက အပြီးအပိုင် နှုတ်ထွက်သွားလို့မရတော့ဘူး။ အဲဒီတော့ မင်းစဉ်းစားဖို့ အချိန်ပေးမယ် ဟန်ဆောင်လက်ထပ်ပါတယ်ဆိုတဲ့ စာချုပ်ကို ဖျက်ဆီးပစ်မယ် တရားဝင်လက်ထပ်ခဲ့တဲ့ စာချုပ်အတိုင်း မင်းကို ကိုယ်ပိုင်မယ် မင်းခေါင်းညိတ်တဲ့နေ့"

"မညိတ်ဘူး ဘယ်တော့မှ မညိတ်ဘူး ရှင့်ကိုမုန်းတယ်သိလား ရှင့်လိုလူကို ဘယ်မိန်းမတွေက မက်မောနေသလဲ အဲဒီအထဲမှာ ကျွန်မ မပါဘူး။ ကျွန်မလိုချင်တာ မေမေမက်မောခဲ့တဲ့ တိုက်တစ်လုံးပဲ"

"အားလုံးမင်းရမှာ ကိုပဲ့ကိုကော ကိုယ်ပိုင်သမျှ အားလုံးကော"

"ဘာလုပ်ရမှာလဲ ရှင်က လူကို အဲဒါတွေနဲ့ ပစ်ပေါက်သိမ်းပိုက်လို့ရမယ်လို့ အပိုင်တွက်ထားတာလား ဒီမှာ အမွေတွေမပြောနဲ့ ဟောဒီလက်စွပ်တစ်ကွင်းကိုတောင် မယူဘူး ရော့ ကျွန်မကိုအခုချပေး ရှင်နဲ့ကျွန်မ ဘာမှ မဆိုင်တော့ဘူး"

ဂျီဂျီက သူ့ရင်ဘတ်ကို လက်ပြန်ထုနက်ရင်း လက်စွပ်ကို ချွတ်သည်။ ကောင်းသည် လက်စွပ်ချွတ်နေသည့် ဂျီဂျီလက်ကလေး နှစ်ဖက်လုံးကို သူ့လက်တစ်ဖက်တည်းနှင့် ဖိဆုပ်ပစ်လိုက်ကာ တစ်ဖက်ကနေ သိမ်းဖက်ပစ်လိုက်သည်။ ပြီးတော့ သူ့မျက်နှာသည် ဖားလျားဖြန့်ချထားသည့် ဆံနွယ်များကြားမှာ တိုးတိုက်နွေးထွေးစွာ ဖိကပ်နမ်းရင်း...

"မလိုချင်တဲ့သူကိုမှ ပေးချင်တာ မင်းမလိုချင်လည်း မရဘူး"

ဘာကိုလဲ လူကိုလား ပစ္စည်းလား လောလောဆယ်တော့ ကောင်း ဖွတ်တရွတ် နမ်းနေသမျှ ဂျိဂျိတိမ်းရှောင်ရင်း မောပဲကိုက်လာခဲ့၏။

မျက်ရည်တို့သည် ခံပြင်းမုန်းတီးစွာကျတာပေမယ့် သူ့ကိုအနှံ့ ပေးသလို ဖြစ်ခဲ့လေသည်။ မချစ်ဘဲ နမ်းတတ်တဲ့ယောကျ်ား မချင်ဘူး လို့ ပြောရဲပြီး နမ်းလည်းနမ်းရဲသည်။ သူမ ဘာကိုကြေကွဲနေခဲ့ပါသလဲ။

မချစ်ဘူးဆိုတာကိုလား ဒါဆို သူမဟာ ကောင်းထံမှ အချစ်ကို မျှော်လင့်နေခဲ့မိသလား သို့ဆိုလျှင်....

★ ★ ★ ★ ★





အခန်း (၂၈)

ဖုန်းကိုင်လိုက်တုန်းက ပေါ့ပေါ့ပါးပါးနဲ့ပါ။ တစ်ဖက်က စကားလုံးတွေ တိုးသက်စွာ စီးမျောလာခဲ့တော့မှ...

"ဘယ်လိုကွယ့်"

"ဟုတ်ပါတယ် ကျွန်မကသာ မယားကြီးပါ ဦးသိန်းမင်းက ကျွန်မလက်ထဲကနေ ပန်းနွယ်ဆိုတဲ့ အမျိုးသမီးနဲ့ ဖောက်ပြန်ခဲ့တာပါ ပန်းနွယ်က နတ်ပန်းချီရဲ့အမေပဲ"

ဘုရား...ဘုရား

ဒေါ်ရတီ မျက်လုံးထဲမှာ မိုက်ခနဲဖြစ်သွား၏။ မျက်မှန်ကို သတိတရ စားပွဲပေါ်မှာ လိုက်စမ်းတော့မတွေ့။ အမြင်အားလုံး ရုတ်တရက် မှောင်ကျသွား၏။ ဒါပေမဲ့ မျက်နှာကို ပြန်ကိုင်ကြည့်လိုက်မှ မျက်မှန်က တပ်ထားသည်မို့....

"ဟင် မင်းပြောနေတာတွေက တကယ်လား ဒါ..ဒါ ကလေးကစားစရာမဟုတ်ဘူး"

"ကျွန်မက ကလေးမှမဟုတ်ဘဲ သေရတော့မယ့်လူပါ အဲဒီသောကတွေ နှစ်ပေါင်းများစွာ ဖိစီးပြီးသေရတော့မှာ နတ်ပန်းချီဆိုတဲ့ သားအမိဟာ လုံးဝကို ကိုယ်ကျင့်တရားမကောင်းခဲ့ပါဘူး အငယ်ဆုံးကောင်လေး လေထန်ဆိုတာ ကျွန်မယောကျ်ားရဲ့ကလေးပါ။ ကျွန်မက ကလေး

မရနိုင်တော့ အခု သူက သူ့ကလေးကို ပြန်ခေါ်ဖို့ စကားစလာတယ် ကျွန်မ ခွင့်မပြုနိုင်ဘူး။ အဲဒီမိန်းကလေးဟာ တကယ်တော့ ကောင်းကင်ရောင်နဲ့ ဘာမှမဆိုင်ဘူး သူတို့ ဟန်ဆောင်လက်ထပ်ထားကြတာ"

"ဖြစ်ရလေခြင်း"

ရင်တွေတလှပ်လှပ် တုန်လာခဲ့၏။ ဖုန်းကိုင်ထားလျက်နှင့် ပြုတ်ကျတော့မလိုလို လက်ထဲမှာ မမြဲဘူးထင်ကာ တအားဖိဆုပ်ထားမိ၏။ ထို့နောက် လက်တို့က တုန်ယင်လာခဲ့သည်။

"ဒေါ်ရတီတို့လို မျိုးရိုးအဆင့်အတန်းနဲ့ ဒီမိန်းကလေးမျိုးကို လက်ခံခဲ့တာ ကျွန်မတကယ်အံ့သြခဲ့မိတယ် ကောင်းကင်ရောင်ကလည်း ဒီတိုက်နဲ့ မြေကို ဝယ်လိုက်ပြီးမှ လူကို လက်ထပ်ရဲသေးတာ ထပ်ပြီး အံ့သြမိပါတယ် အဲဒါ ဒေါ်ရတီ တားဆီးသင့်ပါတယ်ရှင်။ ဒါမှ မဟုတ်ရင် ကိုသိန်းက အခု နတ်ပန်းချီလက်ထဲက ကလေးကို ပြန်တောင်းဖို့ လုပ်နေတဲ့ကိစ္စဟာ ဒေါ်ရတီ့လက်ထဲမှာ တစ်မျိုးလုံးရေစုန်မျောကြမှာပဲ အမေနဲ့လိုလို သမီးနဲ့လိုလို ကိုသိန်းက ခြေလှမ်းကျဲတော့မှာ ကလေးကို အကြောင်းပြုပြီး အစ်မကိုပါ စိတ်ကူးတယ်ထင်တယ် နတ်ပန်းချီ ဟာ ကောင်းကင်ရောင်နဲ့ မတန်တဲ့ မိန်းကလေးပါ"

"မိန်းကလေး မင်း..မင်း တော်ပါတော့ ..တော်..ပါ..တော့"

ဖုန်းက ခုမှ တကယ်လွတ်ကျသွားတာပါ။

"မမကြီး"

အထုပ်အပိုးတွေနှင့် ဝင်လာသော ဦးကြာပန်းအထုပ်တွေကို ပစ်ချထားခဲ့ပြီး ပြေးလာ၏။ ဒေါ်ရတီသည် ဆိုဖာထက်မှာ ခွေခေါက် ပုံကျလျက်ရှိ၏။ တန်းလန်းကျနေသည့် ဖုန်းကို နားမလည်သော်လည်း စဉ်းစားချိန်မရဘဲ ကောင်းဆီဖုန်းလှမ်းဆက်ရ၏။ ပြီးတော့ ဖုန်းကို ပြန်ချထားကာ...





"ဂျိဂျိ...ဂျိဂျိ ဘယ်မှာလဲ"

သူ တုန်တုန်ယင်ယင် လှမ်းခေါ်တော့ မီးဖိုခန်းဘက်ကနေ ဂျိဂျိ ထွက်လာသည်။

"ဟင် ဘွား..ဘွား ဘာဖြစ်တာလဲ"

ကိုင်လာသည့် စွပ်ပြုတ်ရည်ပန်းကန်ကို နီးစပ်ရာမှာ လှမ်းတင်၍ ကမန်းကတန်း ပြေးပွေ့၏။ မနက်ဖြန်ဆိုသော သူမ၏ ကံကြမ္မာကို တကယ်မသိခဲ့ပါ။

★ ★ ★ ★ ★

## အခန်း (၂၉)

ဆရာဝန်ပြန်တော့ ဦးကြာပန်းလိုက်ပို့သည်။ ဦးကြာပန်းပြန်ဝင်လာတော့ ဂျီဂျီက ဒေါ်ရတီ့ဘေးမှာခုံပုကလေးနဲ့ ထိုင်နေရာကနေ ကမန်းကတန်း ထ၍မေး၏။

"ဦးကြာ ဘာတဲ့လဲဟင်"

ဦးကြာပန်းက စိတ်ရှုပ်ထွေးသည့် မျက်နှာနှင့် ခေါင်းညိတ်ပြကာ

"စိုးရိမ်စရာမရှိဘူးလို့တော့ ပြောတာပဲ လူနာကို စိတ်ချမ်းသာအောင် ထားပါတဲ့ မမကြီးကို ကုနေကျ ဖန်မလီဒေါက်တာက ကောင်းလာမှပါလာမှာ ကုနေကျမဟုတ်တော့ လူနာနဲ့ ဆရာက အံဝင်ခွင်ကျဖြစ်ချင်မှ ဖြစ်မှာ"

ဆရာဝန်က မှော်ဘီကဖြစ်သည်။ ကောင်းလာတဲ့အထိ ထိုင်စောင့်နေဖို့ စိတ်မချသောကြောင့် ဦးကြာပန်းကိုယ်တိုင် သွားပင့်ခဲ့ခြင်း ဖြစ်၏

"ဦးကြာက ဆရာဝန်ပြောသွားတာကို ဘဝင်မကျလို့လားဟင် ဘွားက စိုးရိမ်စရာ ရှိနေလို့လား"

ဂျီဂျီအသံလေးက တုန်နေရှာသည်။ ကိုယ့်အိမ်မှာမို့ ပိုပြီး စိုးရိမ်သည်။ တကယ့်အကောင်းကြီးကနေ အထဲခဏဝင်လိုက်တုန်း ဘာဖြစ်သွားမှန်းမသိ ဦးကြာပန်းခေါ်လို့ သူမထွက်လာတော့ ဘွားက သတိလစ်နေပြီ။





"ဖုန်းဆက်ရင်းဖြစ်တာ ဘယ်သူဆက်လိုက်လို့ ဘာပြောသလဲ မသိဘူး"

ဆိုတော့ ဂျီဂျီပို၍ ရင်ခုန်သံမြန်လာသည်။ ကိုယ်နဲ့ပတ်သက်တာ တစ်စုံတစ်ရာ မဖြစ်ပါစေနဲ့ဟု ဆုတောင်းရင်း ချွေးများပင် ပြန်လာခဲ့သည်။

ဒေါ်ရတီ့ကို ဆေးတိုက်ဖို့ သတိရလာရင် စားဖို့သောက်ဖို့ အားလုံးအဆင်သင့်ဖြစ်အောင် မီးဖိုချောင်ထဲဝင်လိုက် ပြန်လာကြည့်လိုက်နှင့် ဂျီဂျီလည်း မနားရပေ။ ဦးကြာပန်းလည်း ကောင်းကို ထွက်မျှော်ရင်း ဒေါ်ရတီ သတိမရသေးသမျှ မျက်စိမျက်နှာပျက်နေတော့သည်။ ဂျီဂျီကတော့ အချိန်တွေရွေ့လျားလာခဲ့လေ ရင်ပူလေပဲ။

"မမ မောင်လေးတို့နဲ့ လာဆော့လေ"

"ရှူး"

လှေကားအောက်ကနေ ပြေးတက်လာရင်း ရေဆန်ကပြောတော့ လက်ညှိုးလေးထောင်၍ ဂျီဂျီ လှေကားနှစ်ထစ်ခန့် ပြေးဆင်းလိုက်မိသည်။ ပြီးမှ လှေကားထစ်ပေါ်မှာပဲဒူတ်တုတ်ထိုင်လိုက်ကာ ခြေလှမ်းလေးတုံ့၍ ခပ်ဖြည်းဖြည်းတက်လာသည့် ရေဆန်ပုခုံးလေးကို ဆုပ်ကိုင်လိုက်ပြီး...

"ဘွားဘွားကြီး နေမကောင်းဖြစ်နေတယ် အပေါ်ထပ်ကို မလာရဘူးနော်"

"ဟုတ်"

ရေဆန်မျက်နှာလေးမှာ နားလည်သည့် အသွင်မရှိသော်လည်း ဘာမှထပ်မမေးဘဲ ခေါင်းညိတ်ပြရှာသည်။

"အန်တီလင်းကော"

"ညီညီ ငိုလို့ နောက်ဖေးမှာ ချော့နေတယ်"

"အေး မောင်လေးက ကူချော့လေ ဒါမှမဟုတ်ရင် ကကြီးကနေ င အထိ ဆယ်မျက်နှာတိတိရေးထား၊ လှလှလေးနော် အပေါ်ကို တက်မလာနဲ့တော့"

"ဟုတ်ကဲ့ မမက မောင်လေးတို့ဆီ ဆင်းလာမှာလား"

"အင်းပေါ့ လာမှာပေါ့"

"မမ ကိုကိုကြီး ဒီနေ့ပြန်မလာဘူးလားဟင်"

"ပြန်လာမှာ ဘွားဘွားနေမကောင်းလို့ ဆရာဝန်ခေါ်လာပြီး ခုပဲ ရောက်မှာ သူလာရင်လည်း အနားမကပ်နဲ့နော် ဘွားဘွားနေမကောင်း နေတော့ သူစိတ်တိုနေမှာ"

ရေဆန်တို့နေးနေးလေး ပြန်ဆင်းသွားတာကိုကြည့်၍ စိတ်ထဲမှာ မကောင်းနိုင်။ တကယ်ဆို ကိုယ့်ဘဝ ကိုယ့်အခြေအနေကြောင့် ဒီခြံ ဒီမြေကို ပြန်ရဖို့အတွက်နဲ့ လှုပ်ရှားရ သွားလာရနှင့် မောင်ငယ်တွေ အပေါ် နွေးနွေးထွေးထွေး ပြုစုစောင့်ရှောက်ခဲ့ရတယ်လည်း သိပ်မရှိပေ။

ကလေးတွေခမျာ မမလင်းလက်ပေါ်မှာပဲရှိနေသည်။ သူမက တော့ သွားတာစားတာထိုင်တာ ထတာကအစ ကိုယ့်စိတ်ကိုယ့်သ ဘော မဟုတ်ဘဲ ကောင်းအတွက်သာ....

ကောင်းအိမ်မှာရှိနေလျှင် ကလေးတွေ လွတ်လွတ်လပ်လပ်မနေ ရ၊ ဘွားရှိနေတော့ ပိုဆိုးသည်။ ဘွားက မောင်ငယ်တွေကို ခေါ်ခိုင်း လိုက်၊ သူ့ဆရာမက အပြင်ထွက်ခွင့်မပေးလို့၊ သူ့ဆရာမနဲ့ ဘယ်ပါ သွားလို့ အငယ်ကတော့ ခရီးသွားနေသည် အကြီးက ဘာညာ အဆင် ပြေသလို ပြောဆိုထားရသည်။

အကြီးကောင်တွေကို မမြင်ရသည့်အဖြစ်အား ဘွားယုံသလား မယုံဘူးလားတော့ မသိပါ။ အလွန်မာနကြီးသော ဘွား၏မျက်ဝန်းများ က ရေဆန်တို့ ညီအစ်ကိုကို မလင်း၏ ကလေးတွေဟု မြင်ထားသည်





မို့ မျက်စိရှုပ်နေပုံပေါ်သည်။

သူမရှေ့ကို ဖြတ်ပြေးဖြတ်ဆော့တာမကြိုက်။ ထို့ကြောင့် မောင်ငယ်လေးတွေအကြောင်း အမှန်အတိုင်းပြောပြလိုက်ဖို့ စိတ်ကူးက အကောင်အထည် မဖော်နိုင်ဘဲဖြစ်နေခဲ့၏။

ကောင်းကိုတိုင်ပင်တော့ ပြောလိုက်ပေါ့ ဟု လွယ်လွယ်လေး ပြောသည်။ ညာထားခဲ့တာက အကြောင်းပြတွေ များလွန်းကာ အခြေ နဲ့ အမြစ်နဲ့ ဖြစ်နေပြီမို့ ဘယ်လိုမှ မရှင်းတတ်တော့ပါ။

သို့ဖြစ်သောကြောင့် အကြီးကောင်လေးကပဲ အစ်မအိမ်ထောင် ပြုတာကို မကျေနပ်လို့မလာသလိုလို ဘာလိုလို အမုန်းခံ၍ ပြောလိုက် ရတော့သည်။

"ဖြစ်ရလေကွယ် ကလေကချေနဲ့ ညာတာမှ မဟုတ်ဘဲ"

ဒီစကားအတွက် ဘွားမကျေနပ်နိုင်ဘူးဆိုတာကိုသိသည်။ ဒါပေမဲ့ ရှိပါစေတော့ သူနဲ့ကိုယ်စာချုပ်ပြီးသွားတာနဲ့ ဒီကလေးတွေ ကိစ္စက ပြီးသွားမှာပဲဟုထားခဲ့၏။ ဒီကြားထဲ ကောင်းကတော့ ဘာမှဖြူသည် မည်းသည်မပြောဘဲ ကလေးကိုတောင် ဂရုတစိုက်ရှိလာသေးသည်။

အဝတ်အစားကအစ ကစားစရာဝယ်လာပေးတဲ့အထိ ပြုံးပြုံး ရယ်ရယ် နှုတ်ဆက်ဖော်ရ၏။ ရေဆန်ကလည်း ကောင်းမျက်နှာ ကြည့် နေတာမြင်လျှင် လက်ဆွဲပူဆာတတ်နေပြီ။ ဒီလိုနဲ့ပဲ အခက်အခဲတွေ ပြေသွားမှာပါဟု ဖြေသာနေခဲ့တာ မကြာသေးပါ။

ဖုန်းမြည်သံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် လှေကားထစ်ပေါ်က နေ ထရပ်လိုက်မိ၏။ အခန်းထဲမှာ ဦးကြာရှိနေတာမို့ အေးအေးဆေး ဆေးပဲ နောက်ပြန်လှည့်လိုက်စဉ်....

"သမီး ညည်းနဲ့ပြောမယ်တဲ့"

"ဟုတ်ကဲ့"

ဦးကြာပန်း အခန်းပြင်ထွက်ပြီး သူမကို ရှာပုံပေါ်၏။ ဘယ်သူဆီက ဖုန်းလဲဟု မေးဖို့စိတ်ကူးပြီးမှ မမေးဖြစ်ဘဲ ခေါင်းညိတ်လိုက်မိ၏။ သူမထံကို ဖုန်းဆက်မည့်သူ မရှိပါ။

ကောင်းဆီက မဟုတ်၍သာ ဦးကြာမပြောတာပဲဟု တွေးမိလိုက်တော့ နေကာ့ကို သတိရသွားသည်။ အထဲပြန်မဝင်ဘဲ သူမစကားပြောဖို့ ရှောင်ပေးပုံရသော ဦးကြာပန်း၏ ကျောပြင်ကို ထိတ်ခနဲဖြစ်၍ ပြန်ကြည့်လိုက်မိသည်။

ရှယ်တူယောက်ျားလေးသံကြားလိုက်လို့များ ဦးကြာရှောင်သွားတာလား။ စိတ်က ဂယောက်ဂယက်နှင့် ဖုန်းကိုကောက်ကိုင်လိုက်မိလျှင်....

"ဟဲလို"

"နတ်ပန်းချီ..သမီး..အန်ကယ်ပါ"

"ရှင်...ဘယ်သူ"

"ဦးသိန်းမင်း"

"ဘာ"

ဒေါသက မီးရှူးတစ်စေလို ရှူးခနဲဆောင့်တက်၏။

"သမီး..သမီးနေဦး ခုနက ဆေးရုံကနေ ကေသီဖုန်းဆက်တယ်လို့ ပြောလို့ သမီးဆီကို သူဆက်တာလား"

"မဆက်ဘူး"

ဖုန်းထဲမှ ခဏတိတ်သွားကာ....

"မဟုတ်ဘူး သူဆက်လိုက်တယ် သမီးအိမ်က တစ်ယောက်ယောက်နဲ့ တွေ့သွားသလားမသိဘူး သူဘာတွေပြောလိုက်သလဲ သူဘာပြောပြော အန်ကယ်တောင်းပန်ပါတယ်ကွယ် အန်ကယ်က သမီးကို တိုက်ရိုက်ဆွေးနွေးဖို့ပါ သမီးနဲ့တွေ့ဖို့ ဝန်လေးနေလို့"

နတ်ပန်းချီ..ညည်း..ညည်းသွားပြီ...





ဖုန်းသည် နားမှကွာကျလျက် တဖြည်းဖြည်းတွဲလွဲဖြစ်သွားသည့်လက်ထဲမှာ လျော့ရိလျော့ရဲ ပါသွားခဲ့၏။

"ဖုန်းဆက်ရင်းဖြစ်တာ ဘယ်သူဆက်လို့ ဘာပြောလိုက်လဲ မသိဘူး"

ဦးကြာပန်း၏ စကားတို့က နားထဲမှာ မိုးကြိုးပစ်ခွင်းသွားသည့်နှယ်။ ဒေါ်ကေသီကျော် သူမ ယုတ်မာလိုက်ပါပြီ။ ဘွားကို ဘာတွေပြောလိုက်ပြီကို မေးဖို့မလိုတော့ပါ။ ဘယ်လိုအပြုံးနဲ့ နှိပ်စက်တာလဲ။

ရှင့်အပေါ် ကျွန်မတို့ မောင်နှမက ဘာတွေအနှောင့်အယှက် ပြုခဲ့မိလို့ ယုတ်မာရတာလဲ။ သွားသေလိုက်ပေတော့ ဂျီဂျီ ဘွားသတိရလာတာကို စောင့်မနေနဲ့ သွားသေလိုက်တော့..

ပါးပြင်ထက်သို့ မျက်ရည်စက်နှစ်စက်က ဣန္ဒြေကြီးစွာ လိမ့်ဆင်းလာ၏။ အပြစ်ရှိသမျှ ကျေပါစေ။

★ ★ ★ ★ ★

## အခန်း (၃၀)

လူတွေအစုံရှိနေလျက်နှင့် တစ်ခန်းလုံးအပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ခြင်းက ကြီးစိုးနေခဲ့၏။

ဒေါ်ရတီ သတိရနေပါပြီ ဒါပေမဲ့ စကားတစ်လုံးမှ မဆိုဘဲ ဘေးမှာ ရှိသမျှလူတွေကို ဝေ့ကြည့်ပြီး မျက်ဝန်းတို့က မျက်နှာကြက်သို့ ပြန်ရောက်၏။ မျက်ဝန်းတွေကို မျက်တောင်ခတ်ခြင်းအလုပ်တစ်ခုမှ လွဲ၍ နောက်ထပ်ဘယ်ကိုမှ ရွေ့လျားစေခြင်းမပြုတော့ဘဲ ငြိမ်သက်သွားခဲ့သည်။

ဦးကြာပန်းလည်း အခြေအနေကို အကဲခတ်ကာ တစ်စုံတစ်ခု ဆိုတာကို သိသည်။ သူမသိရသေးပေမယ့် ဘာမှမမေးဘဲ ရင့်နှုတ်ပိတ်နေခဲ့၏။

ဂျီဂျီသည် ဘွား၏ လက်ဝဲဘက်လက်မောင်းနားမှာ ကပ်ထိုင်နေသော်လည်း ဘွားကို ငေးကြည့်နေခြင်းမှလွဲ၍ စကားမစဘဲ နေသည်။ ဆရာဝန် ပြန်သွားပြီးမှ သူပြန်ဝင်လာသည်အထိ ဒီတိုင်းကြီးနေကြသော အားလုံးကို ကောင်းက အခန်းဝမှ ရပ်ကြည့်၍ မျက်မှောင်ကုတ်သွားသည်။

"ဘွား"

တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက်သူဟာ သူပဲဖြစ်၏။ ဒေါ်ရတီ





ားကို လျှောက်သွားကာ တစ်ဖက်ကနေ ခုတင်မှာတင်ပါးလွှဲ ဝင်ထိုင်၏။ အလုပ်ထဲကနေ ဘွားသတိလစ်သွားတာကို ဖုန်းရပြီး သူ စိုးရိမ်လွန်းလို့ ပြေးလာခဲ့ရတာဖြစ်သည်။

ပြေးကြည့်မှ တွယ်တာစရာဆိုလို့ ဒီမြေးဘွားနှစ်ယောက်ပဲ ရှိတော့တာပါ။ ဘွားက သူ့အတွက် ဘာမဆို အလျှော့ပေးလိုက်လျှော့ခဲ့သလို ဘွားကိုလည်း သူချစ်သည်။ စိတ်ချမ်းသာစေချင်သည်။

ခုတလော ဘွားစိတ်ချမ်းသာ ကိုယ်ကျန်းမာဖြစ်နေတာကိုပဲ သူကျေနပ်လို့မဆုံး ဖြစ်နေခဲ့ရတာ။ ဆရာဝန်ကပြောတော့ ရုတ်တရက် ရှော့ခ်ရသွားတာဟုပြော၏။ ဒါကို သူသိချင်သည်။

ရောက်လာကတည်းက ဂျီဂျီကလည်း မျက်နှာမကောင်း။ ငိုနေခဲ့သည်လား ငိုချင်တာကို ထိန်းချုပ်ထားတာလား မသိ။ ဦးကြာကလည်း ဘာမေးမေးပြောမှာ မဟုတ်သည့်မျက်နှာနှင့် နေနေသည်။ ဘာဖြစ်ကြမှန်း မသိတာက ဘွား သတိရနေတဲ့အထိ ဘွားကစပြီး စကားတစ်ခွန်းတစ်လေမျှ မဟသောအခါ...

"ဘွား ဘယ်လိုဖြစ်သွားတာလဲ နေကောင်းရဲ့လားဟင်"

သူပဲ စမေးလိုက်မိ၏။ ထိုအခါကျမှ....

"ဘွား..ဘွား အပြောရခက်နေတယ်မို့လားဟင် ဘွားမပြောပါနဲ့ ဂျီဂျီပြောပါ့မယ် ဂျီဂျီလုပ်ခဲ့သမျှ ဂျီဂျီ့ဘာသာရှင်းမှာပါ"

"ဟင်"

ကောင်း လှည့်ကြည့်လိုက်တော့ ဂျီဂျီမျက်ဝန်းမှာ မျက်ရည်တွေပြည့်သိပ်လျက် ပြိုဆင်းလုလု လှုပ်လီလှုပ်လဲ့ ဖေးတင်နေကြ၏။ ဘွားကလည်း ဂျီဂျီဘာပြောမယ်မှန်းသိနေပုံနှင့် တုပ်တုပ်မှမလှုပ်ဘဲ ငေးမောနေမြဲဖြစ်သည်။

ဦးကြာပန်းက မျက်လွှာချထားကာ နားစွင့်နေတာလား မကြား

လိုတဲ့ ပုံမျိုးလား။ သူဂျီဂျီထဲ့သို့ မျက်လုံးပြန်ရောက်သောအခါ ဂျီဂျီသည် သူ့ကို တစ်ချက်မှ ဝေ့ကြည့်ဖော်မရဘဲ....

"ရေဆန်နဲ့ လေထန်က ဂျီဂျီမောင်လေးတွေပါ သူတို့ကို မောင်တွေ မဟုတ်ဘူးလို့ ညာခဲ့တာကတော့ ဂျီဂျီ အထူးတလည်ဖုံးဖိခဲ့တာ မဟုတ်ဘူး အခြေအနေအရ ပြောမိသွားတာပါ မောင်လေး မောင်လေး လေထန်က..."

ထိုစကားအရောက်မှာ ဂျီဂျီမျက်တောင်ခတ်၍မျက်လွှာချလိုက်လျှင် မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက်ပြေးဆင်းသွားကြ၏။

"ဘွားကိုပြောတဲ့သူက မလိုစိတ်နဲ့ ပိုပိုသာသာ မကောင်းပြောသွားတာပါ ဘွားရယ် တကယ့်အဖြစ်ကို သိပ်ကို ရင်နာစရာ ကောင်းပါတယ် ဂျီဂျီတို့အမေဟာ လော်လီဖောက်ပြန်ခဲ့တာ မဟုတ်ဘဲ လိမ်ညာ ယုတ်မာခံခဲ့ရတာပါ။ ဘွားကို ယုံပါလို့ ဂျီဂျီ မပြောရဲပါဘူး။ ဒါပေမဲ့ မောင်လေးနှစ်ယောက်လုံးကို ဂျီဂျီ သိပ်ချစ်ပါတယ် မောင်နှမ သုံးယောက်လုံးကို မေမေမွေးခဲ့တာမို့လို့ ဂျီဂျီဘဝနဲ့ ထပ်တူချစ်ခဲ့တာပါ။ မေမေ့ကိုယ်ကျင့်တရားကိုကော ဂျီဂျီမောင်လေးတွေနဲ့ ပတ်သက်တာကော ဂျီဂျီကတော့ အပြောလည်းမခံနိုင်ဘူး ပြောဆိုလာတာကိုလည်း ကာကွယ်သွားရမှာပဲ။ အဲဒါကြောင့် ဂျီဂျီ ဆုံးဖြတ်ပြီးပါပြီ။ ဘာမှလည်း မဟုတ်ခဲ့တဲ့ ကိစ္စတွေကို ရှေ့တိုးဖို့ နောက်ဆုတ်ဖို့က လွယ်လွယ်လေးပါ။ ဘွား စိတ်မဆင်းရဲပါနဲ့နော် ဂျီဂျီလေ ဒီတိုက်နဲ့ခြံဟာ ဖေမေမက်မောခဲ့တဲ့ မေမေခေါင်းချသွားတဲ့ နေရာလေးအဖြစ် လိုချင်တာ တစ်ခုတည်းပါ။ တခြားဘာလောဘမှ မပါပါဘူး"

စကားလုံးများနှင့်အတူ မျက်ရည်စက်တို့ကို ပေါင်ပေါ်သို့ကော ထပ်ဆုပ်ထားသည့် လက်ခုံနုနုနှစ်ဖက်သို့ကော တပေါက်ပေါက် ဆင်းကျလျက်ရှိလေသည်။ ဦးကြာပန်း မျက်နှာမော့လာသည်။ ကောင်းဆီ





သို့ ကြည့်လာခြင်းဖြစ်၏။

ကောင်း မျက်ဝန်းတွေ စူးစူးရဲရဲဖြစ်လာကာ သူကိုယ်တိုင် မသိချင်ယောင်ဆောင်နေခဲ့သည့် အကြောင်းတွေကို ဂျီဂျီ ရဲရဲတင်းတင်းနဲ့ ဘွားကိုဖွင့်ပြောနေတာ ဘာကြောင့်မှန်းမသိဘဲ ဖြစ်နေခဲ့၏။ ဘွားကတော့ နှုတ်ခမ်းနှစ်ဖက် ဖိပိတ်သွားလိုက် တံတွေးမျိုချပြီး မျက်တောင်တစ်ချက်ခတ်လိုက်နှင့် မျက်ဝန်းတို့ပင် ရွေ့ကြည့်လာခြင်းမရှိပေ။

"အခု ဘွားသိခဲ့တာတွေကို ဂျီဂျီမရှင်းတော့ပါဘူး ဒါပေမဲ့ ဒီလိုမိန်းကလေးနဲ့မှ ငါ့မြေးဖြစ်ရလေခြင်းလို့ ဘွားစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်သွားမှာစိုးလို့ ဂျီဂျီ ဒီက ထွက်သွားမယ်၊ ဒီတိုက်ကိုကော ဂျီဂျီနဲ့ သူ တိတ်တဆိတ် ချုပ်ထားဘဲ့ စာချုပ်ပါ အချက်အားလုံးကို ဂျီဂျီက စပြီး ဖောက်ဖျက်သူအနေနဲ့ ဘာကိုမှ မယူဘဲ ဖျက်သိမ်းပေးပါ့မယ်"

"ဘာလဲ ဂျီဂျီ မင်း မင်း အဲဒီလိုလုပ်ဖို့ ဘယ်သူက သဘောတူလို့လဲ မရဘူး အဲဒါ ကိုယ်ရှင်းရမှာ"

ကောင်း နားလည်သွားပါသည်။ ဒီကိစ္စတွေ ဘွားဘယ်လိုသိသွားမှန်း မသိပေမယ့် ဘွားသိသွားပြီဆိုတာတော့ တွက်လိုက်မိ၏။

ဂျီဂျီထရပ်လိုက်တော့ သူပါထရပ်သည်။ ဘွားမျက်ဝန်းတွေက ဒီဘက်သို့ အနည်းငယ်ရွေ့လာသည်။သို့သော် ဘယ်သူ့ဆီမှ မရောက်ခဲ့ဘဲ မျက်နှာလွှဲလျက်အတိုင်း ပြုန့်ဖြစ်သွား၏။

"ဂျီဂျီ"

"ဟင့်အင်း"

ကောင်း သူမဘေးကို ရောက်လာသည်။ ရှေ့ကပိတ်ရပ်လိုက်တော့ ဂျီဂျီခေါင်းခါပြီး ဦးကြာပန်း နောက်ကျောကနေ ကွေ့ထွက်လိုက်၏။

"နေဦး ဘွား..ဘွား အဲဒီကိစ္စတွေကို စခဲ့တာ ကျွန်တော်ပါ"

ကောင်းသည် ဂျီဂျီကို တစ်ဖက်က လှမ်းဆွဲထားကာ ဘွားကိုလည်း

ပြန်ကြည့်၍....

"သူ့မိသားစုအကြောင်းကို ကျွန်တော်သိတယ် အများပြောကြ
သလောက်မဟုတ်ဘူးဆိုတာလည်း သိသာပါတယ် ကျွန်တော်"

"ဖယ်ပါ"

"ဂျီဂျီ"

ဂျီဂျီက ဆုံးဖြတ်ပြီးတာကို ဖြစ်အောင်လုပ်၏။ ကောင်းက အတင်း လိုက်ဆွဲ၍တားသည်။

"မဟုတ်ဘူးလေ ဒါကလေးကစားသလို လုပ်ခဲ့ကြတာမဟုတ်ဘူး ဘွား"

"ဘွား နေမကောင်းတာကို ရှင်ပြဿနာမရှာပါနဲ့ ရှင်နဲ့ကျွန်မ အစကတည်းက ဟန်ဆောင်ခဲ့ကြတာ စာချုပ်ပါ အချက်တစ်ခုခုကို ချိုး ဖောက်တဲ့လူကအရှုံး အခု ကျွန်မအားလုံးကို ဖျက်သိမ်းတယ် ကျွန်မ ရဖို့ဆိုတာတွေကိုလည်း ဆုံးရှုံးခဲ့တယ် ဘာမှ မလိုတော့ဘူး"

"နေဦး"

"ကောင်း"

ဂျီဂျီ ဆောင့်ရုန်း၍ ဖွတ်ထွက်၏။ ဦးကြာပန်းကလည်း ခလယ် ကနေ ထရပ်လိုက်တော့ ဂျီဂျီနဲ့သူ ဝေးကွာသွားခဲ့သည်။

"မင်းတို့ရဲ့ ပြဿနာကို နောက်မှရှင်းစေချင်တယ်ကွယ် လောလောဆယ် လူမမာဘယ်လိုဖြစ်စေချင်သလဲ သူ့ဆန္ဒဘယ်လိုရှိနေသလဲ အဲဒါကို မင်းမေးပါဦး"

"ကျွတ်"

ကောင်း လက်ကိုဆန့်ခါချကာ ဂျီဂျီထိုင်ခဲ့သည့် ထိုင်ခုံလေးမှာ ထိုင်ချလိုက်သည်။ ဘွား မျက်နှာကော မျက်ဝန်းတွေပါ သူ့မျက်နှာပေါ်သို့ ကျရောက်လာခဲ့ပြီ....





"ဒီထက် အဖြစ်ဆိုးတာ ဘာရှိသေးလဲမြေး မြေးကို လူလားမြောက် စေခဲ့တာ ဘဝကို နှံ့နှစ်ရင်း ကျရှုံးသွားစေဖို့လား"

စကားတို့က အလွန်စိတ်ပျက်ရှုပ်ထွေး၍ ခြေကုန်လက်ပန်းကျ နေတာမျိုး ကောင်း တစ်ကိုယ်လုံးမှာလည်း ခွန်အားမရှိတော့ပါ။ ဒီနေ့ ဒီလိုတွေ ဖြစ်လာလိမ့်မယ်လို့ သူ အနည်းငယ်မျှပင် မတွေးမိခဲ့ပေ။

ဂျီဂျီနဲ့သူ့ ဇာတ်လမ်းဟာ သူ့လက်ထဲမှာပဲရှိသည်။ သူပဲ ဆုံးဖြတ်နိုင်သည်။ ဂျီဂျီ့ဘဝ ဂျီဂျီနဲ့ပတ်သက်သည့် နောက်ကြောင်းအားလုံးကို အဖြူအတိုင်း မဟုတ်လျှင်တောင် အမည်းစက်ပျောက်သွားဖို့ သူ့အရှိန်အဝါနဲ့ ဖုံးအုပ်ချေဖျက်မည်။

သူ အမိက ယုံကြည်ခဲ့တာက ဂျီဂျီစိတ်ဓာတ်ကိုပဲဖြစ်၏။ အကယ်၍ မိဘက ဤသို့ရှိခဲ့သည်ထားဦး ဂျီဂျီဟာ အဲလိုမိန်းကလေးမဟုတ်နိုင်။ ကိုယ့်ကိုယ်ကို တန်ဖိုးထား ထိန်းသိမ်းတတ်သော မိန်းကလေးမို့လို့သာ ဆင်းရဲကျပ်တည်းခံ၍ လောကဓံကို လိမ့်ပိန့်ခံနေခဲ့ခြင်းဖြစ်သည်။

ဆင်းရဲဒဏ်ကို ခံနိုင်ကြသည့် မိန်းကလေးတချို့ထဲမှာ မောင်ငယ်နှစ်ယောက်ကို ကျောနဲ့ရင်မှာသိုင်း၍ ရင်ဆိုင်ရပ်တည်ဖို့ ကြိုးစားနေခဲ့တာ ဂျီဂျီ့ကို သူလေးစားသည်။ ပြီးတော့ တရားလွန်လောဘ ဂျီဂျီ့မှာ မရှိတာကို ယုံကြည်သည်။

မိဘခေါင်းချခဲ့သော ဒီတိုက်ကြီးကို လိုချင်ခဲ့တာကလည်း သူ့မစိတ်ရင်း မှန်ပဲဖြစ်သည်။ ဒီလိုမိန်းကလေးဖြစ်၍ သူ ကူညီခဲ့သည်။ ကူညီဖို့ ဆုံးဖြတ်ရဲခဲ့တာ ဘာကြောင့်မှန်းမသိပေမယ့် ကူညီခဲ့ပြီးပြီ။ ဒါကို သွားဟဲ့ဆိုပြီး တွန်းချပစ်သင့်သလား။

ဘယ်လိုမှမဖြစ်နိုင် ဂျီဂျီ့ကို လွှတ်မပေးနိုင်ပါ။ ကလေးငယ် နှစ်ယောက်နှင့် ဂျီဂျီဟာ ဘယ်သို့သော အင်အားနဲ့မှ ခိုင်ခိုင်မတ်မတ် ရပ်

တည်နိုင်ဖို့မလွယ်....

"ကျွန်တော် သူ့ကိုကွာမပေးနိုင်ဘူး ဘွား"

သူအံမကြိတ်ခဲ့ပါ။ လက်သီးဆုပ်၍လည်း မဟုတ်ဘဲ ဘွားကို ကြည့်၍ ဆုံးဖြတ်ချက်အတိုင်း တည်ငြိမ်စွာပြောခဲ့သည်။ ဒေါ်ရတီ့ မျက်ဝန်းတွေ ချောက်ချားသွားခဲ့၏။ သို့သော် ချက်ချင်း အရှိန်လျော့သွားကာ သူ့ကို စိုက်ကြည့်လေသည်။

"မင်း..မင်း..နှံနစ်ခံတော့မယ်ပေါ့"

"ပြည်တန်ပတ္တမြားပါ ဘွား နှံနစ်လည်း သူ့အရည်အသွေးက အရည်အသွေးပါပဲ လူတစ်ယောက်ရဲ့ ဘဝဟာ မပျက်စီးသင့်ဘဲ ပျက်စီးခဲ့တာလည်း မဟုတ်ဘဲ လူတွေရဲ့ ပါးစပ်တွေကြောင့် ပျက်စီးသွားရတာမျိုး ကျွန်တော်အဖြစ်မခံနိုင်ဘူး ဂျီဂျီက သိက္ခာရှိတဲ့ မိန်းကလေးပါ"

"ဘွား မသိဘူး သူဟာ သူ့အမေက မွေးတဲ့သမီး"

ဘွားအသံက အမိန့်ပေးတာ မဟုတ်ဘဲ ဆို့နစ်တုန်ခါနေ၏။

"မမကြီး နားပါဦး"

ကောင်းကို တော်ပါတော့လို့ မတားဘဲ ဒေါ်ရတီ့ကို ဦးကြာပန်းက စိုးရိမ်စွာ တားမြစ်၏။ ဒေါ်ရတီက ဂရုမစိုက်ပါ။

"မျိုးရိုးဗီဇဆိုတာ"

"ဘုရားဒါယိကာကြီး ဗိမ္ဗိသာရမင်းကြီးဟာ အဇာတသတ် မင်းသားကို မွေးခဲ့တယ်ဆိုတာ အားလုံးလက်ခံကြရင် ဒီအဖြစ်တွေကို လက်ခံပေးဖို့ကောင်းပါတယ်ဘွား ဘုရားဒကာက မွေးတိုင်း ဘုရားဒကာ ဖြစ်မလာပါဘူး အရက်သမားကြီးနဲ့ ငါးစိမ်းသည်ကလည်း ဆရာဝန် အင်ဂျင်နီယာလေးတွေ မွေးဖွားနိုင်ကြတာရှိပါတယ် လောကခံဆိုတာကို ဘွားနားလည်ပေးပါ"

"အကြောင်းပြမယ်ဆိုရင် ဘွားထပ်ပြောပြလို့ရသေးတယ်မြေး





မြေး ပြောသလို ဆန့်ကျင်ဘက်ရှိခဲ့တာတွေ အများကြီးပဲ ဒါပေမဲ့ အဆင့်အတန်း ဂုဏ်သိက္ခာဆိုတာ ဘယ်ကလာတာလဲ"

"ပတ်ဝန်းကျင်ကလာတာပါ ပတ်ဝန်းကျင်ကိုပဲ ဝေ့ကြည့်နားစွင့်နေရင် အဲဒီကလာတဲ့ စကားတွေ အများကြီးရမှာပဲ သားကိုချစ်လို့ ချွေးမကိုချစ်လိုက်ရတယ်ဆိုတာကို ကျွန်တော် လက်ခံတယ် ဆရာကို လေးစားလို့ ဆရာကတော်ကို ကြောက်ရွံ့ရတယ်ဆိုတာလည်း သဘာဝကျတာပဲ။ ကျွန်တော်တို့ ဘွားတို့ကို လေးစားတဲ့ ပတ်ဝန်းကျင်က သူ့ကိုလည်း လေးစားလာပါလိမ့်မယ် နတ်ပန်းချီဟာ သူ့အမေရဲ့သမီးလို့ မမြင်ဘဲ ကောင်းကင်ရောင်ရဲ့ ဇနီးလို့မြင်လာတဲ့နေ့ အားလုံးပြီးသွားမှာပဲ"

"ဒါက"

"ကျွန်တော်ပိုင်ဆိုင်ရမယ့် အမွေတွေက သူ့လိုမိန်းကလေးနဲ့ မထိုက်တန်ဘူးလား ကောင်းကင်ရောင်ဆိုတဲ့လူနဲ့ နတ်ပန်းချီ မထိုက်တန်တာလား"

"ဘွားက ဂုဏ်ခနကို ထည့်တွက်ပြောတာမဟုတ်ဘူး"

"ကျွန်တော် သူတစ်ယောက်တည်းကိုယူထားတာပါဘွား သူ့မိဘ သူ့အတိတ်က တစ်ဖက်မှာကျန်ခဲ့ပါပြီ ဘွား အဲဒါကို ခွင့်လွှတ်ပေးပါ"

ဒေါ်ရတီ မျက်ရည်တွေ ဝေ့လည်လာသည်။ နှုတ်ခမ်းသားတို့ တလှုပ်လှုပ်နှင့် မျက်ရည်တွေပြိုကျလာမှ ခပ်ကြိတ်ကြိတ် ရှိုက်၏။ ဒီမြေးဟာ ဘယ်တုန်းကမှ နူးညံ့စွာ ခေါင်းငုံ့ခဲ့ဖူးတာမရှိတဲ့သူပါ။ အရေး အကြောင်းရှိလျှင် ပြေးလာသည်။ ဂရုစိုက်သည်။ ထိုအချိန်မှာ သူမမှလွဲ၍ ဘာမှအရေးမပေးတတ်သော ဂရုစိုက်မှုလေးတွေ ရှိခဲ့၏။

ဒါပေမဲ့ ထိန်းချုပ်စောင့်ရှောက်တာကို ဘယ်တော့မှ နာခံခဲ့တာမရှိ။ ငယ်ငယ်ကတည်းက သုံးဖို့ငွေကို လက်ဖြန့်မခံချင်ပါဘူးဆိုလို့

ဘဏ်မှာစာရင်းထည့်ပေးထားရသည့်ကလေး။

အလုပ်လုပ်ပြီဆို ဘယ်သူ့မှမတိုင်ပင် ထင်ရာလုပ်သည်။ အမှားမှားအယွင်းယွင်းတွေ ဖြစ်နေလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တာမရှိ။ မေမေရေ လုပ်ပါဦး ဖေဖေရေ ကူပါဦး ဘယ်တော့မှ မလာ။

"လုပ်ကြည့်တာ ဖေဖေ မတတ်နိုင်ဘူး"

ဟူသော စကားကို ထမင်းစားရေသောက်မပျက်ပြောတတ်သည်။ ဆုံးရှုံးကုန်ခဲ့တာ သိန်းရာနှင့် ချီနေပေမယ့် ဘယ်သူတွေ အသက်ရှုမှားမှား သူဂရုမစိုက်။ ဒါကို မိဘက မြှောက်ပေးသည်။

"လုပ်ပါစေ အမှားအမှန်ဆိုတာ စဉ်းစားတိုင်းပေါ်တာ မဟုတ်ဘူး လုပ်မှသိတာ"

တဲ့။ ဘယ်လောက်ကုန်ကုန် အရာမထင်သည့် ငွေတွင်းကလည်း ကောင်းလုပ်ပစ်သလောက် တစ်ဖက်က ဒီရေအလား ပြန်ဝင်ခဲ့တာဖြစ်၏။ ကောင်းဟာ ထိုသို့သော ညဉ်ဆိုးကလေးနှင့် ကြီးပြင်းခဲ့သူမိဘမဲ့ကလေးဖြစ်သွားတော့ အရွယ်လေးလည်းရကာ လူတော်လူတတ်ကလေးလည်း ဖြစ်နေပါပြီ။ ထိုအခါ ဘွားအဖြစ်သူ ချုပ်ကိုင်လို့ မဖြစ်တော့တာ မဆန်းသည့်အဖြစ်တစ်ခုအဖြစ် ထားခဲ့လိုက်ရသည်။ ခုတော့....

"မြေးကို ဘွားအမြဲတမ်း နားလည်လိုက်လျောခဲ့တာပဲ မြေးရယ် အခုက ဘယ်လိုမှ မဖြစ်နိုင်တဲ့ အခြေအနေတွေကို"

"ကိုယ်နဲ့ မပတ်သက်ခဲ့တဲ့ အပိုင်းမှာ ကိုယ်ဖန်တီးလို့ရခဲ့တာမဟုတ်ဘဲဘွား အခု ကျွန်တော် ဖန်တီးဖို့ ကြိုးစားခဲ့တာ ကြိုးစားခွင့်ပေးပါ။ ပြီးတော့ သူ့မှာမောင်ငယ်နှစ်ယောက်နဲ့....

"မြေးက သူ့ကိုပဲ ယူမယ်ပေါ့ အခု ဘွားကို ပြောနေတာတွေဟာ အတိုက်အခံတွေလား တောင်းခံနေတာလား"





"နှစ်ခုလုံး မဟုတ်ပါဘူး တောင်းခံဖို့လည်း မလိုတဲ့ကိစ္စမှာ သူ့ကို ကျွန်တော့်ဇနီးအဖြစ်ကနေ နုတ်ထွက်ခွင့်မပြုတော့တဲ့အကြောင်း ဘွားကိုပြောပြတာ အားလုံးပြီးနေကာမှ ဘွားဒီအတိုင်းပဲ နေပေးစေချင်တာ"

"ဘွားက မနေဘူးဆိုရင် မြေးက ဘာလုပ်မှာလဲ"

ကောင်းက ဒေါ်ရတီကို စိတ်မကောင်းစွာ ကြည့်သည်။

မပြောသေးပေမယ့် အဖြေကပါသွားပြီမို့ ဒေါ်ရတီ မျက်ရည်ဝဲ့ပြန်၏။ ဦးကြာပန်း သက်ပြင်းငွေ့ငွေ့ချလေသည်။

"ကျွန်တော်က မြင့်မားနေလို့ မထိုက်တန်ဘူးဆိုရင် သူနဲ့နီးအောင် ခုန်ဆင်းဖို့ ကျွန်တော် ဆုံးဖြတ်ရမှာပဲဘွား သူက ကျွန်တော့်ဇနီးလို့ သိထားပြီးတဲ့လူတွေရှေ့မှာ ကျွန်တော့် ဇနီးက သူများခြေကြို့လက်ကြားရောက်သွားရင် ကျွန်တော့်သိက္ခာကျမယ်"

"အဲဒီလို လုပ်ပစ်မှ မင်းရဲ့သိက္ခာတရားတွေကို မင်းပြန်ရမှာ မကောင်းမှန်းသိလို့ ကွာရှင်းလိုက်တယ်ဆိုတာမျိုးဖြစ်ရမှာ အဲဒါ မြေးသိလား"

"မကောင်းဘူးဆိုတာ ကျွန်တော်မှ လက်မခံဘဲ လူပြောသူပြောနဲ့ ကျွန်တော် မဆုံးဖြတ်ဘူးဘွား ကျွန်တော်ပေါင်းနေတဲ့မိန်းမ သူ့အကြောင်း ဘယ်သူက ကျွန်တော့်ထက်ပိုသိမှာလဲ အခု ကျွန်တော်သိထားတဲ့ သူ့အကြောင်းတွေထဲမှာ ခွင့်မလွှတ်နိုင်စရာ မရှိသေးပါဘူး ချုပေါ်တင်နေတဲ့ ပန်းပွင့်ကို ကောက်ယူတာမှာ ဆူးတွေကော အမှိုက်တွေကော တစ်ချုလုံးကို မယူဖို့မှမလိုတာ သူ့ကိုယူတာ သူ့မိဘရဲ့ အတိတ်ကို ကျွန်တော် ဂရုမစိုက်ဘူး"

"ကောင်း မင်းရဲ့ဘွားက လူကောင်းမဟုတ်ဘူး သူ စိတ်ချမ်းသာဖို့ကို မင်းထည့်တွက်ပါဦး"

အကြားမတော် အမြင်မတော်သည်မို့ ဦးကြာပန်းက ဝင်ပြောသည်။ ကောင်းက မျက်နှာကို လက်ဝါးနှင့် ပွတ်ပစ်ပြီးမှ လက်ဖဝါးချင်း ထပ်ဆုပ်သည်။ ဒေါ်ရတီ မျက်နှာပေါ်ကို မျက်ရည်တွေကိုကြည့်၍ နှုတ်ခမ်းစေ့ကာ အံကြိတ်၏။

"ခုလောက်ဆို သူလည်း ပျော်နေမှာမဟုတ်ပါဘူး ဘွား အခု ကျွန်တော်က ထပ်ပြီး စွန့်ပစ်လိုက်တဲ့ တစ်ခုလပ်မလေးအဖြစ် မမှည့် လိုက်ရဘဲ ပုပ်သွားရတော့မှာ ကျွန်တော့်ကို ခွင့်လွှတ်ပါ မြကလပ်ကြီး ပေါ်က သူ့ငွေ့ရဲ့ မျက်ရည်ကို ကျောခိုင်းခွင့်ပေးပါ။ တစ်ခုတော့ ရှိပါ တယ် ဂုဏ်ခနေကြောင့်ပဲဖြစ်ဖြစ် သိက္ခာမာနကြောင့်ပဲဖြစ်ဖြစ် မြေးလုပ် သူက သဘောမတူတဲ့ မျက်နှာမွဲမတစ်ယောက်ကို ယူသွားလို့ တစ်စုံ တစ်ရာဖြစ်သွားတယ်ဆိုတာမျိုး ဘွားကို ကျွန်တော် မဖြစ်စေချင်ဘူး လူတစ်ယောက်ဘဝကို ကိုယ့်အသက်သေဆုံးတဲ့အထိ ရင်းနှီးပြီး ရှုံးရှာ စက်စုပ်ဖို့ မသင့်ဘူးလို့ ထင်တယ်လေ ခွင့်မလွှတ်နိုင်ရင် အမွေဖြတ် ပစ်လိုက်ပါ ကျွန်တော့်ကိုဘွား အမွေတွေလွှဲထားပေမယ့် ကျွန်တော် မယူဘူး"

သူ ထရပ်လိုက်သည်။

"ကျွန်တော် ဒီလိုလုပ်လို့ ဘွားတစ်စုံတစ်ရာမဖြစ်ဘူးဆိုရင် ဘွားကို ကျွန်တော် တစ်သက်လုံး လေးစားကြည်ညိုသွားမှာပါ"

ကောင်း နှုတ်ဆက်သလိုကြည့်၏။ ပြီးတော့ ကိုင်ထားသည့် ကားသော့ကို မွေ့ရာအစပ်မှာပဲ အသာလေးချပြီး လှည့်ထွက်ခဲ့၏။

"ကောင်း..လူလေး..မင်း ဒီလိုမလုပ်ရဘူး"

ဦးကြာပန်းက ရှေ့ကပိတ်ကာပြီး သူ့လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ထား၏။ ဒေါ်ရတီ မျက်ရည်တွေ သွင်သွင်ကျကာ မရှိုက်ဘဲ ငိုလေသည်။

"ကျွန်တော့်ကိုဖယ်ပါ ဦးကြာ ဘွားခုလောက်ထိ ဖြစ်သွားတာ





ဒါတွေကြောင့်မှန်း ကျွန်တော်မသိခဲ့ဘူး ဒီဖြစ်ရပ်တွေကြောင့် ဘွား ဒီလောက်ဖြစ်သွားတယ်ဆိုတာ ကျွန်တော် အံ့သြတယ်၊ အရမ်းလည်း ခံစားရတယ် ဘွား ဟိုတုန်းကတည်းက ဒီနေ့ထိ ခွင့်လွှတ်နားလည်ပေးခဲ့သမျှ ကျွန်တော်နဲ့ဘွားရဲ့ သဘောဟာ ထပ်တူပဲလို့ တွက်ခဲ့မိတာ ဒီနေ့ မှားသွားပြီ ကျွန်တော့် အတ္တနဲ့ ကျွန်တော် နေခွင့်ပေးပါ"

ဦးကြာပန်းလက်တွေကို နှစ်ဖက်လုံး သိမ်းဖယ်ပစ်၍ ကောင်း ထွက်လာခဲ့၏။

မြေးရယ် မင်းက ဘွားကို သဘောထားသေးသိမ်တဲ့ မိန်းမကြီးလို့ ပြောသွားခဲ့တာ။ ဘွားသဘောထား မသေးဘူး မင်းရဲ့ဘဝအညွန့်ကျိုးမှာစိုးတာ။

ဒီလိုနည်းနဲ့ အသက်ထွက်ရင်တောင် မြေးဖြစ်သူက အထင်မြင်သေးပါလိမ့်မည်။ ဘွား ဆုံးရှာပြီဆိုပြီး ခြေဖဝါးလာဖက်ငိုဖို့က မသေချာ။ ကိုယ့်စိတ်ကို ပြန်ဖြေကာ မွန်းကျပ်လာခြင်းကို ဖြည်းဖြည်းချင်း လျှော့ချနေ၏။ ငါသေလို့ မဖြစ်ဘူး။

"ကြာပန်း"

"ဗျာ မမကြီး"

"ငါ့ကို ဆေးပေးစမ်း"

★ ★ ★ ★ ★

## အခန်း (၃၁)

လိုင်းကားတိုးစီးရသည့် ဒုက္ခကို မခံစားဘူးခဲ့တာ မဟုတ်ပါ။ ဒါပေမဲ့ တိုးစီးခဲ့ဖူးတာ ဒါနဲ့ဆို သုံးခါရှိပြီ နှစ်ခါစလုံးမှာ ကျောင်းပျက်ခဲ့တာက အပြင်းဖျား၍ ဖြစ်သည်။ တစ်ခါက မိတ်ဆွေတစ်ယောက် ကိစ္စနှင့် စီးခဲ့ရပြီး ပြန်လာတော့ တစ်နေကုန် ပန်းခြံထဲမှာ သွားနေခဲ့ရသည့် အဖြစ်။

ခုတော့ တစ်ကိုယ်လုံးမှာ ချွေးပြိုက်ပြိုက်ကျကာ နှာခေါင်းထဲမှာ လူအများ၏ ကိုယ်နံ့ပေါင်းစုံက စွဲမြဲကပ်ပါလာ၏။ ခေါင်းထဲမှာ အုံခဲနောက်ကျိလာသည်။ ဘောင်းဘီထဲက လက်ကိုင်ပဝါထုတ်၍ လည်တိုင်ကြားနှင့် မျက်နှာကို တစ်ချက်တည်း ပတ်သုတ်ပစ်လိုက်၏။

ခြေလှမ်းတို့က ဂျီဂျီရှိနေသည်ဆိုသော မမလင်း၏ အဒေါ်ဝမ်းကွဲအိမ်သို့ ဦးတည်ခဲ့သည်။

"သူ့မှာ ကလေးနှစ်ယောက်နဲ့ ဒုက္ခများရှာတယ် မောင်လေးရယ် အဲဒါကြောင့် မမက ခဏဖြစ်ဖြစ် မမဆီမှာပဲ နေပါဦးလို့ပြောပြီး ခေါ်ထားတာ။ ဂျီဂျီက မာနရှိတယ် မမက မင်းနဲ့ ပတ်သက်နေလို့ မနေချင်ဘူး သူ့အဒေါ်တွေဆိုလား အဲဒီမှာနေဖို့ အဆင်ပြေရင် သွားမယ်လို့ပြောတယ်"





မမလင်းက သတင်းပို့၏။ တကယ်ဆို ဂျီဂျီကို ချက်ချင်း ထွက်သွားလိမ့်မယ်လို့ သူမထင်ခဲ့ပေ။ ကလေးတွေကို ခေါ်မည်။ လိုအပ်တာဘာညာသေးသေးကွေးကွေး ထုတ်ပိုးသိမ်းဆည်း၍ သွားဖို့လုပ်မှာနှင့်သူတွေ့နိုင်သေးသည်။ တားလို့ရမည်ဟုထင်ခဲ့၏။ ခုတော့ ဒီလိုမဟုတ်ဘဲ သူဆင်းသွားတော့ ဂျီဂျီမရှိတော့ပေ။

မမလင်းကလည်း သူမခေါ်ထားပေမယ့် မော်ဘီမှာ နီးနီးမနေချင်ဘူးဟု ပြောသဖြင့် သူမ၏ အဒေါ်ဝမ်းကွဲအိမ်ကို ပို့ပေးလိုက်ကြောင်း၊ အိမ်ကို လှမ်းမြင်လိုက်တော့ သူပြုံးလိုက်မိသေးသည်။

မင်းထွက်သွားတဲ့အတိုင်း ကိုယ်လည်းလက်ချည်းပဲလာခဲ့တာ ဂျီဂျီ၊ မင်းကို ကိုယ် မစွန့်လွှတ်နိုင်ဘူး မင်းဒုက္ခရောက်မှာ ဘယ်လိုမှကြည့်မနေနိုင်ဘူး။ အဲဒါသေချာတယ် မင်းကိုချစ်နေလို့လားလို့ မေးရင်တော့ မဖြေနိုင်ဘူး။ မရှိရင် မနေတတ်တော့တာ။

မင်းကို ကိုယ့်ကျောဘက်မှာထားပြီး ဖြစ်လာသမျှ ကိုယ်ကာကွယ်ပေးချင်တာ။ ဒါ ရိုးသားစွာတော့ မဟုတ်ဘူးထင်တယ်၊ ဒါပေမဲ့ မသိဘူး၊ သူ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား၏။

ပန်းအလှပင်ကလေးတွေ တန်းစီချထားသော တစ်ထပ်တိုက်ပျဉ်ထောင်အိမ်လှလှလေးထဲမှာ ထွက်လာသူတွေထဲမှာ ဂျီဂျီ့ကိုပဲ သူတန်းခနဲမြင်၏။ သို့သော် သူမဘေးမှာ ရေဆန့်လက်ကိုဆွဲလျက် နေကာ။

သူမတို့ကလည်း သူ့ကို လှမ်းမြင်သွားကြ၏။ အိမ်တံခါးဝရှေ့ကနေဆင်းမလာဘဲ ဒီတိုင်းရပ်နေကြ၏။ ရပ်နေကြတာချင်းတူသွားသော်လည်း ကိုယ်ကလာခဲ့တဲ့လူ ရှေ့ဆက်သွားရမှာပဲဖြစ်သည်။ ဘာမသိညာမသိ တွေဝေတတ်တာ ဘယ်တော့မှမရှိခဲ့သော ခြေထောက်တို့ကထိုရှေ့သို့ ရောက်အောင်သွားမိလေသည်။

နေကာ့မျက်လုံးနှစ်ဖက်က ထိခတ်သွားတော့မတတ် တွန်းကုတ်

ကျသွား၏။ ဂျီဂျီက အံ့ဩသလို ငေးနေပြီးမှ တစ်ခုခုပြောဖို့ အသင့်ပြင်လိုက်သလို မျက်နှာက စောစောကထက် ပို၍တည်ပစ်လိုက်သည်။

"ဟာ ကိုကိုကြီး"

ရေဆန်က မျက်နှာလေးမြူးသွားကာ ပြေးဆင်းဖို့ခြေလှမ်းပြီးမှ သူ့လက်ကို မဖြုတ်ဘဲ ဆုပ်ထားသည့် နေကာ့ကို ပြန်မော့ကြည့်သည်။ ပြီးတော့ ကျန်သည့် လက်ကလေးဖြင့် နေကာ့လက်ကို မရမက ဖြေချကာ သူ့ဆီပြေးဆင်းလာ၏။

"ကိုကိုကြီး"

သူ့လက်တစ်ဖက်ကို ပြေးခိုတွဲလိုက်သည်။

"သားတို့ ဘယ်သွားကြမလို့လဲ"

"မသွားဘူး ကိုကြီးနေကာက ခဏလာလည်တာ"

သူရေဆန့်လက်ကလေးကို ဖြန့်၍ဆုပ်ကိုင်ရင်း မျက်နှာချင်းဆိုင်ရပ်ပစ်လိုက်မိကြသည်။ နေကာက လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲထည့်၍ နှုတ်ခမ်းကိုမဲ့၍ လူမိုက်ပုံဖမ်းကာ ခပ်ဆောင့်ဆောင့် ဆင်းရပ်၏။ ဂျီဂျီက နေကာ့ရှေ့ကို အလျင်စလိုလေးဆင်း၍ သူနဲ့နီးအောင် ရှေ့တိုးလိုက်သည်။

"ရှင် ဘာလာလုပ်တာလဲ ကောင်းကင်ရောင် လိုအပ်ရင် ကျွာရှင်းစာချုပ်ပို့လိုက်ရင်ရပြီ ရှင်ပြန်ပါ"

သူ ဘာမှမပြောဘဲ စိုက်ကြည့်နေသည်မို့....

"ရှင့်ဆီက ကျွန်မ အခွင့်အရေးတစ်ခုခု တောင်းဆိုမယ်လို့ ထင်နေသလား"

ပြော၍ ဂျီဂျီက မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ပစ်သည်။ သူမမျက်ဝန်းမှာ မျက်ရည်တွေ မတွေ့ရပေမယ့် မျက်ရည်ရောင်တွေဖြင့် လက်နေခဲ့၏။





"ကျွန်မကြောင့် ဘွားတစ်ခုခုဖြစ်သွားမှာစိုးလို့ အလျင်စလို ထွက်လာခဲ့တာပါ။ ကျွန်မဆီမှာ အဖိုးထိုက်တန်တဲ့ အဲဒီကပစ္စည်း တစ်ခုမှ မပါပါဘူး ကျွန်မမှာ အဲဒီလို မာနမျိုးတော့ ချမ်းသာပါသေးတယ်"

စကားသံက အနိမ့်အမြင့် မညီဘဲ ဒေါသငွေ့တို့ ရိုက်ခတ်လာ၏။ ကောင်းက မေးကြောတွေ ထင်းခနဲ ဖြစ်သွားသည်အထိ အံကြိတ်၍ စိုက်ကြည့်နေသည်။

"ရှင် အခု ဘာကိစ္စနဲ့ လာတာလဲ"

"မင်း ဘာတွေယူချသွားလဲလို့မေးဖို့လာတဲ့ ရုပ်ပေါက်နေသလားကိုယ်..."

ထိုစဉ် အိမ်ထဲက လေထန့်ငိုသံလေးက စူးစူးဝါးဝါးမဟုတ်ဘဲ နေမကောင်း၍ နွမ်းနယ်ချိနဲ့စွာ ငိုလိုက်သလို ညှိုကပ်ကပ်လေး ထွက်ပေါ်လာ၏။

"ကလေးငိုပြီ"

ဂျီဂျီ မျက်နှာပျက်သွားပြီး အိမ်ထဲလှည့်ဝင်ဖို့ပြင်လျှင် ကောင်းက လက်ကို ဖျတ်ခနဲ ဖမ်းဆွဲကာ...

"ကလေးသွားခေါ်ပြီး ကိုယ်နဲ့ လိုက်ခဲ့ပါ"

"ဘယ်တော့မှ လိုက်မှာမဟုတ်ဘူး ကောင်းကင်ရောင် စိတ်လျှော့ပြီး လှည့်ပြန်လိုက်တော့"

သူ့လက်ကို ထပ်ဆုပ်ကိုင်၍ ဖြေချဖို့ကြိုးစားသော်လည်း နေကာမအောင်မြင်ပါ။ ယောကျ်ားနှစ်ယောက်၏ ဖိကြိတ်ခြင်းခံရသည့် ဂျီဂျီမှာသာ နာကျင်လျက်....

"လွှတ်..လွှတ်ကြပါ နင်တို့"

ဒေါသဖြစ်ဖြစ်နှင့် ဆောင့်ရုန်းပြီး လှေကားတစ်ထစ်ကို နောက်ပြန်ဘက်ရပ်လိုက်၏။ အထဲက ကလေးငိုသံလည်း ခဏတော့ တိတ်ကျ

သွားသည်။ တစ်ယောက်ယောက် ထိန်းလိုက်သည်လား မသိ။

ဂျီဂျီက နှစ်ယောက်လုံးကို ဝေ့ကြည့်၍ ရေဆန့်လက်တစ်ဖက်ကို မမို့တမို ပြန်ဆွဲယူလိုက်၏။

"ယောကျ်ားနှစ်ယောက်နဲ့ ကျွန်မကို ဘယ်ဘဝရောက်အောင် ပို့ကြဦးမလို့လဲ ဘယ်သူမှ မလာကြနဲ့ ရှင်တို့နဲ့ ကျွန်မဘာမှ မဆိုင်ဘူး"

"မင်းနဲ့ကိုယ် ကွာရှင်းထားကြတာ မဟုတ်ဘူး ဂျီဂျီ မဆိုင်လို့ မရဘူး"

"အဟွန့်"

နေကာက အသံထွက်အောင် မဲ့ရယ်၏။

"နေရာတကာ စာချုပ်ကြီး တကားကားနဲ့ မင်းမရှက်ဘူးလား ကောင်းကင်ရောင် တကယ်ဆို ဖြေရှင်းရခက်တဲ့ ဒီလိုအခက်အခဲတွေ သာရှိမလာခဲ့ရင် မင်းနဲ့ဂျီဂျီငြိဖို့အကြောင်းမရှိဘူး ဟိုတုန်းကတည်း ဒီနေ့ထိ ငါက ဂျီဂျီအတွက် အမြဲတမ်း ရှေ့က ရပ်ပေးခဲ့တဲ့သူ ခုလည်း ဂျီဂျီ ဒုက္ခရောက်လာတာကို ငါကြည့်မနေနိုင်လို့ ကူညီတယ် မင်းကြောင့် ပြိုပျက်မလိုဖြစ်ခဲ့ရတဲ့ ဂျီဂျီ့ဘဝကိုကော ငါ့အချစ်ကိုကော တစ်က ပြန်စမယ်"

"အဲဒီလောက် လွယ်သလား"

"ဘာလို့ မလွယ်ရမှာလဲ ဂျီဂျီက ငါ့အပေါ်မှာ မင်းထက်အများ နွေးထွေးပါတယ်။ အခု ငါသူ့ရှေ့မှာပြောနေတာလေ ပြောခွင့်ရှိ မို့လို့ ပြောနေတာ ဂျီဂျီနဲ့ ငါလက်ထပ်ကြမှာ ငါ့မှာ မင်းလို လက် အုပ် ချုပ်ချယ်ခံနေရတဲ့ ဘဝမျိုး ဘာမှမရှိဘူး ဂျီဂျီ့ကို ငါတိုက်နဲ့ နဲ့ ထားနိုင်ပြီ ပြောဆိုနှိမ့်ချမယ့်သူ ဘယ်သူမှမရှိဘူး ငါ့အမေက ဘောကျ လုပ်ပါတော့တဲ့ သဘောပေါက်ပြီဆိုရင် မင်းလှည့်ပြန်ဖို့ ပြီ"





ကောင်းက ဂျီဂျီပြောလာမည့်စကားကိုပဲ နားထောင်နေသည်။ ဂျီဂျီ မျက်ဝန်းတွေကိုပဲ စိုက်ကြည့်နေခဲ့၏။ ဂျီဂျီက မလုံမလဲ ဖြစ်နေရင်း အားတင်းလိုက်သလို ရူးရူးရဲရဲလေးပြန်ကြည့်ပြီး မျက်ဝန်းလေးတွေ လွှဲဖယ်သွား၏။

နေကာ ပြောသမျှကို သူမငြင်းခဲ့ဘူးပဲ။ ရင်ထဲမှာ ဘယ်နေရာက မှန်း မသိလိုက်ဘဲ အောင့်သက်နာကျင်သွားခဲ့သည်။ မဲ့လိုက်ဖို့ မဟုတ်သော်လည်း အပြုံးက မပီပြင်ပဲ နာကြည်းသော မဲ့ပြုံးတစ်ခု ဖြစ်သွားခဲ့သလား မသိ။

"ဟုတ်လား ကိုယ်ကတော့ တိုက်တွေကားတွေနဲ့ မင်းကို လောလောဆယ် မထားနိုင်တော့ဘူး"

ဂျီဂျီ မျက်ဝန်းလေးတွေ လှုပ်ရှားသွား၏။

"ကိုယ့်မှာဘာမှ မရှိတော့ဘူးလေ ဒါပေမဲ့ မင်းက အခုမြင့်သွားပြန်ပြီဆိုတော့ ကိုယ်လိုက်လို့ မမီတော့ဘူးပဲ ထားလိုက်ပါ"

သူနောက်လှည့်လိုက်သည်။ ထို့နောက် ပြန်၍ငဲ့စောင်းလာပြီး ဂျီဂျီထံသို့ မျက်ဝန်းတွေ မရောက်ဖြစ်တော့ဘဲ…

"စာချုပ်မလိုပါဘူး မင်း လွတ်လပ်စွာ ဆုံးဖြတ်ပါ"

ဘောင်းဘီအိတ်ထဲကို လက်တစ်ဖက်ထည့်၍ ခြေလှမ်းမှန်မှန် လျှောက်သွားသော ကောင်း၏ကျောပြင်ကို ဂျီဂျီမျက်မှောင်လေးကုတ်၍ ငေးကြည့်နေ၏။ ထိုအချိန်မှာ သူမလက်ကို နေကာက ဆုပ်ကိုင်လိုက်သည်။

အားပေးနှစ်သိမ့်တာလား ပိုင်ဆိုင်လိုသော ဆန္ဒဖြင့်လား၊ ဂျီဂျီ ရုန်းဖို့ မေ့နေခဲ့သည်ထင်၏။ မျက်ဝန်းတို့က ထိုကျောပြင်ဆီမှာ…

သူဘာလို့ ကားနဲ့ မလာတာလဲ….

★ ★ ★ ★ ★

အခန်း (၃၂)

"ဟင်"

ဝင်လာသူကိုမြင်လိုက်သည်နှင့် ဂျီဂျီ ဖျတ်ခနဲထရပ်လိုက်မိသည်။ အလုပ်ရဖို့ လွယ်ကူလှချေလားဟု တွေးမိကာ ဝမ်းလည်းဝမ်းသာသည် ယုံပင်မယုံနိုင်ဘဲ ဒီအလုပ်ရှင်သူဌေးဆိုတာ ငါ့ကိုသိတဲ့ တစ်ယောက် ယောက်များလား။ ဒါမှမဟုတ် ကောင်းကင်ရောင်နဲ့ ပတ်သက်သူများ ဖြစ်နေမလားဟုတွေး၍ မဆုံးလိုက်သေးပါ။

"ထိုင် သမီး ထိုင်"

ဦးသိန်းမင်းက အရင်လို နုပျိုချောမောအောင် တမင်တကာ ဝတ် စားပြင်ဆင်ထားတာမျိုး မဟုတ်တော့ဘဲ တိုက်ပုံအင်္ကျီနှင့် ချည်ချော ပုဆိုးကို ခံ့ခံ့ညားညားဝတ်ထားသည်။

မျက်နှာဟာ အနည်းငယ် ရင့်ရော်သွားသလို ရှိပေမယ့် သိပ်တော့ မပြောင်းလဲသွေးပါ။ သူဝင်လာသည်နှင့် မန်နေဂျာက လက်ကိုင်ဖုန်း ယူ၍ ထထွက်သွားလေသည်။ မလှမ်းမကမ်း စားပွဲမှ စာရေးမကလည်း ထသည်။

ဦးသိန်းမင်းက ထိုင်ပါဟုပြောသည့်ကြားမှ ထရပ်လိုက်ပြီးဖြစ်နေ





သည့် ဂျီဂျီကို စိတ်ရှည်သည်းခံသော အပြုံးနှင့် ထိုင်ခုံကို လက်ဖဝါး နှင့် ညွှန်ပြ၏။

"ထိုင်ပါဦး သမီး ဒီအလုပ်ကို သမီးမနေ့ကလျှောက်သွားတာ ဒီနေ့ပြန်လာရင် ခန့်စာတစ်ခါတည်းလွဲဖို့ အန်ကယ်ပဲ ဖုန်းဆက်လိုက် တာ"

"ကျွန်မမလုပ်တော့ဘူး ဒီကုမ္ပဏီဟာဦးသိန်းမင်း ကုမ္ပဏီမှန်း မသိခဲ့တာ ကျွန်မညံ့တာပါ ခွင့်ပြုပါဦး"

"ဟာ ခွင့်ပြုလို့မရဘူး သမီး သမီးခဏနေပါဦး အန်ကယ်က ဒီ အလုပ်ကို သမီးအသာတကြည်လုပ်မှာ မဟုတ်ဘူးဆိုတာ သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အန်ကယ့်အလုပ်ဖြစ်နေလို့ ထိုင်ပါ ခဏပြန်ထိုင် ပါ သမီးဆီမှာ အန်ကယ့်သားလေးရှိနေတဲ့အတွက် သမီးနဲ့ အန်ကယ် ဆွေးနွေးဖို့ရှိတယ်။ ခုလို သမီးကိုယ်တိုင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာကိုပဲ အန်ကယ်က ဝမ်းသာနေတာ"

"အဲဒီအတွက်ဆို ပိုပြီးဝေးသွားပြီ ဦးသိန်းမင်း ကလေးက မေမေ့ ကလေးပါပဲ မေမေ မွေးခဲ့တာ ကျွန်မမောင်လေး ကျွန်မပိုင်တယ်"

ဂျီဂျီက ပြောချင်ရာပြောပြီး ထွက်သည်။ ဦးသိန်းမင်း ဘယ်လို မှ ဣန္ဒြေမဆည်နိုင်တော့ဘဲ ကမန်းကတန်း လိုက်လာ၏။

"ဒီလို သမီး မင်းအမေမွေးခဲ့တာ မှန်တယ် အဲဒါ မင်းရဲ့မောင် လေးပါပဲ ဒါပေမဲ့ မင်းပိုင်တယ်ဆိုတာတော့ မဟုတ်ဘူး"

အလျော့မပေးနိုင်သည့် မျက်ဝန်းတို့ ဆုံမိကြသောအခါ ဦးသိန်း မင်းက ခေါင်းကိုဖြည်းဖြည်းခါရမ်းလိုက်ပြီး သက်ပြင်းချ၏။

"တကယ်တော့ အန်ကယ့်မှာ အပြစ်ရှိပါတယ် မင်းတို့ သားအမိ အပေါ်မှာတောက်လျှောက်ကြီး ဒုက္ခပေးခဲ့မိတာ အန်ကယ်ပါ။ အဲဒီ အပြစ်ကိုလည်း ကျေချင်တယ်။ အန်ကယ့်ရဲ့သားလေးအပေါ်မှာလည်း

တာဝန်ကျေချင်တယ်”

“မလိုပါဘူး အနီးဖြူဖြူလေးထဲမှာ နီတျာရဲလေးဘဝကတည်းက ဒုက္ခမျိုးစုံခံစားလာခဲ့ရတာ ခုကျမှ ငါ့သား ငါ့သမီး လာမလုပ်နဲ့”

နှစ်ယောက်သား မျက်နှာချင်းဆိုင် တည့်တည့်ကြီးမနေချင်သဖြင့် ဂျိုဂျိုက အခန်းထဲဘက်ကို ကိုယ်စောင်းလှည့်ရပ်လိုက်သည်။ ဦးသိန်းမင်းကတော့ နေရာမှ မရွှေ့ပါ သူသည် ပိတ်ထားသည့်တံခါးကို ကျောပေးလျက်နှင့်အတိုင်းမှ....

“မလုပ်လို့ မရဘူး သမီး သွေးသားဆိုတာ အချိန်တန်ရင် စကားပြောမှာပဲ ဒီတာဝန်ကို အန်ကယ်ယူဖို့ အရင်ကတည်းက ကြိုးစားခဲ့တာပါ အဲဒါကြောင့်လည်း ကေသီနဲ့ အန်ကယ့်အိမ်ထောင်ရေးက တစ်ချိန်လုံးအဆင်မပြေဖြစ်ခဲ့ရတယ်”

တကယ်တော့ ဦးသိန်းမင်းဟာ ဟိုတုန်းကတည်းက ခပ်ချောချော ခပ်ပေါ့ပေါ့ နေခဲ့သူဖြစ်၏။ ရည်းစားထားသည်လည်းမဟုတ် မထားတတ်တာလည်းမဟုတ်ဘဲ ဒေါ်ကေသီကျော်နှင့် ဆုံမိကြတော့ တစ်ဖက်သတ်အချစ်ခံရသည့် လိုက်လျောမှုတွေကို သာယာကာ လက်ထပ်ခဲ့မိသည်အထိ ဖြစ်သွားသည်။

ပေါင်းဖက်ကြပြီဆိုမှ အချစ်က လက်ပိုက်ကြည့်၍ မိန့်မိန့်ကြီးလှောင်ရယ်လာသည်။ သူ ဒေါ်ကေသီကျော်ကို ချစ်လို့မရခဲ့ပေ။ ဒေါ်ပန်းနွယ်၏ နူးညံ့တတ်ပုံ သည်းခံတတ်ပုံလေးတွေ ဒေါ်ပန်းနွယ်ဘယ်ထိုနေနေ သူ့မျက်လုံးထဲမှာ စွဲနေခဲ့၏။

ဇနီးဖြစ်သူနှင့် ဒေါ်ပန်းနွယ် ဖယားတွေ ရှုပ်နေကြကာမှ သူသိခွင့်ရခဲ့တာဖြစ်၏။ မေးကြည့်လိုက်တော့ ယောကျ်ားသေဆုံးသွားပြီး အိမ်နှုန်ခြကို ယောကျ်ားက သူ့ဇနီးထံမှာ ပေါင်သွားခဲ့တာ ဖြစ်ကြောင်းသိခဲ့ရသည်။





“ဆုံးမှာပါ အရင်းနဲ့အတိုးကပဲ နည်းတာမှ မဟုတ်တာ နေ့စဉ်လာနားပူနေတာ စိတ်ညစ်နေပြီ။ သူ့ယောကျ်ား လုပ်ပစ်ခဲ့တာတွေဘာမှလည်း သိတာမဟုတ်ဘဲနဲ့ သိပ်ညံ့တာပဲ အစွမ်းအစလည်း ရှိပုံမရပါဘူး ဒီလိုမိန်းမမျိုး မုဆိုးမဖြစ်ကျန်ခဲ့တာ သွားပြီ”

ဒေါ်ကေသီကျော်က ကျကျနနကဲ့ရယ်သည်။ ဟုတ်ပါသည်။ ဒေါ်ကေသီကျော်ဟာ နိုင်ငံခြားဖက်စပ်လုပ်ငန်းတွေကို အလွန်အမင်းစိတ်ဝင်စားကာ ယောကျ်ားများနှင့် ရင်ဘောင်တန်းရုံမကဘဲ သူမကပို၍တော်ချင်သူဖြစ်သည်။

ဒေါ်ပန်းနွယ်က ကလေးနှစ်ယောက်နှင့် မျက်စိသူငယ် နားသူငယ် ကျန်ခဲ့ရှာတာကို သနားစရာဟု စာနာခြင်းမရှိဘဲ နှုတ်ခမ်းမဲ့၏။ စမြင်ဖူးကတည်းက မြင်မြင်ချင်းပဲ သနားကရုဏာတွေနှင့် တစ်ဖက်သက် သဘောကျနေခဲ့သူက ဦးသိန်းမင်းပဲဖြစ်သည်။

ထို့ကြောင့် ဒေါ်ကေသီကျော် နိုင်ငံခြားထွက်သွားခိုက်မှာ သူနည်းမျိုးစုံသုံး၍ ဒေါ်ပန်းနွယ်ကို ရင်းနှီးဖို့ကြိုးစားခဲ့သည်။ အချစ်ကိုရဖို့ သူကြိုးစားတာ တရားသည်ဟုတွက်၍ မရိုးသားစွာ မရှိခဲ့တာ ဒေါ်ပန်းနွယ်၏ ဘဝတို့ဖြစ်သည်။

သူဒေါ်ပန်းနွယ်ကိုချစ်ပါသည် ဘယ်သူ့အပေါ်မှာမှ ဤသို့စွဲလမ်းမြတ်နိုးခဲ့ဖူးခြင်းမရှိဘဲ အချစ်စစ်ဟာ သူမနှင့်ကျမှ ဖြစ်ခဲ့တာပါ။ ထို့ကြောင့်သူဟာ လူယုတ်မာအဖြစ် နေပေးခဲ့ရတာ ဘယ်သူ့မှယုံမှာမဟုတ်။

“ကိုသိန်း ရှင် အဲဒီမိန်းမကိုဖြတ်မလား ကျွန်မဖြတ်ပေးရမလား ကေသီကျော်ဟာ ပါတီပွဲလည်းတက်တယ်၊ ငါးစိမ်းတန်းလည်း ဝင်ရဲတယ်နော် လျှော့မတွက်နဲ့ အဲဒီသားအမိတွေ တစ်နိုင်ငံလုံး ဘယ်ချောင်ကြိုချောင်ကြားမှ မျက်နှာပြေးဝှက်လို့ မရအောင် သွားလုပ်နိုင်တယ် ယုံလား”

သူ လူမသိ သူမသိ နောက်ဆုတ်ပေးခဲ့သည်။ ကိုယ့်နည်းကိုယ့်

ဟန်နှင့် ပြန်ဆက်သွယ်ဖို့ ကြိုးစားသော်လည်း ဒေါ်ပန်းနွယ်ကိုယ်တိုင်က ဘယ်လိုမှ လက်မခံတော့ပေ။

တကယ်တော့ ဒေါ်ပန်းနွယ်ဟာ အလွန်သနားစရာကောင်းသည့် မိန်းကလေးရယ်ပါ။ သူမ၏ သားနှင့် သမီးနောင်ရေးအတွက် အမြဲမှ အနေမှဲ့ ဖြစ်မှာစိုးလို့ သူပြောသမျှကို ယုံကြည်ကာ ရင်းနှီးခဲ့ လိုက်လျောခဲ့သည်။

နောက်ကျတော့ သူမခါးသီးသွားခဲ့ပြီ။ သေဆုံးတဲ့အထိ ဖြစ်ခဲ့ရှာသည်။ ထိုအခါ လေထန်ဟု နာကျင်စွာ ပေးခဲ့သော နာမည်နှင့် ကလေးငယ်တစ်ယောက်ဖြင့် နတ်ပန်းချီ ဒုက္ခရောက်ပြန်သည်။

“ကျွန်မ ကလေးမရနိုင်လို့ သူများမွေးတဲ့ကလေးခေါ် ချီမယ့် မိန်းမမျိုးလို့ ရှင်ထင်နေသလား ဆောရီးပဲ ကိုသိန်း ကျွန်မ ကလေးလည်း မချစ်တတ်ဘူး ရှင့်ကလေးကိုကော ရှင့်ကလေးမဟုတ်တာတွေကိုကော ရှင်သိပ်ကူညီချင်နေတယ်မို့လား လုပ်ကြည့်လေ”

အဖြစ်တို့က ရှုပ်ထွေးစွာ ရှိနေခဲ့တာ ဘယ်လိုမှ ရှင်းမရခဲ့ပေ။ ထိုအဖြစ်တွေကို ပြန်မပြောချင်တော့ပါ။ ပြောလည်း နတ်ပန်းချီက ဘယ်လိုမှ နားထောင်နေမှာ မဟုတ်။ တကယ်တမ်း သူကျူးလွန်ခဲ့တာတွေဟာ တောင်းပန်လိုက်လို့လည်း ပြီးဆုံးသွားမှာတွေ မဟုတ်တော့တာ သူသိသည်။

“သမီးတို့ မောင်နှမတွေ ဒုက္ခရောက်နေကြတာ အန်ကယ်သိပါတယ်…အန်ကယ့်ကြောင့်…”

“အန်ကယ့်ကြောင့်ဆိုတာကို ရှောင်ပြောပါ ခုကျမှ ဒီစကားတစ်ခွန်းနဲ့ လိုချင်တာ ထပ်ယူဦးမလို့မို့လား ဦးသိန်းမင်းရဲ့ မိန်းမကြောင့်လည်း အခု ကျွန်မဘဝပျက်ခဲ့ပြီးပြီ”

“သူ မရှိတော့ပါဘူး”





ထိုစကားကြောင့် ဂျီဂျီ အံ့သြသွားသလို ပြန်လှည့်ကြည့်၏။ ဦးသိန်းမင်းက အားတက်သရော ရှေ့တိုးလိုက်ကာ…

“သူ ဖုန်းဆက်နေကတည်းက ဆေးရုံကဆက်တာပါ။ သေအုံးဆဲဆဲထိ အငြိုးကြီးကြီးနဲ့ ဒုက္ခပေးသွားခဲ့တာပဲ အဲဒီညက သူနဲ့ အန်ကယ် ပြဿနာအကြီးအကျယ် တက်ခဲ့ကြတယ် ကလေးကြောင့်ပါပဲ သူနေထိုင်မကောင်းဖြစ်နေတာ ရက်နှစ်ဆယ်လောက်ရှိပြီ အဲဒီညကတော့ ပိုဆိုးသွားပြီး မနက်ကျတော့ ဆေးရုံတင်လိုက်ရတယ် ဖုန်းဆက်ပြီး နှစ်နာရီလောက်ပဲကြာမယ် သူဆုံးသွားတာပဲ”

ဒေါ်ကေသီကျော် ဖုန်းဆက်တော့ အနားမှာသူမရှိပေ။ ဒါပေမဲ့ ဖုန်းဆက်လိုက်သည့် သတင်းက နာရီမဆိုင်းဘဲ သူ့နားထဲရောက်လာခဲ့။ နတ်ပန်းချီဆီကို ဆက်သည်ပဲ သူထင်တာပါ။ ထို့ကြောင့် ဂျီဂျီ့ကိုပဲ ရှင်းပြဖို့ သူကြိုးစားခဲ့တာ ဖြစ်သည်။

“သူပြောသွားခဲ့လို့ ကောင်းကင်ရောင်တို့ မိသားစုတွေထဲမှာ အဲဒီလိုတွေ ဖြစ်ကုန်တဲ့အကြောင်းကို နောက်မှ အန်ကယ်သိခဲ့ရတာ ခွင့်လွှတ်ပါလို့တော့ မတောင်းပန်ရဲပါဘူး။ ဒါပေမဲ့ လိုရင်း ပြောရရင် အန်ကယ့်ကလေးကို အန်ကယ်ပြန်ခေါ်ပါရစေ”

“လုံးဝမရဘူး”

ဂျီဂျီက ဆတ်ခနဲမော့ကြည့်ပြီး အံ့ကြိတ်ပြော၏။ ဦးသိန်းမင်းက သက်ပြင်းတစ်ရှိုက်နှင့်အတူ လေးတွဲ့သော ခြေလှမ်းများဖြင့် စားပွဲနောက်က ကုလားထိုင်ဆီ လျှောက်သွား၏။ ပြီးတော့ ထိုင်ချလိုက်ပြီး ဂျီဂျီကိုပါ ထိုင်ခိုင်းသည်။

“မင်း ထိုင်ပါဦးကွယ် ဒီကိစ္စကို မင်းနဲ့ အန်ကယ် ဖြေရှင်းကြရတော့မှာ အခု နားမထောင်ဘဲ ဒေါသတကြီး မင်းထွက်သွားလည်း သက်ဆိုင်ရာမှာ မင်းနဲ့ အန်ကယ်တွေ့ကြရမှာပဲ”

"ဘယ်လို"

ဂျိဂျိ ထိတ်လန့်သွား၏။ ဒေါသတွေကော အံ့ဩတာတွေကော မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည်သွားသည်။ ထိုကိစ္စအပေါ် ဦးသိန်းမင်း ဤမျှထိ ကြိုးပမ်းလာလိမ့်မည်ဟု မထင်ခဲ့တာ အမှန်ပင်။ ထို့အတူ ကိုယ်မပိုင်နိုင်သည့်အဖြစ်ကို ဘယ်လိုမှ ဖျောက်ကွယ်လို့မရတော့တာလည်း သိလိုက်ရကာ...

"ဦးသိန်းမင်း ခင်ဗျား..ခင်ဗျား အဲဒီလောက် မရက်စက်သင့်ဘူး"

လက်ညှိုးထိုးပြော၍ မျက်ဝန်းတို့မှ မျက်ရည်တွေ ဝေ့တက်လာ၏။ ဦးသိန်းမင်းက သူမကို မကြည့်ပါ။ စားပွဲမှာတင်ထားသည့် လက်နှစ်ဖက်ဖြင့် မျက်နှာကိုပွတ်၍...

"အန်ကယ်ကတော့ ရက်စက်တာမဟုတ်ပါဘူး သမီးကို စာနာတာ အန်ကယ့်ရင်သွေးကို မဆင်းရဲစေချင်တာ ဒါပေမဲ့ မင်းနဲ့ ကောင်းကင်ရောင်ရဲ့ အရိပ်မှာ ကလေးက ဆင်းရဲမှာ မဟုတ်ပါဘူး ဒါကို သိတယ် ဒါပေမဲ့ ..."

"ကောင်းကင်ရောင်ကို ခင်ဗျားထည့်မပြောနဲ့ ကျွန်မနဲ့ ဘာမှ မဆိုင်ဘူး"

ဦးသိန်းမင်းက ဂျိဂျိကိုကြည့်၍ ခေါင်းခါပြ၏။

"ပြဿနာတွေဖြစ်ပြီး မင်းထွက်လာခဲ့တာမို့လား မင်းလိုပဲ ကောင်းကင်ရောင်လည်း ထွက်သွားတာပဲ"

"ဟင်"

"ဟုတ်တယ် ဒေါ်ရတီက မင်းနဲ့ကိစ္စကို တစ်ခုခုပြောပြီး ကန့်ကွယ်တယ်ထင်ပါရဲ့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ သူထွက်သွားခဲ့တာ"

ဂျိဂျိ မျက်နှာလေး ပျက်သွားလေသည်။ နေကာနဲ့ သူမရှေ့ကို





ဒီတိုင်းလမ်းလျှောက်၍ ရောက်လာခဲ့ပုံကို သတိရလိုက်မိကာ ရင်ထဲမှာ ကျင်ခနဲ ထိရှသွား၏။

"မင်းရဲ့ အမေ ဘယ်လိုမိန်းမမျိုးလဲဆိုတာ ဒေါ်ရတီ့ကို အန်ကယ် ရှင်းပြခဲ့တယ်။ နောက်ဆုံး အန်ကယ်က ယုတ်မာခဲ့တာပါဆိုတဲ့ စကားနဲ့ မင်းတို့ဘဝကို အန်ကယ်အဖက်ဆယ်ပေးခဲ့တယ်။ ကလေးတွေကို အန်ကယ် ပြန်ခေါ်မယ်ဆိုတာရယ် ကေသီပြောတဲ့စကားတွေထဲမှာ မင်းတို့မောင်နှမဒုက္ခရောက်အောင် တမင်ချဲ့ကားတာတွေပါတဲ့အကြောင်းလည်း ဖွင့်ပြောပေးခဲ့တယ်။ ဒေါ်ရတီက လက်ခံပါတယ်။ သူ စိတ်မကောင်းလည်း ဖြစ်သွားပုံရတယ်။ ဘာပဲဖြစ်ဖြစ် အတိတ်က ညစ်နွမ်းခဲ့တာကို သပ်သပ်ထားပြီး မင်းကိုတော့ နားလည်ပေးဖို့ သူကြိုးစားနိုင်မယ်ထင်တယ် ဆိုလိုတာက မင်းခေါင်းမမာပါနဲ့ မင်းဘဝကို မင်းတောင် ထူမတ်ဖို့မလွယ်တဲ့ ကိစ္စမှာ ကလေးနှစ်ယောက်နဲ့ မင်းလို ငယ်ငယ်ရွယ်ရွယ် နေစရာ စားစရာမရှိသေးတဲ့ အချိန်ပိုင်းအတွင်း နောက်ထပ်မှားဖို့တွေ အများကြီးရှိနိုင်တယ်။ ဒါမှမဟုတ် ကိုယ်က မမှားလည်း မှားယွင်းနေပြီလို့ မဟုတ်တရုတ်ပြောကြမယ့် စကားတွေထဲမှာ မင်းမျောသွားနိုင်သေးတယ်"

ဂျိဂျိမျက်နှာ တင်းမာနေဆဲရှိပေမယ့် ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ခဲ့ပေ။ လောလောဆယ်မှာ ဘယ်မှာမှ နေစရာမရှိသေးဘဲ သူမဘဝနှင့် ကလေးနှစ်ယောက်....

"မင်း အလုပ်လုပ်နိုင်တယ်ပဲထား ဒီကလေးနှစ်ယောက်ကို ဘယ်သူကြည့်မှာလဲ အငယ်လေးကို အကြီးကောင်က ကြည့်နိုင်တယ်ပဲထား ဘယ်သူ့ဆီမှာ မင်းထားခဲ့မှာလဲ စိတ်ကူးထဲမှာ မာနတွေ ကြိုက်သလောက်ထားလို့ရတယ် သမီး လက်တွေ့မှာ မလွယ်ဘူး အန်ကယ်ကတော့ လောလောဆယ် လူယုတ်မာ ထပ်ဖြစ်ပါစေ။ ကလေးကို မရရတဲ့နည်း

နဲ့ ပြန်ခေါ်ရမှာပဲ။ ဒါဟာ ပန်းအပေါ်မှာ တာဝန်ကျေခြင်းလို့ပဲ ယူဆတယ်၊ သူရှိနေရင်လည်း ဒီတာဝန်ကို အန်ကယ်ယူလိုက်တာ သူကျေနပ်မှာပါ"

'ဟင့်အင်း မကြားချင်ဘူး'..မတ်တပ်ရပ်ရင်းမှ ဂျီဂျီ မျက်ရည်တွေ မိုးရွာသလို သွန်ကျလာကြသည်။ မောင်နှမသုံးယောက် ဒီတိုင်းရန်းကန်သွားကြဖို့ ဆုံးဖြတ်ခဲ့သည်။ စိတ်ကူးထဲမှာ ချို့ချို့တဲ့တဲ့နဲ့ပဲ အလွန်ပျော်စရာကောင်းပါသည်။ ဒါပေမဲ့ သူပြောသလို တကယ်လက်တွေ့ ဘဝတွင်....

"မင်း မတတ်နိုင်ပါဘူး နတ်ပန်းချီ အဲဒါကို လက်ခံပေးလိုက်ပါ လောလောဆယ် အတိုက်အခံ မင်းလုပ်နေလည်း သက်ဆိုင်ရာက စကားပြောတဲ့အခါ မင်းရှုံးသွားမှာပဲ သူ့အမေရှိနေရင်တောင် ကလေးကို စောင့်ရှောက်ခွင့်ချင်း ယှဉ်ကြည့်ရင် ကလေးရဲ့အရွယ် စီးပွားရေး အနေအထား အားလုံးတွက်ပြီး အန်ကယ်နိုင်မှာပဲဆိုတာ ပြောရဲတယ် အခု မင်းက သူ့အမေမဟုတ်ဘူး စီးပွားရေးကိန်းခန်းအရ အားလုံး ပြည့်စုံခိုင်မာနေတဲ့ သူ့အဖေကခေါ်မယ့်ကိစ္စမှာ မင်းနိုင်နိုင်မလား"

"ဦးသိန်းမင်း ခုကျမှ ကျွန်တော့်သားပါလို့ ပြောရဲတာ မရှက်ဘူးလား"

ဂျီဂျီ ဒေါသဖြစ်လွန်းသဖြင့် ကောက်မေးလိုက်တော့ ဦးသိန်းမင်းက အေးဆေးစွာ ခေါင်းခါပြ၏။

"မရှက်ပါဘူး ခုမှ ကျွန်တော့်သားပါလို့ ပြောရဲတာလည်း မဟုတ်ဘူး အန်ကယ်က ကြေညာရဲတယ် မင်းအမေနဲ့ အန်ကယ်နှစ်ယောက်တည်း ကိုယ်ဝန်ရှိမရှိ စစ်ဆေးခဲ့ပြီး အန်ကယ်ကိုယ်တိုင် ကလေးအဖေနေရာမှာ လက်မှတ်ထိုးထားခဲ့တာလည်း အန်ကယ့်မှာရှိတယ် ကိုယ်ဝန်ကို သေချာအပ်ပြီးမှ သူရှောင်ထွက်သွားတာ။ အန်ကယ်က တာဝန်ယူရဲတာပေါ့ မင်းအမေကို အန်ကယ်က သိပ်ချစ်ခဲ့တာ ခုလိုတွေ ဖြစ်ခဲ့တာက အန်ကယ်မကြေညာရဲလို့ မဟုတ်ဘူး မင်းမသိတဲ့ အကြောင်း





တွေကြောင့်ပါ။ ပြောလည်း မင်းယုံမှာမဟုတ်ဘူး။ ဒီတော့ ပြီးခဲ့တာတွေကို မေ့လိုက်ပါကွယ်။ ကလေးကိုသာ မင်းအသာတကြည်မပေးရင် ပြီးခဲ့တဲ့ကိစ္စတွေ တရားရုံးမှာ အကျယ်တဝင့်ပြန်ဖြစ်ကြရမှာပဲ"

ဂျီဂျီ လက်သီးလေး နှစ်ဖက်ဆုပ်ပစ်လိုက်တာကို လှမ်းမြင်ပြီး ဦးသိန်းမင်း မျက်နှာမကောင်းနိုင်။ သူတကယ်ပဲ အကျယ်တဝင့် မဖြစ်ချင်ပါ။ မဖြစ်ချင်တာကလည်း သူမအတွက်ပဲဖြစ်သည်။ ကလေးကို သူပြန်ခေါ်မည်။ သူမနဲ့ ကောင်းကင်ရောင်တို့ လွတ်လပ်စွာ ပြန်လည်ပေါင်းစည်းကြ ဇာတ်သိမ်းခန်းဟာ ဒီလိုပဲ ဖြစ်သင့်တာ မဟုတ်ဘူးလား။

"သမီးစဉ်းစားပါ အကြာကြီးတော့မရဘူး သုံးရက်ပေါ့ ပြီးရင် အန်ကယ့်ဆီ ဖုန်းဆက်ပါ။ ဒီသုံးရက်မှာ ကောင်းကင်ရောင်ကိုရှာဖို့ အန်ကယ်ကြိုးစားရမှာ၊ ဒေါ်ရတီက သူ့မြေးကို စုံစမ်းပေးဖို့ အကူအညီတောင်းထားတယ်လေ"

ဦးသိန်းမင်းက စကားကို ခဏနားပြီး ဂျီဂျီကို အကဲခတ်လိုက်သေးသည်။ ပြီးမှ....

"သမီးသာ ကျေနပ်မယ်ဆိုရင် တဆက်တည်းပြောချင်တယ် ရေဆန့်ကိုလည်း အန်ကယ်စာချုပ်စာတမ်းနဲ့ မွေးချင်ပါတယ်"

"ဘာပြောတယ်"

ဂျီဂျီ ဆတ်ခနဲတုန်သွားတော့ ဦးသိန်းမင်းက လက်ကာပြလိုက်ပြီး...

"မွေးစားသားက မွေးစားသားပါပဲ မင်းရဲ့ မောင်လေးပါ မင်းနဲ့ ကောင်းကင်ရောင်ပိုင်ပါတယ် အန်ကယ်က ပန်းနဲ့ပတ်သက်ပြီး တာဝန်ယူချင်တာ တမလွန်ကနေ ပန်းသိချင်မှသိမှာပေမယ့် အန်ကယ်ကတော့ ပန်းကျေနပ်မှာပဲလို့ ယုံကြည်တယ်။ တကယ်လို့ မင်းနဲ့ ကောင်းကင်ရောင်သာ မဆုံဆည်းခဲ့ဘူးဆိုရင် မင်းအိမ်ထောင်ကျပြီး နေသားတကျဖြစ်သွားတဲ့အထိ ကွယ်ရာကနေ ကူညီဖို့ အန်ကယ်ကဆုံးဖြတ်

ပြီးသား"

"ဟွန့်" ဂျီဂျီက နှုတ်ခမ်းမဲ့၏။

"မင်းကတော့ ဘယ်လက်ခံမလဲ ဒါပေမဲ့ မင်းမသိအောင် စောင့်ရှောက်လို့ရတဲ့နည်းတွေ အများကြီးရှိတယ် ကေသီ သေဆုံးသွားခဲ့တာဟာ မင်းတို့ကို စောင့်ရှောက်ဖို့ ကံကြမ္မာအခွင့်အရေးပေးတာပဲလို့တွက်ပြီး အန်ကယ် တကယ်ကျေနပ်ခဲ့တာ ခုလည်း ကောင်းကင်ရောင်က..."

"ဦးသိန်းမင်း ဘာဖြစ်လို့ သူ့ကို ထည့်ထည့်ပြောတာလဲ သူနဲ့ ကျွန်မ ဘာမှမဆိုင်ဘူး"

"မဆိုင်လို့မရဘူး သူက မင်းအတွက်နဲ့ အဘွားကိုကော အမေ့တွေကိုကော စွန့်ပြီး ခုန်ဆင်းသွားတာ အဲဒီအချိန်မှာ သူ့အဘွားလဲကျ အသက်ပျောက်သွားလည်း ပြန်မကြည့်တော့တဲ့ ဆုံးဖြတ်ချက်နဲ့ သူက ပြတ်သားစွာ ထွက်သွားတာ၊ မင်းအတွက် သူ အဲဒီလိုရင်ဆိုင်သွားတာကို မင်းက ဥပေက္ခာထားဦးမှာလား"

ဂျီဂျီ ငိုင်ကျသွားပြန်သည်။ ဘာဖြစ်လို့ သူမ မသိခဲ့တဲ့ အကြောင်းတွေ များပြားနေခဲ့တာလဲ။ ပြီးတော့ ကောင်းကင်ရောင်ဟာ သူမအတွက် ဒီလိုတကယ်ပဲ ဆုံးဖြတ်ခဲ့သတဲ့လား။ မယုံနိုင်တာတွေကော မဆုံးဖြတ်နိုင်တာတွေပါ ရုတ်တရက် ခေါင်းထဲမှာ လုံးထွေးနေလေသည်။

ထို့ပြင် လက်ထပ်ကြဖို့ နေ့ရှိသရွေ့ပြောနေသည့်နေကာ၊ တိုက်ခန်းလည်း ဝယ်ထားပြီးပြီ နေကာ ကိုယ်ပိုင်ကားလည်း စီးနေနိုင်ပြီဖြစ်၏။ ပြီးတော့ သူမကို အမြဲတမ်း လိုက်လျောသည်းခံခဲ့သည့် သူငယ်ချင်း။ ဂျီဂျီ့ မျက်ဝန်းထဲမှာ ကလေးနှစ်ယောက်ကို သာမက ခွဲခြားမရနိုင်သော မျက်နှာတွေ ရှုပ်ယှက်ခတ်နေ၏။

သူမရင်ထဲမှာ ဘယ်သူလဲ.....

★ ★ ★ ★ ★





အခန်း (၃၃)

ဆုံးဖြတ်ချက် တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်သည်။ မောင်နှမသုံးယောက် တစ်နေကုန် ထင်ရာတွေ လျှောက်လည်ပြီး ပြန်တော့ ဖုန်းဆက်ထားသည့်အတိုင်း လေထန်လေးကို ဦးသိန်းမင်း ကိုယ်တိုင်ချိန်းသည့်နေရာမှာ လာခေါ်ခဲ့သည်။ ဒါ အမှန်တရားပဲမို့ ဂျီဂျီငိုနေပေမယ့် ထိန်းချုပ်နိုင်ခဲ့သည်။

"မမ ညီညီ့ကို တစ်ခါတည်း အပြီးပေးလိုက်တာလားဟင် ဒါ မမ ပြောထားတဲ့ ဦးလေးကြီးလား"

ရေဆန်က ငိုသံပါလေးနှင့် ပခုံးလှုပ်မေး၏။ ကလေးကို အထပ်ထပ်နမ်းပြီး သူမလက်လွှတ်လိုက်ရင်း ခေါင်းညိတ်လိုက်သည်။ ထိုအခါ ရေဆန် မျက်ရည်တွေကျလေသည်။

"ဦးဦးကြီး ညီ့ကို ခေါ်မသွားပါနဲ့ မမလည်း ငိုနေပြီ မခေါ်ပါနဲ့နော်"

ရေဆန်တအားငိုတော့ ဦးသိန်းမင်း ကလေးကိုချီထားလျက်နှင့် ရေဆန့်ကိုပါ ဖက်လိုက်သည်။

"နတ်ပန်းချီ ညီအစ်ကို နှစ်ယောက်လုံးကို အန်ကယ်ခေါ် ခေါ်သွားပါရစေ အကြီးကိုကော အငယ်ကိုကော သမီးလွမ်းတဲ့အခါ အချိန်မရွေးလာပြန်ခေါ်ပါ တစ်ရက်တစ်လေ ကြုံက်သလောက် ခေါ်ထား

လို့ရတယ် သမီးတို့ မောင်နှမကို အန်ကယ်က ဘယ်သူနဲ့မှ ခွဲမထားဘူး အဲဒီကိုယုံပါ အခုက ကလေးတွေ ငိုကြွရယ်ကြွနဲ့ မကောင်းပါဘူး ကွယ် အန်ကယ် တစ်ညတော့ ခေါ်ထားပါရစေ အန်ကယ့် ဂုဏ်သိက္ခာကို ယုံပါ”

“အို”

“ယုံကြည်ဖို့ ထပ်ပြောပါရစေ အန်ကယ့်ကို ခေါ်ခွင့်ပြုပါ ခုလောလောဆယ် မျက်ရည်တွေနဲ့ မထားရက်လို့ ပြောတာပါ။ အန်ကယ် ပြောပြီးပြီပဲ နှစ်ယောက်လုံး ထာဝရ သမီးရဲ့ မောင်လေးတွေပါ။ သမီးလည်း အန်ကယ့်သမီးပါပဲ အန်ကယ်အဲဒီလိုပဲ သဘောထားခဲ့တာ ယုံကြည်ပေးပါ”

ထိုအခါမှာ ရေဆန့်လက်ကိုဖက်ထားသည့် လေထန့်လက်ကလေးတွေကလည်း ကလေးပီပီ မြဲမြဲလှသည်ဖြစ်ရာ သူမဖွတ်ကြီး ခွဲမထုတ်ရက်တော့ဘဲ...

“မနက်ဖြန်...မနက်ဖြန် ကျွန်မတည်းနေတဲ့အိမ်ကို ရေဆန့်ကို ပြန်ပို့ပေးပါ မနက်ဆယ်နာရီမကျော်ခင် အရောက်ပို့ပါ ကျွန်မ ခရီးထွက်မှာ”

“ကောင်းပါပြီ”

ဦးသိန်းမင်း ဘာမှမမေးဘဲ ဝမ်းသာအားရချီပိုး၍ ကားပေါ်တင်ကာ ထွက်သွားခဲ့သော်လည်း....

“ဘယ်ကို ခရီးထွက်မှာလဲ ဂျီဂျီ”

ပန်းခြံထဲမှာ လူမရှုပ်ပါဘဲနှင့် သစ်ပင်ကြီး၏ တစ်ဖက်မှာ ဦးစိုးမိုးရှိနေတာကို ဂျီဂျီ မသိခဲ့ပေ။ ဒါမှမဟုတ် ဦးသိန်းမင်းနဲ့ ဦးစိုးမိုးတို့ အဆက်အသွယ်ရှိထားလို့များ ဦးသိန်းမင်းကို ဒီမှာချိန်းသည့်အတိုင်း ဦးစိုးမိုး ရောက်နေခဲ့တာလား။





တွေးပေမယ့် အဖြေက မပေါ်ပါ။ ဦးစိုးမိုးက ဘောင်းဘီရှည် စပို့ရှပ်ပေါ်မှာ လောင်းကုတ်ကြီး ထပ်ဝတ်ထားလျက် သူမရှေ့ထိ လျှောက်လာ၏။

“ဂျီဂျီ မင်းဆုံးဖြတ်တာ ဘယ်သူ့အတွက်မှမပါရင်နေ ကောင်းကို ချန်ပစ်ခဲ့တာတော့ မင်း မတရားဘူး”

“သူနဲ့ကျွန်မ..”

ဂျီဂျီ စကားတို့ ဆွံ့အသွားသည်။ ပြီးမှ...

“အစကတည်းက ဘာမှမဆိုင်ခဲ့တာ”

ဟု အားတင်းပြောမိသည်။ မဆိုင်ဘူးဟုလည်း တွင်တွင် အားတင်းနေသည့်ကြားမှ နေကာ့ကို သူမငြင်းပစ်ခဲ့မိသည်။ အားလုံးနဲ့ ဝေးသည့် နေရာကိုသွားဖို့ ဆုံးဖြတ်လိုက်တာကော ဘာကြောင့်လဲ...

ဘာကိုမှ မမြင်ချင် မကြားချင်အောင် စက်ဆုပ်စွာကျောခိုင်းနေခဲ့သည့် ဘွား၏ အထင်မြင်သေးမှုကို မခံစားချင်တော့ပေ။ ထို့ပြင် စာချုပ်စာတမ်းသာ တကယ်မရှိတော့လျှင် သူနဲ့ကိုယ်က ဘာဆိုင်လို့လဲ...

သူကိုယ်တိုင်ကကော ချစ်ပါတယ်လို့ ဘယ်တုန်းက ပြောခဲ့ဖူးလို့လဲ၊ ငါ့ကိုယ်ငါ မသေချာဘူးဆိုတဲ့လူကို ကိုယ့်အတွက် သေမတတ်ဖြစ်နေပါသည်ဆိုသည့် ကိစ္စနဲ့ပတ်သက်ပြီး သူမဘယ်လို ခံစားပေးရမလဲ ယုံလည်း မယုံနိုင်ပါ။

ဒါပေမဲ့ တကယ်သေပြဖို့ ကြိုးစားနေသော နေကာ့ကို ဘယ်လိုမှ လက်မခံနိုင်ဘဲ သူ့ကို မေ့မရခဲ့တာက မကျေနပ်ဖွယ်ကောင်းလှသည်။

“မဆိုင်ဘူးဆိုလည်း မင်း သူ့ကို တွေ့ပေးလိုက်ပါ”

“အို မဆိုင်တဲ့ဥစ္စာ”

“သူကတော့ ဆိုင်တယ်ထင်ပြီး မင်းအတွက်နဲ့ ပြတ်ပြတ်သားသား လုပ်သွားတာ သူအခု ဘယ်လိုနေလဲ မင်းသိလား”

ဂျီဂျီနဲ့ ဦးစိုးမိုး မျက်လုံးချင်းဆုံသည်။ ဦးစိုးမိုးက မပြုံးချင်ဘဲ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"တကယ်ပါ မင်း သူဘယ်လိုနေသလဲ လိုက်ကြည့်ပြီးမှ အဲဒီစကား ပြောချင်သေးရင် ထပ်ပြောခဲ့ပေါ့ မင်းကိုသူက မခေါ်ခိုင်းပါဘူး မင်းနဲ့ နေကာဆိုတဲ့ တစ်ယောက်လက်ထပ်ကြမှာပဲလို့ သူကတွက်ထားတာ"

"ကျွန်မ"

"မင်းက လက်မထပ်ပါဘူး အဲဒါကို ကောင်းမသိပေမယ့် ငါတို့ သိတယ်"

ဟင် ငါတို့ဆိုတာ တခြားဘယ်သူတွေကို ရည်ရွယ်တာလဲ ဂျီဂျီ မသိပါ။

"ဒီအခြေအနေတွေမှာ မင်းနဲ့သူတွေ့လိုက်ရင် အားလုံးရှင်းသွား မှာပဲ ဘာပဲဖြစ်ဖြစ် မင်းလိုက်ခဲ့ပါ မင်းကိုတစ်စိတ်တစ်ဒေသ တစ်နေ ရာရာကနေ ကူညီခဲ့ဖူးတဲ့ လူတစ်ယောက်အဖြစ် ပြန်ငဲ့တဲ့သဘောပေါ့"

ဂျီဂျီ ခေါင်းမညိတ်မိဘဲ ဦးစိုးမိုး၏နောက်သို့ ပါလာခဲ့သည်။

★ ★ ★ ★ ★





အခန်း (၃၄)

"အဲဒီအိမ်လေးက မိသားစုတစ်လလောက်နေလိုက်ရင် ပြိုကျ သွားမယ့် အခြေအနေပဲ ဒါပေမဲ့ ကောင်းကို မွေးနေ့လက်ဆောင်ပေး ခဲ့တုန်းက အိမ်လေးက အနည်းအကျဉ်းတော့ ကောင်းနေသေးတယ်"

အိမ်ကို သေချာမြင်ရသည့် နေရာမှာ ကားကိုရပ်၍ ဦးစိုးမိုးက ပြောပြသည်။ အိမ်လေးက အုတ်ဖိနပ်ခံမဟုတ် ရိုးရိုးပျဉ်ထောင်အိမ် လုံးလေးဖြစ်သည်။ လူမနေသော လကွက်ဏာလည်း ပေါ်လွင်နေသည်။ အမြင်အားဖြင့် ပျက်စီးယိုယွင်းလုလု ဖြစ်နေပါပြီ။

သွပ်မိုးတချို့တလေသာ အကွက်တစ်ကွက်ရှိပြီး ခေါင်မိုးတစ်ခု လုံး ဆွေးမြေ့သော သွပ်မိုးရောင်က ဝါကြန့်နီရဲနေပြီ ဖြစ်သည်။ သုံးထစ် သော အတက်အဆင်း လှေကားလေးက အိမ်နဲ့ဆန့်ကျင်ကာ အိမ် သည် သွက်ချာပါဒဖြစ်နေသူလို ဒရုံဒရွဲ ဖြစ်နေ၏။

"သူ ငယ်ငယ်က အလွန်ဆင်းရဲတဲ့ သူတစ်ယောက် အဲ ဆွေမျိုး တွေထဲမှာပေါ့ ဆွေမျိုးတွေကိုပဲ စိတ်နာသွားတဲ့ သူ့ဦးလေး ဝမ်းကွဲက သူ့ကိုပေးခဲ့တာ ဒါ သူတို့အိမ်လေးပေါ့ ကလေးမွေးနေ့ဆိုပြီး ပေးပစ် ခဲ့ပြီး သူလည်း အမေရိကန်ကို ထွက်သွားတာ ခုထိလုံးဝသတင်း မကြားတော့ဘူး အဲဒီတုန်းက ဆွေမျိုးတွေကို မာနပြချင်လို့ ကလေး မွေးနေ့အတွက် ထိုးကြိတ်ပေးသွားတာလား ဘာလား အဲဒါ မသိဘူး

ခုချိန်မှာ သူပိုင်တာကိုရှာလိုက်တော့ ဒီအိမ်လေးတစ်လုံးပဲ ရှိတာကို"

ပြောပြီး ဦးစိုးမိုးက ချစ်စနိုးမျက်နှာနှင့် အသံထွက်အောင် ရယ်သည်။

"မြေနေရာက အကွင်းအကွက် သိပ်ကောင်းတယ် ခုခေတ်ဈေးနဲ့ဆို ဒီဝိုင်းနေရာရဲ့ တန်ဖိုးက ဘယ်နည်းမလဲ။ ဒါပေမဲ့ လောလော ဆယ်တော့ သိပ်ကိုစုတ်ပဲ့နုံချာတဲ့ တဲကလေးဆိုပါတော့ အဲဒီထဲမှာ သူရှိတယ် အခု ရှိမရှိတော့ မသိဘူး မင်းသွားကြည့်ပါ ကြည့်စေချင် လို့ ခေါ်လာတာ သူနဲ့မတွေ့လည်း သူတကယ်နေနေတာကို မင်း မြင်သွားရင်ရပြီ"

ဂျီဂျီ တုပ်တုပ်မျှ မလှုပ်သေးပါ။ ဦးစိုးမိုးက ခပ်ဟဟစေ့ထားသည့် တံခါးဆီကို သေချာစိုက်ကြည့်၍...

"သူရှိနေရင်လည်း ဘာပဲဖြစ်ဖြစ် မင်းရှင်းလိုက်ပါ။ သူဒီလိုလုပ်မနေဖို့ မင်းအတွက်သူ ဒီလိုလုပ်နေချိန် မင်းကမှ ခေါင်းထဲမှာ မရှိတော့ဘဲ သူတစ်ဖက်သတ် ခံစားနေရတာ သဘာဝမှ မကျတာ"

ဂျီဂျီ ရင်တွေလှုပ်ရှားလာ၏။ သူနဲ့ကိုယ်နဲ့ ဘာမှမသက်ဆိုင်ဘူးဆိုသည့် အတွေးက သူ့အလိုလို ရင်ထဲမှာ ရှိနေခဲ့တာ မဟုတ်ပါ။ သူ့ကိုပဲ သတိရနေခဲ့မိသောကြောင့် ကိုယ်တိုင်က မသက်ဆိုင်ချင်တော့သည့် ဖန်တီးယူရသော အတွေး...

သူ့မျက်နှာကိုကြည့်ပြီး မဆိုင်ကြဘူးဆိုတာကို ပြောရမည်ဆိုလျှင်—

"ကျွန်မ..ကျွန်မ သူနဲ့တွေ့ဖို့ မလိုပါဘူး"

"အဲဒါဆိုရင်တော့ ယောကျ်ားလေးနှစ်ယောက်က မင်းအတွက် ခံစားနေကြရတာကို လက်ပိုက်ကြည့်ပြီး ကွယ်ရာမှာ သာယာနေတဲ့ မိန်းကလေးလို့ သတ်မှတ်လိုက်ရမှာပဲ"

"အို အဲဒီလိုတော့ မပြောပါနဲ့ ဒါ သာယာစရာမှ မဟုတ်တာ"

"မပြောစေချင်ရင် အခု မင်းသွားလိုက်ပါ မဟုတ်ဘူးဆိုရင် ရှင်းနဲ့ ရမှာပဲမို့လား"





ဂျီဂျီ ကားပေါ်က ဆင်းလိုက်သည်။ ခြံတံခါးနှစ်ချပ်မှလွဲလျှင် ဝန်းခြံ တစ်ခုလုံးမှာ ချုံနွယ်တွေ ရစ်ပတ်ဖုံးလျက် တစ်ခြံလုံးက တိတ်ဆိတ်ငြိမ်သက်နေ၏။ အထဲမှာတော့ သစ်ပင်ချုံပုတ်တို့ မရှိပါ။ ကျယ်ဝန်းသော ခြံ၏အလယ်မှာ မလှမပရှိနေသည့် အိမ်ကလေး၏ လှေကားထစ်တို့ ခြေရင်းမှာ ဂျီဂျီ ခဏရပ်နေမိသည်။

တံခါးကတော့ ပိတ်ထားတာမဟုတ် ဒါပေမဲ့ သူရှိနေသလား မရှိဘူးလား မသေချာ မရှိလျှင် ဦးစိုးမိုးကြည့်ခိုင်းသလို ကြည့်ပြီးပြန်ရုံပဲဖြစ်သည်။ ရှိနေရင် သူမ ဘာတွေပြောရမလဲ ဘာမှ မရေရာခဲ့တဲ့ ဂျီဂျီ တံခါးနှစ်ချပ်ကို တွန်းဖွင့်၍ အိမ်လေးထဲသို့ ဝင်လာခဲ့မိ၏။

အဝင်တံခါးဝမှ နောက်ဖေးသို့ဆင်းသောတံခါးထိ တောက်လျှောက်မြင်နေရသည်။ နောက်က တံခါးကိုလည်း ဖွင့်ထားတာမို့ အိမ်ထဲမှာ ထင်သလောက် မမှောင်ပါ။ ပြီးတော့ မီးဖိုဆောင် သပ်သပ် ခပ်ကျဉ်းကျဉ်းလေးကို နောက်ခန်းတစ်ဆင့်နိမ့်လောက်မှာထားကာ အိမ်မကြီးပေါ်မှာ အိပ်ခန်းတစ်ခန်းပဲရှိသည်။

သူမရပ်နေတာက ဘုရားစင်ရှေ့မှာဖြစ်၏။ ဘုရားစင်ဆိုလို့ ဘုရားစင်မှာ ရွှေတိဂုံဘုရားပုံတော်တစ်ချပ်တည်းနှင့် ပုတီးတစ်ကုံးသာ ရှိသည်။ ပန်းအိုးလည်းမရှိ ပန်းလည်းမရှိ တစ်အိမ်လုံးမှာ ဘုရားစင်ရှေ့က စားပွဲနှင့် ကြိမ်ကုလားထိုင်နှစ်လုံးသာ ပရိဘောဂရှိသည်။

ထိုနှစ်လုံးစလုံးအနက် တစ်လုံးမှာသာ ပြောင်ပြောင်လက်လက်ရှိနေပြီး တစ်လုံးကတော့ ဖုံအထပ်ထပ်နှင့်ဖြစ်၏။ စားပွဲကလည်း တစ်ခြမ်းသာသာမှာပဲ ပြောင်နေသည်။ တစ်ဝက်နီးပါးလောက်က ဖုံတွေနှင့်..

စားပွဲပေါ်မှာ စီးကရက်တိုတွေနှင့် ဆေးလိပ်ပြာခွက်ပြားလေး တစ်ခုရှိသည်။ ပြီးတော့ ရေသန့်ဘူးတစ်ဘူးနှင့် ဖန်ခွက်တစ်လုံး...

လူနေထားမှန်း သိသာပေမယ့် အလွန်ပစ်စလက်ခတ် နေထိုင်

ထားမှန်း သိသာလှကာ အခြွေရုံသင်းပင်းနှင့် အမြဲနေလာသော ကောင်း ဘယ်လောက်ထိ မပြည့်မစုံ စိတ်ဆင်းရဲနေမလဲဟု တွေးမိရင်း နား မလည်နိုင်.....

နေထိုင်မကောင်းသည့် ဘွားအေဖြစ်သူကို ထားခဲ့ရုံအပြင် သူ လည်း ဒီမှာဖြစ်သလိုလာနေသည်။ ဒီလိုဖြစ်ကုန်ရလောက်အောင် ဖြစ် ခဲ့သမျှဟာသူနဲ့လည်းဆိုင်တာမဟုတ်။ ဂျီဂျီရှေ့တိုးသွားရင်း အိမ်ခန်း တံခါးကို အသာလေးတွန်းကြည့်လိုက်၏။

အထဲမှာ စာကြည့်စားပွဲတစ်လုံးက မြင်ကွင်းထဲ အရင်ဝင်လာ၏။ ပြီးတော့မှ ဘေးမှာ နှစ်ယောက်အိပ်ခုတင်ကြီး တစ်လုံးကို တွေ့ရသည်။ အပေါ်စားမွေ့ရာ အသစ်လေးတစ်ခုနှင့် ခေါင်းအုံးအသစ်တစ်လုံး ထို့ ပြင် စောင်တစ်ထည်က မသေမသပ်ရှိနေလျက်....

"တစ်အိမ်လုံးနဲ့ လောက်ရောပေါ့ မီးဖိုချောင်တော့ ကျန်သေးတယ် ကြည့်ဦးမလား"

"ဟင်"

စိတ်ထဲမှာ မလုံမလဲဖြစ်နေတုန်းမို့ ဂျီဂျီကိုယ်လေးပါ တုန်ခနဲ ဖြစ်သွားသည်။ ထိုစဉ် ချောက်ခနဲ ခလုတ်ချသံနှင့်အတူ မီးရောင်တွေ ဖွေးသွား၏။ မရဲတရဲ ဖွင့်ထားတာမို့ တပွင့်တပွင့်ရှိနေသည့် တံခါးကို ကောင်းက ခြေထောက်တစ်ဖက်နှင့် လှမ်းတို့၍ ဖွင့်လိုက်၏။

သူကိုယ့်နားမှာမို့ အမှတ်တမဲ့ ကိုယ်ကိုရို့ရှောင်ရင်း ဂျီဂျီ အခန်း ထဲ ရောက်သွား၏။ သူက နောက်ဖေးက တက်လာတာလား ဒါမှမဟုတ် သူမနောက်က ဝင်လာတာလား။ တံခါးဝမှ ခပ်နွဲ့နွဲ့ ခါးထောက်၍ ဂျီဂျီ့ကို မျက်မှောင်ကုတ်ကြည့်၏။

တစ်နေကုန် ကလေးတွေနှင့် လျှောက်လည်နေခဲ့သဖြင့် အလာ တုန်းက ဖားလျားချထားခဲ့သော ဆံပင်တွေကို လက်ကိုင်ပုဝါနှင့် နောက်





မှာဖြစ်သလို စုသိမ်းချည်ထားပြီးပြီ [illegible] လိုလို တဆက်တည်း နောက်ကွဲကို ယ်ဘျပ် [illegible] ဂျိုင်းအောက် တိုတိုလေးရှိသော အဝါရောင်ဂါက်ကပ် [illegible] ထပ်ဝတ်ထားသည်။

ပင်ပန်းလာခဲ့သည့်အပြင် ဦးသိန်းမင်းနှင့် ရင်ဆိုင်ခဲ့ရပြီး အလွန် စိတ်ဆင်းရဲခြင်းတို့ ဖြစ်ခဲ့ရာ သူမပုံစံက ဘယ်လိုမှ လှလှပပမရှိနိုင် တော့ပါ။ သူကြည့်နေတာကို စိတ်ကျဉ်းကျပ်စွာ ပင့်သက်လေး ရှိုက်၍ သူမ မျက်နှာလွှဲလိုက်တော့မှ...

"မင်း သိပ်လှနေတာပဲ ဂျီဂျီ ပျော်နေလား"

ဂျီဂျီ မျက်နှာလေး တင်းသွားသည်။ ဦးစိုးမိုးပြောတော့ သူမကြောင့် နဲ့ ကောင်းဆိုတဲ့လူ ဘဝပျက်သွားတော့မလိုလို.. ခုတော့ အေးစက် စက် တင်းနေသည့်မျက်နှာက ခနဲ့ပြုံး လှောင်ပြုံးများဖြင့်...

"ဘာလဲ ဒီခြံကို ဝယ်မလို့လား"

"ရှင်က ရောင်းမယ်ပေါ့"

သူက ရွှဲ့လာတော့ ကိုယ်က တည့်ဖို့မှမလိုဘဲ ဂျီဂျီ မျက်နှာကို သူ့ထက်ပိုအောင် တင်းပစ်လိုက်သည်။ သူက မျက်ခုံးနှစ်ဖက်ပင့်ပြီး မှ ခေါင်းညိတ်သည်။

"ဟုတ်တယ် မနက်ကပဲ အပ်ထားတဲ့ပွဲစားက ဖုန်းဆက်သေး တယ် ဒီညနေ ဝယ်မယ့်သူလာကြည့်လိမ့်မယ် စောင့်နေပါတဲ့ အဲဒါ ကြောင့် စောင့်နေတာ"

"သြော်"

"မင်းတို့ ဝယ်မှာဆိုရင် လက်ဖွဲ့အဖြစ်နဲ့လျှော့မယ် ပေါ့မယ် ဘာ ညာ မမျှော်လင့်နဲ့နော် မင်းပြောသလို ဘာမှ မဆိုင်ကြတဲ့သူတွေ"

"ရှင့်ကိုကော ဘယ်သူက ဆိုင်ပါတယ် ပြောနေလို့လဲ ဝယ်ဖို့ စိတ်

ကူးရှိရင်တောင် ရှင့်ခြံမှန်းသိရင် ဝယ်မယ့်စိတ်ကူးဖျက်ပစ်မှာ”

“ဘာလာလုပ်တာလဲ”

သူက ဂျီဂျီ့ ပုံစံကို စေ့စေ့စပ်စပ်ကြည့်ပြီး ထပ်မေးသည်။

“ခြံဝယ်မလို့ လျှောက်ကြည့်နေတာလေ နေကာနဲ့ လက်ထပ်မလို့”

ဘာဖြစ်လို့မှန်းမသိ ဂျီဂျီ တမင်ကျယ်ကျယ်ပြောတာမှာ ငိုသံပါသွားသည်။ ပြောပြီးတော့ နှုတ်ခမ်းလေး မဲ့ကျသွားပြီး သူ့ကိုတိုးတိုက်ကာ ပြေးထွက်၏။ ကောင်း ပက်ခနဲ လန့်ထွက်သွား၍ ကျန်ခဲ့ပြီးမှ ချက်ချင်း ပြန်လှည့်လိုက်၏။

“ခဏနေဦး”

“အို ဘာလို့ နေရမှာလဲ ဖယ်ပေးရှေ့က”

“ဒီကို ဘယ်သူပို့ပေးလိုက်တာလဲ”

“ဘယ်သူမှ မပို့ဘူး ရှင်ဖယ်နော်”

ဂျီဂျီ ပြောနေရင်း ရှိုက်ငိုကာ လက်မောင်းလေးတစ်ဖက်ပင့်၍ မျက်နှာကို ကန့်လန့်ဖြတ်ကာထား၏။ ကောင်းရှေ့တိုး၍ ထိုလက်ကလေးကို ဆွဲဖယ်သည်။ ဂျီဂျီ ခါထုတ်ပစ်သည်။

“မင်း ကိုယ့်ဆီလာတာများလား မဟုတ်လောက်ပါဘူး”

သူ့ဟာသူပြောသလို ရေရွတ်နေပြီး...

“ဦးစိုးမိုး ပြောလိုက်တာထင်တယ် အင်း ဟုတ်ပြီ”

ကောင်းက ဂျီဂျီလက်ကို အတင်းဆွဲထားပြီး ငိုနေသည့် မျက်နှာလေးကို စိုက်ကြည့်၏။

“မင်းနဲ့နေကာ အဆင်ပြေနေကြပြီလို့ ငါထင်တယ် အခုလာတဲ့ အကြောင်းကို ပြောစမ်းပါ မင်းကြောင့် ငါဒီလိုနေထိုင်နေပါပြီဆိုပြီး ဦးစိုးမိုးက လွှတ်ပေးလိုက်တာမို့လား မင်းမသွားချင်ဘူးလို့ ငြင်းခဲ့မှာပါ ဒါပေမဲ့ ဦးစိုးမိုးက တိုက်တွန်းလို့...”





“ဆက်ပြော ဆက်ပြောဦး ရှင်က အကြားအမြင်ရနေတဲ့ ပုဂ္ဂိုလ်ကြီးပဲ ဆက်ပြော”

ကောင်းမျက်နှာတင်းသွားသည်။ မျက်နှာသည် ညို့ခနဲ မှိုင်းကျသွားပြီးမှ တင်းမာခြင်းသို့ တရိပ်ရိပ်ပြန်တက်၏။

“မလိုတော့ဘူး ဂျီဂျီ ငါသိပြီ မင်းငါ့ကို သနားပြီး ငဲ့ကြည့်ပေးဖို့ မလိုဘူး ငါဒီကနေ မင်းအနားလာမှာကို ထိုင်စောင့်နေတာလည်း မဟုတ်ဘူး တစ်သက်လုံး သူများသနားတာကို ငါမခံခဲ့ဘူး အထူးသဖြင့်...”

သူစကားကို ခဏရပ်ပစ်ပြီးမှ...

“မိန်းမတစ်ယောက်က သနားတာ ငါအရှက်ဆုံးပဲ ငါ့လုပ်ရပ်က မင်း သနားစရာဖြစ်နေရင် မှတ်သွားလိုက်ပါ ငါဒီလို ခွဲထွက်နေတာ မင်းနဲ့ ပတ်သက်ပေမယ့် မျှော်လင့်နေလို့တော့ မဟုတ်ဘူး”

တင်းမာသည့် အကြည့်တို့ ဆုံမိကြစဉ် ဘယ်သူမှ မျက်လုံးမလွှဲခဲ့ပေ။ ကောင်းက ဂျီဂျီလက်ကလေးကို လွှတ်ပေးလိုက်ပြီး တစောင်းလှည့်ရပ်သည်။

“မိဘဘိုးဘွားတချို့ သုံးကြတဲ့ လမ်းစဉ်ဟောင်းကြီးတစ်ခု အောက်မှာ ငါအရှုံးပေးလိုက်ရင် မင်းတို့မောင်နှမ ဒုက္ခရောက်ကုန်မှာစိုးလို့ လူမိုက်လို့ သူများကဲ့ရဲ့တာကိုခံပြီး ဘွားကိုထားခဲ့တယ်၊ ငါ့ကိုချစ်လို့ပဲဖြစ်ဖြစ် ငါပြောပြခဲ့တဲ့စကားတွေကို လက်ခံသွားလို့ပဲဖြစ်ဖြစ် မင်းတို့မောင်နှမကို ဘွားကိုယ်တိုင် လက်ခံကူညီလာစေချင်တာ ဒါပဲ အခု မင်း ဒုက္ခမရောက်ပါဘူး နေကာဟာ ပြည့်စုံတဲ့ နာမည်ရ အဆိုတော်တစ်ယောက်ဖြစ်နေပြီ မင်းနဲ့ငါ ဘာမှဆိုင်ခဲ့တာမှ မဟုတ်ဘဲ မင်းငါ့ကို ပြန်ငဲ့ကြည့်ဖို့ မလိုဘူး”

“ဟွန်း ရှင့်မာနတွေ ဒါအကုန်ပဲလား ရှိသေးရင် ထုတ်လိုက်ပါဦး ရှင်ခုပြောသလို့ပေ့ါ မဆိုင်ကြပေမယ့် ကျွန်မတို့ မောင်နှမအပေါ် စေ

တနာ ထားခဲ့သေးတယ်ဆိုတော့ ရှင့်ရင်ထဲက စကားတွေ အားရပါးရ ထုတ်ပြောလိုက်ရလို့ ရှင့်စိတ်ချမ်းသာသွားရင် ကျွန်မလည်း ကျေးဇူး ဆပ်ရာ ရောက်တာပဲ”

“ဂျီဂျီ မင်း မင်းသွားတော့”

“မသွားသေးဘူး ရှင်ပြောတာတွေ ကျန်ဦးမှာပါ ကျွန်မနားထောင် မယ် ဆက်ပြော”

“ကျန်သေးတယ် ဟုတ်တယ်”

ကောင်းက ဂျီဂျီ ပခုံးလေးနှစ်ဖက်ကို မညှာမတာ ဆုပ်ကိုင်ဖျစ် ညှစ်ပြီး ဆောင့်ခါပစ်လိုက်၏။ ပြီးတော့ တက်တစ်ချက်ခေါက်ကာ...

“ဒုန်း”

ဘေးက ပျဉ်ထရံကို လက်သီးနဲ့တအားထိုးချပစ်လိုက်၏။

“မင်းသွားတော့ သွားတော့ဂျီဂျီ မိန်းမတစ်ယောက်ရှေ့မှာ ငါ ဘယ်တော့မှ မကျရှုံးဘူး မင်းမြင်ချင်ပေမယ့် မြင်ရမှာ မဟုတ်ဘူး အဲဒါ မာနတွေပဲ ဟုတ်တယ် ငါ့ရဲ့အတ္တက ငါ့မာနပဲ ငါ့ဆီက စကား တစ်ခွန်းကို ထုတ်ယူပြီး မင်းက စုတ်သပ်သွားချင်သေးလား ထပ်မှတ် သွားဦး မိန်းမတစ်ယောက်ကြောင့် ဘဝပျက်ပြီး ရေစုန်မျောသွားတဲ့ ကောင်မျိုးထဲမှာ ငါမပါဘူး”

သူပြောရင်း ဒေါသတွေထန်လာသည်။ ပျဉ်ထရံကို ထိုးချပစ်လိုက် သည့် လက်ဆစ်တွေ ပေါက်ပြဲကာ သွေးတွေ ရဲတက်လာ၏။ ဂျီဂျီ မျက်လုံးလေးပြူးကျယ်ကာ နောက်ကို တဖြည်းဖြည်းဆုတ်၏။ မခြောက် သေးသော မျက်ရည်ကြောင်းတို့ပေါ်မှာ မသစ်သော မျက်ရည်တို့ အက်ကြောင်းထပ်သွား၏။

“ရှင်..ရှင်ဟာ သိပ်ကိုမာနကြီးတဲ့လူ ရှင့်မာန ရှင့်အတ္တပဲမှန်တယ် ကျွန်မ မှားပါတယ် ကျွန်မ တကယ်ကို မှားသွားတယ်”





“ဘယ်သူမှ မမှားဘူးဂျီဂျီ နှစ်ယောက်လုံး မင်းတို့ရဲ့ မာနတွေကို ဖယ်ချလိုက်ကြပါ”

ဦးစိုးမိုးက အဝင်ဝတံခါးကြီးရှေ့မှာရပ်လျက် ရှိုက်ကြီးတငင် ငိုနေသည့် ဂျီဂျီ့ကို လှမ်းကြည့်၏။ သူ့ကို လှည့်ကြည့်လိုက်တော့ ကောင်းကိုကြည့်၍ ခေါင်းခါလိုက်ပြီး...

“ငါထင်တယ် ထင်လို့ ထွက်သွားတော့မယ့်ဟာ မသွားနိုင်ဘဲ ဆင်းလိုက်လာတာ မင်းရဲ့ မာနတွေ အပြောအဆို မတတ်တာတွေ ကြောင့် ဂျီဂျီကလည်း ဖြေရှင်းမှာ မဟုတ်ဘူးဆိုတာ ငါသိတယ်”

“ဘာကိုလဲ”

ကောင်းက ဂျီဂျီရှေ့ကနေ ဦးစိုးမိုးဘက်ကို အနည်းငယ်စောင်း ၍ ရပ်၏။

“မင်းဘာဖြစ်လို့ ထင်တာတွေ စွတ်ပြောနေတာလဲ ဂျီဂျီနဲ့ နေကာ ဘာမှမဟုတ်ဘူး ဂျီဂျီက ဦးသိန်းမင်းလက်ထဲကို အငယ်လေး ထည့်ပေး ခဲ့ပြီး ခရီးထွက်တော့မလို့”

ကောင်း မျက်နှာမှာ ချက်ချင်းပြောင်းလဲသွားသည်။ ဦးစိုးမိုးက ဂျီဂျီ အံကြိတ်ပြီး မျက်ရည်တွေသုတ်ပစ်နေတာကို ကြည့်ကာ..,

“ငါတောင်းပန်တယ် ဂျီဂျီ ညည်းတို့နှစ်ယောက် အထင်တွေ လွဲနေ ကြတာ ညည်းလည်း နေကာ ဘယ်လောက်ပဲ လိုက်လျောလိုက်လျော ခေါင်းမညိတ်နိုင်ခဲ့ဘူးမို့လား ကောင်းလည်း ညည်းကိုချစ်တယ် ဘယ်လောက် ချစ်သလဲဆိုရင် အခု သူစွန့်လွှတ် ကျောခိုင်းခဲ့သမျှတွေဟာ ညည်း ကြောင့် ညည်းကိုချစ်လို့ဆိုတာ တကယ်မသိဘူး လားဟင်”

ဂျီဂျီက ခေါင်းခါသည်။

“မဟုတ်ပါဘူးလို့ သူကိုယ်တိုင်ပြောတာ ထားလိုက်ပါတော့ ဘာမှ ဆိုင်ကြတာမှ မဟုတ်ဘဲ”

ဂျီဂျီက သူ့ကိုဖြတ်ကျော်၍ တံခါးဝသို့သွား၏။ ကောင်းက လက်ကိုဆွဲထားလိုက်ကာ ...

"ဂျီဂျီ"

ထိုအချိန်မှာ ဦးစိုးမိုးပြန်၍ပျောက်ကွယ်သွားပြီဖြစ်လေသည်။

"မင်း နေကာနဲ့ တကယ်ပြတ်ခဲ့ပြီလား"

"ရှင် ဘယ်လိုမေးလိုက်တာလဲ"

"မင်းရှေ့မှာ သူကြေညာတုန်းက မင်းမငြင်းခဲ့ဘူးလေ အဲဒါကို ကိုယ် နာကျင်ခဲ့ရတာ ..."

မင်းနဲ့ ငါကနေ ကိုယ်ဖြစ်လာပြီး နာကျင်တာကို ဝန်ခံလာခဲ့၏။ မာနတွေကို ပွေ့ပိုက်ထမ်းပိုး၍ ရင်ကွဲခံဖို့ ဆုံးဖြတ်ခဲ့သည့် မာနမင်းသားကြီးကို ဂျီဂျီ စိတ်လည်း မဆိုးနိုင်တော့။ အံ့သြ၍ ဒီရင်ဘတ်ကြီးကို စိတ်ရှိလက်ရှိ ထုရိုက်ပစ်ချင်လာခဲ့သည်။

"အခု မင်း ကိုယ့်ကို ..."

သူသည် တုံ့ဆိုင်းဆိုင်းနှင့် မနေတတ်သလို လည်ပင်းကို တစ်ချက် ပွတ်လိုက်ပြီးမှ....

"မင်း ကိုယ့်ကို ဘယ်လိုသဘောထားလဲဟင်"

"ဘယ်လိုမှ သဘောမထားဘူး"

"ဘာ"

ရည်းစားစကားမပြောဘဲ ချစ်သလားလို့မေးဖို့ စလာတာကို ဂျီဂျီ ဒေါသစိတ်လေးနှင့် ဝိတ်ပြောပစ်လိုက်သည်။ မျက်ရည်တွေ မရှိတော့ဘဲလည်း မျက်နှာကို ထပ်ခါထပ်ခါ ပွတ်သုတ်နေမိ၍ ပါးပြင်လေးတွေ ညိုပုတ်ပုတ်ဖြစ်လာ၏။ ကောင်းက ထိုလက်ကလေးနှစ်ဖက်ကို ကိုင်၍ ရှေ့ကိုဆွဲယူလိုက်သည်။

"ဆောရီး မင်းနဲ့နေကာ အဆင်ပြေသွားပြီထင်လို့ ကိုယ်တစ်





သက်လုံး မျိုသိပ်ထားတော့မယ်လို့ ဆုံးဖြတ်ထားခဲ့တာ"

"ကောင်းပါတယ် ဆက်မျိုသိပ်လိုက်လေ ကျွန်မက မချစ်နိုင်ဘူးပြောရင် ရှင့်သိက္ခာတွေ ကျနေဦးမယ် သေချာပေါက်ပြန်ချစ်မယ့် သူကိုပဲ ရွေးပြော"

ကောင်းက အသံမထွက်ဘဲ နှုတ်ခမ်းဖွင့်၍ ရယ်လိုက်သည်။

"ကိုယ် ရည်းစားစကားပြောမှာကို သိရက်နဲ့ကွာ ချစ်တယ် မချစ်ဘူးဖြေဖို့ မင်းရင်ထဲမှာ ရှိမှာပါ"

"ဟင့်အင်း ဦးစိုးမိုးခေါ်လို့ လိုက်လာခဲ့တာ အမှန်ပဲ ဘယ်သူ့ကိုမှ ရွေးချယ်ဖို့စိတ်ကူးနဲ့ လာခဲ့တာ မဟုတ်ဘူး"

"ဒါပေမဲ့ အားလုံးကို စွန့်ခွာတော့ဖို့မှာ ကိုယ့်ဆီပြန်လှည့်လာခဲ့တာပဲ အဲဒါ အဖြေမဟုတ်ဘူးလား"

"ဒါတော့ စိတ်ချမ်းသာသလိုတွေးပေါ့"

"မင်း ...ကွာ"

"အို"

သူ ဂျီဂျီ တစ်ကိုယ်လုံးကို တအားဖက်ပစ်လိုက်၏။

"ချစ်တယ်ဆိုတဲ့ စကားကို သေချာပေါက် ပြန်ချစ်မယ့်လူကို သွားပြောလို့ ရတာတဲ့လား အဲဒီလို လွယ်လွယ်ချစ်တတ်ရင် မင်းကိုပဲ ဟိုတုန်းကတည်းက ကိုယ်ပြောလိုက်မိမှာပေါ့ အချစ်က မာနကြီးတယ်"

"အချစ်ထက် ရှင်က ပိုတာ"

"မဟုတ်ဘူး အချစ်ကို တန်ဖိုးထားလွန်းလို့ ပိုသွားတာ မင်းကို ကိုယ်ချစ်မိပြီဆိုတာ သေချာတဲ့ အချိန်မှာ မင်းကိုယ့်ဆီက ထွက်သွားတယ်။ မင်း အတွက် ကိုယ်က ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့တာပါ မင်းလည်း အဲဒီလို ပြတ်သားတာကို လိုချင်တာ"

ကောင်းက ဂျီဂျီလက်မောင်းလေးကို မချင့်မရဲ ဖျစ်ပစ်လိုက်ပြီး...

"ကိုယ်က အချစ်ကို ရွေးချယ်နေတာ မဟုတ်ဘူး ကိုယ့်စိတ်က အလိုအလျောက် ခံစားမိပြီး နှလုံးသားက လက်ညှိုးထိုးတဲ့အတိုင်း ဆုံးဖြတ်ခဲ့တာ။ အဲဒါကြောင့် မင်းတွေဝေနေတာကို ကိုယ်မကျေနပ်ဘူး တကယ်ဆို မင်းကို ကိုယ်ချစ်ခဲ့တဲ့ အချစ်က ပြိုင်ဘက်ကင်းတဲ့ အချစ် ကိုယ်ကလည်း အချစ်ကိုပြိုင်ဘက်ကင်းပဲ လိုချင်တယ် မင်း ကိုယ်နဲ့ ယှဉ်ပြီး ဘယ်သူ့ကိုမှ မရွေးသင့်ဘူး အတွက်တွေ များသွားလား မသိဘူး ဆောရီးပဲ"

"နေကဲ့ကို ကျွန်မ ဘယ်တုန်းကမှ မျှော်လင့်ချက်တွေ မပေးခဲ့ဖူးဘူး စိတ်ထဲမှာလည်း သူငယ်ချင်း သံယောဇဉ်ထက်ပိုခဲ့တာ မရှိဘူး ရှင်နဲ့ ကျွန်မကကော ချစ်သူတွေမှ မဟုတ်ဘဲ ရွေးချယ်တယ် တွေဝေတယ်လို့ ဘာကိုကြည့်ပြီး စွပ်စွဲတာလဲ"

"အခု မစွပ်စွဲတော့ဘူး မင်း ဒီအိမ်လေးထဲမှာ ကိုယ်နဲ့ နေရဲလားဟင်"

ဂျီဂျီက မျက်စောင်းလေးထိုး၍ သူ့လက်ခုံကို ပြန်ငုံ့ကြည့်၏။

"သွေးတွေ အများကြီးပဲ"

"များပါစေ"

"ရှင် အရမ်းနာမှာပေါ့"

"နာပါစေ"

"နာပါစေ မရဘူး ပတ်တီးတော့စည်းမှဖြစ်မယ် လက်ကိုဖယ်လိုက်စမ်းပါ"

"မဖယ်ဘူးကွာ မင်းကို ကိုယ်ချစ်တယ်"

"အို ဘာဆိုင်လို့လဲ"

"မပြောလို့ မင်းစိတ်ကောက်နေတာမို့လား"

"အံမယ် တင်တင်စီးစီး ဟွန်း"

"ဂျီဂျီ"





"ဘာလဲ"

"မင်းက ကိုယ့်မိန်းမနော်"

"အဲဒါ ဘာဖြစ်လဲ"

ကောင်းက မချိုမချဉ် ရယ်လိုက်ပြီ...

"အခန်းထဲ သွားရအောင်"

"အို..ရှင်..ရှင်"

ဂျီဂျီ ရှက်ရှက်နှင့် သူ့ကို ထုပစ်လိုက်မိသည်။ ကောင်းက ခပ်ကြိတ်ကြိတ်ရယ်၍ ဂျီဂျီကိုယ်လေးကို တင်းခနဲဖက်၏။

"တံခါးတွေ သွားပိတ်ရအောင်လို့ ပြောမလို့ ခေါင်းရင်းတံခါးက သိပ်မကောင်းဘူး"

ဟု ဂျီဂျီနားသယ်စပ်လေးနားမှာ နှုတ်ခမ်းနှင့် ဖိကပ်၍ပြော၏။

"ရှင်ပြောတာကြီးက အဲဒါနဲ့ မဆိုင်ဘူးနော် မယုတ်မာနဲ့"

သူကစိတ်မဆိုးဘဲ ရယ်နေလျက်...

"တစ်ခါတလေ ယုတ်မာကြည့်မလားလို့"

"သွား"

ကောင်းက ဂျီဂျီလည်တိုင်လေးကို ဖျတ်ခနဲ နမ်းပစ်လိုက်၏။ ထို့နောက် ဆံပင်တွေကို မျက်နှာနှင့် တိုက်ဖယ်ပြီးဂုတ်သားနုနုလေးကို နမ်းသည်။

"အထင်မလွဲနဲ့ တံခါးတွေပိတ်ပြီး အပြင်မှာ ဒင်နာသွားစားရအောင် ပြောမလို့ ဒီည မင်းနဲ့ကိုယ်"

"ရှင်နော်"

"ဘာမှလည်း မပြောရသေးဘူး"

"လူလည်ကြီး"

"နည်းနည်းပါးပါးလည်တာပါ ကျွေးမှာလားဟင်"

"အို ဘာတွေပြောနေတာလဲ"

"ဒင်နာလေ ကိုယ့်မှာပိုက်ဆံမရှိဘူး"

"ဒီမှာလည်း ရှင့်လိုပဲ"

နှစ်ယောက်သား နဖူးချင်းတိုက်၍ ရယ်မိကြသည်။

"ဒါဆို ရှိတာပဲစားမယ်ကွာ လာ"

"ဟာ ဘာမုန့်းလည်း မသိဘူး"

"ဟမ်ဘာဂါလေ ဝယ်ထားတာရှိတယ် မီးဖိုချောင်ထဲမှာ"

ဂျိဂျိရယ်မောရင်း ရမ်းကားလာသည့်အနမ်းတွေကို တိတ်တိတ်လေးပဲ အရှုံးပေးခဲ့မိလေသည်။ သူသည် ဂျိဂျိ အရှက်သည်း၍ ရှောင်ပစ်လိုက်သည့်အခါ...

"သိပ်ချစ်တာပဲ"

တိုးတိုးလေးကပ်ချော့ပြီး မျက်နှာလေးမော့လာတော့ နှုတ်ခမ်းလေးကိုညာ၏။ သူ ညာပါစေ။ ထိုအနမ်းလေးကိုပဲ ဂျိဂျိ ရှက်ရွံ့မက်မောစွာ သိမ်းယူထားလိုက်မိသည်။

အဘယ့်ကြောင့်ဆိုသော် ထိုယောကျ်ားကိုမှ ကြည်ဖြူလိုက်လျောချင်သောကြောင့် သူ့ကို ကျွန်မ သိပ်ချစ်ပါသည်။ ချစ်ခဲ့ပါ၏။

*ပရိသတ်အတွက်*
*ထာဝရ*

သျှင်မ